# နှစ်ပတ်လည် အစီရင်ခံစာ ၂၀၁၃





# အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေး ရန်ပုံငွေ





LIFT
Livelihoods and Food Security Trust Fund

## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံအတွင်း ထိခိုက်လွယ်မှု အမြင့်မားဆုံးနှင့် အဆင်းရဲဆုံး လူထု၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံမှု မြှင့်တင်ပေးရန်အတွက် ဤရန်ပုံငွေတွင် ထည့်ဝင်ကူညီခဲ့ကြသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စု အစိုးရများအား ကျေးဇူးတင်ရှိပါသည်။ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) အား ပံ့ပိုးကူညီမှုများကို ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

## အသိပေးကြေငြာချက်

ဤအစီရင်ခံစာသည် ၂၀၁၃ ခုနှစ်အတွင်း LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးခဲ့သော စီမံကိန်း ၅၈ ခုမှ ရရှိသည့် အချက်အလက်များအပေါ်တွင် အခြေခံ၍ ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဘဏ္ဍာရေး အထောက်အပံ့ဖြင့် ပြုစုရေးသားထားခြင်းဖြစ်သည်။ ဤအစီရင်ခံစာအတွင်း ရေးသားဖော်ပြထားသော ရှုမြင်သုံးသပ်ချက်များသည် ဥရောပသမဂ္ဂနှင့် ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စု အစိုးရများ၏ တရားဝင်ရှုမြင်သုံးသပ်မှုများဟု မယူဆနိုင်ပါ။

## ဓာတ်ပုံများ

အောက်ပါ အဖွဲ့များမှ လွဲ၍ FMO ၏ မူပိုင် ဓာတ်ပုံများ ဖြစ်သည်။
မျက်နှာဖုံး - Proximity Designs/Tim Mitzman, SWISSAID, Better Life Organisation
အတွင်းစာမျက်နှာ - Proximity Designs/Tim Mitzman, Mercy Corps, Radana Ayar, International Rescue Committee, GRET/CORAD, Cesvi, Welthungerhlife


## အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေး ရန်ပုံငွေ

UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး
၁၂(O) ပြည်သူ့လမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း - +၉၅ ၁ ၆၅ ၇၂၈၀-၈၇၊ ဖက်စ် - +၉၅ ၁ ၆၅ ၇၂ ၇၉
အီးမေးလ် - lift@unops.org
www.lift-fund.org | www.facebook.com/liftfund


ဤအစီရင်ခံစာကို www.lift-fund.org တွင် တွေ့နိုင်သော ယခင် နှစ်ပတ်လည် အစီရင်ခံစာများအား အခြေခံ၍ ပြုစုထားခြင်း ဖြစ်ပါသည်။

# မာတိကာ


| | | |
|---|---|---|
| အတိုကောက် အသုံးအနှုန်းများ | | ၁ |
| အနှစ်ချုပ် တင်ပြချက် | | ၂ |
| ၁။ | နိဒါန်း | ၈ |
| ၁.၁။ | အကြောင်းအရာ | ၈ |
| ၁.၂။ | LIFT ၏ နောက်ခံသမိုင်း | ၁၀ |
| ၂။ | အကျိုးရလဒ်များ | ၁၃ |
| ၂.၁။ | ရည်မှန်းချက်အဆင့် အညွှန်းကိန်းများ | ၁၄ |
| ၂.၂။ | ရလဒ်အဆင့် အညွှန်းကိန်းများ | ၁၇ |
| ၂.၃။ | လုပ်ငန်းစဉ်များ စောင့်ကြည့်စစ်ဆေးခြင်း | ၂၄ |
| ၃။ | ဒေသများ | ၂၇ |
| ၃.၁။ | ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ | ၂၉ |
| ၃.၂။ | အပူပိုင်းဇုန်ဒေသ | ၄၈ |
| ၃.၃။ | တောင်တန်းဒေသ | ၆၁ |
| ၃.၄။ | ကမ်းရိုးတန်းဒေသ | ၇၀ |
| ၄။ | တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိသည့် ရလဒ်များ | ၇၈ |
| ၄.၁။ | အရပ်ဘက်အဖွဲ့အစည်းများ အားကောင်းလာရန် ဆောင်ရွက်ခြင်း (ရလဒ် ၅) | ၇၈ |
| ၄.၂။ | အစီအစဉ်ဖော်ထုတ်ခြင်းနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှု (ရလဒ် ၆) | ၈၁ |
| ၅။ | သင်ခန်းစာများ | ၉၂ |
| ၆။ | ရန်ပုံငွေ စီမံခန့်ခွဲခြင်း | ၉၆ |
| ၆.၁။ | LIFT ရန်ပုံငွေများ ခွဲဝေချထားပေးမှု (ရလဒ် ၇) | ၉၆ |
| ၆.၂။ | ရန်ပုံငွေ စီးဆင်းမှုနှင့် မိတ်ဖက်များ၏ စွမ်းဆောင်ရည် (ရလဒ် ၈) | ၉၈ |
| ၆.၃။ | စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်း | ၁၀၀ |
| ၆.၄။ | ဆက်သွယ်ဆက်ဆံရေး | ၁၀၄ |
| ၆.၅။ | ဘဏ္ဍာရေး | ၁၀၅ |
| ၇။ | နောက်ဆက်တွဲများ | ၁၀၇ |

# အတိုကောက် အသုံးအနှုန်းများ

| | |
|---|---|
| AVSI | Association of Volunteers in International Service |
| CBO | community-based organisation |
| CCS | Central Co-operative Society |
| CDP | consortium of development partners |
| CERP | Community Economic Resilience Plan |
| CfW | cash-for-work |
| CORAD | Chin Organisation for Rural and Agricultural Development |
| DAR | Department of Agricultural Research |
| DPDO | Disabled People's Development Organisation |
| DoA | Department of Agriculture |
| DoI | Department of Irrigation |
| DOF | Department of Fisheries |
| DSW | Department of Social Welfare |
| FB | Fund Board |
| FFS | Farmer Field School |
| FGD | focus group discussion |
| FIND | Financial Inclusion for National Development |
| FMO | Fund Management Office |
| FPE | farm producers enterprise |
| FSWG | Food Security Working Group |
| GAD | General Administration Department |
| HH | household |
| HDDS | household dietary diversity score |
| IDP | internally displaced person |
| IGA | income-generation activity |
| IP | implementing partner |
| IRRI | International Rice Research Institute |
| IWMI | International Water Management Institute |
| LEARN | Levering Essential Nutrition Actions to Reduce Malnutrition |
| MADB | Myanmar Agriculture Development Bank |
| MAHFP | months of adequate household food provisioning |
| MAPCO | Myanmar Agribusiness Public Corporation |
| MBCA | Myanmar Business Coalition on Aid |
| MCS | Myanmar Ceramic Society |
| MDCF | Myanmar Development Cooperation Forum |
| M&E | monitoring and evaluation |
| MERN | Myanmar Environment Rehabilitation-Conservation Network |
| MFI | microfinance institution |
| MoAI | Ministry of Agriculture and Irrigation |
| MoSWRR | Ministry of Social Welfare Relief and Resettlement |
| MMSE | Myanmar Microfinance Supervisory Enterprise |
| NAG | Network Activities Group |
| NGO | non-government organisation |
| NPAFN | National Plan of Action for Food and Nutrition |
| NSPAW | National Strategic Plan for the Advancement of Women |
| QSEM | Qualitative Social and Economic Monitoring |
| RMO | Ratana Metta Organisation |
| SEDN | Social-Economic Development Network for Regional Development |
| SHG | self-help group |
| SLRD | Settlement and Land Record Department |
| SME | small and medium enterprise |
| SPPRG | Social Policy and Poverty Research Group |
| SUN | Scaling Up Nutrition Movement |
| SWG | sector working group |
| VDC | village development committee |
| VfM | Value for Money |
| VSLA | village savings and loans association |

# အနှစ်ချုပ်တင်ပြချက်

ဤအစီရင်ခံစာတွင် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT) အစီအစဉ်များ၏ အောင်မြင်တိုးတက်မှုအများဆုံးနှင့် အရေးပါသော ရလဒ်များ ရရှိခဲ့သည့် ၂၀၁၃ ခုနှစ်အတွင်း LIFT က ဆောင်ရွက်ခဲ့သောလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေကို ဖော်ပြထားပါသည်။ ယခုနှစ်သည် LIFT စီမံကိန်းများ အကောင်အထည်ဖော်မှု လေးနှစ်မြောက်ခဲ့ပြီဖြစ်ပြီး ရှေ့နှစ်များကချခဲ့သော အခြေခံများမှ ရလဒ်ကောင်း အသီးအပွင့်များအား ရရှိ ခံစားနေရပြီဖြစ်ပါသည်။ အိမ်ထောင်စုများက ၎င်းတို့စားနပ်ရိက္ခာ ပိုမိုဖူလုံလာကြောင်း သတင်းပေးပို့ကြရုံသာမက မွမ်းမံပြင်ဆင်ထားသော အချက်အလက်ကောက်ယူမှုနှင့် စောင့်ကြည့်အကဲဖြတ်မှု လုပ်ငန်းများက  မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ရည်မှန်းချက်များပြည့်ဝနိုင်မည့် လမ်းကြောင်း ပေါ်တွင်ရှိနေကြောင်းကို အတည်ပြုပေးခဲ့သည်။

၂၀၁၂ ခုနှစ်က ချမှတ်ခဲ့သည့် အရပ်ဘက် အဖွဲ့အစည်းများအား ပံ့ပိုးကူညီရေးနှင့် ဆင်းရဲနွမ်းပါးသူများ ချေးငွေလက်လှမ်းမီစေရေးကဲ့သို့သော အစီအစဉ်ဖော်ဆောင်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များက ခိုင်မာသည့် ရလဒ်များပေးနိုင်ခဲ့ပြီး LIFT ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့ခဲ့ကာ ရန်ပုံငွေများအား ထိထိရောက်ရောက် အကျိုးရှိရှိ ခွဲဝေချထားပေးနိုင်ခဲ့သည်။ ယခုနှစ်သည် LIFT ၏ လုပ်ပိုင်ခွင့်သက်တမ်း ကုန်ဆုံးသွားခဲ့သည့်တိုင် အစီအစဉ်များ၏ အကျိုးရလဒ်များ ဆက်လက်တည်တံ့နေစေရန် အထောက်အကူ ပြုနိုင်မည့် မြန်မာနိုင်ငံ အစိုးရ နှင့် ပိုမိုနီးကပ်စွာ ထိတွေ့ဆောင်ရွက်နိုင်ခဲ့သော နှစ်တစ်နှစ်ဖြစ်ပါသည်။

ယခုနှစ်တွင် LIFT အနေဖြင့် ရန်ပုံငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၁.၃ သန်းအား အကောင်အထည်ဖော်ရေး မိတ်ဖက်များထံ ခွဲဝေချထားပေးနိုင်ခဲ့ရာ ၂၀၁၂ ခုနှစ်ထက်စာလျှင် ၁၄ ရာခိုင်နှုန်း ပိုမိုများပြားလာခြင်းဖြစ်သည်။ ရန်ပုံငွေများအား မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀[၁] အနက် ၁၀၇ မြို့နယ်ရှိ စီမံကိန်း စုစုပေါင်း ၅၈ ခုထံသို့ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။ အလှူရှင်များကလည်း ၂၀၁၃ ခုနှစ်တွင် ၎င်းတို့၏ ထည့်ဝင်လှူဒါန်းငွေ ပမာဏကို တိုးမြှင့်ခဲ့ပြီး ၁၁ နိုင်ငံမြောက် အလှူရှင်နိုင်ငံအဖြစ် အိုင်ယာလန်သမ္မတနိုင်ငံအား အသိအမှတ်ပြု ကြိုဆိုခဲ့ရသည်။ LIFT ၏ လုပ်ပိုင်ခွင့်ကိုလည်း ၂၀၁၈ ခုနှစ်အကုန်အထိ နောက်ထပ် နှစ်နှစ်သက်တမ်း ထပ်မံ တိုးမြှင့်ခဲ့ပါသည်။

အချက်အလက်များတိကျမှုရှိစေရန် ၂၀၁၃ ခုနှစ်တွင်ပြုလုပ်သော LIFT ၏ အိမ်ထောင်စုစစ်တမ်းမှ ရရှိသည့် ကိန်းဂဏန်းအချက်အလက်များနှင့် အကောင်အထည်ဖော်ရေးမိတ်ဖက်များက အစီရင်ခံတင်ပြလာသော အချက်အလက်များအား အပြန်အလှန် နှိုင်းယှဉ် ရည်ညွှန်းခြင်းဖြင့် LIFT သည် ယင်း၏ ရလဒ်အဆင့်နှင့် ရည်မှန်းချက်အဆင့် အညွှန်းကိန်းများအပေါ် ပုံမှန်တိုးတက်ဖြစ်ထွန်းမှုများအား စောင့်ကြည့်လေ့လာနိုင်ခဲ့ သည်။ ယခုနှစ်အကုန်တွင် LIFT ရန်ပုံငွေဖြင့် ဆောင်ရွက်သော စီမံကိန်းများအနေဖြင့် အကျိုးခံစားခွင့်ရှိသည့် အိမ်ထောင်စုပေါင်း ၅၁၁,၅၀၅  သို့မဟုတ် လူပေါင်း ၂.၅ သန်းခန့်အထိ လက်လှမ်းမီရောက်ရှိလာခဲ့ပြီ ဖြစ်ပါ သည်။ ထို့အပြင်

- အကျိုးခံစားခွင့်ရှိသည့်အိမ်ထောင်စုပေါင်း ၂၉၀,၀၀၀ ကျော်က ၎င်းတို့သည် အနည်းဆုံး တစ်လပိုမို၍ စားနပ်ရိက္ခာ ဖူလုံမှုရှိခဲ့ကြောင်း ပြန်လည်တင်ပြခဲ့ကြပါသည်။[၂]
- အိမ်ထောင်စုပေါင်း ၆,၀၀၀ နီးပါးက LIFT ၏ ကူညီပံ့ပိုးမှုများကြောင့် ၎င်းတို့တွင် ဝင်ငွေတိုးတက်လာကြောင်း ပြန်လည်တင်ပြခဲ့ကြပါသည်။။
- စိုက်ပျိုးရေးဆိုင်ရာ အတိုးသက်သာသော ချေးငွေရယူနိုင်သည့် အိမ်ထောင်စု အရေအတွက်မှာ (၂၀၁၂ ခုနှစ် ကထက်)  နှစ်ဆတိုးတက်ခဲ့ကာ အိမ်ထောင်စုပေါင်း ၁၃၀,၀၀၀ အထိ ရှိလာခဲ့သည်။

မိတ်ဖက်အဖွဲ့အစည်းများ၏ စီမံကိန်း အကောင်အထည်ဖော်ခြင်းဆိုင်ရာ တိုးတက်မှုများအား စောင့်ကြည့် လေ့လာသည့် အချက်အလက်များအရ LIFT သည် ချမှတ်ထားသည့် အညွှန်းကိန်း ၂၂ ခုအနက် ၁၇ ခု တို့တွင် ယင်း၏ ရည်မှန်းထားသည်ထက် ပိုမို၍ တိုးတက်အောင်မြင်ခဲ့ကြောင်း တွေ့ရပါသည်။ LIFT ၏ ၂၀၁၃ ခုနှစ် အတွက် ရလာဒ်များအား အခန်း (၂) တွင် အသေးစိတ် ဖော်ပြထားပါသည်။

---

၁ မြန်မာနိုင်ငံတွင် အစိုးရက သတ်မှတ်ထားသည့် မြို့နယ်ပေါင်း ၃၃၀ ရှိသော်လည်း MIMU စာရင်းအရ မြို့နယ်ခွဲများ အပါအဝင် ၃၅၆ မြို့နယ် ရှိပါသည်။

၂ ဤကိန်းဂဏန်းအချက်အလက်မှာ LIFT ကြောင့်ဟု အပြည့်အဝ မမှတ်ယူနိုင်ပေ။

LIFT အနေဖြင့် လုပ်ဆောင်ခဲ့ပြီးသည့် လေ့လာမှုများမှတစ်ဆင့် သုတေသနဆိုင်ရာ အသိပညာအခြေခံ အမြောက်အများကို အစီအစဉ်ရေးဆွဲခြင်းဆိုင်ရာ ဆုံးဖြတ်မှုများနှင့် ပတ်သက်၍ အသိပေးဝေမျှရန်နှင့် မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒပိုင်းတွင် ပါဝင်ဆောင်ရွက်နိုင်မှုမြှင့်တင်ရေးကို အထောက်အကူပြုရန်အတွက် စုဆောင်းထားနိုင်ပြီဟုလည်း လက်ခံထားသည်။ ထို့ကြောင့် ယင်းကဲ့သို့ အချက်အလက်ရယူမှုအတွက် ၂၀၁၃ ခုနှစ်တွင် သုတေသနလေ့လာမှုအသစ် ၁၅ ခုကို လုပ်ဆောင်စေခြင်းဖြင့် LIFT သည် မိမိ၏ကြိုးပမ်းဆောင်ရွက်မှုကို တိုးမြှင့်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင် သုတေသန ၂ ခု၊ ၂၀၁၂ ခုနှစ်တွင် သုတေသန ၈ ခု တို့နှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ အစီအစဉ်ရေးဆွဲမှုနှင့် မူဝါဒရေးရာဆွေးနွေးမှုအတွက် ကူညီထောက်ပံ့ခြင်းဆိုင်ရာ အသေးစိတ် အကြောင်းအရာများအား အခန်း ၄ ခေါင်းစဉ်ခွဲ ၄.၂ တွင် ဖတ်ရှုနိုင်ပါသည်။

ယခင်နှစ်ချုပ်အစီရင်ခံစာများနည်းတူ LIFT စီမံကိန်းအများစု၏ စွမ်းဆောင်နိုင်မှုများနှင့် စိန်ခေါ်မှုများကို မြန်မာနိုင်ငံ၏ ဒေသန္တရ စိုက်ပျိုးစီးပွားအခြေအနေအရ သတ်မှတ်ထားသည့် အဓိကဇုန်ကြီး လေးခုအရ တင်ပြထားပါသည်။ (ပထဝီဆိုင်ရာ နယ်မြေများနှင့် ပတ်သက်၍ အခန်း-၃ တွင် အသေးစိတ် ဖော်ပြထားပါသည်)

၂၀၁၃ ခုနှစ်အတွင်း အဆိုပါ ဇရိယာများတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် စီမံကိန်းပေါင်း ၄၃ ခုအနက် အစောပိုင်း နှစ်များ (၂၀၁၀-၂၀၁၁) အတွင်း LIFT က ကူညီပံ့ပိုးခဲ့သည့် စီမံကိန်းအများအပြားမှာ အကောင်အထည်ဖော်မှု ပြီးဆုံးချိန်ရောက်ရှိလာခဲ့ရာ စိတ်ဝင်စားဖွယ်ကောင်းသော အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို မှတ်သားနိုင်ခဲ့ပြီး အချို့သော အလေးပေးဖော်ပြလိုသည်များမှာ-

(၁) စပါးစုပေါင်း သိုလှောင်သိမ်းဆည်းမှုနှင့် ရောင်းချမှုသည် လယ်သမားများအား ရိတ်သိမ်းချိန်၌ ငွေကြေး ရရှိစေပါသည်။ လယ်သမားများသည် ရိတ်သိမ်းချိန်တွင် ကြွေးမြီများ ပြန်လည်ပေးဆပ်ရန် လိုအပ်မှု၊ ရာသီသစ်တွင် သီးနှံစိုက်ပျိုးရန် လိုအပ်သည့်သွင်းအားစုများဝယ်ယူခြင်းနှင့် အလုပ်သမားငှားရမ်းခြင်းတို့အတွက် ငွေကြေးလိုအပ်မှုစသည့် ငွေကြေးအကြပ်အတည်းများနှင့် ရင်ဆိုင်နေကြရပါသည်။ ယင်းအတွက် အဖြေရရန် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် လယ်သမားများအား နောက်ပိုင်းတွင် တက်ဈေးဖြင့် ရောင်းချနိုင်စေခြင်းငှာ သီးနှံများသိုလှောင်ထားခြင်းဖြင့် ရိတ်သိမ်းချိန်နောက်ပိုင်း ငွေကြေးရရှိရန် အာမခံနိုင်သော စပါးစုပေါင်းသိုလှောင်မှုစနစ်ကို ရွေ့ပြေးစမ်းသပ်ခဲ့ကြပါသည်။ (အခန်း ၃ ခေါင်းစဉ်ခွဲ ၃.၁၊ ဇယား ၉ တွင် ရှုပါ)

အောက်ပါဇယား (၁) က ၂၀၁၃ ခုနှစ်သည် လုပ်ငန်းဆောင်ရွက်မှု၊ ထိရောက်မှုနှင့် သုတေသနလေ့လာမှုများတွင် LIFT အတွက် ယနေ့အချိန်ထိ စွမ်းဆောင်နိုင်ဆုံး နှစ်တစ်နှစ် ဖြစ်ကြောင်း ဖော်ပြနေသည်။

| | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ |
|---|---|---|---|---|
| စီမံကိန်း အရေအတွက် | ၂၂ | ၂၇ | ၄၄ | ၅၈ |
| LIFT မှ ဝင်ရောက်ဆောင်ရွက်နေသည့် မြို့နယ် အရေအတွက် (မြို့နယ်ပေါင်း ၃၃၀ အနက်မှ) | ၂၈ | ၉၄ | ၁၀၀ | ၁၀၇ |
| အကူအညီပေးနိုင်ခဲ့သော စုစုပေါင်း အိမ်ထောင်စုအရေအတွက် | ၁၅၃၈၀၈ | ၂၂၃၂၂၉ | ၃၇၂၅၂၈ | ၅၁၁၅၀၅ |
| လုပ်ဆောင်ခဲ့သော သုတေသနလေ့လာမှု အရေအတွက် | ၀ | ၂ | ၈ | ၁၅ |
| ချေးငွေရရှိခဲ့သော စုစုပေါင်း အိမ်ထောင်စု အရေအတွက် (စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး မဟုတ်သော ရည်ရွယ်ချက်များအတွက်) | ၁၂၁၈ | ၈၁၀၃ | ၈၆၅၆၈ | ၁၅၁၂၁၂ |
| စွမ်းဆောင်ရည် မြှင့်တင်ပြီးဖြစ်သော စုစုပေါင်း CBO အရေအတွက် | ၁၆၈၂ | ၃၄၆၇ | ၆၃၉၁ | ၉၃၈၉ |

(၂) အထွက်နှုန်းကောင်းစေရန် သက်သက် ကြိုးပမ်းခြင်းထက်စာလျှင် အခြောက်လှန်းခြင်း၊ သိုလှောင် သိမ်းဆည်းခြင်းနှင့် ကြိတ်ခွဲသန့်စင်ခြင်း လုပ်ငန်းစဉ်များမှ တစ်ဆင့် ရိတ်သိမ်းချိန် အလေအလွင့် နည်းပါးစေခြင်းနှင့် အရည်အသွေးကောင်း ကောက်ပဲသီးနှံများ ရရှိစေခြင်းတို့မှာ စီးပွားရေးအရ ပို၍ အကျိုးအမြတ် ဖြစ်ထွန်းနိုင်ဖွယ် ရှိသည်။ LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများသည် စပါးစေ့များ အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်းနှင့် မျိုးစေ့သိုလှောင်ခြင်းတို့တွင် ပို၍ကောင်းမွန်သော နည်းလမ်းများကို အသုံးပြုခြင်းကဲ့သို့သော ရိတ်သိမ်းချိန်လွန်ကာလ စီမံလုပ်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေရန် အတူတကွ ကြိုးပမ်း အားထုတ်လျက် ရှိသည်။ (အခန်း ၃ ခေါင်းစဉ်ခွဲ ၃.၁ တွင် ရှုပါ)

(၃) ဆင့်ပွားလုပ်ဆောင်နိုင်သည့် ပွင့်လင်းမြင်သာမှုရှိသော ကုန်စည်ဒိုင်များသည် ဈေးကွက်၏ စွမ်းဆောင်ရည် တိုးတက် ကောင်းမွန်စေရန် လုပ်ဆောင်ပေးနေကြသည်။ အပူပိုင်းဒေသဇုန် ၆ မြို့နယ်ရှိ ကုန်စည်ဒိုင်သစ်များသည် ပြိုင်ဆိုင်မှုမှတစ်ဆင့် ထုတ်ကုန်အရည်အသွေး တိုးတက်စေရေးနှင့် ဈေးကွက်သတင်းအချက်အလက် စီးဆင်းမှု တိုးပွားစေရေးတွင်  တောင်သူလယ်သမားများနှင့် ကုန်သည်များအကြား တစ်ဦးနှင့်တစ်ဦး ပိုမိုလွယ်ကူစွာ ထိတွေ့ဆက်ဆံနိုင်စေရန် ကူညီပေးနေကြသည်။ ကုန်စည်ဒိုင်များ၌ လာရောက်ရောင်းချကြသည့် တောင်သူလယ်သမားအရေအတွက်သည် ရွာပေါင်း ၁၀၅ ရွာမှ တောင်သူပေါင်း ၃၃၅ ဦး ရှိရာမှ ရွာပေါင်း ၂၃၀ ရွာနှင့် တောင်သူပေါင်း ၁,၄၀၀ အထိ တိုးတက်များပြားလာခဲ့သည်။ (အခန်း ၃ ခေါင်းစဉ်ခွဲ ၃.၂ တွင်ရှုပါ)



ရန်ပုံငွေ၏ မဟာဗျူဟာ ဦးတည်ချက်အရွေ့သည် ၂၀၁၃ ခုနှစ်အတွင်း အစီအစဉ်ဆောင်ရွက်မှုများတွင် တိုးတက်ဖြစ်ထွန်းမှုများကို အခြေခံသည်။ ရန်ပုံငွေအနေဖြင့် ဖွံ့ဖြိုးရင့်ကျက်လာပြီဖြစ်သောကြောင့် ပိုမိုကောင်းမွန်သော အကျိုးသက်ရောက်မှုနှင့် ကုန်ကျငွေကြေး ထိုက်တန်မှုတို့ ရရှိစေရန် စီမံကိန်းအစိတ်အပိုင်းများအကြား တွဲဖက်၍ ကြိုးပမ်းမှုလည်း တိုးတက်လာခဲ့သည်။ ဥပမာ - ၂၀၁၃ ခုနှစ်အတွင်း LIFT သည်  တူညီသော  မြစ်ဝကျွန်းပေါ်မြို့နယ်သုံးခုတွင် တောင်သူသင်တန်းပေးခြင်း၊ မျိုးစေ့ပွားများခြင်း၊ စိုက်ပျိုးရေးချေးငွေနှင့် သုတေသနနှင့် နည်းပညာအထောက်အပံ့ပေးခြင်းတို့ကို အာရုံစိုက်သည့် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော စီမံကိန်း ၁၃ ခုကို ရန်ပုံငွေ ချထားပေးခဲ့သည်။

(၄) ပဋိပက္ခဖြစ်ပွားရာဒေသများရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွဲဖက်လုပ်ဆောင်ရာတွင် တစ်သမတ်တည်းဖြစ်မှုနှင့် ယုံကြည်လက်ခံနိုင်မှုများလိုအပ်ပြီး ဒေသနှင့်ကိုက်ညီသော ပြဿနာဖြေရှင်းရေး နည်းဗျူဟာများနှင့် ပြင်လွယ်ပြောင်းလွယ်သော စီမံခန့်ခွဲမှုစနစ်တို့ကို တည်ထောင်ရန်လည်း လိုအပ်ပါသည်။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များရှိ ပဋိပက္ခဖြစ်ပွားရာဒေသများတွင်  LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများက လုပ်ငန်းများအောင်မြင်စွာ လုပ်ကိုင်နိုင်ခြင်းအတွက် အဓိကအကြောင်းရင်းမှာ ဒေသခံများနှင့် ခိုင်မာစွာ မိတ်ဖွဲ့ဆောင်ရွက်နိုင်မှုပင် ဖြစ်ပါသည်။ (အခန်း ၃ ခေါင်းစဉ်ခွဲ ၃.၃ တွင်ရှုပါ)

(၅) ကိုးကန့်အထူးဒေသ လက်ဖက်စီမံကိန်းရှိ စိန်ခေါ်မှုများသည် ဈေးကွက်ပေါင်းစည်း ဆက်စပ်မှုနှင့် တန်ဖိုးကွင်းဆက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများအတွက် သင်ခန်းစာများကို ပေါ်လွင်စွာ ပြသနေပါသည်။ LIFT သည် ပုဂ္ဂလိကကဏ္ဍနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်ရန် မျှော်လင့်ထားသောကြောင့် ဤစီမံကိန်းမှရရှိလာသည့် အကောင်အထည်ဖော်မှု သင်ခန်းစာများက ဈေးကွက်နှင့်တန်ဖိုးကွင်းဆက်ဆိုင်ရာ စီမံကိန်းများ၏ ချဉ်းကပ်ဆောင်ရွက်ပုံဒီဇိုင်းရေးဆွဲခြင်းအတွက် ထည့်သွင်းစဉ်းစားစရာများ ဖြစ်လာခဲ့သည်။ (အခန်း ၃ ခေါင်းစဉ်ခွဲ ၃.၃ တွင်ရှုပါ)

LIFT သည် အခန်း ၄ ခေါင်းစဉ်ခွဲ ၄.၂ တွင် အသေးစိတ်ဖော်ပြထားသည့် တစ်နိုင်ငံလုံး လွှမ်းခြုံ ဆောင်ရွက်သော စီမံကိန်း ၁၅ ခုအားလည်း ငွေကြေးထောက်ပံ့ခဲ့ရာ ယင်းတို့အနက် အချို့မှာ ၂၀၁၃ ခုနှစ်အတွင်း သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိခဲ့ကြသည်။ ဥပမာအားဖြင့် NGO အဖွဲ့အစည်းများ စုပေါင်းထူထောင်ထားသည့် LEARN ပူးပေါင်းအဖွဲ့[၃] အနေဖြင့် အစိုးရ၏ "စားနပ်ရိက္ခာနှင့် အာဟာရဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်" ကို ပြန်လည်ပြင်ဆင်မွမ်းမံရာ၌ အကူအညီပေးခဲ့သည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) သည် အပူပိုင်းဇုန်ဒေသတွင် စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရပြည့်ဝမှုဆိုင်ရာစစ်တမ်းကြီးတစ်ရပ်ကို ကောက်ယူပြီးစီးခဲ့ပါသည်။ ယင်းစစ်တမ်း ပြီးစီးသွားသည့်အခါ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အလားတူစစ်တမ်းများအား နိုင်ငံ၏ အခြားနေရာများတွင်ပါ ကောက်ယူပေးပါရန် WFP အား မေတ္တာရပ်ခံခဲ့ပါသည်။

၂၀၁၃ ခုနှစ်တွင် LIFT သည် သက်ဆိုင်ရာ လိုအပ်ချက်များအလိုက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် သီးသန့် ရည်မှန်းချက်ထား ရန်ပုံငွေထောက်ပံ့မှု အစီအစဉ်များကို အသုံးပြုကာ ယင်း၏အတွေ့အကြုံများ ဆည်းပူးစုဆောင်မှုအပိုင်းကို အသုံးပြုခဲ့သည်။ သို့ဖြစ်ရာ Learning and Innovation Window (L&I) အစီအစဉ်အရ တီထွင်ဆန်းသစ်မှုများ ရှိပြီး တွဲဖက်စီမံကိန်းများ၏ ရလဒ်များအား ပိုမိုကောင်းမွန်စေရန် အကြံပြုနိုင်စွမ်းရှိသည့် အလားအလာကောင်းသော စီမံကိန်း ၁၇ ခုအား ရွေးချယ်၍ ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ သန်း ၂၀ ခွဲဝေပေးခဲ့ပါသည်။ LIFT ၏ Financial Inclusion အစီအစဉ်ကိုလည်း လက်လီဝန်ဆောင်မှုများနှင့် ဘဏ္ဍာရေးကဏ္ဍအတွင်း အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့တွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ပါသည်။ ဤကဏ္ဍအတွင်း LIFT ၏ ရင်းနှီးမြှုပ်နှံမှုမှာ ယခုအခါ အမေရိကန်ဒေါ်လာ ၃၅ သန်းအထိ ရှိလာပြီဖြစ်ပြီး LIFT ၏ လုပ်ငန်းများနှင့် ရလဒ်များအနက် သိသာထင်ရှားသည့်အချိုးအစား ဖြစ်လာလေသည်။ ဤငွေကြေးထောက်ပံ့မှု အစီအစဉ်များနှင့် သက်ဆိုင်ရာစီမံကိန်းများ၏ အသေးစိတ်အကြောင်းအရာများအား အခန်း ၄ ခေါင်းစဉ်ခွဲ ၄.၂ တွင်လည်း ဖော်ပြထားသည်။

LIFT ၏ မဟာဗျူဟာ ဦးတည်ချက် ပြောင်းလဲမှုအရွေ့သည် ၂၀၁၃ ခုနှစ်တွင် အစီအစဉ်များ ချမှတ်ရေးဆွဲသောအခါ ထင်ဟပ်နေပါသည်။ LIFT အနေဖြင့် တိုးတက်ဖွံ့ဖြိုးလာပြီး ရင့်ကျက်လာပြီဖြစ်ရာ ပိုမိုကောင်းမွန်သည့် အကျိုးသက်ရောက်မှုရှိစေရေးနှင့် ထိုက်တန်သောငွေကြေးသုံးစွဲမှုရလဒ်ရရှိရေးဆိုင်ရာ စီမံကိန်းအစိတ်အပိုင်းများအကြား လိုက်လျောညီထွေ ပေါင်းစပ်ခြင်းပြုမည့် အဆိုပြုလွှာများတောင်းခံခြင်း (ဥပမာ မြစ်ဝကျွန်းပေါ် ၁ ) သက်သက် အနေအထားထက် တိုးတက်လာခဲ့သည်။ ဥပမာ - ၂၀၁၃ ခုနှစ်တွင် LIFT သည် မြစ်ဝကျွန်းပေါ်ဒေသ မြို့နယ် သုံးမြို့နယ်၌ လယ်သမားများအား သင်တန်းပို့ချခြင်း၊ မျိုးစေ့ပွားခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့် သုတေသနနှင့် နည်းပညာ အကူအညီများပေးခြင်းတို့တွင် အာရုံစိုက်သည့် အပြန်အလှန် လိုက်ဖက်မှုရှိသော စီမံကိန်း ၁၃ ခုတို့အား ရန်ပုံငွေများ ထောက်ပံ့ပေးခဲ့ပါသည်။

ထို့အပြင် LIFT အနေဖြင့် ယခုအခါ ကျေးလက်ဖွံ့ဖြိုးရေး အလေးပေးအာရုံစိုက်သည့်အစီအစဉ်များ ပုံစံထုတ်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ တစ်နှစ်ခန့်ကြာအောင် ပြင်ဆင်စီစဉ်ခဲ့ပြီးနောက် မတ်လတွင်  LIFT သည် ရခိုင်ပြည်နယ်အလယ်ပိုင်း ကမ်းရိုးတန်းဒေသများတွင် သက်ဆိုင်ရာဖွံ့ဖြိုးရေး စိန်ခေါ်မှုများအား အလေးထား ဖြေရှင်းနိုင်ရန်အတွက် ဒီဇိုင်းဆင်ရေးဆွဲထားသည့် အမေရိကန်ဒေါ်လာ ၂၂ သန်း ကုန်ကျမည့် "တက်လမ်း"အစီအစဉ်ကို စတင်ခဲ့ပါသည်။ NGO များ ပူးပေါင်းအဖွဲ့အနေဖြင့် အကောင်အထည်ဖော်မည့် ယင်းအစီအစဉ်မှာ လူမျိုးရေး အုပ်စုနှစ်စုအကြား ပေါ်ပေါက်ခဲ့သော အကြမ်းဖက်မှု၏ ရိုက်ခတ်သည့်ဒဏ်ကို များစွာ ရင်ဆိုင်ခဲ့ရသည်။ အခက်အခဲများစွာရှိနေခဲ့သည့်ကြားမှပင် မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာပေါင်း ၈၀ တို့တွင် ခိုင်ခံ့မြဲမြံသည့် တိုးတက်မှုများ ရရှိခဲ့ပါသည်။ (အခန်း ၃ ခေါင်းစဉ်ခွဲ ၃.၄ တွင်ရှုပါ)

၂၀၁၃ ခုနှစ်တွင် LIFT သည်  အပူပိုင်းဒေသနှင့် တောင်တန်းဒေသဇုန်များတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုနှင့် အစိုးရ၏ ပါဝင်ဆောင်ရွက်မှုတို့တွင် ပြောင်းလဲမှုများ လျင်မြန်စွာ ဖြစ်ပေါ်လာစေရေးအတွက် ပမာဏကြီးမားသော တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိသည့်အစီအစဉ်များ ပုံစံထုတ်ရေးဆွဲခြင်းကိုစတင်ခဲ့သည်။ အဆိုပါစီမံချက်များအား ၂၀၁၄ ခုနှစ်တွင် အကောင်အထည်ဖော်ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားပါသည်။ အပူပိုင်းဒေသဇုန် အစီအစဉ်သစ်အတွက် LIFT အနေဖြင့် ရေရရှိရေး၊ ဈေးကွက်များနှင့် ချိတ်ဆက်နိုင်ရေးအပြင် မွေးမြူရေး၊ လူမှုဘဝ အကာအကွယ်ပေးရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေရေးတို့ပါဝင်သည့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးကိစ္စရပ်များတွင် အဓိကဝင်ရောက်ဆောင်ရွက်သင့်သည့်နယ်ပယ်များအဖြစ် ဖော်ထုတ်သတ်မှတ်ပေးနိုင်ခဲ့သော ရေပြဿနာများဆိုင်ရာ

၃ အာဟာရ ချို့တဲ့မှု တိုက်ဖျက်ရေးအတွက် အရေးပါသည့် အာဟာရပြည့်ဝရေး လုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ရေး (LEARN) အစီအစဉ်ကို Save the Children International၊ Action Contre la Faim (ACF) နှင့် Helen Keller International (HKI) တို့က ပူးပေါင်း အကောင်အထည်ဖော်နေခြင်း ဖြစ်ပါသည်။

အသေးစိတ်လေ့လာမှုတစ်ရပ်နှင့် အခွင့်အလမ်း လေ့လာမှု လုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်စေခဲ့ပါသည်။ ကုန်းမြင့်ဒေသများဆိုင်ရာ အစီအစဉ်သစ်အတွက် အခွင့်အလမ်း လေ့လာမှုလုပ်ငန်းကိုလည်း ဆောင်ရွက်ပြီးဖြစ်ရာ ယင်းအစီအစဉ်တွင် ပဋိပက္ခဖြစ်ပွားမှုကြောင့် ပေါ်ပေါက်လာသည့် ဒေသများအပေါ် အထူးအာရုံစိုက် ဆောင်ရွက်သွားရန်လည်း ပါဝင်မည်ဖြစ်သည်။ ဤဒေသများမှာ ပတ်ဝန်းကျင်အခြေအနေ၊ ရာသီဥတုပြောင်းလဲမှု၊ ဝေးလံခေါင်သီမှု၊ လူမျိုးနွယ်စုများ ကွဲပြားစုံလင်မှုနှင့် ၎င်းတို့အကြား ပဋိပက္ခဖြစ်ပွားမှု သို့မဟုတ် ပဋိပက္ခဖြစ်ပွားမှုနောက်ပိုင်း အခြေအနေများအရ ကြီးမားသည့် စိန်ခေါ်မှုပေါင်းများစွာရှိနေပေသည်။ အဆိုပါအစီအစဉ်သစ်များနှင့် ပတ်သက်သည့်အချက်အလက်များကို အခန်း ၃ ခေါင်းစဉ်ခွဲ ၃.၂ နှင့် ၃.၃ တို့တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

၂၀၁၃ ခုနှစ်အတွက် LIFT ၏ အဓိကဦးစားပေးလုပ်ဆောင်ချက်တစ်ရပ်မှာ မြန်မာနိုင်ငံအတွင်း နိုင်ငံရေး အသွင်ကူးပြောင်းမှု ဆက်လက်ဖြစ်ပေါ်နေမှုအကြောင်းပြု၍ အခွင့်အလမ်းများနိုင်သမျှ အများဆုံး ဖော်ထုတ်ရင်း မြန်မာနိုင်ငံအစိုးရနှင့်ဆက်ဆံရေး ပိုမိုတိုးချဲ့ဆောင်ရွက်သွားရေးဖြစ်သည်-

- LIFT သည် အောက်တိုဘာလအတွင်း လွှတ်တော်က အတည်ပြုပြဌာန်းခဲ့သည့် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်မှုဥပဒေကို ပြန်လည်ပြင်ဆင်မွမ်းမံနိုင်ရန်   ယင်း၏ မိတ်ဖက်အဖွဲ့အစည်းများ၊ အခြားသောအလှူရှင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ဆွေးနွေးညှိနှိုင်းမှုလုပ်ငန်းစဉ်က ဥပဒေအတွင်း သိသာထင်ရှားပြီး အရေးပါသော ပြင်ဆင်မွမ်းမံမှုများ ဖြစ်ပေါ်လာစေရန် များစွာ အထောက်အကူပြုခဲ့ပါသည်။

- ၂၀၁၅ ခုနှစ်၌ ဆင်းရဲမွဲတေမှု ၁၀ ရာခိုင်နှုန်း လျှော့ချနိုင်ရေး ရည်မှန်းထားရှိသည့်  အစိုးရ၏ "အမျိုးသား အဆင့် ကျေးလက်ဖွံ့ဖြိုးရေး" ကို စတင် ဆောင်ရွက်နိုင်ရေးအတွက်  LIFT ၏ နှစ်ပတ်လည် ဖိုရမ်ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းကာ နိုဝင်ဘာလတွင် ကျင်းပခဲ့သည်။  နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ကိုယ်တိုင်တက်ရောက် ဖွင့်လှစ်ပေးခဲ့သော  ယင်းဖိုရမ်တွင် ကျေးလက် ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ၏ ပူးပေါင်းအဖွဲ့တစ်ခုကို ဖွဲ့စည်းနိုင်ခဲ့သည်။ LIFT အနေ ဖြင့် ကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာ မူဘောင် ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဝန်ကြီး ဌာနအား အကူအညီပေးရန်အပြင် ဖွံ့ဖြိုးရေး အသိုက်အဝန်းနှင့် ဝန်ကြီးဌာနအကြား ထိတွေ့ချိတ်ဆက်မှု ပိုမိုအားကောင်းစေရေးအတွက် အကူအညီပေးရန်လည်း ပန်ကြားခြင်းခံခဲ့ရပါသည်။

- LIFT သည် အားလုံးလက်လှမ်းမီသော ဘဏ္ဍာရေးစနစ်၊ လယ်ယာမြေနှင့် လူမှုဘဝအကာအကွယ် ပေးရေး စသည့် နယ်ပယ်များတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ခဲ့သည်။ အားလုံး လက်လှမ်းမီသော ဘဏ္ဍာရေးစနစ်ဖြစ်ပေါ်လာရေး အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ် ဖော်ဆောင် နိုင်ရန်လည်း LIFT အနေဖြင့် အစိုးရအား ကူညီခဲ့သကဲ့သို့ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ကြီးကြပ်သည့် အဖွဲ့အစည်း (မြန်မာ့အသေးစားချေးငွေလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့) အတွက် နည်းပညာပိုင်းနှင့် လူသားစွမ်းရည်ကျွမ်းကျင်မှုပိုင်းကိုပါ ကူညီခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနအပြင် ယင်းကဏ္ဍအတွင်းရှိ အခြားသောသက်ဆိုင်သူများနှင့် ပူပေါင်းဆောင်ရွက်ကာ မြန်မာနိုင်ငံအတွင်း အားလုံး လက်လှမ်းမီသော ဘဏ္ဍာရေးစနစ် ဖြစ်ပေါ်ရေး မြှင့်တင်ဆောင်ရွက်မှုအတွက် အရေးပါဆုံး အဟန့်အတားအချို့ကို ဖြေရှင်းရန် ကြိုးပမ်းခဲ့ပါသည်။

- LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် (၁) ၂၀၁၂ လယ်ယာမြေဥပဒေကို ပိုမိုကောင်းမွန်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် အစိုးရ၏ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနကို အကူအညီပေးရန် (၂) ကုန်းမြင့်ဒေသများတွင် ထုံးတမ်းစဉ်လာအရ လယ်ယာမြေလုပ်ပိုင်ခွင့်၊ မြေခွန်ကောက်ခံမှုစနစ်နှင့် ကန်ထရိုက် လယ်ယာစနစ် စသည်တို့နှင့်ပတ်သက်ပြီး သုတေသနများ ပိုမိုလုပ်ဆောင်ရန် (၃) လွှတ်တော် လယ်ယာမြေ သိမ်းဆည်းမှုနှင့် စုံစမ်းစစ်ဆေးရေး ကော်မရှင်၊  လယ်ယာမြေ အသုံးချမှု စီမံခန့်ခွဲရေး ကော်မတီ၊ နိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားများ အစည်းအရုံးနှင့် ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော်များအပါအဝင် ပိုမိုကျယ်ပြန့်သည့် သက်ဆိုင်သူများအား အသိအမြင် စည်းရုံး ဝေမျှနိုင်ရန် မြေယာနှင့်ဆက်နွယ်သည့် ပြဿနာရပ်များအပေါ် ပိုမိုထိတွေ့လုပ်ဆောင်ခဲ့ပါသည်။

- လူမှုဘဝအကာအကွယ်ပေးမှုဆိုင်ရာလုပ်ငန်းအနေဖြင့် LIFT မှ ထောက်ပံ့ထားသည့် လူမှုရေးဆိုင်ရာ သုတေသနလုပ်ဆောင်မှုအဖွဲ့သည် လူမှုဝန်ထမ်း ဦးစီးဌာန၊ ဒေသန္တရအစိုးရများ၊ လူမှုဖူလုံရေး အဖွဲ့တို့နှင့် အားသွန်ခွန်စိုက် ပူးတွဲလုပ်ကိုင်ခဲ့ပါသည်။ တိုက်ရိုက် ရလဒ်တစ်ခုအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လူမှုဘဝအကာအကွယ်ပေးမှုအစီအစဉ်ရေးဆွဲခြင်းကို ချင်းပြည်နယ်၊ မန္တလေး တိုင်းဒေသကြီး၊၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပြုလုပ်နိုင်ခဲ့ပါသည်။ နောက်ပိုင်းတွင် လူမှုဘဝ အကာအကွယ်ပေးရေးဆိုင်ရာဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်း မူကြမ်းအား ချင်းပြည်နယ် အစိုးရက တင်ပြခဲ့ရာ စီမံကိန်း၏ ရည်ရွယ်ချက်များအပေါ် မူတည်၍ နောက်ထပ် အမေရိကန်ဒေါ်လာ တစ်သန်း ရန်ပုံငွေပေးအပ်ခြင်း ခံခဲ့ရပါသည်။ (အခန်း ၃ ခေါင်းစဉ်ခွဲ ၃.၂ အားရှုပါ)

၂၀၁၃ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများမှတစ်ဆင့် LIFT သည် မူဝါဒရေးဆွဲရာ၌ အစိုးရနှင့် ထိတွေ့ဆက်ဆံနိုင်ခြင်းမှသည် အချို့သောစီမံချက်ရေးဆွဲခြင်းဆိုင်ရာ အကြံပြုထောက်ခံခြင်းအထိ အမျိုးအစားအလိုက် စိတ်ဝင်စားဖွယ်ရာသင်ခန်းစာများကို ဖော်ထုတ်တွေ့ရှိခဲ့သည်။ ယင်းတို့ကို အခန်း(၅) တွင် ထုတ်နုတ်ဖော်ပြထားပါသည်။

ရန်ပုံငွေစီမံခန့်ခွဲမှု၊ ရန်ပုံငွေစီးဆင်းမှုနှင့် ပတ်သက်၍ ၎င်း၏အညွှန်းကိန်းများနှင့် ချိန်ထိုးကြည့်လျှင် LIFT သည် ကောင်းစွာ စွမ်းဆောင်နိုင်ခဲ့ပါသည်။ အလှူရှင်များ၏ စုစုပေါင်းထည့်ဝင်ငွေပမာဏမှာလည်း ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ စာရင်းအရ အမေရိကန်ဒေါ်လာ ၁၈၀ သန်း ရှိလာပါသည်။ LIFT အနေဖြင့် မိမိလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုနှင့် စွမ်းဆောင်ရည်ရှိမှုအပေါ် အာရုံစိုက်နိုင်ရန် ၂၀၁၃ ခုနှစ်တွင် အရည်အသွေးနှင့် ငွေကြေးတန်ဖိုးမျှတမှုဆိုင်ရာ သုတေသနမူဘောင်တစ်ခုကိုချမှတ်ခဲ့ရာ ယင်းမူဘောင်သည် LIFT နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများအတွက် ထိုက်တန်သည့် ငွေကြေးကုန်ကျမှုနှင့် ပစ္စည်းဝယ်ယူမှု မှန်ကန်တိကျခြင်းတို့ကို တိုင်းတာရာ၌ အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။ ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များကို အခန်း (၆) တွင် အသေးစိတ်ဖော်ပြထားပါသည်။

ရှေ့သို့ လှမ်းမျှော်ကြည့်မည်ဆိုလျှင် အကောင်အထည်ဖော်မှုအတွေ့အကြုံများအပေါ် ခိုင်မာသော အခြေခံမှုနှင့် တန်ဖိုးရှိလှသော သုတစာကြည့်တိုက် ထူထောင်ခြင်းဖြင့် LIFT သည် မိမိ၏ပြောင်းလဲဖြစ်ပေါ်နေသော အခန်းကဏ္ဍနှင့် ဦးတည်နေမှုများကို ၂၀၁၄ ခုနှစ် နည်းဗျူဟာသစ်နှင့်အတူ သတ်မှတ်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ရာ စီးပွားရေးအရ အလားအလာရှိသည့် မြန်မာနိုင်ငံမှ တစ်နိုင်တစ်ပိုင်စိုက်ပျိုးသည့် လယ်သမားများအား စိုက်ပျိုးရေးဆိုင်ရာလှေကားထစ်အဆင့်ဆင့်တွင် အမြင့် (ထုတ်လုပ်မှုစွမ်းအားနှင့် တန်ဖိုးမြင့်မားလာမှုများမှ တစ်ဆင့်) သို့ တက်လှမ်းနိုင်စေရန်၊  စားနပ်ရိက္ခာ ဖူလုံမှုအတွက် စီးပွားဖြစ်ထုတ်လုပ်နိုင်မှု အလားအလာမရှိသည့် စိုက်ပျိုးရေးကဏ္ဍအတွင်းမှ ဝမ်းစာဖူလုံရုံအဆင့် တောင်သူလယ်သမားများအဖို့ စီးပွားရေး အသွင်ကူးပြောင်းချိန်ကာလအတွင်း တောင့်ခံနိုင်စေရန်နှင့် မြေယာမဲ့လုပ်သားများအဖို့ စိုက်ပျိုးရေးကဏ္ဍမှထွက်ကာ အခြားပို၍အကျိုးကျေးဇူးရှိသောကဏ္ဍများသို့ ရွှေ့ပြောင်းလုပ်ကိုင်နိုင်စေရန်အတွက် LIFT သည် ခြုံငုံသုံးသပ်နိုင်စွမ်းရှိသော ယင်း၏ တစ်မူထူးခြားသည့်အနေအထားကို အကောင်းဆုံးဖြစ်စေမည့် နည်းလမ်းများအားသတ်မှတ်၍ အရေးတယူဆောင်ရွက်ရန်ဖြစ်ပါသည်။

# ၁။ နိဒါန်း

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ အဓိကဒေသကြီးလေးခုဖြစ်သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်းဒေသ၊ အပူပိုင်းဒေသဇုန် (မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတောင်ပိုင်း အပါအဝင်) နှင့် ချင်း၊ ကချင်နှင့် ရှမ်းပြည်နယ်တို့ပါဝင်သည့် တောင်တန်းဒေသများတွင် ၂၀၁၃ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိကာလအတွင်း အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) က ရန်ပုံငွေထောက်ပံ့ထားသည့် လုပ်ကိုင်ဆောင်ရွက်မှုများကို ဖော်ပြထားသည်။ ၂၀၁၃ ခုနှစ်အကုန်တွင် နိုင်ငံတစ်ဝန်းရှိ ပြည်နယ်/ တိုင်းဒေသကြီး ၁၂ ခု၊ ခရိုင် ၃၆ ခရိုင်၊ မြို့နယ်ပေါင်း ၁၀၇ မြို့နယ်နှင့် ကျေးရွာပေါင်း ၃,၈၈၄ ရွာတို့ရှိ စီမံကိန်းများအတွက် LIFT က ရန်ပုံငွေထောက်ပံ့ပေးခဲ့ပါသည်။ စာရင်းအပြည့်အစုံအား နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။

## ၁.၁။ အကြောင်းအရာ

၂၀၁၃ ခုနှစ်တွင် LIFT ၏ လုပ်ကိုင်မှုအကြောင်းအရာများ လျင်မြန်စွာပြောင်းလဲခဲ့ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းမှုမှာ ယေဘုယျအားဖြင့် အပြုသဘောဆောင်သည့်လားရာဘက်သို့ ဆက်လက်ဦးတည် သွားနေခဲ့ပါသည်။ နှစ်အစတွင် အချို့သောနေရာများ၌ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှုများ အရှိန်မြင့်တက်ခဲ့သော်လည်း သမိုင်းတွင်မည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများလည်းရှိနေခဲ့ရာ မကြာမီကာလအတွင်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိနိုင်မည်ဟူသော မျှော်လင့်ချက်လည်း တိုးပွားနေခဲ့ပါသည်။

ပြည်ထောင်စုလွှတ်တော်သည်လည်း အနိမ့်ဆုံး လုပ်ခကြေးငွေဥပဒေ၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥပဒေနှင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေများ အပါအဝင် ဥပဒေအသစ် ၃၇ ခု အတည်ပြုခဲ့ကာ အလုပ်များပြားလှသော ဥပဒေပြုရေးအစီအစဉ်ဖြင့် ရှေ့ဆက်သွားနေခဲ့ပါသည်။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေမှာတည်ငြိမ်မှုမရှိသော ကုန်စည်ဈေးနှုန်းနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများ လုံလုံလောက်လောက်မရရှိခြင်း အပါအဝင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးသည့် တောင်သူလယ်သမားများ ရင်ဆိုင်နေရသည့် ပြဿနာရပ်များအပေါ် နက်ရှိုင်းစွာ သဘောပေါက် အသိအမှတ်ပြုစေခဲ့သောကြောင့် LIFT အတွက် ထူးထူးခြားခြား အရေးပါလှသည်ဟု ဆိုနိုင်သည်။ ယင်းဥပဒေတွင် ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေး၊ အာမခံပေးရေးနှင့် သီးနှံလက်ကျန် ပိုင်ဆိုင်မှုအပေါ်အခြေခံကာ ငွေကြေးထောက်ပံ့သည့် ဘဏ္ဍာရေးစနစ်တို့နှင့်ဆိုင်သည့် ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ အစောပိုင်းဥပဒေမူကြမ်းများတွင် ထိုင်းနိုင်ငံ၌ကျင့်သုံးသော ဆန်စပါးအပေါ် အစိုးရ၏ကတိပြု ဝယ်ယူမှုအစီအစဉ်နှင့်ဆင်တူသည့် ကုန်ကျစရိတ်များပြားနိုင်ဖွယ်ရှိသော ဈေးနှုန်းဆိုင်ရာ အထောက်အကူပေးသည့်စနစ်နှင့်ပတ်သက်သောအချက်များ ပါဝင်ခဲ့သော်လည်း အပြီးသတ်ဥပဒေတွင်မူ လိုအပ်သည့်အခါ နိုင်ငံတော်မှလိုအပ်သလို ဝယ်ယူသည့်ပုံစံပြဋ္ဌာန်းချက်များသာလျှင်ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံတော်သမ္မတသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန (MoLFRD) ဟူသော ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထူးဂရုပြုဆောင်ရွက်မည့် ဝန်ကြီးတစ်ရပ်အား ဖွဲ့စည်းကာ ဖွံ့ဖြိုးရေး အစီအစဉ်အား ဆက်လက်တွန်းအားပေး ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရသည် အောက်ပါအချက်များကို အထူးပြုဆောင်ရွက်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်ကိုလည်း ရေးဆွဲခဲ့ပါသည်-

- အများပြည်သူဆိုင်ရာအဖွဲ့အစည်းများအား တောင့်တင်းခိုင်မာစေပြီး ကောင်းမွန်သောအုပ်ချုပ်မှုကို ရရှိသေချာစေခြင်း၊
- မြေယာအနည်းငယ်သာပိုင်ဆိုင်သူများအား ကောင်းမွန်တိုးတက်သည့် အခြေခံအဆောက်အအုံ၊ သွင်းအားစုများနှင့် စက်မှုလယ်ယာပြောင်းလဲခြင်းမှတစ်ဆင့် ဈေးကွက်များနှင့်ချိတ်ဆက်မှုရှိလာစေခြင်း၊

- အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းနှင့်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာများအား မြှင့်တင်ပေးခြင်း၊
- လယ်ယာမြေပိုင်ဆိုင်မှုဆိုင်ရာ ပွင့်လင်းမြင်သာဖြစ်မှု တိုးတက်စေခြင်း၊
- ကျေးလက်ဒေသများတွင် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် (နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် နှစ်ရပ်စလုံးမှ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအား ကူညီပံ့ပိုးပေးခြင်း၊

အစိုးရနှင့် အခြားသော သက်ဆိုင်သူများသည် အဆိုပါရည်မှန်းချက်များ ပြည့်မီစေမည့် ပူးတွဲဆောင်ရွက်မှု အတွက် မိတ်ဖွဲ့ဆောင်ရွက်ရန် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် သဘောတူညီခဲ့ကြပါသည်။ ၂၀၁၃ ခုနှစ် ဇွန်လအတွင်းတွင် မြန်မာနိုင်ငံအစိုးရသည် ကျန်းမာရေးဝန်ကြီးဌာန ဦးဆောင်မှုဖြင့် စားနပ်ရိက္ခာနှင့် အာဟာရဆိုင်ရာ အမျိုးသားအဆင့်စီမံချက်ကို မူကြမ်းရေးဆွဲ ပြုစုခဲ့သည်။ မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံး ဆိုင်ရာ အာဟာရပြည့်ဝရေးလုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်မှု (SUN) သို့ ဝင်ခဲ့ခြင်းကြောင့် အာဟာရ ချို့တဲ့မှု တိုက်ဖျက်ရေး (အထူးသဖြင့် ကျုံလှီသေးကွေးမှု) ဆိုင်ရာ အားထုတ်ကြိုးပမ်းမှု အသစ်တစ်ရပ်ကို မျှော်လင့်ရပေသည်။

ကဏ္ဍအလိုက်/ အကြောင်းအရာအလိုက်ဖြစ်သော အဆင့်များတွင် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှု ရရှိစေရန်နှင့် မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများထိရောက်မှုကို မြှင့်တင်နိုင်ရန် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ (SWGs) အား ဖွဲ့စည်းထူထောင်ရန် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သော မြန်မာ့ ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်၌ အစိုးရမှသဘောတူညီခဲ့ပါသည်။ ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယင်း လုပ်ငန်းအဖွဲ့သည် ၂၀၁၃ ခုနှစ်အတွင်း နှစ်ကြိမ်တွေ့ဆုံခဲ့ကာ ပြဿနာရပ်များစွာအတွက် သက်ဆိုင်သူများ၏ ဦးစားပေးမှုနှင့် စီမံချက်များအလိုက် ခွဲဝေဆောင်ရွက်ခြင်းနှင့် မူဝါဒရေးရာ အဟန့်အတားများအပေါ် စိစစ်သုံးသပ်ခြင်းကဲ့သို့သော တိုးတက်မှုအချို့ကို ပြုလုပ်နိုင်ခဲ့ပါသည်။

LIFT ၏ အရည်အသွေးအထူးပြု လူမှုရေးနှင့် စီးပွားရေးစောင့်ကြည့်စစ်ဆေးခြင်း[၄] (QSEM3) စီမံကိန်း တတိယအကျော့ကို ၂၀၁၃ ခုနှစ်တွင် တစ်ဖန်စတင်ခဲ့ပြီး မြေယာ စီမံခန့်ခွဲမှု၊ ကျေးရွာအုပ်ချုပ်မှု၊ ဒေသတွင်းစုဖွဲ့ခြင်းနှင့် ပြဿနာဖြေရှင်းရေးအစီအစဉ်များ အထူးသဖြင့် လုပ်သားပြောင်းရွှေ့လုပ်ကိုင်မှု တို့၌ ကျေးရွာအဆင့် အပြောင်းအလဲမှုများအား ဖော်ထုတ်သတ်မှတ်ရန် ကြိုးပမ်းခြင်းများ ပါဝင်ခဲ့ပါသည်။ ပြောင်းလဲမှုများသည် ကျေးရွာအဆင့်၌ မြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းမှုသည် မည်သို့ဖြတ်သန်း နေကြောင်း မီးမောင်းထိုးဖော်ပြနေပါသည်။

QSEM စီမံကိန်းအား စတင်သည့်အချိန်ကတည်းက အချိန်တိုအတွင်း၌ အခြေခံအသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် ပြောင်းလဲမှုများ အနည်းငယ်ရှိခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ အချို့သော စိတ်ဝင်စား ဖွယ်ရာ ပေါ်ပေါက်လာသည့် အောက်ပါအကြောင်းအချက်များကိုလည်း တွေ့ရှိခဲ့ရပါသည်-

- ကျေးရွာအုပ်စုအများစုတွင် မကြာသေးမီကပြဋ္ဌာန်းခဲ့သော လယ်ယာမြေဥပဒေနှင့် ၂၀၁၂ခုနှစ်အတွင်း ပြဋ္ဌာန်းခဲ့သော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေများအားအကောင်အထည် ဖော်ရာတွင် အကူအညီပေးရန် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီများအား ဖွဲ့စည်းတည်ထောင် ခဲ့ပြီးဖြစ်ပါသည်။ အချို့သော ရွာသားများက ကျေးရွာနှင့် မြို့နယ်အဆင့်များ၌ မြေယာဥပဒေများ အကောင်အထည်ဖော်ရာတွင် အကျင့်ပျက်ခြစားမှုများရှိနေကြောင်း တင်ပြခဲ့ကြပါသည်။ သာမန်သဘော တရားအရ တရားဝင်လယ်ယာမြေအသုံးပြုခွင့်လက်မှတ်များမှာ တောင်သူလယ်သမားများအား လယ်ယာမြေ သိမ်းဆည်းခံရခြင်းမှ ထပ်မံကာကွယ်ပေးထားသဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပိုမို လုံခြုံစိတ်ချရစေပြီး လယ်ယာမြေကိုလည်း ပို၍တန်ဖိုးရှိစေပါသည်။ ခြုံငုံကြည့်လျှင် လယ်ယာမြေ ဈေးနှုန်းများ အကြီးအကျယ်ပြောင်းလဲလာပြီး ဈေးတက်သည့်သဘောရှိလာခဲ့ပါသည်။

၄ သုံးနှစ်တာလေ့လာမှုဖြစ်သော QSEM ကို ၂၀၁၂ ခုနှစ်မှစ၍ LIFT က ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ ကျေးလက်ဒေသမှ လူများ မည်သို့နေထိုင် အသက်မွေးနေကြကြောင်း၊ ယင်းသို့နေထိုင်ရန် ၎င်းတို့ကို မည်သည့် ပိုမိုထွေပြားသော အချက်များက ပုံဖော်နေကြောင်းနှင့် လူအများ၏ အသက်မွေးဝမ်းကျောင်း ရွေးချယ်မှုများနှင့် အကျိုးရလဒ်များအပေါ် လူမှုအဖွဲ့အစည်းရှိ ပိုမိုကျယ်ပြန့်သောလူမှုရေး နှင့် အဖွဲ့အစည်းဆိုင်ရာ သရုပ်လက္ခဏာများက မည်သို့ အကျိုးသက်ရောက်နေကြောင်း ဆန်းစစ် သိရှိနိုင်ရန်အတွက် ဖြစ်သည်။ ယနေ့ အချိန်အထိ ကမ္ဘာ့ဘဏ်၏ ငွေကြေးနှင့် နည်းပညာအထောက်အပံ့ဖြင့် Enlightened Myanmar Research အဖွဲ့က ကွင်းဆင်းလုပ်ဆောင်မှု သုံးကြိမ် ဆောင်ရွက်ပြီးဖြစ်ပါသည်။

- လယ်ယာမြေများနည်းတူ ကျေးရွာအုပ်ချုပ်မှုကဏ္ဍအတွင်း သိသာသည့်ပြောင်းလဲမှုများရှိခဲ့ရာ ၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေသစ်ကဲ့သို့သော အစိုးရမူဝါဒ ပြောင်းလဲမှုများ၏ တိုက်ရိုက် အကျိုးဆက်တစ်ခုဖြစ်ပါသည်။ လေ့လာမှုတွင်ပါဝင်သော ပြည်နယ်နှင့် တိုင်းဒေသကြီး လေးခုအနက်သုံးခုတွင် ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်နေသည့်အချိန်၌ ကျေးရွာအုပ်စု ရွေးကောက်ပွဲများ ကျင်းပနေခဲ့ကြသည်။ အချို့သောကျေးရွာများတွင်ဆိုလျှ င် ခေါင်းဆောင်သစ်များ ထွက်ပေါ်လာခဲ့ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးအတွက် ပြိုင်ဆိုင်မှု ပြင်းထန်ခြင်းများရှိခဲ့ရာ ပုဂ္ဂိုလ်ရေးအကျိုးအမြတ်အတွက် ရာထူးကိုအသုံးချနိုင်သည့် အလားအလာ များကလည်း တွန်းအားပေးသလိုရှိခဲ့သည်။ အချို့သောဖြစ်ရပ်များတွင်ဆိုလျှင် ရွေးကောက်ပွဲ ပြိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး လူမှုရေးတင်းမာမှုများကိုပင် တိုးပွားစေခဲ့ပါသည်။
- ဒေသစုဖွဲ့မှုအသစ်များနှင့် စုပေါင်းညှိနှိုင်းမှုအမြောက်အမြားလည်း ပေါ်ပေါက်ခဲ့ပါသည်။ ယင်းတို့သည် လယ်ယာမြေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကျင်းပနီးဆဲဆဲ ရွေးကောက်ပွဲများကဲ့သို့ ကိစ္စရပ်များနှင့် ဆက်စပ်နေကာ ဒေသခံလူထုများအနေဖြင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုကြောင့် ပွင့်လာသောလမ်းများ အသုံးချခြင်းကို ပြုလုပ်လျက်ရှိကြောင်း ဖော်ပြနေသည်။ တစ်နေရာတွင် တက်ကြွသည့် လယ်သမားများ သမဂ္ဂအဖွဲ့ တစ်ဖွဲ့နှင့်အတူ အမှတ်ထားစရာ ကျေးရွာမြေအငြင်းပွားမှုများလည်း ပေါ်ပေါက်ခဲ့ပါသည်။ မြေအငြင်းပွားသည့် ကိစ္စရပ်သစ်အတော်များများမှာ ဒေသအဆင့်ဖြစ်ပြီး လယ်ယာမြေမှတ်ပုံတင်ခြင်း လုပ်ငန်းများကြောင့် ပေါ်ပေါက်လာရပါသည်။ ကျေးရွာသားများအနေဖြင့် သိမ်းဆည်းခံမြေများ ပြန်လည် ရရှိရန်နှင့် မြေသိမ်းယူသည့် ယခင်အမှုအခင်းဟောင်းများကို ပြန်လည်ဖွင့်ပေးရန် ပို၍ဆက်လက် လုပ်ဆောင်သွားမည့်ပုံနှင့်အတူ ၎င်းတို့၏ သဘောထားများ ပြောင်းလဲသွားသည့် သဘောကို တွေ့ရ သည်။ သို့သော်ငြားလည်း အခြားသော ကိစ္စရပ်များနှင့် နှိုင်းယှဉ်ပါက တောင်သူလယ်သမားများ၏ အကျိုးစီးပွားတိုးတက်ရေးအတွက် စုပေါင်းလုပ်ဆောင်မှု အဆင့်ဆင့်များ၌ လစ်ဟာမှုများ သို့မဟုတ် အားနည်းချက်များရှိနေဆဲဖြစ်ပါသည်။

## ၁.၂။ LIFT ၏ နောက်ခံသမိုင်း

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT) သည် ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ တည်ထောင်ခဲ့သည့် အလှူရှင်ပေါင်းစုံ၏ ထောက်ပံ့မှုဖြင့် ရပ်တည်နေသော ရန်ပုံငွေဖြစ်ပါသည်။ LIFT ၏ အလှူရှင်နိုင်ငံများမှာ ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန် ပြည်ထောင်စုတို့ ဖြစ်ကြပါသည်။ UNOPS ကို LIFT အတွက် စောင့်ကြည့် လေ့လာမှုနှင့် ကြီးကြပ်ကွပ်ကဲမှုကို ထောက်ပံ့ပေးရန်နှင့် ရန်ပုံငွေ များကို စီမံကွပ်ကဲရန် Fund Manager အဖြစ် ခန့်အပ်ထားပါသည်။

LIFT ၏ အလုံးစုံ ရည်မှန်းချက်မှာ မြန်မာနိုင်ငံအနေဖြင့် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက် အမှတ် ၁[၅] ကို ပြည့်မီနိုင်စေရေးအတွက် အကျိုးပြုသွားရန်ဖြစ်ပါသည်။ ယင်း၏ ကူညီဆောင်ရွက်မှုဖြင့် LIFT သည် ရည်မှန်း အကျိုးခံစားခွင့် ရှိသူ ပြည်သူ (၂) သန်းတို့၏ ဝင်ငွေနှင့် စားနပ်ရိက္ခာရရှိမှုကို တိုးတက်စေရန် ရည်ရွယ်ထားပါသည်။ LIFT အနေဖြင့် အစီအစဉ်များကို အဆက်အစပ်ရှိရှိ အကောင်အထည်ဖော်မှု၊ တီထွင်ဖန်တီးမှုနှင့် သင်ယူရေးတို့ကို မြှင့်တင်ပေးမည့် ဩဇာလွှမ်းမိုးမှုရှိသော စုပေါင်းအားကို ကိုယ်စားပြု သော အသံဖြစ်လာရန် ရည်ရွယ်ထားသည့်အပြင် မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် မူဝါဒနည်းလမ်းအရ ပိုမိုထိတွေ့ဆက်ဆံနိုင်စေရေး အခြေခံမှုဘောင် တစ်ခုထောက်ပံ့ပေးရန်လည်း ရည်မှန်းထားပါသည်။ LIFT သည် အနည်းဆုံး ၂၀၁၈ ခုနှစ်အကုန်အထိ လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားရန် မျှော်မှန်းထားပါသည်။

---

၅ ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက် (၁) - တစ်ရက်ဝင်ငွေ ၁.၂၅ ဒေါ်လာအောက်ရရှိသည့် လူဦးရေထက်ဝက်လျှော့ချပြီး အမျိုးသမီးနှင့် ကလေးသူငယ်များ အပါအဝင်အားလုံးအတွက် ပြည့်စုံ ထိရောက်၍ ကောင်းမွန်သော အလုပ်အကိုင်များ ဖန်တီးပေးကာ ဆာလောင်ငတ်မွတ်နေသူဦးရေ ထက်ဝက်လျှော့ချရန်

LIFT သည် အောက်ဖော်ပြပါ စီမံကိန်းအကျိုးရလဒ်များကို ရရှိစေရန် လုပ်ဆောင်လျက်ရှိသည်-

(၁) ထုတ်လုပ်မှု မြှင့်တင်ခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ ပံ့ပိုးပေးခြင်းဖြင့် ဝင်ငွေနှင့် လယ်ယာစိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်စေပြီး သွင်းအားစုများနှင့် ဈေးကွက်များကို တိုးတက်ရရှိလာခြင်း၊

(၂) ရည်မှန်းအိမ်ထောင်စုများအား လယ်ယာစိုက်ပျိုးရေး မဟုတ်သည့် အခြားသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ထောက်ပံ့ပေးခြင်း (သို့မဟုတ်) အလုပ်အကိုင် ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းမှုအတတ်ပညာများ သင်ကြားပေးခြင်း၊

(၃) သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်သုံးစွဲနိုင်ရန် စီမံခန့်ခွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပြန်လည်ပျိုးထောင်ခြင်းဖြင့် ဒေသတွင်းရှိ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ခြင်း၊

စီမံကိန်းရလာဒ်အလိုက် ရန်ပုံငွေများ ခွဲဝေ
သုံးစွဲမှု (၂၀၁၃ နှစ်ကုန်အထိ)




(၄) ကာလရှည်စွာ ဆင်းရဲမွဲတေခဲ့သည့် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများကို ကာကွယ်စောင့်ရှောက်ပေးမည့် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို မြှင့်တင်ပေးမည့် (သို့မဟုတ်) ဝင်ငွေမြှင့်တင်ပေးမည့် ထိရောက်သော လူမှုဘဝအကာအကွယ်ပေးရေး အစီအမံများကို ဆောင်ရွက်ပေးခြင်း၊

(၅) ဆင်းရဲသားများအတွက် အသက်မွေးဝမ်းကျောင်းမှု လုံခြုံရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကို မြှင့်တင်ထောက်ပံ့ပေးရန် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းရည်ကိုမြှင့်တင်ပေးခြင်း၊

(၆) စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှုအထောက်အထား၊ ကြီးကြပ်ကွပ်ကဲဆောင်ရွက်သော လေ့လာမှုများကို အသုံးပြုလျက် အစီအစဉ်နှင့် မူဝါဒဖွံ့ဖြိုးတိုးတက်မှုကို အစီရင်ခံခြင်း၊

ထို့အပြင် အောက်ပါစီမံခန့်ခွဲမှုရလဒ်များကိုဖော်ဆောင်ရန်လည်း ကြိုးပမ်းနေပါသည်-

(၇) ရန်ပုံငွေများကို ရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့၏ မူဝါဒများနှင့်အညီ ခွဲဝေထောက်ပံ့ပေးပြီး ယင်းအတွက် ပွင့်လင်းမြင်သာစွာတာဝန်ခံခြင်း၊

(၈) ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ဆောင်ရွက်မှုများကို စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း၊

## LIFT စီမံချက်မြို့နယ်များ ၂၀၁၃




LIFT သည် မြို့နယ် ၁၀၇ မြို့နယ်၊ ကျေးရွာ ၃,၈၈၄ ရွာတွင် စီမံကိန်း ၄၃ ခု ဖြင့် အိမ်ထောင်စု ၅၁၁,၅၀၅ စု (လူဦးရေ ၂.၅ သန်းနီးပါး) ကို အကူအညီပေးခဲ့ပါသည်။

# ၂။ ရလဒ်များ

၂၀၁၃ ခုနှစ်တွင် LIFT သည် ယင်း၏အညွှန်းကိန်းများအနက် ထက်ဝက်ခန့်တွင် ယခင်နှစ်များက ရရှိပြီး ဖြစ်သော တိုးတက်မှုများကို မှန်မှန်တည်ဆောက်လျက် မိမိချမှတ်ထားသည့် မှတ်တိုင်ရည်မှန်းချက်များအား ပြည့်မီကျော်လွန်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်အတွက် ချမှတ်ထားသော မှတ်တိုင်ရည်မှန်းချက်များမှာ ယခင်နှစ်များထက် ပိုမိုမြင့်မားခဲ့ သည့်တိုင် အညွှန်းကိန်း ၁၈ ခုအနက်မှ ၁၄ ခုတွင် ရည်မှန်း ရလာဒ်များထက် ပိုမိုစွမ်းဆောင်နိုင်ခဲ့ပါသည်။ အလုံးစုံ ရလဒ်များအရ LIFT သည် ခိုင်မာသည့် အထက်သို့ ဦးတည်နေသော လမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနေပါသည်။ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့မှ ကိန်းဂဏန်း အချက်အလက်များအား နောက်ဆက်တွဲ (၅) တွင် ဇယားဖြင့် ဖော်ပြထားပါသည်။

LIFT ပံ့ပိုးမှုဖြင့် အကျိုးခံစားခွင့် ရခဲ့သော စုစုပေါင်း
အိမ်ထောင်စု အရေအတွက်




ရင်းမြစ် - IP အချက်အလက်များ

### အချက်အလက် တိကျမှုနှင့် အပြန်အလှန် ရည်ညွှန်းကိုးကာမှု

LIFT သည် ယင်း၏စွမ်းဆောင်ရည်အား ယင်း၏ logframe အထူးသဖြင့် စီမံကိန်းများက ရရှိရန် ရည်ရွယ်ထားသည့် logframe ပါ ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် ရလဒ်များဖြင့်ပြန်လည်ချိန်ထိုးကာ အမြဲပုံမှန်အကဲဖြတ်ဆန်းစစ်လျက် ရှိသည်။[၆] LIFT သည် ဤအစီရင်ခံစာအတွက် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့ (IP) များထံမှ ရရှိသော အစီရင်ခံစာများနှင့် အိမ်ထောင်စုစစ်တမ်းများဟူ၍ အဓိကသတင်းအချက်အလက်ရင်းမြစ်နှစ်ခုကို အသုံးပြုထားသည်။

အောင်မြင်မှုများနှင့်ပတ်သက်၍ IP များ တင်ပြလာသော LIFT ၏ အညွှန်းကိန်းများနှင့် ချိန်ထိုးထားသည့်ကိန်းဂဏန်း များကို ခြောက်လတစ်ကြိမ် မှတ်တမ်းထားရှိပြီး ယင်းအချက်အလက်များအား ခန့်မှန်းမှုများအဖြစ်သာ သတ်မှတ်ရပေ မည်။[၇] ထို့ကြောင့် IP များထံမှရရှိသော အချက်အလက်များအား အားထားလောက်သော အချက်အလက်များဖြစ်စေရန် LIFT သည် စာရင်းအင်းဗေဒ နည်းလမ်းအားဖြင့်ကိုယ်စားပြုသည့် ယင်း၏အိမ်ထောင်စုစစ်တမ်းများ (၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ် နိဝင်ဘာလများတွင် ပြုလုပ်ခဲ့)[၈] မှ အချက်အလက်များနှင့် အပြန်အလှန် ရည်ညွှန်းကိုးကားခဲ့ပါသည်။ အညွှန်းကိန်းတစ်ခုစီအတွက် အချက်အလက်ရရှိမှုရင်းမြစ်အား အောက်ပါဇယားတွင်ဖော်ပြထားပြီး ရလဒ်များ တိုင်းတာခြင်း အသေးစိတ်အကြောင်းအရာကို နောက်ဆက်တွဲ (၆) တွင် ထပ်မံ၍ဖော်ပြထားပါသည်။

စီးပွားရေး၊ ဈေးကွက်နှင့် ရာသီဥတုဆိုင်ရာ အထွေထွေအခြေအနေများအပါအဝင် ပြင်ပအကြောင်းအရာမြောက်မြားစွာ တို့သည်  LIFT ၏ ဦးတည်ကျေးရွာများအတွင်း လုပ်ဆောင်နိုင်မှုများအပေါ်  လွှမ်းမိုးနိုင်ပါသည်။ ထို့ကြောင့် ရလဒ်များ ၏ မည်မျှအတိုင်းအတာသည် LIFT ၏ လုပ်ငန်းများကြောင့်ဖြစ်သည်ဟု မှတ်ယူရန် ဖော်ထုတ်သတ်မှတ်ခြင်းကို ဤအစီရင်ခံစာတွင် ပြုလုပ်မထားပေ။

---

၆ ဤအစီရင်ခံစာပါ အညွှန်းကိန်းများမှာ ၂၀၁၆ ခုနှစ်အကုန်ထိ တိုးမြှင့်အသုံးပြုမည့် အတည်ပြုပြီးသား logframe မှ ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ LIFT အား သက်တမ်းနှစ်နှစ် ထပ်မံတိုးမြှင့်ကြောင်း ၂၀၁၃ ခုနှစ် ဇွန်လ အလှူရှင်များပူးပေါင်းအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ၂၀၁၄ ခုနှစ်တွင် ဤ logframe အား ပြန်လည်သုံးသပ်စစ်ဆေးမည်ဖြစ်ပါသည်။

၇ အချက်အလက်များ ခြေရာခံကောက်ခံသည့် နည်းစနစ်များ  IP တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ကွဲပြားသည်နှင့်အညီ တိုင်းတာမှုများ၏ အရည်အသွေးနှင့် တူညီမှုတို့သည်လည်း ကွဲပြားနိုင်ပါသည်။

၈ အိမ်ထောင်စုစစ်တမ်းများအား ၂၀၁၆ နှင့် ၂၀၁၈ ခုနှစ်များတွင် ထပ်မံလုပ်ဆောင်သွားရန် LIFT က စီစဉ်ထားပါသည်။

## ၂.၁။ ရည်မှန်းချက်အဆင့် အညွှန်းကိန်း ရလဒ်များ

ရည်မှန်းချက် - ရည်မှန်းအကျိုးခံစားခွင့်ရှိသူ ဦးရေ ၂ သန်း၏ ဝင်ငွေနှင့်စားနပ်ရိက္ခာရရှိမှု ရေရှည်တိုးတက်လာစေရန်

ဇယား (၃) ရည်မှန်းချက်အဆင့်အညွှန်းကိန်းများနှင့်ခန့်မှန်းတိုးတက်မှုဇယားအနှစ်ချုပ်

| အညွှန်းကိန်း | ၂၀၁၆ ခုနှစ်အတွက် LIFT ရည်မှန်းချက် | ၂၀၁၃ ခုနှစ်အတွက် မှတ်တိုင် | ၂၀၁၃ ခုနှစ်အကုန် ပြီးစီးမှု | ၂၀၁၃ ခုနှစ်အတွက် ရည်မှန်းချက် ပြီးစီးမှု ရာခိုင်နှုန်း | ကိန်းဂဏန်း အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|
| P1: ဝင်ငွေ တိုးမြင့်လာသော ရည်မှန်း အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း (စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ မွေးမြူရေး စသည်တို့မှ) | ၁၃၀,၀၀၀[၉] | ၆၀,၀၀၀ | ၅၇,၀၀၀ (၁၉% of LIFT ကျေးရွာများရှိ သီးနှံစိုက်ပျိုးသော အိမ်ထောင်စုများ၏ ၁၉ ရာခိုင်နှုန်း) | ၉၅% | LIFT စစ်တမ်းများ |
| P2: စိုက်ပျိုးရေးထုတ်လုပ်မှု အနည်းဆုံး ၅ ရာခိုင်နှုန်းတိုးလာသည့် ရည်မှန်း အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း | ၁၃၀,၀၀၀ | ၆၀,၀၀၀ | ၆၀,၀၀၀ (LIFT ကျေးရွာများရှိ အိမ်ထောင်စုများ၏ ၂၀ ရာခိုင်နှုန်း) | ၁၀၀% | LIFT စစ်တမ်းများ |
| P3: အစားအစာ စားသုံးမှုတိုးလာ သို့မဟုတ် အမျိုးမျိုး ကွဲပြားစုံလင်စွာ စားသုံးလာနိုင်သော ရည်မှန်းအိမ်ထောင်စု အရေအတွက် | ၂၄၀,၀၀၀ | ၁၂၀,၀၀၀ | ၈၈,၀၀၀ | ၇၃% | LIFT စစ်တမ်းများ |
| P4: စားနပ်ရိက္ခာလုံလောက်မှု ၁ လနှင့် အထက် မြင့်တက်လာသော ရည်မှန်း အကျိုးခံစားခွင့်ရှိသူ အရေအတွက်နှင့် ရာခိုင်နှုန်း | ၂၄၀,၀၀၀ | ၁၂၀,၀၀၀ | ၂၉၀,၀၀၀ (LIFT ကျေးရွာများရှိ အိမ်ထောင်စုများ၏ ၅၇ ရာခိုင်နှုန်း) | ၂၄၁% | LIFT စစ်တမ်းများ |
| P5: ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု မြင့်တက်လာသော ရည်မှန်း အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း | ၁၂၀,၀၀၀ | ၅၀,၀၀၀ | ၄၄,၁၃၂ | ၈၈% | IP Data |

### ရည်မှန်းချက်အဆင့် အညွှန်းကိန်း (၁)။ ဝင်ငွေ တိုးမြင့်လာသော ရည်မှန်းအိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း

LIFT ၏ အိမ်ထောင်စုစစ်တမ်းများအရ လွန်ခဲ့သည့် ၁၅ လအတွင်း သီးနှံစိုက်ပျိုးသည့်အိမ်ထောင်စုများ (အိမ်ထောင်စု စုစုပေါင်း၏ ၆၀% ခန့်) အနက်မှ ၂၉ ရာခိုင်နှုန်းက LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းတို့၏ သီးနှံစိုက်ပျိုးသည့် နည်းလမ်းများ၊ ကြိုတ်ခွဲသန့်စင်သည့် နည်းလမ်းများနှင့် ဈေးကွက်သို့ရောင်းချသည့် နည်းလမ်းများ အပေါ် ဩဇာသက်ရောက်မှုရှိကြောင်း ဖော်ပြခဲ့ကာ ရလဒ်အနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ အသားတင်ဝင်ငွေ တိုးတက်ရရှိခဲ့ကြောင်း ၆၅% က ညွှန်းဆိုကြသည်။ ရလဒ်များအားအသုံးပြု၍ မြစ်ဝကျွန်းပေါ် ၂ နှင့် နိုင်ငံအဝှမ်း အစီအစဉ်များ (စစ်တမ်းနှစ်ခုအကြား ကာလအတွင်း လုပ်ဆောင်နေခဲ့သည့် စီမံကိန်း အားလုံးနီးပါးခန့်ရှိ) အတွင်း အကျုံးဝင်သော ကျေးရွာများတွင် နေထိုင်သည့် အိမ်ထောင်စုပေါင်း ၅ သိန်းနှင့် ချိတ်ဆက်ခန့်မှန်းကြည့်ပါက အိမ်ထောင်စုပေါင်း ၅၇,၀၀၀ ခန့် (အကြမ်းအားဖြင့် သီးနှံ စိုက်ပျိုးသော အိမ်ထောင်စုအားလုံး၏ ၁၉ ရာခိုင်နှုန်းခန့်) တို့သည် LIFT ၏ ကူညီထောက်ပံ့မှုများကြောင့် စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် ဝင်ငွေများတိုးပွားလာခဲ့ကြသည်။ ယင်းပမာဏတွင် LIFT က ကူညီပံ့ပိုးသည့် လုပ်အားနှင့် ငွေကြေးဖလှယ်သည့် စီမံကိန်းများ၊ စိုက်ပျိုးရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းအလုပ်များနှင့် စီးပွားရေးလုပ်ငန်းများကြောင့် ဝင်ငွေတိုးတက်လာသည့် အိမ်ထောင်စုများအား ဖယ်ထုတ်ထားပါသည်။

[၉] စီမံကိန်းရည်မှန်းချက်မှာ IP များ၏ ရှိရင်းစွဲနှင့် အနာဂတ် စီမံကိန်းများမှ ၁၃၀,၀၀၀ အိမ်ထောင်စုဖြစ်သည်။ ကနဦးအားဖြင့် ရည်မှန်းချက်များအား ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ချမှတ်ခဲ့ချိန်၌ LIFT ထောက်ပံ့ခံ စီမံကိန်းများအတွက် စုစုပေါင်း ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၇၄ သန်း ဖြစ်သည်။ ယင်းအချိန်ကတည်းကပင် ငွေကြေးထောက်ပံ့သည့် ကတိကဝတ်များ သိသိသာသာ တိုးပွားလာပြီး LIFT လုပ်ပိုင်ခွင့်များလည်း ချဲ့ထွင်နိုင်ခဲ့သည်။ ရလာဒ်အနေဖြင့် အနာဂတ် စီမံကိန်းများမှ မျှော်လင့်ထားသည့် လုပ်ဆောင်နိုင်မှုများအား ထင်ဟပ်စေရန်အတွက် တောင့်တင်းလာသော LIFT ရန်ပုံငွေများနှင့်အတူ ရည်မှန်းချက်များလည်း ထိုက်တန်စွာမြင့်မားလာရပေသည်။

၎င်းအညွှန်းကိန်းနှင့်ချိန်ထိုးကာ အစီရင်ခံထားသည့် စီမံကိန်း ၃၄ ခုမှ အချက်အလက်များအရဆိုလျှင် LIFT ၏ ဝင်ရောက်ကူညီလုပ်ကိုင်မှုများရလဒ်အဖြစ် အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စုပေါင်း ၂၃၅,၄၀၀ တို့တွင် ဝင်ငွေများပိုမိုမြင့်မားလာကြောင်းသိရပါသည်။ ၂၀၁၃ ခုနှစ်အကုန်တွင် အစီရင်ခံခဲ့သည့် ၎င်းကဲ့သို့ လုပ်ငန်းပြီးမြောက်မှုများမှာ  ယင်းနှစ်အတွက် ချမှတ်ထားသည့် မှတ်တိုင်နှင့်ပတ်သက်၍ မျှော်လင့်ထားသည့် ပမာဏ၏အထက်တွင် ကောင်းစွာရှိနေပါသည်။

## ရည်မှန်းချက်အဆင့် အညွှန်းကိန်း (၂)။ စိုက်ပျိုးရေးထုတ်လုပ်မှု အနည်းဆုံး ၅ ရာခိုင်နှုန်း တိုးတက်လာသည့် အိမ်ထောင်စုအရေအတွက်နှင့် ရာခိုင်နှုန်း

၎င်းအညွှန်းကိန်းနှင့် ချိန်ထိုးထားသည့် လုပ်ငန်းပြီးမြောက်မှု အထောက်အထားများအား ၂၀၁၃ ခုနှစ် အိမ်ထောင်စုစစ်တမ်းရှိ ကနဦးတွက်ချက်ထားသော အချက်အလက်များက ဖော်ပြနေပါသည်။ လွန်ခဲ့သော ၁၅ လအတွင်း သီးနှံစိုက်ပျိုးမှုရှိသည့် စာရင်းကောက် နမူနာ အိမ်ထောင်စု (စုစုပေါင်း အိမ်ထောင်စု၏ ၆၀% ခန့်) ၏ ၆၉ ရာခိုင်နှုန်းက LIFT ၏ ကူညီပံ့ပိုးမှုများကြောင့် သီးနှံအထွက် တိုးလာကြောင်း ညွှန်းဆိုခဲ့ကြသည်။ တစ်ဖန် အဆိုပါရလဒ်များကိုအသုံးပြု၍ မြစ်ဝကျွန်းပေါ် ၂ နှင့် နိုင်ငံအဝှမ်း အစီအစဉ်များအတွင်း အကျုံးဝင်သော ကျေးရွာများတွင် နေထိုင်သည့် အိမ်ထောင်စုပေါင်း ၅ သိန်းနှင့် ချိတ်ဆက်ခန့်မှန်းကြည့်ပါက အိမ်ထောင်စုပေါင်း ၆၀,၀၀၀ ခန့်  (အကြမ်းအားဖြင့် သီးနှံစိုက်ပျိုးသော အိမ်ထောင်စုအားလုံး၏ ၂၀% ခန့်) တို့သည် LIFT ၏ ကူညီထောက်ပံ့မှုများကြောင့် ထုတ်လုပ်မှုတိုးတက်ခြင်းများ ခံစားရရှိခဲ့ကြပါသည်။[၁၀]

## ရည်မှန်းချက်အဆင့် အညွှန်းကိန်း (၃)။ အစားအစာ စားသုံးနိုင်မှု တိုးလာ သို့မဟုတ် အမျိုးမျိုး ကွဲပြားစုံလင်စွာ စားသုံးနိုင်လာသော ရည်မှန်းအိမ်ထောင်စု အရေအတွက်

၂၀၁၃ ခုနှစ် အိမ်ထောင်စုစစ်တမ်းအရ အစားအသောက် ကွဲပြားစုံလင်စွာ စားသုံးနိုင်မှုနှင့် ပတ်သက်၍ အထင်ကြီးစရာ ရလဒ်များ ထွက်ပေါ်လာခဲ့သည်။ အိမ်ထောင်စု၏ အစားအသောက် ကွဲပြားစုံလင်မှု ရမှတ် (HDDS) ပျှမ်းမျှကိန်းမှာ LIFT ကျေးရွာများတွင် ၂၀၁၁ ခုနှစ် အခြေခံစာရင်း စစ်တမ်း (baseline survey) အရ အစားအစာအုပ်စု “၅.၃” မျိုးမှ ၂၀၁၃ ခုနှစ် အိမ်ထောင်စုစစ်တမ်းတွင်မူ “၆” မျိုးအထိ တိုးတက်စားသုံးနိုင်လာခဲ့ပါသည်။ ၂၀၁၁ ခုနှစ်အတွင်း စာရင်းကောက်ယူခဲ့သည့် LIFT အိမ်ထောင်စု အရေအတွက် ၆၂% ၏ HDDS ရမှတ်မှာ ၅ မှတ်နှင့် အောက်တွင်သာရှိခဲ့သော်လည်း ၂၀၁၃ ခုနှစ်တွင်မူ ယင်းကဲ့သို့ ရမှတ်ရရှိသူ အိမ်ထောင်စု အရေအတွက်မှာ ၄၄ ရာခိုင်နှုန်းသာရှိတော့သည်။[၁၁] အဆိုပါရလဒ်များကို အသုံးပြု၍ ၂၀၁၃ ခုနှစ်ကုန်အထိ LIFT ကူညီပံ့ပိုးခဲ့သော အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စု ၅၁၁,၅၀၅ စု (LIFT အစီအစဉ်များအားလုံးမှ) နှင့် ချိတ်ဆက်ခန့်မှန်းကြည့်ပါက စုစုပေါင်းအိမ်ထောင်စု၏ ၁၇ ရာခိုင်နှုန်း သို့မဟုတ် အိမ်ထောင်စုပေါင်း ၈၈,၀၀၀ နီးပါးခန့်သည် HDDS ရမှတ် ၆ မှတ်နှင့်အထက်ထိ တိုးတက်ခဲ့ကြသည်ဟု မျှော်လင့်ရပါသည်။[၁၂]

## ရည်မှန်းချက်အဆင့် အညွှန်းကိန်း (၄)။ စားနပ်ရိက္ခာ လုံလောက်မှု အနည်းဆုံး ၁ လ မြင့်တက်လာသော ရည်မှန်း အကျိုးခံစားခွင့်ရှိသူ အရေအတွက်နှင့် ရာခိုင်နှုန်း

၂၀၁၁ ခုနှစ်နှင့်၂၀၁၃ ခုနှစ် အိမ်ထောင်စုစစ်တမ်းများအကြား နှိုင်းယှဉ်မှုများအရ အိမ်ထောင်စုများ၏ စားနပ်ရိက္ခာဖြည့်တင်းနိုင်မှုအပိုင်းတွင် သိသိသာသာတိုးတက်မှုရှိကြောင်း တွေ့ရသည်။ ၂၀၁၁ ခုနှစ်စစ်တမ်းတွင် LIFT ကျေးရွာများရှိ အိမ်ထောင်စု ၆၅% က လွန်ခဲ့သော ၁၂ လအတွင်း အချို့သောလများ၌ ၎င်းတို့တွင် အစားအစာလုံလောက်မှုမရှိခဲ့ကြောင်း တင်ပြခဲ့ကြသည်။ ၂၀၁၃ ခုနှစ်သို့ ရောက်သောအခါတွင်မူ အဆိုပါကိန်းဂဏန်းမှာ ၆၅% မှ ၈% သို့ ကျဆင်းသွားခဲ့ပါသည်။  ၂၀၁၁ ခုနှစ်တွင် LIFTကျေးရွာများရှိ နမူနာ အိမ်ထောင်စုများ၏ အိမ်ထောင်စုများ စားနပ်ရိက္ခာ လုံလုံလောက်လောက်ဖြည့်တင်းနိုင်သည့်လများ

---

[၁၀] ဖြေဆိုသူတစ်ဦး အနေဖြင့် ထုတ်လုပ်မှု တိုးတက်လာခြင်းအား သတိပြုသိရှိနိုင်ရန် အကျိုးအမြတ် ဖြစ်ထွန်းမှု အနည်းဆုံး ၅ ရာခိုင်နှုန်း လိုအပ်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

[၁၁] HDDS ရမှတ်အတွက် အစားအစာ ကွဲပြားစုံလင်စွာ စားသုံးနိုင်မှုလုံလောက်ခြင်း သို့မဟုတ် မလုံလောက်ခြင်းကို ညွှန်ပြရန် အလို့ငှာ အစားအစာ အုပ်စုများ၏ အရေအတွက်အနေဖြင့် ပိုင်းဖြတ်ထားသည့်အမှတ်များ (cut-off points) ကို ချမှတ်မထားပါ။ (အိမ်ထောင်စုအလိုက်နှင့် တစ်ဦးချင်းအလိုက် အစားအစာ ကွဲပြားစုံလင်စွာ စားသုံးနိုင်မှု တိုင်းတာခြင်း လမ်းညွှန်ချက်များ၊ FAO ၂၀၁၁)

[၁၂] မှတ်သားရန်မှာ ၂၀၁၃ ခုနှစ် LIFT အိမ်ထောင်စုစစ်တမ်းသည် တိုက်ရိုက်အကျိုးခံစားခွင့်ရှိသည့် အိမ်ထောင်စုများ သာမက LIFT ကျေးရွာများရှိ အိမ်ထောင်စု အားလုံးအပေါ် လွှမ်းခြုံမှုရှိသည် ဆိုခြင်းပင် ဖြစ်သည်။  HDDS ဆိုင်ရာ တွေ့ရှိချက်များအား အိမ်ထောင်စုများ၏ စုစုပေါင်းအရေအတွက်နှင့် ချိတ်ဆက်ခန့်မှန်းကြည့်ပါက ပိုမိုကောင်းမွန်သောရလဒ်များကို ပေးစွမ်းနိုင်ပါလိမ့်မည်။

(MAHFP) အတွက် ပျှမ်းမျှကိန်းမှာ ၉.၉ လ ဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင်မူ ယင်း MAHFP ပျှမ်းမျှကိန်းမှာ ၁၁.၈ လအထိ တိုးတက်လာခဲ့ပြီး အလွန်သိသာထင်ရှားသောတိုးတက်မှုကို ညွှန်ပြလျက်ရှိနေပါသည်။ MAHFP ပျှမ်းမျှကိန်းမှာ LIFT စီမံကိန်းတွင် အကျုံးမဝင်သော ကျေးရွာများတွင်လည်း ၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အတွင်း တိုးတက်မှုကြီးမားခဲ့ပြီး ဤရလဒ်များအားလုံးမှာ LIFT က ထောက်ပံ့ထားသော စီမံကိန်းများကြောင့်ဟူ၍ လုံးလုံးမှတ်ယူ၍ မရနိုင်ပေ။

MAHFP ရမှတ် ၁၀ နှင့် အောက်ရှိသော အိမ်ထောင်စုအရေအတွက်မှာ LIFT ကျေးရွာများတွင် ၂၀၁၁ ခုနှစ်၌ ၆၅% အထိရှိခဲ့သည်။ ၂၀၁၃ ခုနှစ်၌မူ အဆိုပါကျေးရွာများရှိ အိမ်ထောင်စု အရေအတွက်၏ ၈ ရာခိုင်နှုန်းသာလျှင် MAHFP ရမှတ် ၁၀ နှင့်အောက်တွင် ကျန်ရှိပါတော့သည်။ တစ်ဖန်ပြန်၍ အဆိုပါ ရလဒ် များအား အသုံးပြုကာ ၂၀၁၃ ခုနှစ်ကုန်အထိ LIFT ကူညီပံ့ပိုးခဲ့သော အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စု ၅၁၁,၅၀၅ စု (LIFT အစီအစဉ်များ အားလုံးမှ) နှင့် ချိတ်ဆက် နှိုင်းယှဉ်ကြည့်ပါက စုစုပေါင်း အိမ်ထောင်စု၏ ၅၇% (သို့မဟုတ် အိမ်ထောင်စုပေါင်း ၂၉၀,၀၀၀) ခန့်သည် အိမ်ထောင်စုများ စားနပ်ရိက္ခာလုံလုံလောက်လောက် ဖြည့်တင်းနိုင်မှုရမှတ်အရ ၁၀ လနှင့်အောက်ရှိသော အနေအထားမှ ၁၁ လ သို့မဟုတ် ၁၂ လအထိရှိသော ရမှတ်များအထိ တိုးတက်ရရှိခဲ့ကြသည်ဟု မျှော်လင့်ရပါသည်။

## ရည်မှန်းချက်အဆင့် အညွှန်းကိန်း (၅)။ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု မြင့်တက်လာသော ရည်မှန်း အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း

ဤအညွှန်းကိန်းနှင့်ချိန်ထိုး၍ IP ၂၁ ဖွဲ့က အစီရင်ခံစာ တင်ပြခဲ့ရာ ၄င်းတို့၏ စုစုပေါင်းလုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းမှာ ၂၀၁၃ ခုနှစ်အတွက် ပြီးစီးမှု မှတ်တိုင် ရာခိုင်နှုန်း၏ ၈၈ ရာခိုင်နှုန်းဖြစ်ပါသည်။ ယင်းပြီးစီးမှု ပမာဏတွင် အများဆုံးဖြင့် ဆောင်ရွက်နိုင်ခဲ့သူမှာ Proximity Designs ဖြစ်ခဲ့ပြီး အိမ်ထောင်စုပေါင်း ၉,၀၀၀ နီးပါးသည် ခြေနင်းရေတုံကင်များအတွက် ထုတ်ကုန်ချေးငွေများကို ထုတ်ယူနိုင်ခဲ့ကြသည်။ အကျိုးခံစားခွင့်ရှိသည့် အိမ်ထောင်စုအများအပြားသည် မွေးမြူရေးအပါအဝင် စီမံကိန်း၏ရလဒ်အဖြစ် တိုက်ရိုက်ဖြစ်စေ၊ လည့်ပတ်စီးဆင်းရန်ပုံငွေများမှဖြစ်စေ သို့မဟုတ် ဝင်ငွေတိုး အသက်မွေးဝမ်းကျောင်း သင်တန်းများအပြီးတွင် ထောက်ပံ့ပေးအပ်မှုများမှဖြစ်စေ ပစ္စည်းဥစ္စာများအား ရရှိခဲ့ကြကြောင်း များစွာသော IP တို့က အစီရင်ခံခဲ့ကြပါသည်။ သို့ရာတွင် အညွှန်းကိန်းသည် ထုတ်လုပ်နိုင်စွမ်းရှိသော ပစ္စည်းပိုင်ဆိုင်မှု များကို သတ်မှတ်မဖော်ပြနိုင်ဘဲ ဝင်ငွေတိုးလာသည့် ထောင်ပေါင်းများစွာသော အိမ်ထောင်စုများသည် အိမ်ထောင်စုသုံး ပစ္စည်းဥစ္စာများဝယ်ယူ၍ ရင်းနှီးမြှုပ်နှံကြလိမ့်မည်ဟု မျှော်လင့်နိုင်ပါသည်။

LIFT ၏ အိမ်ထောင်စုစစ်တမ်းနှစ်ခုသည် ဥစ္စာဓနပိုင်ဆိုင်မှု၏ ကိုယ်စားပြုအနေဖြင့် အိမ်ထောင်စုပိုင် ပစ္စည်းဥစ္စာအရေအတွက်စာရင်း ၂၅မျိုး အရ ပိုင်ဆိုင်မှုတို့ကိုလည်း အကဲဖြတ်ဆန်းစစ်ခဲ့ကြသည်။ အိမ်ထောင်စုများသည် ၄င်းတို့ ပိုင်ဆိုင်သည့် အဆိုပါပစ္စည်းဥစ္စာအရေအတွက်စာရင်းများအရ ၀ မှ ၂၅ အထိ ရမှတ်များပေးအပ်ခံရပါသည်။ ၂၀၁၁ ခုနှစ် အခြေခံအချက်အလက် စစ်တမ်းနှင့် ၂၀၁၃ ခုနှစ် အိမ်ထောင်စုစစ်တမ်းကြားကာလတွင် LIFT ကျေးရွာများအတွင်း ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအတွက် ပျှမ်းမျှအဆင့်မှာ ၃.၆ မျိုးသာပိုင်ဆိုင်ခဲ့ရာမှ ၅.၂ မျိုး ပိုင်ဆိုင်သည်အထိ (မှန်ကန်ထင်ရှားမှု တန်ဖိုး $p<0.001$) တိုးတက်လာခဲ့ပါသည်။[၁၃]

[၁၃] LIFT စီမံကိန်းများတွင် အကျုံးမဝင်သော အိမ်ထောင်စုများကလည်း ပစ္စည်းဥစ္စာပိုင်ဆိုင်မှု သိသိသာသာ တိုးတက်လာကြောင်း တင်ပြကြပါသည်။

## ၂.၂။ ရလာဒ်အဆင့် အညွှန်းကိန်းများ

ဇယား (၄) ရလဒ်အဆင့် အညွှန်းကိန်းများနှင့် ခန့်မှန်းတိုးတက်မှု အနှစ်ချုပ်

| အညွှန်းကိန်း | ၂၀၁၆ LIFT ရည်မှန်းချက် | ၂၀၁၃ ခုနှစ် မှတ်တိုင် | ၂၀၁၃ အကုန် ပြီးစီးမှု | ၂၀၁၃ ရည်မှန်းချက် ပြီးစီးမှု ရာခိုင်နှုန်း | Data source |
|---|---|---|---|---|---|
| ရလဒ် (၁) ထုတ်လုပ်မှု မြှင့်တင်ခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများပံ့ပိုးပေးခြင်းဖြင့် ဝင်ငွေနှင့်စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်စေပြီး သွင်းအားစုများနှင့် ဈေးကွက်များကို တိုးတက်ရရှိလာစေခြင်း | | | | | |
| O1.1 တိုးတက်လာသော စိုက်ပျိုးရေး နည်းပညာသစ်များကို သတိပြု သိရှိလာသည့် ရည်မှန်းအိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း | ၁၄၀,၀၀၀ | ၉၀,၀၀၀ | ၅၁,၅၉၂[၁၄] | ၅၇% | IP data |
| O1.2 တိုးတက်လာသောစိုက်ပျိုးရေး နည်းစနစ်များကို လက်ခံအသုံးပြုလာကြသည့် ရည်မှန်းအိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း | ၁၀၀,၀၀၀ | ၅၀,၀၀၀ | ၈၇,၀၀၀ (LIFT ၏ ကျေးရွာများရှိ အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း) | ၁၇၄% | LIFT စစ်တမ်းများ |
| O1.3 LIFT ထောက်ပံ့သော ကျေးရွာများ အတွင်း စိုက်ပျိုးရေးအတွက် အတိုးနှုန်းနိမ့် ချေးငွေရယူနိုင်ခဲ့သည့် အိမ်ထောင်စု အရေအတွက် | ၁၁၀,၀၀၀ | ၈၀,၀၀၀ | ၁၃၀,၀၂၅ | ၁၆၃% | IP data |
| ရလဒ် (၂) ရည်မှန်းထားသည့် အိမ်ထောင်စုများအား စိုက်ပျိုးရေးမဟုတ်သည့် အခြားသောအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ လုပ်ကိုင်ရန်ထောက်ပံ့ပေးခြင်း နှင့်/သို့မဟုတ် အလုပ်အကိုင်ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းအတတ်ပညာများ သင်ကြားပေးခြင်း | | | | | |
| O2.1: လုပ်ငန်းထုထောင်နိုင်ခဲ့သည့် လေ့ကျင့်ပေးထားသူ အရေအတွက် (ကျား/ မ ပိုင်းခြား တွက်ချက်သည်) | ၆၀,၀၀၀ | ၄၀,၀၀၀ | ၂၉,၁၅၅ ကျား=၁,၆၅၃ မ=၂၇,၅၀၂ | ၇၃% | IP data |
| O2.2: LIFT ကျေးရွာများအတွင်း စိုက်ပျိုးရေးမဟုတ်သော အသက်မွေး ဝမ်းကျောင်း အလုပ်များအတွက် အတိုးနှုန်း နိမ့် ချေးငွေရယူနိုင်ခဲ့သည့် အိမ်ထောင်စု အရေအတွက် | ၃၅,၀၀၀ | ၂၀,၀၀၀ | ၂၁,၁၈၇ | ၁၀၆% | IP data |
| O2.3: စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများနှင့်/ သို့မဟုတ် အသက်မွေးဝမ်းကျောင်းသင်တန်းများ ကြောင့် ဝင်ငွေတိုးတက်လာသည့် ရည်မှန်း အိမ်ထောင်စုအရေအတွက် | ၃၅,၀၀၀ | ၂၀,၀၀၀ | ၁၇,၁၆၄ | ၈၆% | IP data |
| ရလဒ် (၃) ။ ။ သဘာဝအရင်းအမြစ် သယံဇာတများအား ရေရှည်သုံးစွဲနိုင်ရန် စီမံခန့်ခွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပြန်လည်ပြုစု ပျိုးထောင်ခြင်းဖြင့် ဒေသတွင်းရှိ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများအား ကာကွယ်စောင့်ရှောက်ခြင်း | | | | | |
| O3.1: တိုးတက်ကောင်းမွန်သည့် သယံဇာတစီမံခန့်ခွဲရေး သို့မဟုတ် ပြန်လည်ထုထောင်ရေး လုပ်ငန်းများတွင် ပါဝင်နေသော အိမ်ထောင်စုအရေအတွက် | ၄၀,၀၀၀ | ၁၆,၀၀၀ | ၃၂,၈၅၄ | ၂၀၅% | IP data |
| O3.2: သင်တန်းကအကျိုးရှိသည်ဟု ယူဆသော ရေရှည်တည်တံ့နိုင်မြဲသော သယံဇာတစီမံ ခန့်ခွဲရေးနှင့် ပြန်လည် ထုထောင်ရေးဆိုင်ရာ သင်တန်းများ တက်ရောက်ခဲ့သူဦးရေ (ကျား/မ ပိုင်းခြား တွက်ချက်သည်) | ရည်မှန်းထား ခြင်းမရှိ | မှတ်တိုင် ချထားခြင်း မရှိ | ၁၄,၅၁၄ ကျား=၇,၅၂၇ မ=၆,၉၈၇ | မရှိ | IP data |

၁၄ O1.2 မှရရှိသော ရလဒ်မှာ O1.1 ထက်ပိုမိုမြင့်မားပြီး မတူညီသောအချက်အလက်ရင်းမြစ်ကြောင့်ဖြစ်ပါသည်။ O1.1 အတွက် LIFT ၏စစ်တမ်းက အလေ တ်လေးမြင့်မားသည့်တန်ဖိုးကိုဖော်ပြသော်လည်း ယင်းကို IP များမြှင့်တင်ခဲ့သော စိုက်ပျိုးရေးနည်းပညာများအပေါ် သတိထားသိရှိမှုနှင့် ခွဲခြားဖယ်ထုတ်၍မရပေ။

| အညွှန်းကိန်း | ၂၀၁၆ LIFT ရည်မှန်းချက် | ၂၀၁၃ ခုနှစ် မှတ်တိုင် | ၂၀၁၃ အကုန် ပြီးစီးမှု | ၂၀၁၃ ရည်မှန်းချက် ပြီးစီးမှု ရာခိုင်နှုန်း | Data source |
|---|---|---|---|---|---|
| ရလဒ် (၄) ကာလရှည်စွာ ဆင်းရဲမွဲတေခဲ့သည့် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်းများကို ကာကွယ်စောင့်ရှောက်ပေးမည့် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို မြှင့်တင်ပေးမည့် (သို့မဟုတ်) ဝင်ငွေမြှင့်တင်ပေးမည့် ထိရောက်သော လူမှုဘဝအကာအကွယ်ပေးရေးအစီအမံများ ဆောင်ရွက်ပေးခြင်း | | | | | |
| 04.1: အချိန်ကိုက်ဖြစ်ပြီး ထိရောက်မှုရှိသည်ဟု ယူဆရသည့် CfW အစီအစဉ်ဖြင့် ထောက်ပံ့ခံရသော အိမ်ထောင်စု အရေအတွက် | ၁၈၀,၀၀၀ | ၆၀,၀၀၀ | ၁၁၄,၃၆၂ | ၁၉၁% | IP data |
| 04.2: ၎င်းတို့၏ ဝင်ငွေကို တိုးပွားစေမည့် အကျိုးအမြတ်ရှိသော လုပ်ငန်းများ/ပစ္စည်းဥစ္စာများတွင် ရင်းနှီးမြုပ်နှံနိုင်သည့် ငွေကြေးနှင့် ပစ္စည်းဥစ္စာထောက်ပံ့ခံရသည့် အိမ်ထောင်စုအရေအတွက် | ၁၂၀,၀၀၀ | ၇၀,၀၀၀ | ၂၇,၃၆၄ | ၃၉% | IP data |
| 04.3: စားနပ်ရိက္ခာမလုံလောက်သည့် လများ သို့မဟုတ် ရက်များကို လျှော့ချနိုင်ခဲ့သော အိမ်ထောင်စုအရေအတွက် | ၁၄၀,၀၀၀ | ၅၀,၀၀၀ | ၂၉၀,၀၀၀ (LIFT ၏ အကျိုးခံစား ခွင့်ရှိသူ အိမ်ထောင်စု အရေအတွက်၏ ၅၇ ရာခိုင်နှုန်း) | ၁၆၀% | LIFT စစ်တမ်းများ |
| ရလဒ် (၅) ။ ။ ဆင်းရဲသားများအတွက် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးကို မြှင့်တင်ထောက်ပံ့ပေးရန် အရပ်ဘက် အဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်း | | | | | |
| 05.1 နည်းပညာဆိုင်ရာ ကိစ္စများနှင့် စီမံကိန်းနှင့် ငွေကြေး စီမံခန့်ခွဲမှုတွင် ပိုမိုကျွမ်းကျင်လာသော ဒေသခံ NGO အရေအတွက် | ၄၅ | ၃၀ | ၂၀၀ | ၆၆၇% | IP data |
| 05.2: သင်ကြားတတ်မြောက်လာသည်များကို LIFT က ထောက်ပံ့သော လုပ်ငန်းများတွင် ပြန်လည် အသုံးချနေသည့် CBO အရေအတွက် | ၁၀,၀၀၀ | ၇,၀၀၀ | ၄,၂၈၅ | ၆၁% | IP data |

## ရလဒ် (၁) ။ ထုတ်လုပ်မှုမြှင့်တင်ခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများပံ့ပိုးပေးခြင်းဖြင့် ဝင်ငွေနှင့်စိုက်ပျိုးရေး ထုတ်လုပ်မှုတိုးတက်စေပြီး သွင်းအားစုများနှင့် ဈေးကွက်များတိုးတက်ရရှိလာခြင်း

ရလဒ် ၁.၁ ။ တိုးတက်လာသော စိုက်ပျိုးရေးနည်းပညာသစ်များကို သတိပြုသိရှိလာသည့် ရည်မှန်းအိမ်ထောင်စု အရေအတွက်နှင့်ရာခိုင်နှုန်း

၂၀၁၃ ခုနှစ် အိမ်ထောင်စုစစ်တမ်းမှ ကနဦး အချက်အလက်များသည် IP များထံမှရရှိသော အချက်အလက်များက ညွှန်ပြသည့်ရလဒ်များထက် ပိုမိုခိုင်မာသောရလဒ်များကို ညွှန်ပြနေပါသည်။ LIFT ကျေးရွာများအတွင်း နမူနာကောက်ယူသည့်အိမ်ထောင်စုများ၏ ၉၀ ရာခိုင်နှုန်းမှာ ၎င်းတို့ကျေးရွာရှိ LIFT ၏ လုပ်ငန်းများကို သတိပြုသိရှိကြသည်။[၁၅] ပို၍ အရေးပါသည်မှာ အောက်တွင်ဆွေးနွေးတင်ပြထားသကဲ့သို့ (ရလဒ် ၁.၂ ကို ကြည့်ပါ) အဆိုပါ လုပ်ငန်းများသည် အိမ်ထောင်စုများ၏ သီးနှံများစိုက်ပျိုးထုတ်လုပ်မှု သို့မဟုတ် ဈေးကွက်တင်ပို့ရောင်းချမှုတို့အပေါ် တိုက်ရိုက်လွှမ်းမိုးနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

၁၅ ဤ ကောက်ယူမှုတွင် IP များ လုပ်ဆောင်သည့် စိုက်ပျိုးရေးနှင့်သက်ဆိုင်သော လုပ်ငန်းများသာမက လုပ်ငန်းအမျိုးအစားများ အားလုံးအပေါ် သတိပြုသိရှိမှုတို့ပါဝင်ခဲ့ကြောင်း မှတ်သားထားသင့်ပါသည်။

ရလဒ် ၁.၂ ။ တိုးတက်လာသော စိုက်ပျိုးရေးနည်းစနစ်များအား လက်ခံအသုံးပြုလာကြသည့် ရည်မှန်း အိမ်ထောင်စု အရေအတွက်နှင့်ရာခိုင်နှုန်း (ဆန်စပါးစိုက်ပျိုးရေး၊ သစ်သီးဝလံ ပန်းမန်စိုက်ပျိုးရေး၊ မွေးမြူရေး စသည်ဖြင့်)

၂၀၁၃ ခုနှစ် အိမ်ထောင်စုစစ်တမ်းမှ အချက်အလက်များအရ လွန်ခဲ့သော ၁၅ လအတွင်း သီးနှံစိုက်ပျိုးမှုရှိသည့် အိမ်ထောင်စုများ၏ ၂၉% က ၄င်းတို့၏ သီးနှံစိုက်ပျိုးသည့်နည်းလမ်းများ၊ ကြိတ်ခွဲသန့်စင်သည့်နည်းလမ်း များနှင့် ဈေးကွက်သို့ရောင်းချသည့် နည်းလမ်းများအပေါ် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများက လွှမ်းမိုးနိုင်မှု ရှိခဲ့ကြောင်းဖော်ပြခဲ့ပါသည်။ အဆိုပါရလဒ်များအားအသုံးပြု၍ သီးနှံများစိုက်ပျိုးလိမ့်မည်ဟု မျှော်မှန်းရသော အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စုပေါင်း ၃ သိန်းနှင့် ချိတ်ဆက်ခန့်မှန်းကြည့်ပါက အိမ်ထောင်စုပေါင်း ၈၇,၀၀၀ ခန့်သည် LIFT ၏ ဝင်ရောက်ကူညီဆောင်ရွက်မှုများကြောင့် အလေ့အထ နည်းလမ်းအသစ်များ ကျင့်သုံးခဲ့ သို့မဟုတ် ၄င်းတို့၏ အလေ့အထနည်းလမ်းများအား ပြောင်းလဲခဲ့ကြပါသည်။

IP များ၏ စီမံကိန်း၂၃ ခုက ဤအညွှန်းကိန်းနှင့်ချိန်ထိုး၍ အစီရင်ခံစာတင်ခဲ့ကြပြီး အိမ်ထောင်စုပေါင်း ၅၁,၂၇၃ ကို ကူညီနိုင်ခြင်းဖြင့် ၂၀၁၃ ခုနှစ်အတွက် ပြည့်မီရမည့် မှတ်တိုင်ထက်အနည်းငယ်မျှသာလွန်သွားခဲ့သည်။

ရလဒ် ၁.၃ ။ စိုက်ပျိုးရေးအတွက် ကျေးရွာငွေစုငွေချေးအဖွဲ့များနှင့် အတိုးနည်းအသေးစားချေးငွေလုပ်ငန်းများထံ မှ ငွေချေးယူနိုင်ခဲ့သော LIFT က ထောက်ပံ့ထားသည့်ကျေးရွာများမှ အိမ်ထောင်စုအရေအတွက်နှင့် ရာခိုင်နှုန်း

ဤအညွှန်းကိန်းနှင့် ချိန်ထိုး၍ လုပ်ငန်းပြီးစီးမှုများကို အစီရင်ခံစာတင်ခဲ့သော IP ၁၇ ဖွဲ့၏ လုပ်ငန်းပြီးစီးမှု များအား ပေါင်းစုကြည့်သောအခါတွင်လည်း ၂၀၁၃ ခုနှစ်ပြည့်မီရမည့်မှတ်တိုင်ထက် ကျော်လွန်ခဲ့ကာ ငွေချေးယူသူစုစုပေါင်း၏ ၆၉% သည် အမျိုးသမီးများဖြစ်နေခဲ့ကြောင်းတွေ့ရှိရပါသည်။ အထူးသဖြင့် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်ဖြစ်သော  Pact အဖွဲ့သည် အိမ်ထောင်စုပေါင်း ၄၆,၀၀၀ ကျော်အား စိုက်ပျိုးရေးချေးငွေများနှင့် ကူညီနိုင်ခဲ့ပါသည်။

နမူနာကောက်ယူသည့် LIFT ကျေးရွာများတွင်ရှိသော အိမ်ထောင်စုများ၏ ၃၄ ရာခိုင်နှုန်းသည် အကြောင်းအရာအမျိုးမျိုး (စိုက်ပျိုးရေးသာမက) အတွက် ငွေကြေးထုတ်ချေးသည့် အသေးစားချေးငွေလုပ်ငန်းများထံမှ ချေးငွေရရှိခဲ့ကြောင်း ၂၀၁၃ ခုနှစ် အိမ်ထောင်စုစစ်တမ်းရလဒ်က ညွှန်ပြနေပါသည်။ ကျေးရွာငွေစုငွေချေးအသင်း (VSLA) မှ ချေးငွေရယူသူ ၈% ရှိခဲ့သည်။  နှိုင်းယှဉ်မှုပြုနိုင်ရန် ပြရလျှင် LIFT ဝင်ရောက်ခြင်းမရှိသည့် (စီမံကိန်း အကျုံးမဝင်သော) ကျေးရွာများတွင် ၁၉% နှင့် ၆% အသီးသီးရှိကြပါသည်။ အဆိုပါရလဒ်များအားအသုံးပြု၍ ၂၀၁၃ ခုနှစ်ကုန်အထိ LIFT က ကူညီပံ့ပိုးခဲ့သော အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စု ၅၁၁,၅၀၅ စု (LIFT အစီအစဉ်များ အားလုံး) နှင့် ချိတ်ဆက်ခန့်မှန်း

LIFT ၏ စိုက်ပျိုးရေးအတွက် ချေးငွေ ရရှိသော အိမ်ထောင်စုများ



Source: IP Data

ကြည့်ပါက အိမ်ထောင်စုပေါင်း ၁၇၃,၉၀၀ စုသည် (ရည်ရွယ်ချက် အမျိုးမျိုးအတွက်) အသေးစား ချေးငွေများကို ရယူနိုင်ခဲ့ပြီး ကျေးရွာ ငွေစုငွေချေးအသင်းမှ ငွေချေးယူသည့် အိမ်ထောင်စုပေါင်းမှာ ၄၀,၉၀၀ ရှိသည်ဟု ခန့်မှန်းနိုင်ပါသည်။

LIFT ကျေးရွာများတွင် (မည်သည့်ရင်းမြစ်မှမဆို) ချေးငွေရယူသည့် အိမ်ထောင်စုများအတွင်း အတွေ့ရဆုံး ချေးငွေ ရယူရခြင်း ရည်ရွယ်ချက်မှာ စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူရန် (၃၁%) ဖြစ်ပြီး အစားအစာ ဝယ်ယူရန် (၃၀%) နှင့် စီးပွားရေးတွင် ရင်းနှီးမြုပ်နှံရန် (၁၉%) တို့ကလည်း နောက်မှလိုက်လျက်ရှိသည်။[၁၆]

ရလဒ် (၂) ။ စိုက်ပျိုးရေးမဟုတ်သည့် အခြားသော အသက်မွေး ဝမ်းကျောင်းမှုလုပ်ငန်းများ လုပ်ကိုင်ရန် ထောက်ပံ့ပေးခြင်းနှင့်/သို့မဟုတ် အလုပ်အကိုင် ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းအတတ်ပညာများ သင်ကြားပေးခြင်းခံရသော ရည်မှန်းအိမ်ထောင်စု အရေအတွက်

ရလဒ် ၂.၁ ။ လုပ်ငန်းထူထောင်နိုင်ခဲ့သည့်လေ့ကျင့်ပေးထားသူရာခိုင်နှုန်း (ကျား - မ ပိုင်းခြားတွက်ချက်သည်)

IP များ၏ စီမံကိန်းအများစုသည် ဤကဲ့သို့ ကူညီပံ့ပိုးမှုကို များသောအားဖြင့် မြေယာမဲ့ သို့မဟုတ် မြေရှိသော်လည်း ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများမှ ကျေးလက်နေ ဆင်းရဲနွမ်းပါးသည့် အမျိုးသမီးများအတွက် အလေးပေး လုပ်ဆောင်ခဲ့ကြသည်။ IP များ အစီရင်ခံထားသည့် အချက်အလက်ကိန်းဂဏန်းများအရ အကျိုးခံစားရသူများ၏ ၉၄% မှာ အမျိုးသမီးများဖြစ်ကြသည်။

ရလဒ် ၂.၂ ။ LIFT ထောက်ပံ့သောကျေးရွာများအတွင်း စိုက်ပျိုးရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း အလုပ်မျာ အတွက် အတိုးနှုန်းနိမ့်သော အသေးစားငွေချေးအဖွဲ့များ သို့မဟုတ် ကျေးရွာ ငွေစုငွေချေးအသင်း ထံမှ ချေးငွေရယူနိုင်ခဲ့သည့် အိမ်ထောင်စုအရေအတွက်

စုစည်းတွက်ချက်ကြည့်လျှင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အိမ်ထောင်စုပေါင်း ၂၂,၀၀၀ နီးပါးကို စိုက်ပျိုးရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းအလုပ်များလုပ်ကိုင်ရန် အတိုးနှုန်းနိမ့်ချေးငွေများ ရရှိနိုင်စေခဲ့ရာ ၂၀၁၃ ခုနှစ်အတွက် ချမှတ်ထားသော မှတ်တိုင် အရေအတွက်ထက် အနည်းငယ်ပိုခဲ့သည်။ စုစုပေါင်းအားဖြင့် IP များ၏ စီမံကိန်း ၁၉ ခုက ဤကဲ့သို့အောင်မြင်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဂင်ရောက်ဆောင်ရွက်နေသူများအနက် အကြီးမားဆုံးဆောင်ရွက်သူမှာ အိမ်ထောင်စုပေါင်း ၁၅,၀၀၀ ကျော်တို့အား ချေးငွေရရှိစေခဲ့သော Pact အဖွဲ့ဖြစ်သည်။ ၂၀၁၃ ခုနှစ် အိမ်ထောင်စုစစ်တမ်းအရ စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြုပ်နှံခြင်းသည် LIFT က ပံ့ပိုးပေးနေသော ကျေးရွာများတွင် တတိယမြောက် အရေးကြီးဆုံး ချေးငွေအသုံးပြုမှုပုံစံဖြစ်သည်။ IP များက အစီရင်ခံသောအချက်အလက်များအရ ငွေချေးယူသူများ၏ ၈၆% မှာ အမျိုးသမီးများဖြစ်ကြပါသည်။

ရလဒ် ၂.၃ ။ စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများနှင့်/သို့မဟုတ် အသက်မွေးဝမ်းကျောင်းသင်တန်းများ ကြောင့် ဝင်ငွေတိုးတက်လာသည့် ရည်မှန်းအိမ်ထောင်စုအရေအတွက်

အညွှန်းကိန်းနှင့်ချိန်ထိုးထားသည့် လက်ရှိလုပ်ငန်းအောင်မြင်ပြီးစီးမှုပမာဏ ၈၆% ဆိုသည်မှာ စီးပွားရေး လုပ်ငန်းထူထောင်ထားသူများ အရေအတွက်အားလျော့၍ ခန့်မှန်းတွက်ချက်မိခြင်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။ (အထက်ပါ ရလဒ် ၂.၁ ကိုကြည့်ပါ)

ရလဒ် (၃) ။ သဘာဝအရင်းအမြစ်သယံဇာတများအား ရေရှည်သုံးစွဲနိုင်ရန်စီမံခန့်ခွဲခြင်းနှင့် သဘာဝ ပတ်ဝန်းကျင် ပြန်လည်ပြုစုပျိုးထောင်ခြင်းဖြင့် ဒေသတွင်းရှိအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအား ကာကွယ်စောင့်ရှောက်ခြင်း

ရလဒ် ၃.၁ ။ တိုးတက်ကောင်းမွန်သည့် သယံဇာတ စီမံခန့်ခွဲရေး သို့မဟုတ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်နေသော အိမ်ထောင်စုအရေအတွက်

IP များ၏ စီမံကိန်း ၁၂ ခုက ဤအညွှန်းကိန်းနှင့်ချိန်ထိုး၍ လုပ်ငန်းအောင်မြင်ပြီးစီးမှုများကို အစီရင်ခံခဲ့ကြပါသည်။ အကြီးမားဆုံးသော လုပ်ငန်းစွမ်းဆောင်ပြီးစီးမှုဖြင့် အထောက်အကူပြုသူမှာ Mangrove Service Network (MSN) ဖြစ်ကာ အိမ်ထောင်စုပေါင်း ၉,၁၆၅ တို့သည် ၎င်းတို့၏ သဘာဝသယံဇာတ

---

၁၆ ၂၀၁၃ ခုနှစ် အိမ်ထောင်စုစစ်တမ်း

အရင်းအမြစ်များ စီမံခန့်ခွဲရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း အဆိုပါအဖွဲ့က အစီရင်ခံတင်ပြခဲ့ပါသည်။ ဤရလဒ်တွင် MSN က ဝင်ရောက်ဆောင်ရွက်နေသော သန္ဓေစီမံကိန်းရွာ ၁၀ ရွာအပြင် စီမံကိန်းပျိုးဥယျာဉ်များရှိ ပျိုးပင်များအား ဝေငှပေးခြင်းအပါအဝင် စီမံကိန်းလုပ်ငန်းများမှ သွယ်ဝိုက်၍ အကျိုးခံစားခဲ့ရသည့် အနီးဝန်းကျင်ရွာပေါင်း ၁၁၉ ရွာမှ အိမ်ထောင်စုများပါဝင်ကြပါသည်။

ရလဒ် ၃.၂ ။ သင်တန်းကအကျိုးရှိသည်ဟုယူဆသော ရေရှည်တည်တံ့ခိုင်မြဲသည့် သဘာဝသယံဇာတ စီမံခန့်ခွဲရေး သို့မဟုတ် ပြန်လည်ထူထောင်ရေးဆိုင်ရာ သင်တန်းများတက်ရောက်ခဲ့သူဦးရေ (ကျား/မ ပိုင်းခြားတွက်ချက်သည်)

IP များ၏ စီမံကိန်း ၁၀ ခုက ဤအညွှန်းကိန်းနှင့် ချိန်ထိုး၍ ၄င်းတို့၏လုပ်ငန်းအောင်မြင်ပြီးစီးမှုများကို အစီရင်ခံခဲ့ကြရာ အကြီးမားဆုံးသော လုပ်ငန်းပြီးစီးမှုဖြင့် အထောက်အကူပြုသူမှာ သင်တန်းတက်ရောက်သူ ၅,၅၄၅ ဦးရရှိခဲ့သည့် GRET အဖွဲ့ဖြစ်သည်။ ခြုံငုံကြည့်မည်ဆိုပါက လုပ်ငန်းစွမ်းဆောင်အောင်မြင်မှုများမှာ ၂၀၁၂ ခုနှစ်ကထက် နှစ်ဆတိုးတက်ခဲ့သည်။ သင်တန်းတက်ရောက်ခဲ့သူများနှင့်ပတ်သက်၍ ဆန်းစစ်သုံးသပ်မှု ပြုလုပ်သည့်အခါ သာမန်အားဖြင့် သင်တန်းပြီးဆုံးပြီးနောက် အကဲဖြတ်ခြင်းပုံစံများကို အသုံးပြုခဲ့ကြသည်။ အမျိုးသမီးများမှာ သင်တန်းတက်ရောက်သူများ၏ ၄၈% ကို ကိုယ်စားပြုနေပါသည်။

## ရလဒ် (၄) ။ ကာလရှည်စွာဆင်းရဲမွဲတေနေခဲ့သည့် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများကို ကာကွယ်စောင့်ရှောက်ပေးမည့် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများကို မြှင့်တင်ပေးမည့် (သို့မဟုတ်) ဝင်ငွေမြှင့်တင်ပေးမည့် ထိရောက်သော လူမှုဘဝအကာအကွယ်ပေးရေး အစီအမံများ ဆောင်ရွက်ပေးခြင်း

ရလဒ် ၄.၁ ။ အချိန်ကိုက်ဖြစ်ပြီး ထိရောက်မှုရှိသည်ဟု ယူဆရသည့် CfW အစီအစဉ်ဖြင့် ထောက်ပံ့ခံရသော အိမ်ထောင်စုအရေအတွက်

PERSON-DAY ဖြင့် တွက်ချက်ထားသော လုပ်အားနှင့် ငွေကြေး ဖလှယ်မှု လုပ်ငန်း ပမာဏ




အချုပ်အားဖြင့် ၂၀၁၃ ခုနှစ်အတွင်း လုပ်အားနှင့် ငွေကြေးဖလှယ်မှု (CfW) လုပ်ငန်းများဖြင့် အိမ်ထောင်စုပေါင်း ၁၄၆,၆၁၈ စုကို IP ၁၂ ဖွဲ့က ကူညီပေးနိုင်ခဲ့သည်။ အရေအတွက် အကြီးမားဆုံး ကူညီပေးနိုင်သူမှာ Proximity Designs ဖြစ်ပြီး ယင်း၏စီမံကိန်းနှစ်ခုက အိမ်ထောင်စု ၉၉,၄၄၁ စုကို အကူအညီပေးခဲ့ပါသည်။ CfW အစီအစဉ်ဖြင့် ငွေကြေးလက်ခံရရှိခဲ့သည့် အိမ်ထောင်စုအရေအတွက်ကို အလွယ်တကူတိုင်းတာနိုင်ခဲ့ရာ စီမံကိန်းအားလုံးက ထိုသို့လုပ်ဆောင်ခဲ့ပါသည်။ သို့သော်လည်း CfW လုပ်ငန်းအတွက် အခွင့်အလမ်းများမှာ အသင့်လျော်ဆုံးသောအချိန်တွင် ပေးအပ်နိုင်ခဲ့ခြင်း ဟုတ်/ မဟုတ် သို့မဟုတ် အဆိုပါ အခွင့်အလမ်းများမှာ ထိရောက်မှု ရှိ/ မရှိ ဆန်းစစ်အကဲဖြတ်ရန်မှာမူ ပို၍ခက်ခဲနေပါသည်။[၁၇] Proximity Designs သာလျှင် ဤကဲ့သို့အထောက်အပံ့များ၏ အချိန်ကိုက်ဖြစ်မှုနှင့် ထိရောက်မှုတို့အပေါ် အကျိုးခံစားရသော အိမ်ထောင်စုများ၏ အမြင်သဘောထားကို ပုံမှန်ဆန်းစစ်နိုင်ခဲ့သည်။ ယင်းအဖွဲ့သည် ၂၀၁၃ ခုနှစ် မေလတွင် ၄င်းတို့၏ အပူပိုင်းဒေသဇုန် ရေကန်ပြန်လည်ပြုပြင်တူးဖော်သည့် စီမံချက်များတွင် ပါဝင်ခဲ့သည့် အိမ်ထောင်စု ၃၇၃ စုအား ကျပန်း နမူနာရွေးချယ်၍ စစ်တမ်းကောက်ယူခဲ့ရာ ဖြေဆိုသူ ၇၈ ရာခိုင်နှုန်းက CfW လုပ်ငန်းမှာ အချိန်ကိုက်ဖြစ်ပြီးထိရောက်မှုရှိသည်ဟု ဖြေကြားခဲ့ပါသည်။

---

၁၇ အသင့်လျော်ဆုံးသော အချိန်ဆိုသည်မှာ ကျပန်းအလုပ်လုပ်ကိုင်သူများအတွက် အလုပ်အကိုင် ရှားပါးချိန်တွင် CfWအလုပ်အကိုင် အခွင့်အလမ်းပေးအပ်နိုင်ခြင်းကို ဆိုလိုသည်။ ထိရောက်မှုဆိုသည်မှာ စားနပ်ရိက္ခာဖူလုံရေးအပေါ် ယင်းအလုပ်အကိုင်၏ အကျိုးသက်ရောက်မှုနှင့် ဆက်စပ်နေသည် (ဆိုလိုသည်မှာ အိမ်ထောင်စုများအနေဖြင့် အခြားတစ်နည်းနည်းအားဖြင့် မဟုတ်ဘဲ အဆိုပါအလုပ်အကိုင် ကြောင့်သာ အစားအစာများလုံလောက်စွာ ရရှိလာနိုင်ခြင်းမျိုးဖြစ်ပါသည်)။

ရလဒ် ၄.၂ ။ ဝင်ငွေ တိုးပွားစေမည့် အကျိုးအမြတ်ရှိသော လုပ်ငန်းများ/ ပစ္စည်းဥစ္စာများတွင် ရင်းနှီးမြှုပ်နှံနိုင်သည့် ငွေကြေးနှင့်ပစ္စည်းထောက်ပံ့ခံရသော အိမ်ထောင်စုအရေအတွက်

ဤအညွှန်းကိန်းနှင့်ချိန်ထိုး၍ ၄င်းတို့၏ လုပ်ငန်းစွမ်းဆောင်ပြီးစီးမှုများအား IP များ၏ စီမံကိန်း ၁၀ခုမှ အစီရင်ခံစာတင်ပြခဲ့ကြပါသည်။ ဤနေရာတွင်  CfW အစီအစဉ်အရ ငွေကြေးလက်ခံရရှိခဲ့မှုများကို အကျိုးအမြတ်ရှိသောလုပ်ငန်းများ/ ပစ္စည်းဥစ္စာများတွင် ရင်းနှီးမြှုပ်နှံခဲ့သည့် အိမ်ထောင်စုအရေအတွက် ၁၄,၈၀၀ ဖြင့် Proximity Designs အဖွဲ့၏ စီမံကိန်းနှစ်ခုက အထက်ပါရလဒ်အတွက် အအောင်မြင်ဆုံး ဖြစ်ခဲ့ပါသည်။ Proximity Designs သည် ဤကဲ့သို့ သုံးသပ်စစ်ဆေးမှုပြုနိုင်ရန်အလို့ငှာ အပူပိုင်းဒေသဇုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် စစ်တမ်းတစ်ခုစီကောက်ယူခဲ့ပါသည်။ အပူပိုင်းဒေသဇုန်တွင် အိမ်ထောင်စုများ၏ ၁၄ % က ၄င်းတို့သည် အနည်းဆုံးအားဖြင့် CfW မှရရှိသော ၄င်းတို့၏ ငွေကြေးအချို့ကို အကျိုးအမြတ်ရှိသော (စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးမဟုတ်သော) ရင်းနှီးမြှုပ်နှံမှုများတွင် သုံးစွဲခဲ့ကြသည်ဟု အစီရင်ခံကြပါသည်။ ယင်းကဲ့သို့လုပ်ဆောင်ခဲ့သည့် အရေအတွက်သည် မြစ်ဝကျွန်းပေါ်ဒေသတွင် ၂၂% ရှိပါသည်။ LIFT ၏ အခြားမည်သည့် မိတ်ဖက်အဖွဲ့အစည်းကမျှ ဤရည်ရွယ်ချက်အတွက် ငွေကြေး/ ပစ္စည်းဥစ္စာလွှဲပြောင်းမှုများ အသုံးပြုလျက်ရှိသည့် အိမ်ထောင်စုအရေအတွက်နှင့် ပတ်သက်၍ အလုပ်သဘောစစ်တမ်းများ ကောက်ယူခဲ့ခြင်းမရှိပေ။

ရလဒ် ၄.၃ ။ စားနပ်ရိက္ခာ မလုံလောက်သည့်လများ   သို့မဟုတ် ရက်များကို လျှော့ချနိုင်ခဲ့သော အိမ်ထောင်စုအရေအတွက်

ဤအညွှန်းကိန်းနှင့် ချိန်ထိုး၍ အစီရင်ခံစာတင်ခဲ့ကြသော IP များ၏ စီမံကိန်းအရေအတွက်မှာ ၈ ခုသာရှိသည်။ အလွန်ကြီးမားလှသော အစိတ်အပိုင်းကို Proximity Designs ၏ စီမံကိန်းနှစ်ခုမှပင် ဖြည့်ဆည်းပေးခဲ့ရာ IP များအားလုံးအတွက် စုစုပေါင်းအရေအတွက်ဖြစ်သည့် အိမ်ထောင်စုပေါင်း ၉၄,၁၇၁ အနက် ၈၅,၀၀၀ နီးပါးခန့် ပါဝင်ခြင်း ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သော ၄င်းတို့၏ စစ်တမ်းနှစ်ခုအရ ၄င်းတို့၏ CfW အိမ်ထောင်စုများအနက် အပူပိုင်းဒေသဇုန်တွင် ၈၆% နှင့် မြစ်ဝကျွန်းပေါ်ဒေသတွင် ၈၃% တို့သည် အနည်းဆုံးတစ်လထက်ပို၍ အစားအစာရရှိမှုတိုးတက်ကောင်းမွန်လာကြောင်းသိရသည်။[၁၈] လူမှုဘဝအကာအကွယ်ပေးသည့် လုပ်ဆောင်မှုများမှတစ်ဆင့် အိမ်ထောင်စုစားနပ်ရိက္ခာဖူလုံရေးအတွက် ၄င်းတို့၏ အထောက်အကူပေးနိုင်မှုများကို ခန့်မှန်းသည့်စစ်တမ်းမျိုးကို အခြားမည်သည့်မိတ်ဖက်အဖွဲ့အစည်းကမျှ မပြုလုပ်ခဲ့ကြပေ။

စိုက်ပျိုးရေးထုတ်လုပ်မှုအတွက် ပံ့ပိုးခံရသည့် အိမ်ထောင်စုအရေအတွက်




Source: IP Data

၁၈ ဤတွက်ချက်မှုမှာ CfW စီမံကိန်းများမှ အိမ်ထောင်စုဝင်ငွေများ၊ အိမ်ထောင်စုဝင်ဦးရေနှင့် ဆန်၏ဈေးကွက်ပေါက်ဈေးများကို အသုံးပြုလျက် ဆန်စားသုံးနိုင်သော အပိုလများ အရေအတွက်ကို ခန့်မှန်းတွက်ချက်ထားခြင်း ဖြစ်ပြီး ကုန်ကျစရိတ်များ အားလုံးသည်လည်း ဤရည်ရွယ်ချက်အတွက်သာ သုံးစွဲကြသည်ဟု ယူဆထားသည်။

အထက်တွင်ရှိသော ရည်မှန်းချက်အညွှန်းကိန်း (၄) အောက်တွင် ဆွေးနွေးခဲ့သကဲ့သို့ LIFT ၏ အိမ်ထောင်စုစစ်တမ်းရလဒ်များကဖော်ပြနေသည်မှာ အကျိုးခံစားခွင့်ရှိသူအိမ်ထောင်စုပေါင်း ၅၁၁,၅၀၅ ၏ ၅၇% (အိမ်ထောင်စု ၂၉၀,၀၀၀ ကျော်) သည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အတွင်း ၁၀ လနှင့်အောက်နည်းသည့် MAHFP ရမှတ်မှ ၁၁ လ နှင့် ၁၂ လ အထိရှိသော ရမှတ်အထိ တိုးတက်ခဲ့ကြပါသည်။[၁၉] ဤကဲ့သို့ အောင်မြင်စွာ စွမ်းဆောင်နိုင်မှုမှာ CfW နည်းလမ်းအားဖြင့် ဝင်ရောက်ကူညီပေးမှုများကြောင့်သက်သက်မဟုတ်ဘဲ LIFT ၏ ကူညီထောက်ပံ့ပေးမှုပုံစံ အားလုံးကြောင့်သာ ဖြစ်သည်။

## ရလဒ် (၅) ။ ဆင်းရဲသားများအတွက် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးကို မြှင့်တင်ထောက်ပံ့ပေးရန် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းရည်ကိုမြှင့်တင်ပေးခြင်း

ရလဒ် ၅.၁ ။ နည်းပညာဆိုင်ရာကိစ္စများနှင့် ၊ စီမံကိန်းနှင့်ငွေကြေးစီမံခန့်ခွဲမှုတွင် ပိုမိုကျွမ်းကျင်လာသော ဒေသခံ NGO အရေအတွက်

လုပ်ငန်းစွမ်းဆောင်အောင်မြင်မှုများမှာ LIFT ၏ ၂၀၁၃ ခုနှစ်ပြည့်မီရမည့် မှတ်တိုင်များထက် အတော်လေးများပြားကျော်လွန်ခဲ့ရာ Learning and Innovation Window အစီအစဉ်အောက်တွင် ငွေကြေးထောက်ပံ့ခဲ့သည့် စီမံကိန်း များ၏ အထောက်အကူပြုမှုကြောင့်ဖြစ်ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ စီမံကိန်းဖြစ်သော “Vulnerability, Analysis, and Mapping in Myanmar” သည် ဒေသခံ NGO ၄၄ ဖွဲ့အား စားနပ်ရိက္ခာဖူလုံမှုနှင့် ပတ်သက်၍ ၎င်းတို့၏ စောင့်ကြည့်စစ်ဆေးနိုင်မှုစွမ်းရည်မြင့်တက်စေရေးအတွက် အကူအညီပေးခဲ့ပါသည်။ ပေါင်းကူး



### အမျိုးသမီးများ၏ အရေအတွက်အားဖြင့် တိုးတက်မှု

ကျား-မ ပိုင်းခြားတွက်ချက်ထားသည့် ၂၀၁၃ အချက်အလက်ကိန်းဂဏန်းများက အမျိုးသမီးများအနေဖြင့် LIFT ၏ ငွေကြေးထောက်ပံ့မှုဖြင့်လုပ်ဆောင်သော လုပ်ငန်းများမှ မည်သို့ အကျိုးကျေးဇူးခံစားရကြောင်း ဖော်ပြနေပါသည်။ အမျိုးသမီးများအနေဖြင့်

- LIFT က လေ့ကျင့်သင်ကြားပေးခဲ့ပြီး လုပ်ငန်းများတည်ထောင်နိုင်ခဲ့ကြသူများ၏ ၉၄%
- LIFT ၏ ကူညီထောက်ပံ့မှုရရှိသော ကျေးရွာများရှိ အသေးစားချေးငွေရယူသူများ၏ ၈၆%
- တောင်တန်းဒေသစီမံကိန်းတွင် မေတ္တာအဖွဲ့၏ လယ်သမားကျောင်းတက်ရောက်သူများ၏ ၄၀%
- ငွေကြေးနှင့် လုပ်အား ဖလှယ်မှုအစီအစဉ်အရ လူတစ်ဦး တစ်နေ့လုပ်အား စုစုပေါင်း၏ ၄၂%
- တက်လမ်းအစီအစဉ်ရှိ ငွေစုငွေချေးအဖွဲ့ဝင်များ၏ ၉၅%
- တက်လမ်းအစီအစဉ်တွင် ထုတ်လုပ်မှုနည်းစနစ် အလေ့အထများအတွက် လေ့ကျင့်သင်ကြားပေးခံရသူများ၏ ၅၅%

ပါဝင်နေပြီး ဆက်လက်၍လည်း တိုးတက်များပြားလာနေသည်။

အပူပိုင်းဒေသဇုန်တွင် တစ်နေ့တာလုပ်အားခမှာ အမျိုးသားများအတွက် ၁,၉၃၀ ကျပ်နှင့် အမျိုးသမီးများအတွက် ၁,၄၂၄ ကျပ် ဖြစ်သည်။[၁၉]

---

၁၉ LIFT အိမ်ထောင်စုစစ်တမ်း ၂၀၁၃၊ စာမျက်နှာ ၂၄

အဖွဲ့၏ အရပ်ဘက်အဖွဲ့အစည်းများ စည်းရုံးလှုံ့ဆော်ခြင်းနှင့် အသိအမြင်ဖွင့်တိုက်တွန်းခြင်းဆိုင်ရာ စီမံကိန်းကလည်း ဒေသခံ NGO ၃၂ ဖွဲ့အား စွမ်းဆောင်ရည်အကူအညီများပေးခဲ့ပါသည်။

သို့သော် စွမ်းဆောင်ရည်များ မြင့်တက်လာကြောင်း သက်သေသာဓကအဖြစ် ကိုက်ညီဆီလျော်သော အချက်အလက်များပံ့ပိုးပေးနိုင်မှု အလွန်နည်းပါးလှပါသည်။ IP များအနေဖြင့် ၎င်းတို့၏ ဒေသခံမိတ်ဖက် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ပိုင်း ပြောင်းလဲလာမှုများအပေါ် အကဲဖြတ်နိုင်ရန် နည်းလမ်းပေါင်းများစွာ အသုံးပြုခဲ့ပါသည်။ ခြွင်းချက်အနည်းငယ်နှင့်တကွ အဆိုပါနည်းလမ်းများမှာ တင်းကျပ်သော လုပ်ဆောင်မှု မဖြစ်သလို စံနှုန်းကိုက်ညီထားမှုလည်းမရှိကြောင်း တွေ့ရှိရပါသည်။ ဤအခက်အခဲအား ကိုင်တွယ်ဖြေရှင်း နိုင်ရန် "အရပ်ဘက်အဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ပေးရန် LIFT ၏ ပံ့ပိုးမှုများ၏ ထိရောက်မှု" ဟူသော သုတေသနလေ့လာမှုတစ်ရပ်အား LIFT က ကြီးကြပ်ကာဆောင်ရွက်ခဲ့ပါသည်။ (ဤအစီရင်ခံစာ၏ အခန်း ၄၊ ခေါင်းစဉ်ခွဲ ၄.၁ တွင်ရှုပါ)

ရလဒ် ၅.၂ ။ သင်ကြားတတ်မြောက်လာသည်များကို LIFT က ထောက်ပံ့သောလုပ်ငန်းများတွင် ပြန်လည် အသုံးချနေသည့် CBO အရေအတွက်

အစီရင်ခံတင်ပြခဲ့သော စွမ်းဆောင်ပြီးစီးမှုများမှာ LIFT ၏ ၂၀၁၃ ခုနှစ် ပြည့်မီရမည့် မှတ်တိုင်များကို ပြည့်မီခဲ့ခြင်းမရှိပေ။ အများဆုံးလုပ်ဆောင်နိုင်ခဲ့သူမှာ Proximity Designs ပင်ဖြစ်ရာ ယင်း၏ ရေကန် ပြန်လည်တူးဖော်ပြုပြင်ရေးအဖွဲ့များတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် သင်တန်းမှရရှိသော ကျွမ်းကျင်မှုများကို ပြန်လည် အသုံးချပြီးဖြစ်ကြောင်း CBO အဖွဲ့ပေါင်း များစွာအနက်မှ အဖွဲ့ဝင် ၇၉၃ ဦးက တင်ပြခဲ့ပါသည်။ ဤကဲ့သို့ သင်တန်းအပါအဝင် ကျေးရွာအခြေစိုက် အဖွဲ့အစည်းများနှင့် တွဲဖက်လုပ်ဆောင်နေကြသည့် အခြားသော IP များစွာက ပို့ချကြသောသင်တန်းများမှာ အခြေခံအားဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးစီမံခန့်ခွဲ မှုများနှင့်သက်ဆိုင်ကြသည်။ ၎င်းတို့အနေဖြင့် CBO အဖွဲ့ပေါင်း ၉,၀၀၀ ကျော်တို့အား ဖွဲ့စည်းထူထောင်ပေး ခြင်း သို့မဟုတ် စွမ်းရည်မြှင့်တင်ပေးခြင်းများ လုပ်ဆောင်ပြီးဖြစ်ကြောင်း IP များက အစီရင်ခံထားသည့် အခြေအနေတွင် ဤအညွှန်းကိန်း (ရလဒ် ၅.၂) အတွက် စွမ်းဆောင်နိုင်မှုများမှာ လျှော့၍ခန့်မှန်းမိခြင်းတစ်ခု ဖြစ်ကောင်း ဖြစ်နေနိုင်ပါသည်။

## ၂.၃ လုပ်ငန်းစဉ်များ စောင့်ကြည့်စစ်ဆေးခြင်း

LIFT ၏ မိတ်ဖက်အဖွဲ့များအနေဖြင့် ၆ လလျှင် တစ်ကြိမ် လုပ်ငန်းအဆင့်အညွှန်းများနှင့် ပတ်သက်၍ တိုးတက်မှုများအား အစီရင်ခံတင်ပြကြသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ အခြေအနေအရ စောင့်ကြည့် လေ့လာမှုအချက်အလက်များ၏ အနှစ်ချုပ်ကို ဇယား (၉) တွင် တင်ပြထားပါသည်။[၂၁] ဇယား၏ ပထမ စာတိုင်ရှိအညွှန်းများသည် LIFT နှင့် စာချုပ်ချုပ်ဆိုထားသော စီမံကိန်းများ၏ ရည်မှန်းချက်များအားလုံးကို ကိုယ်စားပြုသည်။

အောက်ဖော်ပြပါ ဇယားက LIFT အနေဖြင့် ရလဒ်အညွှန်း ၂၃ ခု အနက် ၁၈ ခုအား ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၀ ခုနှစ်ကတည်းက ချမှတ်ထားခဲ့သော ရည်မှန်းချက်များ၏ အရေအတွက်နှင့် ကျယ်ပြန့်ပျံ့နှံ့မှုတွင်ပါ အဆင့်ဆင့်တိုးတက်လာခဲ့ကြောင်း ဖော်ပြနေသည်။ မိတ်ဖက်အဖွဲ့အများအပြား အထူးသဖြင့် သုံးနှစ်သက်တမ်းရှိပြီဖြစ်သည့် မြစ်ဝကျွန်းပေါ် ၂ နှင့် နိုင်ငံအဝှမ်း အစီအစဉ်များမှ စီမံကိန်း များသည် ၎င်းတို့၏ရည်မှန်းချက်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခဲ့ကြသည်။[၂၂] လေ့လာမှုနှင့် တီထွင်ကြံဆမှုနှင့် အားလုံးလက်လှမ်းမီသော ဘဏ္ဍာရေးဆိုင်ရာ ရန်ပုံငွေကဏ္ဍများအောက်မှ စီမံကိန်း သစ်များအနေဖြင့် ယင်းပြီးမြောက်အောင်မြင်မှုများအား ဆက်လက်ပေါင်းထည့် ဖြည့်ဆည်းသွားဦးမည် ဖြစ်သည်။

---

၂၀ ရေကန်ပြန်လည်တူးဖော်ပြုပြင်ရေးအဖွဲ့များမှာ CfW လုပ်ငန်းများအား စီမံခန့်ခွဲရန် လေ့ကျင့်ပေးခြင်း ခံထားရပါသည်။

၂၁ ယင်းအချက်အလက်များသည် နိုင်ငံအဝှမ်းနှင့် မြစ်ဝကျွန်းပေါ် (၂) အစီအစဉ်များသာမက လေ့လာမှုနှင့် တီထွင်ကြံဆမှုနှင့် အားလုံး လက်လှမ်းမီသော ဘဏ္ဍာရေးကဏ္ဍများအောက်မှ ရန်ပုံငွေ ထောက်ပံ့ထားသော သက်ဆိုင်ရာ စီမံကိန်းများအားလုံးထံမှ ကောက်ယူထားခြင်းဖြစ်သည်။ ကိန်းဂဏန်းများသည် နှစ်စဉ် ရရှိကိန်းဂဏန်းများအား စုပေါင်းထားသည့် အရေအတွက်များဖြစ်ပြီး ၂၀၁၁ တွင် ပြီးဆုံးသွားခဲ့သည့် မြစ်ဝကျွန်းပေါ် (၁) အစီအစဉ်မှ အချက်အလက်များလည်းပါဝင်သည်။ နိုင်ငံအဝှမ်းနှင့် မြစ်ဝကျွန်းပေါ် (၂) အစီအစဉ်များအတွင်းရှိ စီမံကိန်းအများစုသည် ၂၀၁၄ ခုနှစ်အတွင်း ပြီးဆုံးကြမည်ဖြစ်သည်။

၂၂ ဤဇယားတွင် ၂၀၁၁ ခုနှစ်က ပြီးဆုံးခဲ့ပြီဖြစ်သော မြစ်ဝကျွန်းပေါ် ၁ စီမံကိန်းများမှ အချက်အလက်များလည်းပါဝင်သည်။

ဇယား ၅။ ၂၀၁၃ နှစ်ကုန်ထိ LIFT မှ ရန်ပုံငွေ ထောက်ပံ့ထားသော စီမံကိန်းများ၏ အကောင်အထည်ဖော်ခြင်း တိုးတက်မှုအကျဉ်း

| အညွှန်းကိန်းများ | IP များအတွက် ၂၀၁၆ စုပေါင်း ရည်မှန်းချက် | ၂၀၁၃ အတွင်း ပြီးမြောက်မှု | ၂၀၁၃ ကုန်ထိ စုစုပေါင်း ပြီးမြောက်မှု | |
|---|---|---|---|---|
| | | | အရေအတွက် | % |
| **စီစဉ်ထားသော အလုံးစုံ ရည်မှန်းချက်** (၂ ကြိမ် ရေတွက်မိခြင်း မပါ) | | | | |
| တိုက်ရိုက်အကျိုးခံစားရသော အိမ်ထောင်စုပေါင်း | ၃၆၀၈၉၀ | ၁၃၈၄၅၀ | ၅၁၁၅၀၅ | ၁၄၂% |
| အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုပေါင်း | ၁၄၇၂၀ | ၁၉၇၃၃ | ၄၀၃၆၄ | ၂၇၄% |
| မသန်စွမ်းသူရှိသည့် အိမ်ထောင်စုပေါင်း | ၃၆၇၆ | ၃၁၁၁ | ၆၅၂၉ | ၁၇၈% |
| **စိုက်ပျိုးရေးထုတ်လုပ်မှု (သီးနှံများ)** | | | | |
| စိုက်ပျိုးရေး ထုတ်လုပ်မှုအတွက် ထောက်ပံ့ခံရသော အိမ်ထောင်စု အရေအတွက် | ၉၉၈၃၂ | ၅၂၃၁၀ | ၁၅၄၃၁၉ | ၁၅၅% |
| ဈေးကွက် အချက်အလက်နှင့် ချိတ်ဆက်မှုများ ရရှိသော အိမ်ထောင်စု အရေအတွက် | ၂၁၀၅၉ | ၃၁၇၇ | ၂၈၀၂၄ | ၁၃၃% |
| **မွေးမြူရေးထုတ်လုပ်မှု** | | | | |
| မွေးမြူရေး ထုတ်လုပ်မှုအတွက် ထောက်ပံ့ခံရသော အိမ်ထောင်စု အရေအတွက် | ၁၆၅၄၀ | ၃၉၅၈ | ၂၀၃၅၅ | ၁၂၃% |
| **ရေလုပ်ငန်းထုတ်လုပ်မှု** | | | | |
| မွေးမြူရေး မဟုတ်သော ရေလုပ်ငန်းအတွက် ထောက်ပံ့ခံရသော အိမ်ထောင်စုပေါင်း | ၆၃၉၀ | ၁၉၅၆ | ၉၉၃၂ | ၁၅၅% |
| **အခြား ဝင်ငွေရရှိရေး လုပ်ငန်းများ (IGA)** | | | | |
| အခြား ဝင်ငွေရရှိရေး လုပ်ငန်းများအတွက် ပံ့ပိုး ခံရသော အိမ်ထောင်စုပေါင်း (စိုက်ပျိုးရေး/ မွေးမြူရေး/ ငါးလုပ်ငန်းများနှင့် မပတ်သက်ပါ) | ၁၇၂၆၁ | ၆၁၅၇ | ၂၄၁၁၂ | ၁၄၀% |
| **ချေးငွေ** | | | | |
| စိုက်ပျိုးရေးအတွက် အသေးစား ချေးငွေရရှိသော အိမ်ထောင်စု အရေအတွက် (မွေးမြူရေးနှင့် ငါး/ ပုစွန် မွေးမြူရေး လုပ်ငန်းအပါအဝင်) | ၁၃၄၉၃၀ | ၆၀၅၁၈ | ၁၃၀၀၂၅ | ၉၆% |
| အမျိုးသမီးများအတွက် ချေးငွေ | | | | |
| စိုက်ပျိုးရေးအတွက် မဟုတ်သော ချေးငွေရရှိသည့် အိမ်ထောင်စု အရေအတွက် | ၁၀၁၈၄၀ | ၃၅၃၆ | ၉၀၀၅၆ | ၂၁%[၂၃] |
| အမျိုးသမီးများအတွက် ချေးငွေ | | | ၂၁၁၈၇ (အမျိုးသမီး) ၁၈၁၃၅ | |
| **လှည့်လည်စီးဆင်းသောရန်ပုံငွေ** | | | | |
| လှည့်လည်စီးဆင်းသော ရန်ပုံငွေမှ ပံ့ပိုးမှု ရရှိသည့် အိမ်ထောင်စု အရေအတွက် (ငွေကြေး မဟုတ်သော ပံ့ပိုးမှု) | ၁၄၅၉၄ | ၈၃၄၆၆ | ၂၇၃၄၄ | ၂၀၁% |

၂၃ ဤချေးငွေနှင့် ပတ်သက်သည့် အညွှန်းကိန်းများသည် ပြီးမြောက် အောင်မြင်မှုများတွင် ထူးခြား ပေါ်လွင်နေသည်။ ယင်းသည် IP အစီရင်ခံမှု၏ တစ်မူထူးသော အချက်တစ်ခု၏ ရလာဒ် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အိမ်ထောင်စုများအား နှစ်ကြိမ် ရေတွက်မိခြင်းမှ ရှောင်ကြဉ်ရန်အတွက် IP များ အနေဖြင့် ချေးငွေရယူမည့် အိမ်ထောင်စု အသစ်များကိုသာ သတင်းပို့ရန် LIFT က ညွှန်ကြားထားခဲ့သည်။ ဤကိန်းဂဏန်းများအတွင်း အခြားသော IP များထက် များစွာ ပိုမိုသော အစိတ်အပိုင်းအဖြစ် ပါဝင်နေသည့် Pact အဖွဲ့သည် အိမ်ထောင်စုအများအပြားအား စိုက်ပျိုးရေးအတွက် ချေးငွေများကို ပထမဦးဆုံး အရစ်အဖြစ် ထုတ်ချေးခဲ့သည်။ ချေးငွေများကို အောင်မြင်စွာ ပြန်လည်ဆပ်နိုင်သည့် အိမ်ထောင်စုများ အနေဖြင့် အခြားသော ကိစ္စများ အတွက် နောက်ထပ် ငွေချေးနိုင်ရန် အခွင့်အလမ်း ရရှိကြသည်။ ထိုသို့ ဒုတိယအကြိမ် ငွေချေးခြင်းများကို အဆိုပါ ကိန်းဂဏန်းများတွင် ထည့်သွင်း တွက်ချက် ထားခြင်းမရှိပါ။

| အညွှန်းကိန်းများ | IP များအတွက် ၂၀၁၆ စုပေါင်း ရည်မှန်းချက် | ၂၀၁၃ အတွင်း ပြီးမြောက်မှု | ၂၀၁၃ ကုန်ထိ စုစုပေါင်း ပြီးမြောက်မှု | |
|---|---|---|---|---|
| | | | အရေအတွက် | % |
| **သင်တန်း** | | | | |
| သင်တန်းများ တက်ရောက်ခဲ့သူ စုစုပေါင်း (ကျား/မ အားလုံး) | ၁၀၉၆၈၂ | ၈၃၄၆၆ | ၁၂၈၇၀ | ၁၉၄% |
| သင်တန်းအားလုံးအတွက် သင်တန်းသူ အရေအတွက် | မရှိ | ၄၁၀၈၀ | ၉၂၆၉၀ | မရှိ |
| စိုက်ပျိုးရေး (မွေးမြူရေးနှင့် ရေလုပ်ငန်းပါ) နှင့်ဆိုင်သော သင်တန်းတက်ခဲ့သူပေါင်း | ၄၇၄၉၂ | ၃၂၃၆၇ | ၉၂၅၇၁ | ၁၉၅% |
| အခြား ဝင်ငွေရရှိရေး လုပ်ငန်းဆိုင်ရာ သင်တန်းများ တက်ခဲ့သူပေါင်း (စိုက်ပျိုးရေး/ မွေးမြူရေး/ ငါးလုပ်ငန်းများနှင့် မပတ်သက်ပါ။) | ၁၃၃၆၀ | ၂၇၁၉ | ၁၁၉၁၄ | ၈၉% |
| မွေးမြူရေးမဟုတ်သော ငါးဖမ်းလုပ်ငန်းဆိုင်ရာ သင်တန်းတက်ခဲ့သူပေါင်း | ၅၄၈ | ၁၂၁ | ၃၁၆ | ၅၈% |
| သင်တန်းတက်ခွင့်ရသော စိုက်ပျိုး/ မွေးမြူရေးနှင့် ရေလုပ်ငန်း တိုးချဲ့လုပ်သားများ | ၅၅၄၂ | ၆၉၂၁ | ၁၃၄၁၀ | ၂၄၂% |
| သဘာဝပတ်ဝန်းကျင် စောင့်ရှောက်ရေး/ ထိန်းသိမ်းရေး/ ပြန်လည်ထူထောင်ရေး သင်တန်းတက်ခဲ့သူပေါင်း | ၉၉၀၈ | ၇၂၂၃ | ၁၆၂၃၄ | ၁၆၄% |
| CBO စီမံခန့်ခွဲမှုစွမ်းရည်ဆိုင်ရာ သင်တန်းတက်ခဲ့သူပေါင်း | ၃၂၁၆၅ | ၃၄၁၁၅ | ၇၈၄၂၅ | ၂၄၄% |
| **လုပ်အားနှင့် ငွေကြေး ဖလှယ်ခြင်း (CfW)** | | | | |
| CfW ဖြင့် ပံ့ပိုးခဲ့သော person-day အရေအတွက် | ၂၁၆၆၉၇၄ | ၅၈၈၅၀၆ | ၁၆၃၄၀၉၁ | ၇၅% |
| အမျိုးသမီးများအား CfW ဖြင့် ပံ့ပိုးခဲ့သော person-day အရေအတွက် | ၆၇၂၁၃၁ | ၂၆၉၉၃၇ | ၆၈၀၉၄၉ | ၁၀၁% |
| CfW နည်းဖြင့် ပံ့ပိုးမှု ရရှိခဲ့သော အိမ်ထောင်စုပေါင်း | ၁၁၀၅၉၈ | ၃၆၄၈၈ | ၁၄၆၆၁၈ | ၁၃၃% |
| **ပိုင်ဆိုင်မှုနှင့် အခြေခံ အဆောက်အအုံ** | | | | |
| တည်ထောင်/ စွမ်းရည်မြှင့်ပေးခဲ့သော CBO ပေါင်း | ၄၀၁၉ | ၂၉၉၈ | ၉၁၈၉ | ၂၃၂% |

# ၃။ ဒေသများ

ဤအခန်းတွင် ၂၀၁၃ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ မှတ်သားဖွယ် ဖွံ့ဖြိုးတိုးတက်မှုများကို အသေးစိတ်လေ့လာနိုင်ရန် တင်ပြထားခြင်းဖြစ်သည်။ ဤအခန်းတွင် LIFT အနေဖြင့် ဝင်ရောက်ဆောင်ရွက်နေသော အောက်ပါ စိုက်ပျိုး-စီးပွားဇုန်ကြီးလေးခုအပေါ်တွင် အခြေခံထား၍ ခွဲခြားဖော်ပြထားသည်-

- ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ - ဤအစီရင်ခံစာတွင် မြစ်ဝကျွန်းပေါ်ဒေသဟု ညွှန်းဆိုမည် (စီမံကိန်း ၁၅ ခု)
- အပူပိုင်းဒေသဇုန် - မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းတောင်ပိုင်းဒေသများ ပါဝင်သော အလယ်ပိုင်း မြေနိမ့်ဒေသ (စီမံကိန်း ၁၆ ခု)
- တောင်တန်းဒေသ - ကချင်၊ ချင်းနှင့် ရှမ်းပြည်နယ်များရှိ ကုန်းမြင့်ဒေသများ (စီမံကိန်း ၈ ခု)
- ကမ်းရိုးတန်းဒေသ - ရခိုင်ပြည်နယ် (စီမံကိန်း ၄ ခု)

LIFT စီမံကိန်းပေါင်း ၈၀ အား မတူညီသော မိတ်ဖက်အဖွဲ့ပေါင်း ၅၀ က ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံကိန်း ၁၅ ခုသည် နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

စိုက်ပျိုး-စီးပွားဇုန်များအလိုက် LIFT ရန်ပုံငွေများ ခွဲဝေချထားခဲ့မှုတွင် ရာခိုင်နှုန်းအများစုသည် မြစ်ဝကျွန်းပေါ်ဒေသသို့ ရောက်ရှိပြီး ဒုတိယအများဆုံးဝေစုကို ကမ်းရိုးတန်းဒေသက ရရှိခဲ့ပါသည်။ ရန်ပုံငွေ၏ အနည်းဆုံးအစိတ်အပိုင်းကို တောင်တန်းဒေသကရရှိပြီး ယနေ့အထိချထားပေးခဲ့ပြီးသည့် ရန်ပုံငွေပမာဏ၏ ၈% မျှသာ ရရှိခဲ့ပါသည်။ ကမ်းရိုးတန်းဒေသသို့ ခွဲဝေချထားပေးခဲ့သည့် ရန်ပုံငွေပမာဏ၏ အကြီးဆုံးအချိုးကို ၂၀၁၃ခုနှစ် မတ်လအတွင်း စတင်ခဲ့သော ရခိုင်ပြည်နယ်မှ တက်လမ်းအစီအစဉ်သစ်အတွက် ချထားပေးခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် LIFT အနေဖြင့် တောင်တန်းဒေသနှင့် အပူပိုင်းဒေသဇုန်များတွင် အစီအစဉ် အသစ်များ စတင်သွားရန် လျာထားပါသည်။

စိုက်ပျိုး-စီးပွားဇုန်များအလိုက် LIFT ရန်ပုံငွေချထားပေးမှု (ဒေါ်လာ ၁၃၃ သန်း)[24]




စိုက်ပျိုးဇုန်အလိုက် လယ်ယာမဲ့ %




Source: LIFT Baseline Survey 2012

၂၄ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ (၃၁) ရက်နေ့အထိ သဘောတူ လက်မှတ် ရေးထိုးပြီးသော စီမံကိန်းများ

စိုက်ပျိုးရေးဆိုင်ရာဂေဟစနစ်အပိုင်းအခြားအလိုက် LIFT ၏ လွှမ်းခြုံမှု



## ၃.၁ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ

### ၂၀၁၃ ခုနှစ်အတွင်း သိသာထင်ရှားသော တွေ့ရှိမှုများ

- မိတ်ဖက်အဖွဲ့များနှင့် သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှု သိသိသာသာ တိုးတက်လာခဲ့သည်။
- မျိုးယှဉ်ပြိုင်စမ်းသပ်ခြင်းနှင့် မျိုးစေ့ပွားများခြင်း ကြိုးပမ်းမှုတွင် တိုးတက်လာခဲ့သော်လည်း အဆင့်လိုက် လုပ်ထုံးလုပ်နည်းများနှင့် အရည်အသွေးပိုင်းဆိုင်ရာ စိန်ခေါ်မှုများသည် အောင်မြင်မှုရရှိရေး ကြိုးပမ်းရာ လမ်းကြောင်းတွင် ကျန်ရှိနေဆဲဖြစ်သည်။
- ပြောင်းလဲ ပြင်ဆင်ထားသော သီးနှံစီမံခန့်ခွဲမှုအလေ့အထများ အလုပ်ဖြစ်ကြောင်း အထောက်အထားများ ပိုမိုများပြားလာပြီး လယ်သမားများ၏ လက်ခံကျင့်သုံးမှုလည်း တိုးတက်လာနိုင်သည်။
- ထိရောက်သောရိတ်သိမ်းချိန်လွန် နည်းပညာများကြောင့် စပါးလေလွင့်မှုကို သိသိသာသာ လျှော့ချနိုင်ခဲ့သည်။
- ကျေးရွာဆန်စက်များ အဆင့်မြှင့်တင်ခြင်းဖြင့် ကြိတ်ခွဲနိုင်မှုစွမ်းရည် မြင့်တက်လာသည့်အပြင် တောင်သူများအတွက်လည်း ကုန်ကျစရိတ်သက်သာစေခဲ့သည်။
- စုပေါင်း၍ စပါးသိုလှောင်ခြင်းနှင့် ရောင်းချခြင်းတို့က တောင်သူများအား ရိတ်သိမ်းချိန်တွင် ရန်ပုံငွေများ လက်လှမ်းမီစေခဲ့သည်။
- သက်သာသောသီးနှံချေးငွေများရနိုင်မှု တိုးတက်လာနေပြီး ချေးငွေရယူသူများအား ကာကွယ်မှုပေးသည့် ဆောင်ရွက်မှုများနှင့် စောင့်ကြည့်ကြပ်မတ်မှုများ ပိုကောင်းအောင် ဆောင်ရွက်ရန် လိုအပ်လာသည်။

LIFT အနေဖြင့် မြစ်ဝကျွန်းပေါ်ဒေသတွင် စုစုပေါင်းဘတ်ဂျက် အမေရိကန်ဒေါ်လာ ၂၄.၈ သန်းခန့်ဖြင့် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသောစီမံကိန်း ၁၅ ခုကို ရန်ပုံငွေပံ့ပိုးထားပါသည်။ အဆိုပါစီမံကိန်းများသည် LIFT ၏ ရလာဒ် ၁ ရရှိစေရန် ဆန်စပါးထုတ်လုပ်ရေး၊ မြှင့်တင်ရေးနှင့် ဆန်စပါးတန်ဖိုးကွင်းဆက်များမှ တဆင့် အကျိုးအမြတ်များ ဖြစ်ထွန်းရရှိရေး လုပ်ငန်းများအား အခြားဆက်စပ်လုပ်ငန်းများဖြစ်သည့် လယ်သမားအဖွဲ့အစည်းများ တိုးတက်ကောင်းမွန်စေရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှုများအား လက်လှမ်းမီစေရေး၊ ငါးလုပ်ငန်းဝန်ဆောင်မှုများ၊ သဘာဝအရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့် အသေးစားအခြေခံအဆောက်အအုံလုပ်ငန်းများနှင့် တွဲဖက်ဆောင်ရွက်နေကြသည်။ အောက်ဖော်ပြပါဇယားသည် မြစ်ဝကျွန်းပေါ်ဒေသတွင် LIFT ၏ မိတ်ဖက်အဖွဲ့များ၏ လုပ်ငန်းများအား အနှစ်ချုပ်ဖော်ပြထားသည်။

LIFT ၏ မြစ်ဝကျွန်းပေါ်ဒေသ စီမံကိန်းလုပ်ငန်းများတွင် မြေယာမဲ့မိသားစုများအတွက် မိသားစုစိုက်ခင်းများ၊ တစ်နိုင် မွေးမြူရေး လုပ်ငန်းများနှင့် တံငါလုပ်ငန်းနှင့် ငါး/ ပုစွန် မွေးမြူရေးလုပ်ငန်းများအတွက် ပံ့ပိုးခြင်း အပါအဝင် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်းလည်း ပါဝင်ခဲ့သည်။ ပံ့ပိုးမှုများနှင့် ဝန်ဆောင်မှုများအား ကျေးရွာအဆင့်တွင် စုဆည်းဆောင်ရွက်စေခြင်းပုံစံဖြင့် ဆောင်ရွက်ပေးခဲ့ပြီး တစ်ခါတစ်ရံကျေးရွာများအကြား ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှတဆင့် ဆောင်ရွက်ခြင်းများလည်းရှိသည်။

LIFT အနေဖြင့် အစိုးရ ပဏာမလုပ်ငန်းအသစ်များ အပါအဝင် ဝန်ဆောင်မှုပေးသည့် အဖွဲ့များအား ပံ့ပိုးမှုများ ပေါင်းထည့်ပေးခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ သမဝါယမအဖွဲ့များအား တဟုန်ထိုး ချဲ့ထွင်ပေးခြင်းတို့ဖြင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း တိုးချဲ့ဆောင်ရွက်နေသည်။ ထိုကဲ့သို့ လက်လှမ်းမီမှု တိုးတက်လာခြင်းသည် တစ်ဦးချင်းစီအနေဖြင့် ချေးငွေများတစ်ခုမက အများအပြားရယူကာ အကြွေးနွံနစ်ခြင်းဖြစ်ပေါ်လာနိုင်မှုကို စိုးရိမ်မကင်းဖြစ်လာခဲ့ပါသည်။ ငွေချေးသူများအား အကာအကွယ်ပေးရန် ဝန်ဆောင်မှု ရယူခံစားသူများအား ပိုမိုကောင်းမွန်သော အကာအကွယ်ပေးမှုနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုတို့ရှိခြင်းက အရေးပါလာခဲ့ပါသည်။

ဇယား ၆။ မြစ်ဝကျွန်းပေါ်ဒေသအတွင်း LIFT စီမံကိန်းများ

| IP | ဒေသ | ဦးတည်ကိစ္စ |
|---|---|---|
| WHH - GRET | ဘိုကလေး၊ မော်လမြိုင်ကျွန်း | စိုက်ပျိုးရေးနှင့် တန်ဖိုးကွင်းဆက်များ မြှင့်တင်ခြင်း |
| ရတနာဒေရာ | ဘိုကလေး | စိုက်ပျိုးရေး - မျိုးစေ့ထုတ်လုပ်ခြင်း |
| Mangrove Service Network | ဘိုကလေး | ဒီရေတောများ စောင့်ရှောက်ခြင်း |
| ActionAid-Thadar Consortium | ဘိုကလေး၊ မော်လမြိုင်ကျွန်း | လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်စေခြင်း၊ CSO များ စွမ်းရည်မြှင့်တင်ရေး |
| Proximity Designs | ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ | အသေးစား အခြေခံအဆောက်အဦနှင့် အသေးစား စိုက်ပျိုးရေးချေးငွေ |
| Proximity Designs | ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဒေးဒရဲ၊ လပွတ္တာ၊ မြောင်းမြ၊ ညောင်တုန်း၊ မအူပင်၊ ပန်းတနော် | အသေးစားငွေချေးလုပ်ငန်း |
| IRRI | ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ | စိုက်ပျိုးရေး သုတေသန |
| IRRI | ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ နှင့် မြစ်ဝကျွန်းပေါ်ဒေသမှ အခြား မြို့နယ် (၂၀) (စစ်ကိုင်း၊ ပဲခူးနှင့် မန္တလေး တိုင်းဒေသကြီးများလည်း ပါဝင်သည်။) | စိုက်ပျိုးရေး သုတေသန၊ ဆန်စပါး ပတ်ဝန်းကျင် မြေပုံရေးဆွဲခြင်း |
| UNDP/Pact[25] | ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ | အသေးစားငွေချေးလုပ်ငန်း |
| Mercy Corps - အာရုဏ်ဦး | လပွတ္တာ | စိုက်ပျိုးရေးနှင့် တန်ဖိုး ကွင်းဆက်များ မြှင့်တင်ခြင်း |
| AVSI | လပွတ္တာ | စိုက်ပျိုးရေးလုပ်ငန်း သမဝါယမ |
| Link Emergency Aid Development (LEAD) | လပွတ္တာ | စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်ပင်စိုက်ပျိုးရေး |
| ADRA | လပွတ္တာ | ငါးလုပ်ငန်း၊ ငါး/ ပုစွန် မွေးမြူရေးလုပ်ငန်းနှင့် တန်ဖိုးကွင်းဆက် |
| Oxfam - Network Activities Group (NAG) | ဖျာပုံ၊ ဒေးဒရဲ | ငါးလုပ်ငန်း၊ မုဝါဒနှင့် တန်ဖိုးကွင်းဆက် |
| Pact | ဖျာပုံ | အသေးစားငွေချေးလုပ်ငန်း |

### ၃.၁.၁ နယ်မြေအကြောင်းအရာနှင့် လက်ရှိအနေအထားများ

ဆန်စပါးစိုက်ပျိုးခြင်းသည် မြစ်ဝကျွန်းပေါ်ဒေသစီးပွားရေးအတွက် အဓိကကျော့ရိုးဖြစ်၍ တောင်သူများအတွက် အရေးအကြီးဆုံး စီးပွားရေးလုပ်ငန်းဖြစ်ပြီး လယ်ယာမဲ့တောင်သူများအတွက် ဒုတိယအရေးအကြီးဆုံး စီးပွားရေး လုပ်ငန်းဖြစ်သည်။ ဤကဏ္ဍတွင် ထုတ်လုပ်မှုများအား မြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းများရှိသော်လည်း ကျယ်ပြန့်သော စိုက်ပျိုးရေးဆိုင်ရာဂေဟစနစ်အပိုင်းအခြား သုံးခုအကြား ကွာဟချက်များရှိသည်-

- ရေချိုရရှိနိုင်သော မြောက်ပိုင်းဇုန်တွင် ဒုတိယသီးနှံတစ်မျိုးကို ရေသွင်းစိုက်ပျိုးနိုင်သဖြင့် ဆောင်းရာသီတွင် ပဲအမျိုးမျိုးနှင့် နွေနှင့်/သို့မဟုတ် မိုးရာသီတွင် စပါးစိုက်ပျိုးနိုင်သည်၊
- တောင်ပိုင်းရေငန်တိုးသည့်ဇုန်တွင်မူ မိုးရာသီတွင်သာ စပါးစိုက်ပျိုးနိုင်သည်၊
- အထက်ပါ ဇုန်နှစ်ခုအကြားတွင်ရှိသော ရေချိုရေငန် အစပ်ဇုန်တွင် ရေတွင်ဆားငန်ဓာတ်ပါဝင်မှုပမာဏသည် ခြောက်သွေ့ရာသီတွင် တဖြည်းဖြည်းမြင့်တက်လာသောကြောင့် ဒုတိယသီးနှံစိုက်ပျိုးနိုင်ရေးအတွက် အာမခံချက် မရှိပေ။ အချို့တောင်သူများက ဒုတိယသီးနှံကိုအရဲစွန့်၍ စိုက်ပျိုးကြသော်လည်း နွေရာသီနှင့်မိုးရာသီအကြား တိုတောင်းသောကာလအတွင်းတွင် ပြီးစီးအောင်ကြိုးစားဆောင်ရွက်ကြရသည်၊

---

၂၅ UNDP နှင့် LIFT တို့သည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ (၃၁) ရက်နေ့မှစတင်၍ UNDP ၏ Delta II အသေးစားငွေချေးလုပ်ငန်း စီမံကိန်းကို ဖျက်သိမ်းရန် သဘောတူညီခဲ့သည်။ LIFT က ယင်းစီမံကိန်းကို မိတ်ဖက်အဖွဲ့ပင်ဖြစ်သော Pact ထံသို့ လွှဲပြောင်းပေးခဲ့သည်။ ထိုသို့ စာချုပ်ပြောင်းလဲမှုသည် လုပ်ငန်းဆောင်ရွက်သည့် အဆင့်နှင့် အကျိုးခံစားနေသူများအတွက် စီမံကိန်း၏ ကတိကဝတ်များအပေါ် သက်ရောက်မှုလုံးဝမရှိခဲ့ပါ။ ယခင်စာချုပ်ပါရည်မှန်းချက်များနှင့် မှတ်တိုင်များအား ပြင်ဆင်ပြောင်းလဲသွားမည်မဟုတ်ပါ။

၂၆ ဆိုက်ကလုန်း နာဂစ်သည် ၂၀၀၈ ခုနှစ်၊ မေလတွင်တိုက်ခတ်ခဲ့ပြီး အနည်းဆုံး လူဦးရေ ၁၄၀,၀၀၀ သေဆုံးခဲ့ပြီး ခန့်မှန်းလူဦးရေ ၁.၅ သန်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများပျက်စီးဆုံးရှုံးခဲ့ရပါသည်။

Three Report, LIFT.

အထက်ဖော်ပြပါ ဇုန်သုံးခုစလုံးတွင် လယ်ယာမြေအနည်းငယ်သာ ပိုင်ဆိုင်သူများအနေဖြင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေကြရဆဲဖြစ်သည်။ ထိခိုက်ခံစားလွယ်မှု အမြင့်ဆုံး အိမ်ထောင်စုများအနေဖြင့် နာဂစ် ဆိုင်ကလုန်းမတိုက်ခတ်မီက အသက်မွေးမှုအနေအထားကို ပြန်ရနိုင်ခြင်းမရှိသေးပေ။[၂၆] ၎င်းတို့၏ ရင်းနှီးမြှုပ်နှံနိုင်မှုအတွက် အကြွေးနွံနစ်မှု၊ စုစည်းမှုအားနည်းသော အဖွဲ့အစည်းမှုများနှင့် ဘက်ပေါင်းစုံမှ အားနည်းနေသော ဝန်ဆောင်မှုများက အဟန့်အတားဖြစ်နေခဲ့သည်။ အရည်အသွေးကောင်း မျိုးစေ့များ၊ သွင်းအားစုများ၊ အတိုးနှုန်း သက်သာသောချေးငွေများနှင့် ရေရှည်ရင်းနှီးမြှုပ်နှံမှုများအား လက်လှမ်းမီနိုင်မှုသည် တောင်သူများ၊ စက်ပိုင်များနှင့် တန်ဖိုးကွင်းဆက်အတွင်း အခြားဆက်စပ်ပတ်သက်နေသူအများစုအတွက် အရေးပါသောစိန်ခေါ်မှုများ ဖြစ်နေဆဲဖြစ်ပါသည်။[၂၇]

ရန်ကုန်မြို့နှင့် ထို့ထက်ဝေးသော ပတ်ဝန်းကျင်များတွင် အလုပ်အကိုင်အခွင့်အလမ်းသစ်များ တိုးတက်ပေါ်လာခြင်းနှင့်အတူ စီးပွားရေးအခြေအနေသည်လည်း လျင်မြန်စွာ တိုးတက်ပြောင်းလဲလာခဲ့သည်။ အချို့သော လယ်ယာမဲ့မိသားစုများအနေဖြင့် အပြီးအပိုင် နေရပ်ရွှေ့ပြောင်းမှုများရှိလာပြီး နေရပ်ရွှေ့ပြောင်း လုပ်ကိုင်မှုများ တိုးတက်များပြားလာကြောင်းတွေ့ရသော်လည်း ယင်းအလားအလာနှင့်ပတ်သက်၍ အရေအတွက်ပိုင်းဆိုင်ရာ လေ့လာမှုပြုလုပ်ခြင်းမရှိခဲ့ပါ။ LIFT ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သော အရည်အသွေးဆိုင်ရာ လူမှုစီးပွားစောင့်ကြည့်လေ့လာမှု (QSEM) တတိယအကျော့ အစီရင်ခံစာအရ လယ်သမားများသည် ဒုက္ခအခက်အခဲများကြောင့် နေရပ်စွန့်ခွာပြောင်းရွှေ့မှုများ တိုးပွားလာခြင်းနှင့် ဆက်နွယ်သည်ဟုယူဆရသော စိုက်ပျိုးမှုအတွက် အရေးအကြီးဆုံးအချိန်များတွင် လုပ်သား မလုံလောက်ခြင်းနှင့် အချို့ဒေသများတွင် လုပ်အားခကြီးမြင့်လာခြင်းပြဿနာများကို ဆက်လက်ရင်ဆိုင်နေကြရပါသည်။ ဘက်စုံသုံး ရိတ်သိမ်းစက်များရောက်ရှိလာခြင်းနှင့်အတူ မြေယာပိုင်ဆိုင်မှုပိုများသော တောင်သူကြီးများ အနေဖြင့် ရိတ်သိမ်းမှုလုပ်ငန်း ထိရောက်မှုမြှင့်တင်နိုင်ရန် စိုက်ပျိုးရေးသုံး အသေးစားစက်ပစ္စည်းများအား ဝယ်ယူရင်းနှီးမြှုပ်နှံလာကြပါသည်။

စီးပွားရေးအခွင့်အလမ်းသစ်များ များပြားလွန်းလာသောကြောင့် မြန်မာ့ဆန်စပါးကဏ္ဍ၏ ပြည်ပပို့ကုန်ဈေးကွက် တိုးတက်လာခဲ့ပြီး ယင်း၏ယိုယွင်းနေသောစက်များအား ခေတ်မီ အဆင့်မြှင့်တင်နိုင်ရေးအတွက် ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်သွားရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ကြပါသည်။[၂၈] မြစ်ဝကျွန်းပေါ်ဒေသရှိ ဆန်စက်ကြီးများသည် ပိုမိုမြင့်မားသော အရည်အသွေး စံနှုန်းပြည့်မီနိုင်ရေးအတွက် ၎င်းတို့၏ စက်ပစ္စည်းများကို အဆင့်မြှင့်တင်မှုများ စတင်လုပ်ဆောင်လာခဲ့ကြသည်။ မြန်မာ့ဆန်စပါး လုပ်ငန်းရှင်များအသင်းအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်ရန် မြန်မာ့လယ်ယာစီးပွား အများပိုင်ကော်ပိုရေးရှင်း (MAPCO) ကို တည်ထောင်ခဲ့ပြီး ဆန်စက်နှင့် ဆန်သန့်စင်ခြင်းလုပ်ငန်းများ ကွန်ရက်တည်ဆောက်ရန် ဂျပန်ကုမ္ပဏီ Mitsui & Co. Ltd. နှင့် ပူးပေါင်းဆောင်ရွက်နေပါသည်။ အလားတူ ရင်းနှီးမြှုပ်နှံမှုများစွာလည်း ပေါ်ပေါက်လာဖွယ်ရှိသေးသည်။ အဆိုပါဖွံ့ဖြိုးတိုးတက်မှုများအရ ဆန်စပါး တန်ဖိုးကွင်းဆက်အတွင်း ပြောင်းလဲမှုများနှင့် အခွင့်အလမ်းသစ်များ ဖြစ်ပေါ်လာရန် မျှော်လင့်နိုင်ပါသည်။

ဤဒေသအနေဖြင့် လွန်ခဲ့သောနှစ်များတွင် မတည်ငြိမ်သောရာသီဥတုအခြေအနေများကို ရင်ဆိုင်နေခဲ့ရပါသည်။ ၂၀၁၃ ခုနှစ် မိုးရာသီ အစောပိုင်းကာလတွင် အချိန်ကြာမြင့်စွာ ရွာသွန်းသောမိုးနှင့် ရေကြီးမှုများကြောင့် မျိုးစေ့ကြဲထားသောလယ်များ ရေလွှမ်းသွားခဲ့သည်။ တောင်သူများအနေဖြင့် မျိုးစေ့ချခြင်း ပြန်လည်ဆောင်ရွက်ခဲ့ရပြီး နေရာလပ်များတွင် ခက်ရင်းခွများဖြင့် အပင်လိုက်ရွှေ့စိုက်ခြင်း ပြုလုပ်ခဲ့ကြရသည်။ LIFT IP များ၏ စမ်းသပ်စိုက်ကွက်များနှင့် မျိုးစေ့ထုတ်လုပ်ရေးလယ်ကွက်များသည် လည်း ယင်းအခြေအနေများ၏ သက်ရောက်မှုကိုခံခဲ့ကြရပါသည်။ သို့သော်ရိတ်သိမ်းချိန်တွင် ရာသီဥတု အခြေအနေကောင်းမွန်ခဲ့သဖြင့် မျိုးစေ့အရည်အသွေးဆိုင်ရာပြဿနာများ ၂၀၁၂ ခုနှစ်ကထက် နည်းပါးခဲ့ပါသည်။

---

၂၇ Enlightened Myanmar သုတေသနအဖွဲ့နှင့် ကမ္ဘာ့ဘဏ်၊ ၂၀၁၃ ခုနှစ်၊ အရည်အသွေးဆိုင်ရာ လူမှုစီးပွား စောင့်ကြည့် လေ့လာမှု တတိယအကျော့ အစီရင်ခံစာ၊ LIFT

28 ပိုမိုသိရှိလိုပါက Myanmar: Capitalizing on Rice Export Opportunities ကို www.lift-fund.org တွင် ရရှိနိုင်ပါသည်။

## ၃.၁.၂ ရလဒ်များနှင့် ပတ်သက်၍ ဆွေးနွေးခြင်း

### ၁) IP များနှင့် ဆက်စပ် သက်ဆိုင်သူများအကြားတွင် ညှိနှိုင်းဆောင်ရွက်မှုနှင့် အစိုးရနှင့် ပူးတွဲဆောင်ရွက်မှုများတွင် သိသာထင်ရှားသော တိုးတက်မှုများရှိခဲ့သည်။

FMO သည် IP များအကြားနှင့် IP များနှင့် ဒေသခံအစိုးရအဖွဲ့အပါအဝင် ဆက်စပ်သက်ဆိုင်သူများအကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် ဗဟုသုတမျှဝေမှုတို့အားမြှင့်တင်ရန် အားထုတ်မှုကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ FMO သည် ဘိုကလေးနှင့် လပွတ္တာမြို့နယ်များရှိ IP များနှင့် လစဉ်အစည်းအဝေးများကျင်းပ၍ မတူညီသောဒေသများတွင် တူညီသောဦးတည်ချက်များဖြင့် ဆောင်ရွက်နေကြသည့် စီမံကိန်းများအကြား အပြန်အလှန်သင်ယူမှုများဖြစ်ပေါ်စေရန် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ဒေသခံ IP များ၏ ပညာရှင်များအကြား ကျွမ်းကျင်မှုနှင့်သင်ခန်းစာများမျှဝေနိုင်ရန် လုပ်ကိုင်ဆောင်ရွက်မှုများ ဖလှယ်ရေးအဖွဲ့ (CoP) များကို မြို့နယ်သုံးမြို့နယ်တွင် ဖွဲ့စည်းပေးခဲ့ပါသည်။

မြို့နယ်အဆင့်တွင် အာဏာပိုင်များအနေဖြင့် ဆက်စပ်သက်ဆိုင်သူများ (နည်းပညာဌာနများနှင့် NGO များ) ၏ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ စီစဉ်ဆောင်ရွက်ရာတွင် လမ်းညွှန်မှုများပေးနိုင်ရန် လစဉ်ညှိနှိုင်းအစည်းအဝေးများကို ကျင်းပခဲ့ပါသည်။[၂၉] ၂၀၁၃ ခုနှစ်တွင် LIFT ပံ့ပိုးမှုဖြင့် လပွတ္တာမြို့နယ်အာဏာပိုင်များက မြို့နယ်၏ အနာဂတ်ကာလဖွံ့ဖြိုးရေးအစီအစဉ်များအတွက် ဦးစားပေးသင့်သောကိစ္စရပ်များ ဖော်ထုတ်သတ်မှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ပါသည်။

ဒေသခံအစိုးရအဖွဲ့များ၏ လက်ရှိအချိန် ပွင့်လင်းလာမှုကိုဖော်ပြနေပြီး ဒေသဆိုင်ရာ မူဝါဒများဆိုင်ရာ ကိစ္စများတွင် အားလုံးပါဝင်နိုင်မှု မြင့်မားလာအောင် ဆောင်ရွက်ခြင်းအတွက် စံနမူနာပြဖြစ်ခဲ့သည့် အခြားသာဓကနှစ်ခုမှာ -

- ကျေးရွာမှတ်တမ်း (သို့မဟုတ်) ကျေးရွာစာအုပ်များကို ActionAid - Thadar Consortium အဖွဲ့က အားလုံးပူးပေါင်းပါဝင်သောနည်းလမ်းဖြင့် ဖော်ထုတ်ပေးခဲ့ပါသည်။ ယင်းသည် ရွာ၏စီးပွားရေး၊ လူမှုရေး အခြေအနေများ၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ ဘေးအန္တရာယ်ကျရောက်လွယ်မှုနှင့် ဆင်းရဲမှုအဆင့်များ၊ အမျိုးသမီးများ၏ အခြေအနေများကို လေ့လာဆန်းစစ်နိုင်ရန် အထောက်အကူပြုသည်။ ဒေသနှင့် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့်မြို့နယ်၊ ပြည်နယ်/ တိုင်းဒေသကြီးအဆင့်မှသည် နိုင်ငံတော်အဆင့်ထိ ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲရာတွင် အသုံးပြုနိုင်မည့်အချက်အလက် ရင်းမြစ်တစ်ခုအနေဖြင့် ယင်းလုပ်ငန်းကို ပံ့တူပွားယူဆောင်ရွက်ရန် အားပေးထောက်ခံခဲ့ကြပါသည်။
- ဒေးဒရဲနှင့် ဖျာပုံမြို့နယ်များတွင် LIFT ၏ ပံ့ပိုးမှုဖြင့် Oxfam နှင့် Network Activities Group (NAG) တို့သည် မြစ်ဝကျွန်းပေါ်ဒေသအတွက် ငါးလုပ်ငန်းလုပ်ကိုင်သူများ ဖွံ့ဖြိုးတိုးတက်ရေး အသင်း (FDA) ကို တည်ထောင်ပံ့ပိုးပေးခဲ့သည်။ ယင်းသည် ယခုအခါ မြို့နယ်ပေါင်း ၂၁ မြို့နယ်ရှိ ငါးလုပ်ငန်းလုပ်ကိုင်သူအဖွဲ့များစုစည်းထားသည့် ကြီးမားသောကွန်ရက်တစ်ခုဖြစ်လာခဲ့ပြီး တံငါ မိသားစုများ၏ အခွင့်အရေးဆိုင်ရာ ထောက်ခံအကြံပြုမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ယင်းကွန်ရက်သည် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများနှင့် ဒေသဆိုင်ရာအစိုးရများနှင့် တက်ကြွစွာ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းရေချိုငါးဖမ်းလုပ်ငန်းများ စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေသစ်တစ်ရပ်ရေးဆွဲနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

### ၂) မျိုးယှဉ်ပြိုင်ခြင်းနှင့် မျိုးစေ့ပွားများခြင်းကြိုးပမ်းမှုတွင် တိုးတက်လာခဲ့သော်လည်း အဆင့်လိုက် လုပ်ထုံးလုပ်နည်းများနှင့် အရည်အသွေးပိုင်းဆိုင်ရာစိန်ခေါ်မှုများသည် အောင်မြင်မှုရရှိရေး ကြိုးပမ်းရာ လမ်းကြောင်းတွင် ကျန်ရှိနေဆဲဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသအတွင်းတွင် LIFT ၏ အဓိကဦးစားပေး ကိစ္စရပ်များအနက်တစ်ခုမှာ ပိုမိုကောင်းမွန်သော ဆန်စပါးမျိုးစေ့များရရှိနိုင်မှု တိုးတက်လာစေရေးနှင့် လယ်သမားများအနေဖြင့် အရည်အသွေးနှင့် အထွက်နှုန်းကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ ၎င်းတို့၏ စုဆောင်းမျိုးစေ့များအား သုံးနှစ်တစ်ကြိမ်အသစ်

[၂၉] မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြုလုပ်ခဲ့သော အစည်းအဝေးများ၏ တက်ကြွ၍ အပြုသဘော နီးနှောဆွေးနွေးခဲ့နိုင်မှုများကို FMO မှ အသိအမှတ်ပြု မှတ်တမ်းတင်ခဲ့ပါသည်။

[၃၀] ဥပမာကို http://www.knowledgebank.irri.org/bmp/pre-planting-phase/quality-seed.html တွင် တွေ့နိုင်သည်။

လဲလှယ်နိုင်ရေးအတွက် အရည်အသွေးကောင်းမျိုးစေ့များ အလုံအလောက် ထုတ်လုပ်နိုင်ရေးဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနအဖွဲ့ (IRRI) က ဒေသနှင့်ကိုက်ညီအောင် စီမံထားသော အရည်အသွေး ကောင်း စပါးမျိုးစေ့များ အသုံးပြုခြင်းဖြင့် အထွက်နှုန်းကို ၅% မှ ၂၀% အထိ တိုးတက်စေနိုင်ကြောင်းပြသခဲ့သည်။[၃၀]

LIFT အနေဖြင့် လက်ရှိရှိနေသော ဆန်စပါးမျိုးကွဲအမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာစမ်းသပ်၍ ရေမြုပ်သည့်ဒဏ်နှင့် ဆားငန်ဒဏ် ပိုမိုခံနိုင်သည့် အထွက်နှုန်းကောင်းမျိုးကွဲများအား ဈေးကွက်သို့ပို့ဆောင်ပေးနိုင်ရန် IRRI နှင့် တွဲဖက် ဆောင်ရွက်နေပါသည်။ LIFT အနေဖြင့် လယ်သမားများကိုယ်တိုင် စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးစေခြင်းနည်းဖြင့် အရည်အသွေးကောင်းမျိုးစေ့များ ပြန့်ပွားစေခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသော IP အမြောက်အများနှင့်လည်း လက်တွဲဆောင်ရွက်လျှက်ရှိပါသည်။

## စုပေါင်းပါဝင် မျိုးရွေးချယ်မှု

LIFT သည် ၂၀၁၂ ခုနှစ်တွင် IRRI နှင့် သဘောတူစာချုပ် ချုပ်ဆို၍ ဆားငန်ဒဏ် သို့မဟုတ် ကာလရှည်ကြာ ရေမြုပ်ဒဏ်ကို ခံနိုင်ရည်ရှိသော စပါးမျိုးစေ့များအား စုပေါင်းပါဝင် မျိုးရွေးချယ်နည်းအားဖြင့် (PVS) ရှေ့ပြေး စမ်းသပ်လုပ်ကိုင်စေခဲ့သည်။ ပထမဦးဆုံးအကြိမ်လယ်ကွက်တွင်း "သုတေသီကိုယ်တိုင် စမ်းသပ်စိုက်ပျိုးခြင်းများ(Mother Trials)"[၃၁] ကို ၂၀၁၂ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပြီး "တောင်သူကိုယ်တိုင်စမ်းသပ်စိုက်ပျိုးခြင်းများ (Baby Trials)" ကို ၂၀၁၃ ခုနှစ်မိုးရာသီအတွင်း ဆောင်ရွက်ခဲ့သည်။ ဆားငံဒဏ်ခံနိုင်မှုအတွက် အရန်စမ်းသပ်မှုများကို ၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့ပါသည်။ IRRI အနေဖြင့် ရရှိလာသော အချက်အလက်များအား ဆန်းစစ်နေဆဲဖြစ်ပြီး ရလဒ်များအား နောင်လာမည့်နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

## မျိုးစေ့ ပြန့်ပွားရေး

ယုံကြည်လောက်သော ဖြန့်ဖြူးသူမရှိခြင်းနှင့် အရည်အသွေးနိမ့် စပါးမျိုးများသာ အများအပြားစိုက်ပျိုးခဲ့ကြခြင်းတို့ ကြောင့် မြစ်ဝကျွန်းပေါ်ဒေသအတွင်း အရည်အသွေးကောင်း စပါးမျိုးစေ့ဝယ်လိုအားသည် ရောင်းလိုအားထက်များစွာ



IRRI သည် တောင်သူများ ရွေးချယ်ခြင်း၊ စိုက်ပျိုးရာသီအတွင်း လယ်ကွင်းများအား စောင့်ကြည့်လေ့လာခြင်းနှင့် ရိတ်သိမ်းချိန်တွင် အချက်အလက်များ ကောက်ယူခြင်းတို့ ပြုလုပ်ရာတွင် အခြားသော LIFT IP များနှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက် လျှက်ရှိသည်။ ဤစီမံကိန်းသည် ၂၀၁၄ ခုနှစ် မိုးရာသီအထိ ဆက်လက်ဆောင်ရွက် မည်ဖြစ်ပြီး ထိုအချိန်ရောက်မှသာ ဒေသနှင့် ကိုက်ညီသည့် မည်သည့်မျိုးကို တောင်သူများ ကြိုက်နှစ်သက် အသုံးပြုကြသည်ဟု IRRI က ဆုံးဖြတ်ပေးမည် ဖြစ်သည်။ ထို့နောက်တွင်မှသာ မျိုးစေပြန့်ပွားရေးလုပ်ငန်းအတွက် အသုံးပြုမည့် မျိုးကို ရွေးချယ်သွားမည်ဖြစ်သည်။

---

၃၁ အားလုံးပူးပေါင်း၍ မျိုးရွေးချယ်မှု (PVS) နည်းလမ်းနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို http://www.knowledgebank.irri.org/ricebreedingcourse/Participatory_Variety_Trials_For_Rainfed_Rice_Cultivar_Evaluation.htm တွင် ရယူနိုင်သည်။

ကျော်လွန်နေသည်။ IP ခြောက်ဖွဲ့သည် မြစ်ဝကျွန်းပေါ်ဒေသအတွင်း တောင်သူများအား အရည်အသွေးကောင်း မျိုးစေ့များ ပြန့်ပွားစိုက်ပျိုးနိုင်ရေးအတွက် ကူညီဆောင်ရွက်လျက်ရှိပါသည်။ IP များအနေဖြင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာန (DAR)၊ လယ်ယာစိုက်ပျိုးရေးဦးစီးဌာန (DoA) နှင့် ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်သူများထံမှ မှတ်ပုံတင်ထားသော (သို့မဟုတ်) အရည်အသွေးအာမခံလက်မှတ်ရှိသော မျိုးစေ့များအား တောင်သူများထံသို့ ဖြန့်ဝေပေးပြီး တောင်သူအချင်းချင်း ဆက်လက်မျှဝေနိုင်ရန် စိုက်ပျိုးပွားများစေသည်။ ထိုသို့မျှဝေမှုကို အိမ်နီးချင်း များအကြား သမားရိုးကျနည်းအတိုင်းဖလှယ်ခြင်းနှင့် တစ်စုံတစ်ရာ ဖြည့်စွက်၊  သန့်စင် (သို့မဟုတ်) ထုတ်ပိုးခြင်း မပြုဘဲ ဒေသတွင်း ပမာဏနည်းနည်းချင်းရောင်းချခြင်းတို့ဖြင့် ဆောင်ရွက်ကြပါသည်။

၂၀၁၃ ခုနှစ် မိုးရာသီတွင် မျိုးစေ့ထုတ်လုပ်သူပေါင်း ၁၉၅ ဖွဲ့ကျော်နှင့် ချိတ်ဆက်လုပ်ကိုင်နေသော ရတနာဇရော စီမံကိန်းမှထုတ်လုပ်ထားသည့် မျိုးစေ့အမြောက်အများဖြင့် မျိုးစေ့စိုက်ပျိုးကြသော တောင်သူ၃၈၈ ကျော်က မျိုးစေ့ပြန့်ပွားရေး လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

IP များ၏ မျိုးစေ့ပွားများခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းများ ကွဲပြားမှုများရှိသော်လည်း ၎င်းတို့သည် အဓိကအားဖြင့် ဗဟိုချုပ်ကိုင်မှုဖြေလျှော့ထားကာ စနစ်တကျလေ့ကျင့်ပေးထားသော မျိုးစေ့ထုတ်လုပ် သူများမှတဆင့် ဒေသတွင်း၌သာထုတ်လုပ်ခြင်းဖြင့် ကျေးရွာအဆင့်တွင် အရည်အသွေးကောင်း မျိုးစေ့များ ရရှိနိုင်မှု မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ အချို့သော IP များသည် ထုတ်လုပ်လိုက်သည့် မျိုးစေ့များအနက် အချို့ကို ဒေသခံတောင်သူအုပ်စုများ (ဥပမာ - သမပါယမအဖွဲ့ သို့မဟုတ် တောင်သူထုတ်လုပ်သူများအဖွဲ့) က ဝယ်ယူ၍ နောက်လာမည့် စိုက်ပျိုးရေးရာသီတွင် အခြားသောတောင်သူများအား မျှဝေပေးနိုင်ရန် စနစ်တကျ သိုလှောင် သိမ်းဆည်းထားနိုင်ရေး အာရုံစိုက်ဆောင်ရွက်ခဲ့သည်။

FMO အနေဖြင့် စနစ်အတွက် အဟန့်အတားအချို့ကို လေ့လာတွေ့ရှိခဲ့ပါသည်။ အချို့သော IP များအနေဖြင့် တောင်သူများက ၎င်းတို့၏ မျိုးစေ့များအား ဖလှယ်ခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်နေချိန်နှင့် တစ်ချိန်တည်း တစ်နေရာတည်းတွင် အရည်အသွေးကောင်း မျိုးစေ့များအား အခမဲ့ဖြန့်ဖြူးပေးခြင်းသည် တောင်သူများ ကိုယ်တိုင် ထုတ်လုပ်သော မျိုးစေ့များအား ဈေးကွက်အတွင်းမှ ဖယ်ရှားလိုက်သကဲ့သို့ ဖြစ်သွားနိုင်သဖြင့် ယင်းအချက်မှာ စိုးရိမ်ဖွယ်ဖြစ်သည်။ အကယ်၍ IP များအနေဖြင့် မျိုးစေ့ဖြန့်ဖြူးရေးစနစ်မရှိမှသာ မျိုးစေ့များ ဖြန့်ဖြူးပေးမည်ဆိုပါက မျိုးစေ့ထုတ်လုပ်သူများအတွက် ၎င်းတို့ လိုလားနိုင်သည့် ဖောက်သည်ဆက်ဆံရေးနှင့် စီးပွားရေးတည်ဆောက်ရန် အခွင့်အလမ်းတစ်ခု ဖြစ်ပေါ်သွားစေမည်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်လာပါက ရေရှည်စဉ်ဆက်မပြတ်ထုတ်လုပ်မှုများ ဖြစ်လာရန် မျှော်လင့်နိုင်မည်ဖြစ်သည်။

အခြားကိစ္စတစ်ခုမှာ အရည်အသွေးထိန်းချုပ်ခြင်းဖြစ်ပါသည်။ IP များအနေဖြင့် မျိုးစေ့ထုတ်လုပ်သူများမှ ထုတ်လုပ် လိုက်သော မျိုးစေ့များ၏ အရည်အသွေးကို ထိန်းချုပ်ရန်အတွက် အမျိုးမျိုးသောစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်ထားခဲ့ကြပါသည်။ တကယ်တမ်း ၎င်းတို့ထုတ်ပြန်ထားသည်များမှာ မျိုးစေ့ထုတ်လုပ်သူများအတွက် နည်းပညာလမ်းညွှန်ချက်များမျှသာဖြစ်ပြီး အရည်အသွေးထိန်းချုပ်ရေး လုပ်ထုံးလုပ်နည်းစစ်စစ်များ မဟုတ်ကြပေ။ အနိမ့်ဆုံးသတ်မှတ်ချက်များကို ပြည့်မီခြင်းမရှိသည့် မျိုးစေ့များအတွက် အရည်အသွေးနိမ့်ကြောင်းသတ်မှတ်ခြင်းနှင့် ဝယ်ယူသူများအား အသိပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများမရှိပေ။ မျိုးစေ့ထုတ်လုပ်မှုကို ပိုမိုကောင်းမွန်စေရန်နှင့် အရည်အသွေးထိန်းချုပ်မှု အလေ့အကျင့်များ ပိုမိုကောင်းမွန်စေရန်အတွက် ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် IRRI က သင်တန်းတစ်ခု[၃၂] ကို အစိုးရဌာနဆိုင်ရာဝန်ထမ်းများ၊ IP များနှင့် မျိုးစေ့ထုတ်လုပ်သူများ[၃၃] အား ပို့ချပေးခဲ့သည်။

တရားဝင်အသိအမှတ်ပြုလက်မှတ်ရရှိရေးလုပ်ငန်းစဉ်များမှာ ရှုပ်ထွေးလှပြီး တောင်သူများအတွက် များစွာထူးခြား သည့် အကျိုးကျေးဇူးမရှိလှခြင်းကြောင့် မျိုးစေ့ထုတ်လုပ်သူများနှင့် IP များအကြား အရည်အသွေး ထိန်းချုပ်မှုပုံစံများ ကွဲပြားနေခြင်းသည် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည်။ ထို့ကြောင့် ရတနာဇရော အဖွဲ့သည် ပိုမိုပုံစံကျသော လုပ်ထုံးလုပ်နည်းများကို ချမှတ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးခဲ့သော သီးနှံနမူနာသုံးမျိုးကို အစိုးရမျိုးစေ့ဓါတ်ခွဲခန်းသို့ ပို့ဆောင်၍ အသိအမှတ်ပြု လက်မှတ်ရရန် အရည်အချင်း စစ်ခဲ့ရာ တစ်မျိုးသာအောင်မြင်ခဲ့ပါသည်။ ထို့နောက်တွင် ရတနာဇရောအဖွဲ့အနေဖြင့် အဆင့်သုံးဆင့်ရှိသော စစ်ဆေးမှုပုံစံသစ်ကိုပြုစုခဲ့ပြီး ၎င်းတို့၏ဗဟိုမျိုးစေ့ဘဏ်တွင် သိုလှောင်ရန် မျိုးစေ့များဝယ်ယူသည့်အခါတွင်

---

၃၂ အရည်အသွေးကောင်း စပါးမျိုးစေ့ ထုတ်လုပ်ရေး ဆင့်ပွားသင်တန်း

၃၃ IRRI က ၂၀၁၂ ခုနှစ်တွင် ရိုးရှင်းသော အစေ့အဆန်များ အရည်အသွေး စစ်ဆေးသည့် ကိရိယာများအား မိတ်ဆက်ပေးခဲ့သည်။

၃၄ ဗဟိုမျိုးစေ့ဘဏ်က မျိုးစေ့ထုတ်လုပ်သူများထံမှ မျိုးစေ့များကို အရည်အသွေးပြည့်မီပါက မည်၍မည်မျှ ပေးမည် ဟူသော ဈေးနှုန်းအာမခံဖြင့် ဝယ်ယူသည်။ မျိုးစေ့များအား သိုလှောင်ထားပြီး အခြားရွာများမှ လယ်သမားများထံ ပြန်လည် ဖြန့်ဖြူးပေးသည်။ ယင်း ဖြန့်ဖြူးရေးစနစ်သည် သမားရိုးကျ အိမ်နီးချင်းများအချင်းချင်း မျိုးစေ့ဖလှယ်ခြင်းနည်းကို အားဖြည့်ပေးပြီး  မျိုးစေ့ထုတ်လုပ်သူများအတွက် ဈေးကွက်တစ်ခုကို ဖြစ်ပေါ်စေသည်။

အသုံးပြုခဲ့သည်။[၃၄] ၂၀၁၃ ခုနှစ်၊ မိုးရာသီအတွက်ကိုမူ ရတနာရောအဖွဲ့၏ ဓါတ်ခွဲခန်းက ဦးစွာ အရည်အသွေး စစ်ဆေးခဲ့ပြီး တစ်ဦးချင်း မျိုးစေ့ထုတ်လုပ်သူများ၏ အကောင်းဆုံးအရည်အသွေးရှိသည့် မျိုးစေ့များကိုသာ အစိုးရ ဓာတ်ခွဲခန်းသို့ ပေးပို့ အရည်အချင်း အစစ်ခံခဲ့သည်။ အခြားသောမျိုးစေ့များကိုမူ "အရည်အသွေး ဖော်ပြထားသော" မျိုးစေ့များ[၃၅] အဖြစ် တံဆိပ်ကပ်၍ ဒေသတွင်းတွင်သာ ဖလှယ်မှုပြုခဲ့သည်။

## ၃) ပြောင်းလဲ ပြင်ဆင်ထားသော သီးနှံစီမံခန့်ခွဲမှု အလေ့အထများ အလုပ်ဖြစ်ကြောင်း အထောက်အထားများ ပိုမို များပြားလာပြီး လယ်သမားများ၏ လက်ခံကျင့်သုံးမှုလည်း တိုးတက်လာနိုင်သည်။

LIFT IP များက လယ်သမားများအား မတူညီသော ချဉ်းကပ်ပုံများ၊ နည်းလမ်းများကို လက်တွေ့အသုံးပြုခြင်းဖြင့် ၄င်းတို့၏ သီးနှံစိုက်ခင်းများ တိုးတက်မှုရှိရန် မည်သို့လုပ်ဆောင်ရမည်ကို အကြံဉာဏ်ပေးခဲ့ကြသည်။ အထူးသဖြင့် IRRI က အနာဂတ်ကာလ အကြံပေးလုပ်ငန်းများ မြန်ဆန်အကျိုးရှိစေနိုင်မည့် ပတ်ဝန်းကျင်ဖြစ်ရေးနှင့် ဆိုင်သည့် အလားအလာရှိသော အလေ့အကျင့်ကောင်းများကို ဖော်ထုတ်နိုင်ရန် ဆောင်ရွက်နေသည်။ တစ်ခုချင်းစီတွင် အားသာချက်၊ အားနည်း ချက်များ ကိုယ်စီရှိကြသည့် အချို့သော LIFT ၏ စိုက်ပျိုးရေး တိုးချဲ့လုပ်ငန်းများကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

ဇယား ၇။ အလွန်ရှုပ်ထွေးသောစနစ်မှသည် ရိုးရှင်းသောစနစ်ထိ ပါဝင်သော စိုက်ပျိုးနည်းစနစ်များ

| | | |
|---|---|---|
| ↑ | စပါး အထွက်တိုး နည်းစနစ် (SRI)[၃၆] | ပိုကောင်းသော ပျိုးထောင်မှု။ ကောက်ကွက် တစ်ကွက်လျှင် ပျိုးပင် တစ်ပင်။ သက်တမ်း ၈-၁၅ ရက်။ အတန်းလိုက်စိုက်။ အကွာအဝေး ကျယ် (၂၂ စင်တီ)။ ကောင်းမွန်သော ရေသွင်းရေထုတ်ပြုလုပ်ခြင်း။ ပေါင်းလိုက်ကိရိယာဖြင့် ပေါင်းရှင်းခြင်းနှင့် မြေဆီလွှာ လေသလပ်ခြင်း။ တစ်ပင်လျှင် ပင်ပွား ၂၅-၆၀ ပင်။ |
| | တစ်ပင်ချင်း ရွှေ့ပြောင်း စိုက်ပျိုးခြင်း | ပိုကောင်းသော ပျိုးထောင်မှု။ ကောက်ကွက် တစ်ကွက်လျှင် ပျိုးပင်တစ်ပင်။ သက်တမ်း ၂၀-၂၅ ရက်။ အတန်းလိုက်စိုက်။ အကွာအဝေးကျယ် (ပျိုးပင် သက်တမ်းအလိုက် ၁၇-၂၂ စင်တီ)။ ခြောက်တန်းတစ်တန်းလှပ်စနစ်။ ရေသွင်းရေထုတ်ပြုလုပ်ခြင်း။ တစ်ပင်လျှင် ပင်ပွား ၁၅-၂၀ ပင်။ |
| | လက်ဖြင့် ရွှေ့စိုက်ခြင်း နည်းသစ် | ကောက်ကွက် တစ်ကွက်လျှင် ပျိုးပင်၂-၃ ပင်။ သက်တမ်း ၂၀-၃၀ ရက်။ အတန်းလိုက် စိုက်။ ကျယ်ပြန့်သောအကွာအဝေး (၂၀-၂၂ စင်တီ)။ ခြောက်တန်းတစ်တန်းလှပ်စနစ်။ အနည်းငယ်သော ရေသွင်းရေထုတ်ပြုလုပ်ခြင်း။ ကောက်ကွက် တစ်ကွက်လျှင် ပင်ပွား ၁၅-၂၀ ပင်။ |
| ပိုမို ရှုပ်ထွေး၍ လုပ်သား လိုအပ်မှု လည်း ပိုမိုသည် | ပုံမှန် လက်ဖြင့် ရွှေ့စိုက်နည်း | ကောက်ကွက် တစ်ကွက်လျှင် ပျိုးပင် ၃-၆ ပင်။ သက်တမ်း ရက် ၃၀ အထက်။ အတန်းလိုက် မစိုက်။ ကျပ်တည်းသော အကွာအဝေး (၁၅-၁၇ စင်တီ)။ ရေသွင်း ရေထုတ်ပြုလုပ်ခြင်းမရှိ။ ကောက်ကွက်တစ်ကွက်လျှင် ပင်ပွား ၁၀-၁၅ ပင်။ |
| ↑ | စူးထိုး စိုက်ပျိုးခြင်း (အထူးပြုလုပ်ထားသော ခက်ရင်းခွ) | ကောက်ကွက် တစ်ကွက်လျှင် ပျိုးပင် ၇-၁၀ ပင်။ သက်တမ်း ရက် ၄၀ အထက်။ အတန်းလိုက် မစိုက်။ အကွာအဝေးစိပ်ခြင်း။ ရေနက် (၃၈ စင်တီကျော် အနက်)။ များသောအားဖြင့် ကြဲထားသော မျိုးစေ့များ အပင်မပေါက်သောနေရာများတွင် ရွှေ့ပြောင်းစိုက်ပျိုးနည်းဖြင့် အပင်ဖာပေးရသည်။ |
| | မျိုးစေ့ချ ကိရိယာဖြင့် တိုက်ရိုက် ချခြင်း | မျိုးစေ့အသုံးပြုမှု လျော့နည်း (တစ်ဧကလျှင် ၁-၁.၅ တင်း)။ အတန်းလိုက် စိုက်ပျိုးပြီး ပေါင်းလိုက်ရန် နေရာလုံလောက်။ အပင်များကြား ပေါင်းနှိမ်နင်းရန် လိုအပ်။ |
| | ပျိုးကြဲခြင်း | သိပ်သည်းသောစိုက်ပျိုးမှု (တစ်ဧကလျှင် ၁.၅-၃ တင်း)။ ရေမြုပ်လေ့ရှိသော နေရာများတွင် အသုံးပြုသည်။ ရေ/ဒီရေ မဝင်ခင်။ ဆုံးရှုံးနိုင်ခြေများ။ နောက်တစ်ကြိမ် ထပ်ကြဲရန် (သို့မ ဟုတ်) နေရာလပ်များတွင် ရွှေ့ပြောင်း စိုက်ပျိုးပေးရန် လို။ ပေါင်းလိုက်ရန် မလို။ |

၃၅ အရည်အသွေး ဖော်ပြထားသော မျိုးစေ့များနှင့် အသိအမှတ်ပြုလက်မှတ်ရ မျိုးစေ့များအကြောင်း အသေးစိတ်သိလိုပါက IRRI ၏ Website ဖြစ်သည့် http://www.knowledgebank.irri.org/ckb/quality-seeds-maize/design-a-seed-production-scheme-suitable-for-your-community.html တွင် လေ့လာနိုင်ပါသည်။

၃၆ စပါးအထွက်တိုး နည်းစနစ်များ (SRI) ကို လက်ခံ ကျင့်သုံးမှုနည်းပြီး တိုးချဲ့လုပ်သား အများစုက SRI နည်းသုံးရန် အကြံပြုလေ့မရှိပါ။ မြစ်ဝကျွန်းပေါ်မှ တောင်သူများအနေဖြင့် ရေကိုကောင်းမွန်စွာ ထိန်းချုပ်နိုင်ခြင်းမရှိဘဲ မုတ်သုံမိုး သည်းထန်စွာရွာသွန်းချိန်တွင် ဆုံးရှုံးနိုင်ချေ များလွန်းခြင်းကြောင့်ဖြစ်သည်။ ခြောက်သွေ့ရာသီတွင်ရေသွင်း၍ စပါးစိုက်ပျိုးမှုတွင် SRI အတွက် အလားအလာ အနည်းငယ်ရှိသော်လည်း လက်ရှိ တိုးချဲ့လုပ်ငန်းများတွင် ပါဝင်မှုမရှိသေးပါ။

IP များ၏ တိုးချဲ့နည်းပညာပေးလုပ်ငန်းများကြောင့် ပြောင်းလဲပြင်ဆင်ထားသော လက်ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးနည်းများအား တွင်ကျယ်စွာ အသုံးပြုလာကြသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် တောင်သူများသည် အစဉ်အလာအားဖြင့် ရေနက်ကွင်းများတွင် မျိုးစေ့ကြဲခြင်းနှင့် စူးထိုးစိုက်ပျိုးခြင်းနည်းများကို အသုံးပြုကြသည်။ အဆိုပါနည်းများသည် ဒေသတွင်း အခြေအနေများ အထူးသဖြင့် ရေလွှမ်းမိုးမှုနှင့် ဒီရေ၏သက်ရောက်မှုပိုများသည့် အောက်ပိုင်းဒေသများတွင် ကောင်းစွာအသားကျနေပြီ ဖြစ်သော်လည်း ပြောင်းလဲပြင်ဆင်ထားသော လက်ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးနည်းများ ထက် အထွက်နှုန်းလျော့နည်းသည်။ ကွဲပြားသော စိုက်ပျိုးနည်းစနစ်များနှင့် ပတ်သက်၍ ရှင်းလင်းချက်များကို ဇယား (၇) တွင် တွေ့နိုင်ပါသည်။

IP တိုးချဲ့ပညာပေးရေးလုပ်ငန်းများမှတဆင့် လက်ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးမှုအား အခြားသောပြောင်းလဲ တိုးတက်လာသော အလေ့အကျင့်များ ဖြစ်ကြသည့် အတန်းလိုက်စိုက်ခြင်း၊ ပိုကောင်းသောနေရ အသုံးချခြင်း၊ သို့မဟုတ် ငယ်ရွယ်သော ပျိုးပင်များအား အသုံးပြုခြင်းတို့နှင့် တွဲစပ်၍ အသုံးပြုကြသည်။ အဆိုပါ အခြေအနေအရ တောင်သူများသည် လက်ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးခြင်းစနစ်ကို လက်ခံကြသလို အားသာချက်များရှိသည့် အခြားသော အကျိုးရှိ စေသည့် အလေ့အကျင့်များကိုလည်း လက်ခံကြကြောင်း တွေ့ရှိရသည်။ မြစ်ဝကျွန်းပေါ်ဒေသအတွင်း FMO ၏ လေ့လာတွေ့ရှိမှုများအရ ဆိုက်ကလုန်းနာဂစ် တိုက်ခတ်ခဲ့ပြီးနောက်ပိုင်းတွင် လက်ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးနည်းစနစ်များကို လက်ခံအသုံးပြုမှု ပိုမိုများပြားလာကာ အချို့သောကျေးရွာများတွင် ရွှေ့ပြောင်း စိုက်ခြင်းနည်းကို အသုံးပြုသည့် ဧရိယာများ နှစ်စဉ်နှစ်တိုင်း နှစ်ဆခန့်တိုးပွားလာခဲ့သည်။ တောင်သူများက ယင်းဖြစ်ရပ်သည် NGO များ၏ တိုးချဲ့လုပ်ငန်းများ အားထုတ်ဆောင်ရွက်ကြောင့်ဖြစ်ကြောင်း အသိအမှတ်ပြုကြသည်။ ပြင်ဆင်ပြောင်းလဲထားသော နည်းစနစ်များနှင့် ယင်းတို့၏ အားသာချက်/ ဆုံးရှုံးနိုင်ခြေများအား ခြုံငုံနားလည် သဘောပေါက်မှုမှာလည်း ကောင်းမွန်လှပြီး တိုးချဲ့ပညာပေးရေးသင်တန်းများတွင် မပါဝင်ကြသော တောင်သူများသို့လည်း ဝေမျှမှုများ ရှိခဲ့သည်။ ပြင်ဆင်ပြောင်းလဲထားသော အလေ့အကျင့်များအား လက်ခံကျင့်သုံးမှုမှာ တစ်ညီတစ်ညွတ်တည်းတော့ မရှိသေးပေ။



WHH သည် ၄င်းဝင်ရောက် ဆောင်ရွက်နေသည့် ကျေးရွာများအားလုံးတွင် ၂၀၁၃ ခုနှစ် မိုးစပါးစိုက်ပျိုးမှုတွင် စိုက်၍ စိုက်စရိတ်ကျခံပေးခြင်းဖြင့် လက်ဖြင့်ရွှေ့ပြောင်းစိုက်ပျိုးခြင်းစနစ်အသုံးပြုရန် မိတ်ဆက်တိုက်တွန်းခဲ့သည်။ အဆိုပါ ရလဒ်အရ၊ လယ်သမား ၁၁၉ ဦးသည် ၄င်းတို့ပိုင်ဆိုင်သည့် လယ်ဧက စုစုပေါင်း ၄၅၈ တွင် လက်ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးနည်းစနစ်ကို အသုံးပြုခဲ့ကြပြီး WHH ထံမှ မြေဩဇာအထုပ်များအတွက် ၅၀% စရိတ် ကျခံစိုက်ပေးမှုကို ရရှိခံစားခဲ့ကြသည်။ အထွက်နှုန်းသည် သိသိသာသာတိုးတက်လာခဲ့သော်လည်း ယင်းလယ်သမားတိုင်းက နောက်လာမည့်ရာသီတွင် ထိုသို့ ထပ်မံစိုက်ပျိုးမည်ဆိုသည်မှာမူ မသေချာလှပေ။ ၄င်းတို့၏ ရွေးချယ်မှုသည် ရာသီဥတုအခြေအနေအပေါ်တွင်မူတည်ပြီး လက်ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးခြင်းနည်းသည် ရေကြီးနိုင်ခြေနည်းသည့် အခြေအနေမျိုးတွင်သာသင့်တော်သည်။ ထို့ပြင်လယ်သမားများ၏ လက်ဖြင့်ရွှေ့ပြောင်း စိုက်ပျိုးခြင်းအတွက် ပိုမိုလိုအပ်သည့် လုပ်အားခများအတွက် ရင်းနှီးမြှုပ်နှံနိုင်စွမ်း အပေါ်တွင်လည်းမူတည်သည်။ မည်သို့ပင်ဆိုစေကာမူ ကုန်ကျစရိတ် စိုက်ထုတ်ကျခံပေးခြင်းဖြင့် စွန့်စားရမှု အနည်းဆုံးအနေအထားဖြင့် အဆိုပါနည်းလမ်းအား စမ်းသပ်လုပ်ကိုင်ကြည့်နိုင်ရန်နှင့် ရိတ်သိမ်းမှုတွင် တိုးတက်မှုများရှိလာသည်ကို သိရှိအကဲဖြတ်ရန် အခွင့်အလမ်းကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။

ဘိုကလေးမြို့နယ်တွင် လက်ဖြင့် ရွှေ့ပြောင်းစိုက်နေမှုကို တွေ့ရစဉ်

၁၇ စပါးအထွက်တိုး နည်းစနစ်များ (SRI) ကို လက်ခံကျင့်သုံးမှုနည်းပြီး တိုးချဲ့လုပ်သားအများစုက SRI နည်းသုံးရန် အကြံပြုလေ့ မရှိပါ။ မြစ်ဝကျွန်းပေါ်မှ လယ်သမားများအနေဖြင့် ရေကို ကောင်းမွန်စွာ ထိန်းချုပ်နိုင်ခြင်းမရှိဘဲ မုတ်သုံမိုး သည်းထန်စွာရွာသွန်းချိန်တွင် ဆုံးရှုံးနိုင်ခြေများလွန်းခြင်းကြောင့်ဖြစ်သည်။ ခြောက်သွေ့ရာသီတွင် ရေသွင်း၍ စပါးစိုက်ပျိုးမှုတွင် SRI အတွက် အလားအလာ အနည်းငယ်ရှိသော်လည်း လက်ရှိ တိုးချဲ့လုပ်ငန်းများတွင် ပါဝင်မှုမရှိသေးပါ။

လက်ဖြင့်ရွှေ့ပြောင်းစိုက်ပျိုးမှုတွင် ကျယ်ကျယ်ပြန့်ပြန့် မတွေ့ရသေးသော ကျွမ်းကျင်မှုအရည်အချင်းများ လိုအပ်သဖြင့် လုပ်အားခများက အဟန့်အတားတစ်ခု ဖြစ်လာခဲ့သည်။ ထို့ကြောင့် GRET နှင့် ရတနာရောအဖွဲ့တို့သည် တောင်သူအဖွဲ့များအားစုစည်း၍ နည်းပညာများသင်ကြားပေးခဲ့သည်။ FMO ကလည်း ယင်းကဲ့သို့ စုစည်းဆောင်ရွက်သော နည်းလမ်းမှတဆင့် ဝင်ငွေတိုးတက်လာခဲ့သည့် အချို့သောအမျိုးသမီးအဖွဲ့များနှင့် တွေ့ဆုံခဲ့သည်။ ကျေးရွာ အများအပြားတွင် တောင်သူများအနေဖြင့် လက်ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးခြင်း တိုးချဲ့လုပ်ငန်းများအတွက် အလားအလာများ အပြည့်အဝရှိနေပြီး ရွှေ့ပြောင်းစိုက်ပျိုးသည့် ဧရိယာများလည်း ပုံမှန်တိုးတက်များပြားလာခဲ့သည်။

**မျိုးစေ့ချကိရိယာ အသုံးပြုမှုအား အားပေးမြှင့်တင်ပေးခြင်းသည် ခြောက်သွေ့ရာသီတွင် စိုက်ပျိုးသည့်စပါးနှင့် အထူးကိုက်ညီသည်။** မျိုးစေ့ချကိရိယာ အသုံးပြုခြင်းနှင့် ပျိုးကြဲခြင်းသည် လုပ်အားသက်သာသော နည်းလမ်းများဖြစ်ပြီး လယ်ကွင်းများအား လျင်မြန်စွာစိုက်ပျိုးရန်လိုအပ်ပြီး လုပ်အားသည်လည်း ရရှိနိုင်မှုနှင့် ငွေကြေးအခြေအနေတို့အရ အကန့်အသတ်ဖြင့်သာရှိသည့် အချိန်နှင့်နေရာများတွင် အသုံးပြုကြသည်။ ယင်းနည်းကို ဒီရေတက်သည့်အခါ အလျင်ဆုံးရေမြုပ်နိုင်သည့် အနိမ့်ပိုင်းမြေကွက်များတွင် မိုးရာသီအတွင်း အသုံးပြုကြသည်။ ထို့အပြင် နွေစပါးစိုက်ပျိုးချိန်တွင် လယ်မြေပြင်ဆင်မှုများဆောင်ရွက်ချိန်နှင့် မိုးစပါးရိတ်သိမ်းချိန် တိုက်ဆိုင်နေသည်အခါ လုပ်အားရနိုင်သည်ထက် လိုအပ်မှုပိုမိုသည့်အခါ ဤနည်းစနစ်ကို အသုံးချနိုင်သည်။

မျိုးစေ့ချကိရိယာများသည် တောင်သူများအတွက် အသုံးဝင်သည်ဆိုသည်ကို သက်သေပြနိုင်ခဲ့ပြီးဖြစ်ပါသည်။ ရတနာရောအဖွဲ့အနေဖြင့် မျိုးစေ့ချကိရိယာများအား ကျေးရွာတောင်သူအဖွဲ့ ၂၅ ဖွဲ့အားပေးအပ်ခဲ့သည်။ ကျေးရွာတစ်ရွာတွင် တောင်သူများသည် မျိုးစေ့ချကိရိယာတစ်ခုတည်းဖြင့် နွေစပါး ဧက ၇၀ (တစ်နေ့လျှင် ခြောက်ဧကနှုန်း) စိုက်ပျိုးနိုင်ကြောင်းနှင့် ရလဒ်အလွန်ကောင်းမွန်ကြောင်း FMO အား ပြောပြခဲ့သည်။ ရွာသားများအနေဖြင့် နောင်လာမည့်ရာသီအတွက် မျိုးစေ့ကိရိယာများဝယ်ယူရန် အသင့်ရှိကြောင်းလည်းတွေ့ရသည်။ သို့သော်လည်း WHH/ GRET အဖွဲ့က မျိုးစေ့ချကိရိယာများအသုံးပြုခြင်းသည် အခက်အခဲရှိကြောင်း အစီရင်ခံကြသည်။ အညှောင့်ပေါက်နေသော မျိုးစေ့များသည် ကိရိယာ၏အပေါက်များတွင်ပိတ်ဆို့ကာ မညီညာသောအစေ့ကျရောက်မှုကို ဖြစ်ပေါ်စေတတ်ကြောင်းသိရသည်။ မိုးသည်းထန်စွာရွာသွန်းလျှင်ဖြစ်စေ၊ ဒီရေဝင်ရောက်လျှင်ဖြစ်စေ မျိုးစေ့များ နေရာရွေ့သွားပြီး အတန်းလိုက်မပေါက်နိုင်တော့ဘဲ နောက်ပိုင်းတွင် ဤစနစ်၏ အဓိကအားသာချက်ဖြစ်သော ပေါင်းလိုက်ကိရိယာဖြင့် ပေါင်းလိုက်ခြင်းအတွက် အဟန့်အတားဖြစ်လာသည်။ ထို့ကြောင့် မျိုးစေ့ချကိရိယာသည် ဒီရေလွှမ်းမိုးမှုမရှိဘဲ တောင်သူများအနေဖြင့် ပေါင်းပင်များကိုနှိမ်နင်းရန်အသင့်ရှိသည့် နွေစပါးစိုက်ပျိုးမှုအတွက် အဓိကအသုံးဝင်သော ကိရိယာတစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။

**တိုးတက်ပြောင်းလဲထားသော ပျိုးခင်းစီမံခန့်ခွဲမှု၊ မြေသြဇာအသုံးပြုမှု၊ ပေါင်းပင်နှိမ်နင်းမှုနှင့် ပိုးမွှားထိန်းချုပ်မှုများအတွက် သင့်လျော်သော တိုးချဲ့လုပ်ငန်းအကြံပြုသတင်းများကို သတ်မှတ်ဖော်ပြနိုင်ရန် ဆက်လက်စမ်းသပ်မှုနှင့် စီးပွားရေးလေ့လာဆန်းစစ်မှုတို့ လိုအပ်သည်။** စမ်းသပ်မှုများ ဆက်တိုက်ပြုလုပ်ပြီးနောက်တွင် ကောင်းစွာစမ်းသပ်စစ်ဆေးထားသော အလေ့အကျင့်များနှင့် အနာဂါတ်အကြံပေးလုပ်ငန်းများအတွက် အထောက်အကူပြုမည့် စီးပွားရေးလေ့လာဆန်းစစ်မှု အချက်အလက်များအား IRRI က ထုတ်ဖော်ပြသခဲ့သည်။

ပေါင်းပင်နှိမ်နင်းမှုသည် အထူးသဖြင့် ခြောက်သွေ့သောရာသီတွင် အလွန်အရေးကြီးသောကိစ္စဖြစ်သည်။ တောင်သူအများစုသည် ပေါင်းပင်များပေါက်ပွားမှုကိုကန့်သတ်ရန် မျိုးစေ့ပမာဏအများအပြား ကြဲပက်စိုက်ပျိုးကြသည်။ လက်ဖြင့်ပေါင်းရှင်းမှု လက်တွေ့သရုပ်ပြခြင်းကို ရွာနှစ်ရွာတွင်ဆောင်ရွက်ခဲ့ရာ အထွက်နှုန်း ၁၄% နှင့် ၁၇% အသီးသီး တိုးတက်လာခဲ့သည်။ သို့သော်လည်း လက်ဖြင့်ပေါင်းရှင်းသည့် နည်းလမ်းသည် လုပ်အားခအလွန်ကုန်ကျပြီး လက်တွေ့ကျသည့် ရွေးချယ်မှုတစ်ခု အမြဲတမ်းမဖြစ်နိုင်ပေ။ IRRI က ပေါင်းပင်ပေါက်ရောက်မှုကောင်းစွာထိန်းချုပ်နိုင်မှုနှင့် အထွက်နှုန်းတိုးမှုကို ထောက်ကူပေးနိုင်မည့် ပေါင်းသတ်ဆေးမျိုး ဖော်ထုတ်သတ်မှတ်နိုင်ရန် စမ်းသပ်မှုများကို ကျေးရွာသုံးရွာတွင် စမ်းသပ်ဆောင်ရွက်ခဲ့သည်။[၃၈] ပေါင်းသတ်ဆေးငါးမျိုးကို စမ်းသပ်ခဲ့ပြီး ရလဒ်များကို လက်ရှိအသုံးပြုနေသည့် ဓါတုဗေဒမပါသော ပေါင်းရှင်းနည်းများဖြင့် နှိုင်းယှဉ်ကြည့်ခဲ့သည်။ ပေါင်းသတ်ဆေးများ အသုံးပြုခြင်းဖြင့် ဝင်ငွေနှစ်ဆကျော် တိုးလာကြောင်းတွေ့ရှိခဲ့ရသည်။ သို့သော်လည်း ပေါင်းသတ်ဆေးများ၏ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်များကြောင့် အသုံးပြုမှုကို သေသေချာချာစဥ်းစားရန် လိုအပ်

---

၃၈ LIFT IP များအနေဖြင့် ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ အသုံးပြုခြင်းကို အားမပေးသော်လည်း ၎င်းတို့အား အလွယ်တကူ ရရှိ အသုံးပြုနိုင်နေခြင်းကြောင့် အချို့သော IP များက ၎င်းဆေးများအား အန္တရာယ်ကင်းစွာ အသုံးချနိုင်ရေး သင်တန်းပေးခြင်း၊ မည်သည့် အမျိုးအစားများက သုံးစွဲရန် သင့်တော်ကြောင်း မည်သည်က မသင့်တော်ကြောင်း၊ မည်သို့ အသုံးပြုရကြောင်း၊ စီးပွားရေးအရ တွက်ချေ ကိုက်သော်လည်း မည်မျှပမာဏ အသုံးပြုလျှင် လယ်သမားများ၏ ကျန်းမာရေးနှင့် သဘာဝ ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိကြောင်း ရှင်းပြခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

သည်။[၃၉] IRRI ကလည်း ပျိုးခင်းပျိုးဘောင်များ စီမံခန့်ခွဲမှု စမ်းသပ်ဆောင်ရွက်ခြင်းနှင့် မိုးစပါးအတွက် မြေသြဇာစမ်းသပ်မှုများကို ဆောင်ရွက်ခဲ့ရာ ကောင်းမွန်သောရလဒ်များ ရရှိခဲ့သည်။

တောင်သူအကြံပေးလုပ်ငန်းများမှတဆင့် မည်သို့ချဉ်းကပ်ခြင်းသည် အကောင်းဆုံးဖြစ်သည်ဆိုသည့် မေးခွန်းမှာ အဖြေမရှိဘဲ ကျန်နေဆဲဖြစ်သည်။ အချို့သောတိုးချဲ့လုပ်ငန်းများသည် LIFT IP များအတွက် ဂန်ထမ်းလိုအပ်ချက် အနေနှင့်သာမက တောင်သူတစ်ဦးချင်းစီအတွက် ကုန်ကျစရိတ်အနေဖြင့်ပါ မြင့်မားလှပြီး တောင်သူများ၏ အချိန်လည်း အများအပြားလိုအပ်သည်။ ဆန့်ကျင်ဘက်အားဖြင့် Proximity Designs ၏ တောင်သူပညာပေး လုပ်ငန်း (FAS) ချဉ်းကပ်ပုံနည်းလမ်းသည် လိုအပ်မှုအလိုက် ဝန်ဆောင်မှုပေးခြင်းဖြစ်သဖြင့် လိုအပ်ချက်နည်းပါး သည်။ ၂၀၁၃ ခုနှစ် အကုန်တွင် ယင်း၏ FAS အဖွဲ့သည် တောင်သူစုစုပေါင်း ၁၁,၁၂၂ အား ဆားရည်အသုံးပြု မျိုးစေ့ရွေးချယ်နည်းကို သင်ကြားပေးနိုင်ခဲ့ပြီး မတူညီသောအခြေအနေအမျိုးမျိုးအတွက် သင့်လျော်သော ရိုးရှင်းပြီး ကောင်းစွာ စမ်းသပ်ထားသည့် နည်းစနစ်များအား တောင်သူအများအပြားထံ မျှဝေပေးနိုင်ခဲ့သည်။ သို့သော် ဤစနစ်သည် လက်ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးခြင်း (သို့မဟုတ်) SRI စနစ်များကဲ့သို့ ရှုပ်ထွေးသော နည်းစနစ်များတွင် ထိရောက်မှုနည်းနိုင်သည်။

ဆားငန်ရေတိုးသော ဧရိယာများတွင် ဆောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းမှုများမအောင်မြင်ခဲ့ပါ။ LIFT IP များအနေဖြင့် မြစ်ဝကျွန်းပေါ်ဒေသ တောင်ပိုင်းရှိ ဆားငန်ရေတိုးသော ဧရိယာများတွင် ဆောင်းသီးနှံအမျိုးမျိုး စိုက်ပျိုးနိုင်ရန် နည်းပညာအကြံပေးခြင်းဖြင့် တောင်သူများအား ပံ့ပိုးနိုင်ရန် အထူးအားထုတ်ကြိုးပမ်းခဲ့ကြသည်။ သို့သော်လည်း စမ်းသပ်စိုက်ကွက်အများစုသည် သီးနှံအပေါ်မူတည်၍ မြေဆီလွှာ (သို့မဟုတ်) ရောဂါပိုးမွှားနှင့် ဆိုင်သည့် အကြောင်းများကြောင့် အောင်မြင်မှုမရခဲ့ပေ။ FMO အနေဖြင့် မြစ်ဝကျွန်းပေါ် အောက်ပိုင်းဒေသများတွင် ဆောင်းသီးနှံများ စိုက်ပျိုးဖြစ်ထွန်းနိုင်ရန်အတွက် ယနေ့အချိန်ထိ ဆောင်ရွက်ခဲ့သည်များထက် ပိုမိုအားကောင်း သော စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများပြုလုပ်၍ လယ်ယာစိုက်ပျိုးရေး နည်းစနစ်သစ်များ ဖော်ထုတ် ရန် လိုအပ်ကြောင်း မှတ်တမ်းတင်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအား ရန်ပုံငွေထောက်ပံ့ရန်မှာ LIFT ၏ လက်ရှိ လုပ်ဆောင်နေသည့် စီမံကိန်းနယ်ပယ်များတွင် အကျုံးမဝင်ဖြစ်နေပါသည်။



မြစ်ဝကျွန်းပေါ်ကျေးရွာတစ်ရွာတွင် တောင်သူများက မျိုးစေ့ချကိရိယာတစ်ခုတည်းဖြင့် နွေစပါး ဧက ၇၀ (တစ်နေ့လျှင် ၆ ဧကနှုန်း) ကို စိုက်ပျိုးနိုင်ကြောင်း FMO အား ပြောပြခဲ့သည်။ မျိုးစေ့ချကိရိယာသည် ဒီရေလွှမ်းမိုးမှု မရှိဘဲ တောင်သူများအနေဖြင့် ပေါင်းပင်များအား ထိန်းချုပ်မှုပြုလုပ်ရန်အသင့်ရှိသည့် နွေစပါး စိုက်ပျိုးမှုအတွက် အဓိကအသုံးဝင်သော ကိရိယာတစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။

မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေသော လယ်သမားတစ်ဦး

၃၉ FMO ၏ ရွာသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုများက IP များ၏ တိုးချဲ့လုပ်ငန်း အစီအစဉ်များနှင့် မဆိုင်ဘဲ နွေစပါးအတွက် ပေါင်းသတ်ဆေးအသုံးပြုမှုသည် မြစ်ဝကျွန်းပေါ်ဒေသအတွင်း ပျံ့နှံ့နေပြီးဖြစ်ကြောင်း ဖော်ပြနေသည်။

## ၄) ထိရောက်သော ရိတ်သိမ်းချိန်လွန် နည်းပညာများကြောင့် စပါးလေလွင့်မှုကို သိသိသာသာ လျှော့ချနိုင်ခဲ့သည်။

ရိတ်သိမ်းပြီးနောက် လေလွင့်မှုများလျော့ကျစေရန်နှင့် အခြောက်လှမ်းခြင်း၊ သိုလှောင်ခြင်းနှင့် ကြိတ်ခွဲခြင်း လုပ်ငန်းစဉ်များတလျှောက် အကောင်းဆုံး ဆန်အရည်အသွေးရရှိစေရန် ကြိုးပမ်းခြင်းက အထွက်တိုးရေး တစ်ခုတည်းကိုသာ ဦးတည်ဆောင်ရွက်နေခြင်းထက် စီးပွားရေးအရ အလားအလာပိုရှိသည်။ တောင်သူ အားလုံးနီးပါးသည် ရိတ်သိမ်းထားသော စပါးများအား ကောက်ရိုးပုံပေါ်တွင် နှစ်ရက် (သို့မဟုတ်) အခြားသီးနှံ များအား စိုက်ပျိုးရင်း  အလုပ်များနေပါက ထိုထက်ပိုပြီးပစ်ထားခြင်းဖြင့် လယ်ကွင်းအတွင်း ခြောက်သွေ့စေသော နည်းလမ်းကို အသုံးပြုကြသည်။ ယင်းအပြုအမူသည် ရာသီဥတုဆိုးရွားသောအခြေအနေများတွင် စပါးများ အကြီးအကျယ်လေလွင့်စေနိုင်ကြောင်း ၂၀၁၂ ခုနှစ် သာဓကများအရသိနိုင်သည်။

၂၀၁၃ ခုနှစ်တွင် IRRI က ရိတ်သိမ်းချိန်လွန်ကာလဆိုင်ရာ လေ့လာသင်ယူမှု မဟာမိတ်အဖွဲ့ကို တည်ထောင်ခဲ့ပြီး NGO များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရဌာနများမှ ကိုယ်စားလှယ်များပါဝင်ခဲ့ကြပါသည်။ ထိုအဖွဲ့က စပါး အခြောက်လှမ်းခြင်း၊ ကြိတ်ခွဲထွက်ရှိသည့် ဆန်အရည်အသွေး၊ မျိုးစေ့များသိုလှောင်မှုစသည့် ရိတ်သိမ်းချိန်လွန် ပြဿနာများအားဖြေရှင်းနိုင်ရန် ရည်ရွယ်ခဲ့သည်။ ၎င်းတို့၏ လုပ်ဆောင်ချက်အချို့ကို အောက်တွင်ဖော်ပြထားပါ သည်။

ကောက်ရိတ်စက်များနှင့် ခြွေလှေ့စက်များ လူကြိုက်များလာခြင်း - စိုက်ပျိုးရေး ဦးစီးဌာန (DoA) က ကောက်ရိတ် စက်များအား တစ်ရာသီလျှင် ငွေကျပ် ၆၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၆၂၅ ခန့်) နှုန်းဖြင့် တောင်သူများသို့ ငှားရမ်းပေးခဲ့ပြီး ယင်းဝန်ဆောင်မှုကို ရယူလိုသူများခဲ့ပုံရသည်။ ၂၀၁၃ ခုနှစ် မတ်လတွင် WHH က ကျေးရွာဖွံ့ဖြိုး ရေး ကော်မတီနှစ်ခု၏ စီမံခန့်ခွဲမှုဖြင့် အသုံးပြုရန် ကောက်ရိတ်စက်နှစ်လုံး ဝယ်ယူပေးခဲ့ပြီး ခြောက်သွေ့ရာသီ မြေအနေအထားတွင် စမ်းသပ်အသုံးပြုခဲ့သည်။ တံစဉ်အသုံးပြုရိတ်သိမ်းမှုနှင့် နှိုင်းယှဉ်လျှင် သီးနှံလေလွင့်မှု ၅၀% လျော့နည်းသွားသည်။ သို့သော်လည်း အဆိုပါကောက်ရိတ်စက်များကိုပင် ၂၀၁၃ ခုနှစ် မိုးရာသီတွင် စမ်းသပ်ရာ ပျော့၍ အစိုဓာတ်များသော မြေအနေအထားတွင် အသုံးပြုရန်မသင့်တော်ကြောင့်တွေ့ရသည်။


ရိတ်သိမ်း ခြွေလှေ့စက်များအား လူကြိုက်များမှု မြင့်တက်လာခဲ့သည်။

သစ်သားခြွေလှေ့ကိရိယာ တပ်ဆင်ထားသော စက်တပ်ခြွေလှေ့စက်များသည် တောင်သူ များ အလွယ်တကူ ပြင်ဆင်နိုင်သောကြောင့် လူကြိုက်များလာသည်။ စပါးခင်းထဲအထိ သယ်သွားနိုင်ပြီး ရိတ်သိမ်းပြီးပြီးချင်း စိုနေစဉ်မှာပင် ခြွေလှေ့နိုင်သောကြောင့် အပေါ့စားခြွေလှေ့စက်များကိုလည်း တောင်သူများ စိတ်ဝင်စားကြသည်။ IRRI မှ ရိတ်သိမ်းချိန်လွန် ကျွမ်းကျင်ပညာရှင်က ဘိုကလေးမှ လယ်ယာစိုက်ပျိုးရေးသုံး ကိရိယာများထုတ်လုပ်သူ တစ်ဦးအား ဆက်သွယ်၍ IRRI ၏ ဒီဇိုင်းအတိုင်း အပေါ့စား ခြွေလှေ့စက်နှစ်လုံးကို ထုတ်လုပ် စေခဲ့သည်။ အဆိုပါစက်နှစ်လုံးကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် စပါးခင်းများတွင် စမ်းသပ်အသုံးပြုခဲ့ရာ တောင်သူများထံမှ ကြိုက်နှစ်သက်သည်ဆိုသော တုန့်ပြန်မှုများ ရခဲ့သည်။

အပြန့်လိုက် အခြောက်ခံကိရိယာများနှင့် နေရောင်ခြည်သုံး အခြောက်ခံကိရိယာများသည် စပါးကျီနှင့် ချိတ်ဆက် သုံးနိုင်ပြီး အလားအလာကောင်းများ ပြသနေသည်။ GRET နှင့် IRRI တို့သည် ၂၀၁၃ မိုးရာသီအကုန်တွင် ရိတ်သိမ်းချိန်လွန် လုပ်ငန်းစကြံ်နတစ်ခုကို ပူးပေါင်း၍ စမ်းသပ်ထူထောင်ခဲ့ပြီး ယင်းကို ရိတ်သိမ်းချိန်လွန်လုပ်ငန်းများ  အထောက်အကူပြုရန်၊ ဆန်အရည်အသွေး မြှင့်တင်ပေးရန်နှင့်

---

၄၀ မက်ထရစ်တန် သုံးတန် ဝန်အားအတွက် အမေရိကန်ဒေါ်လာ ၄,၅၀၀

ဈေးကွက်တင်ပို့ရာတွင် လွယ်ကူစေရန် သရုပ်ပြနေရာတစ်ခုအနေဖြင့် အသုံးပြုခဲ့သည်။ အဆိုပါနေရာတွင် အပြန့်လိုက် အခြောက်ခံကိရိယာ[၄၁] တစ်လုံးနှင့် စပါးကျီ တစ်လုံး (၂၀၁၄ ခုနှစ်တွင် တည်ဆောက်သွားမည်) တို့ကို ပေါင်းစပ်ဖန်တီးထားသည်။ အနီးအနားမှ ကျေးရွာရှစ်ရွာတို့က လည်း တည်ဆောက်မှုအတွက် ရန်ပုံငွေနှင့်လုပ်အားများ ပူးပေါင်းထည့်ဝင်ခဲ့ကြသည်။ စီမံခန့်ခွဲရေး ကော်မတီတစ်ခုကိုလည်းဖွဲ့စည်းပြီး စက်ပစ္စည်းများ စီမံခန့်ခွဲအသုံးပြုပုံကို သင်တန်းပေးခဲ့ကာ စီးပွားရေး စံပုံစံတစ်ခုအနေဖြင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခဲ့သည်။ စပါးများကို စုပေါင်းသိုလှောင်ထားပြီး ဖြစ်နိုင်ဖွယ် အကောင်းဆုံး ဈေးနှုန်းရချိန်တွင် ထုတ်ရောင်းကြမည်ဖြစ်သည်။ အဆိုပါလုပ်ဆောင်မှုတွင် ဈေးကွက် အခြေအနေများကိုသတ်မှတ်ရန်နှင့် ဈေးနှုန်းနှင့်အရည်အသွေးအကြား ဆက်နွယ်မှုကို နားလည်မှုရှိစေရန် ဆန်စက်ပိုင်ရှင်များနှင့် ဆွေးနွေးမှုများလည်းပါဝင်သည်။

၂၀၁၂ ခုနှစ်ကတည်းက ရတနာရောအဖွဲ့သည် ပြည်တွင်း၌ ပုံစံထုတ်ထားပြီး သဘာဝမြေသြဇာ ထုတ်လုပ်ရာတွင်လည်း အသုံးပြုနိုင်သည့် အပြန့်လိုက် အခြောက်ခံကိရိယာငါးခုကို ယင်း၏စီမံကိန်းရွာများတွင် တပ်ဆင်ထား ခဲ့ပြီးဖြစ်သည်။[၄၂] IRRI က အခြောက်ခံနည်းပညာသစ်တစ်မျိုးဖြစ်သည့် ဈေးသက်သာပြီး ရိုးရှင်း၍ ရွှေ့ပြောင်း သယ်ယူနိုင်သော နေရောင်ခြည်သုံးအခြောက်ခံကိရိယာများ အသုံးပြုနိုင်ရန် ကြိုးပမ်းနေခဲ့သည်။ ထိုပြင် ယင်းအခြောက်ခံကိရိယာအား အသုံးမပြုချိန်တွင် ဆိုလာပြားများအား အိမ်များအတွက် လျှပ်စစ်ဓါတ်အားထုတ်လုပ်ရန် အသုံးပြုနိုင်မည် ဖြစ်သည်။ ယင်းစက်ပစ္စည်းငါးစုံကို မြန်မာနိုင်ငံအတွင်းသို့ IRRI က တင်သွင်းခဲ့ပြီးဖြစ်ကာ ၂၀၁၄ ခုနှစ်တွင် LIFT စီမံကိန်းရွာများမှ တောင်သူများနှင့် စမ်းသပ်အသုံးပြုသွားမည်ဖြစ်သည်။

သိုလှောင်ရာတွင် လေလွင့်မှုသည် နှိုင်းယှဉ်မှုအရ စနစ်တကျသိုလှောင်နိုင်သည်ဟု ယူဆနိုင်သော သိုလှောင်ရုံများတွင်ပင် ပြဿနာတစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်သည်။ ၂၀၁၃ ခုနှစ်အတွင်းတွင် IRRI နှင့် GRET တို့သည် အိတ်အမျိုးမျိုး အသုံးပြုသိုလှောင်ခြင်းနှင့် သမားရိုးကျသိုလှောင်ခြင်းတို့အကြား နှိုင်းယှဉ်ကြည့်နိုင်ရန် တောင်သူများဦးဆောင်သည့် စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။ မြေအနည်းငယ်သာပိုင်သည့် တောင်သူများအနေဖြင့် စပါးပမာဏများများ မသိုလှောင်ဟုယူဆကာ မက်ထရစ်တန်တစ်တန်ဆံ့ IRRI GrainSaves™ အသုံးပြုသော လေအလုံပိတ်သိုလှောင်မှုစနစ်သစ်သည် အသင့်တော်ဆုံး နည်းစနစ်ဖြစ်သည်ဟု မှတ်ယူခဲ့သည်။ LIFT IP များသည် လက်ရှိလုပ်ဆောင်နေသည့် စုပေါင်းသိုလှောင်သည့်စနစ် (အောက်ပါအခန်းခွဲ ၅ တွင် ရှုပါ) တွင် အဆိုပါအိတ်များနှင့် ပေါင်းစပ်အသုံးပြုရန် သို့မဟုတ် ကျေးရွာအဆင့် မျိုးစေ့ထုတ်လုပ်သူများထံ ပံ့ပိုးပေးရန် စဉ်းစားကြသည်။ သိုလှောင်မှုသရုပ်ပြခြင်းများအား ၂၀၁၄ တွင် ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။

### ၅) ကျေးရွာဆန်စက်များ အဆင့်မြှင့်တင်ခြင်းဖြင့် ကြိတ်ခွဲနိုင်မှု စွမ်းရည်မြင့်တက်လာသည့်အပြင် လယ်သမားများအတွက်လည်း ကုန်ကျစရိတ်သက်သာစေခဲ့သည်။

တောင်သူများအနေဖြင့် ၎င်းတို့စပါးများကို ကြားခံပွဲစားများနှင့် ဆန်စက်များသို့ ရောင်းချကြချိန်တွင် အချို့တောင်သူများကမူ ၎င်းတို့ကိုယ်တိုင်စားသုံးရန်နှင့် ဒေသတွင်းဈေးကွက်၌သာ ရောင်းချရန် ဒေသတွင်းရှိ ဆန်စက်များတွင်သာ ကြိတ်ခွဲကြသည်။ သို့သော်လည်း ဒေသတွင်းဆန်စက်များ၏ စွမ်းဆောင်ရည် အားနည်းပြီး ကြိတ်ခွဲမှု ကုန်ကျစရိတ်မြင့်မားသဖြင့် ထုတ်ကုန်အပေါ် ဖြည့်စွက်တန်ဖိုးမှာလည်း နည်းပါးလေ့ရှိသည်။

IP သုံးဖွဲ့ဖြစ်သည့် AVSI၊ Mercy Corps နှင့် WHH တို့သည် ဆန်ကြိတ်ခွဲမှု လုပ်ငန်းစဉ်များအား အရည်အသွေးမြှင့်တင်ပေးရန်နှင့် တောင်သူများ ၎င်းတို့၏ စပါးများကြိတ်ခွဲရာတွင် ကုန်ကျစရိတ်သက်သာစေရန် ကွဲပြားသော ချဉ်းကပ်နည်းများဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့သည် လယ်မြေအနည်းငယ်သာ လုပ်ကိုင်သည့် တောင်သူများ ဝန်ဆောင်မှု လက်လှမ်းမီနိုင်စေရေးအတွက် ကျေးရွာအခြေပြု အသေးစားဆန်စက်များဖြင့်သာ

၄၁ ၂၀၁၃ တွင် လယ်သမား (၃၆) ဦးက သဘာဝ မြေသြဇာ ၂၄.၅ မက်ထရစ်တန် ထုတ်လုပ်ခဲ့သည်။

ဇယား ၈။ ကျေးရွာဆန်စက်များအား ပံ့ပိုးပေးသည့် ရင်းနှီးမြုပ်နှံမှုသုံးခုအား နှိုင်းယှဉ်ချက်

| အကြောင်းအရာ | WHH (၂၀၁၃) | Mercy Corps (၂၀၁၂) | Mercy Corps (၂၀၁၃) |
|---|---|---|---|
| ပံ့ပိုးခဲ့သည့် ဆန်စက် အရေအတွက် | ၆ | ၃၀ | ၁၈ |
| ဆန်စက် အရွယ်အစား (ကြိတ်ခွဲနိုင်မှု ပမာဏ) | အသေးစားနှင့် အလတ်စား (တစ်နေ့လျှင် ၃-၈ တန်) | အကြီးစား ၁ (တစ်နေ့ တန် ၂၀ အထက်) အလတ်စား ၉ (တစ်နေ့ ၅-၈ တန်) အသေးစား ၂၀ (တစ်နေ့ ၅ တန် အောက်) | အလတ်စား ၁ (တစ်နေ့လျှင် ၅-၈ တန်) အသေးစား ၁၇ (တစ်နေ့လျှင် ၅ တန်အောက်) |
| ဆန်စက်အလိုက် ပံ့ပိုးခဲ့သည့် ပမာဏ | အမေရိကန်ဒေါ်လာ ၂၁,၅၀၀ - ၁၁,၅၀၀ | အမေရိကန်ဒေါ်လာ ၁,၀၅၀ - ၁၅,၆၀၀ | အမေရိကန်ဒေါ်လာ ၂,၀၅၀ - ၃,၁၂၅ |
| ဆန်စက်များ အဆင့်မြှင့်တင်ရန် LIFT မှ ရင်းနှီးခဲ့သည့် စုစုပေါင်း ပမာဏ | အမေရိကန်ဒေါ်လာ ၃၃,၅၀၀ | အမေရိကန်ဒေါ်လာ ၁၀၃,၈၀၀ | အမေရိကန်ဒေါ်လာ ၄၈,၈၀၀ |
| သင်တန်း | ဆန်စက်ပိုင်ရှင် ၁၁ ဦးသည် Business Capacity Building Center[92] နှင့် ပူးပေါင်း၍ စီးပွားရေး အစီအစဉ်တစ်ခု ပြင်ဆင်ခဲ့သည်။ | ဆန်စက်ပိုင်ရှင် ၃၃ ဦးသည် Business Capacity Building Center နှင့် ပူးပေါင်း၍ စီးပွားရေး အစီအစဉ်တစ်ခု ပြင်ဆင်ခဲ့သည်။ ဆန်စက်ပိုင်ရှင်များသို့ တိုက်ရိုက်ချေးငွေပေးသည်။ | မရှိပါ။ |
| ပံ့ပိုးမှု အမျိုးအစားနှင့် စာချုပ် | ဆန်စက်ပိုင်ရှင်များသို့ငွေကြေး မဟုတ်သော ပံ့ပိုးမှုများ။ ဆန်စက်ပိုင်ရှင်များကဈေးနှုန်း အဆိုပြုလွှာနှင့်ရွေးချယ်မှု ပြုလုပ်ခဲ့။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် ဆန်စက်ပိုင်ရှင် များ အကြား ချေးငွေအတွက် စာချုပ် ချုပ်ဆို။ ဆန်စက်ပိုင်ရှင် များကစက်ပစ္စည်းများအတွက် ကုန်ကျစရိတ်၊ တပ်ဆင်ခနှင့် အဆောက်အဦ ပြင်ဆင်မှုများ အတွက် ငွေကြေးထည့်ဝင်။ | MC နှင့်ဆန်စက်ပိုင်ရှင် တစ်ဦးချင်းစီအလိုက် သဘောတူညီမှုယူ။ ဆန်စက်ပိုင်ရှင်များမှ ၂၅% ရင်းနှီးမြုပ်နှံ။ | စာချုပ် ၂ မျိုး - လယ်ယာထုတ် လုပ်သူများအဖွဲ့ (FPE) သို့ Mercy Corps မှ ချေးငွေ။ FPE မှ ဆန်စက်ပိုင်ရှင်များသို့ ချေးငွေ |
| ချေးငွေပြန်ဆပ်သည့် ပုံစံ | တစ်လလျှင် ၁%။ ဆန်စက်ပိုင်ရှင် နှစ်ဦးနှင့် WHH ဝန်ထမ်းတို့ စီမံခန့်ခွဲသည့် ဘဏ်စာရင်းသို့ ၁၈ လ အတွင်း ငါးကြိမ် အရစ်ကျ ပေးသွင်းမှု။ | ပြန်ဆပ်ရန် မလိုသော ငွေထုတ်ပေးမှု။ FPE အဖွဲ့ဝင်များအတွက် လျှော့ဈေးဖြင့် ဆန်ကြိတ်ခွဲ ပေးခြင်း၊ သိုလှောင်မှုနှင့် သယ်ယူ ပို့ဆောင်ရေး အခမဲ့ ဝန်ဆောင်ပေးခြင်း။ | တစ်လလျှင် ၁%။ FPE သို့ခြောက်လနှင့် ၁၂ လအကြာတွင် နှစ်ကြိမ် အရစ်ကျပြန်ဆပ်မှု |
| ချေးငွေပြန်ဆပ်မှုကို အသုံးချပုံ | ရန်ပုံငွေများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသို့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ချထားပေး၊ အထူးသဖြင့် လှည့်လည်စီးဆင်းသော ရန်ပုံငွေစာရင်းသို့ ထည့်ဝင်။ | မရှိပါ | ရန်ပုံငွေကို FPE မှ လယ်ယာသုံးပစ္စည်းများ ဝယ်ယူရန်နှင့် ဆန်စပါး စီးပွားရေး လုပ်ငန်းများ အတွက် အသုံးပြု။ |
| ဆန်စက် အဆင့်မြှင့်တင်ခြင်း ရလဒ် | ကြိတ်ခွဲစွမ်းရည် ၃၀% ခန့် တက်လာသည်။ | ဖော်ပြမထားပါ | မသိရသေးပါ။ |

၉၂ ဤအဖွဲ့သည် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုများအလိုက် သင့်တော်သော သင်တန်းပို့ချသူများကို ချိတ်ဆက်ပေးသည်။

လုပ်ငန်းလုပ်ကိုင်ခဲ့ကြသည်။ WHH နှင့် Mercy Corps တို့၏ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်များရှိ ရင်းနှီးမြှုပ်နှံမှုပမာဏများကို တစ်ဖက်ဖော်ပြပါ ဇယား (၈) တွင် နှိုင်းယှဉ်ပြထားသည်။

အပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှုများဆိုင်ရာ စေတနာ့ဝန်ထမ်းများအဖွဲ့ (AVSI) သည် လပွတ္တာမြို့နယ်အတွင်းမှ တောင်သူသမဝါယမအဖွဲ့တစ်ခုက လည်ပတ်မည့်ဆန်စက်အသစ်တစ်လုံးတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၁၈,၅၀၀ ခန့်ကို ရင်းနှီးမြှုပ်နှံခဲ့သည်။ ထိုဆန်စက်ကို ၂၀၁၃ တွင် စတင်ဖွင့်လှစ်ခဲ့သည်။ သမဝါယမအဖွဲ့အနေဖြင့် စက်လည်ပတ်စရိတ်သာကောက်ခံပြီး တောင်သူများအတွက် ကြိတ်ခွဲဝန်ဆောင်ပေးမည်ဖြစ်သည်။ ကျေးရွာအုပ်စုတစ်ခုအတွင်းမှ တောင်သူ ၅၇၀ အတွက် စပါးတင်းပေါင်း ၁၀,၈၇၀ ကို ကြိတ်ခွဲပေးနိုင်ခဲ့သည်။

၂၀၁၂ တွင် ကျေးရွာဆန်စက်ပေါင်း ၃၀ ကို အဆင့်မြှင့်တင်ရန် Mercy Corps မှ ရန်ပုံငွေ ပံ့ပိုးခဲ့သည်။ WHH သည် လည်ပတ်နေသော ဆန်စက်ပေါင်း ၁၃ ခုကို ကွင်းဆင်းလေ့လာခဲ့ပြီး ခြောက်ခုကို ၂၀၁၃ တွင် အဆင့်မြှင့်တင်ပေးခဲ့သည်။ ဆန်စက်များအဆင့်မြှင့်တင်ရာတွင် ကုန်ကျစရိတ်မျှခံသောပုံစံဖြင့်ဆောင်ရွက်ပြီး စီမံကိန်းရန်ပုံငွေနှင့် ဆန်စက်ပိုင်ရှင်များ၏ ထည့်ဝင်ငွေများ ဆတူပေါင်းစပ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ (ဇယား ၈ တွင် အသေးစိတ် လေ့လာနိုင်သည်။)


ကျေးရွာဆန်စက်များ အဆင့်မြှင့်တင်ရန် IP များက ကြိုးပမ်းဆောင်ရွက်နေကြသည်။

အဆင့်မြှင့်တင်ခဲ့ပြီးနောက် ဆန်စက်အားလုံးသည် ကျေးရွာသားများ၏ မိသားစုစားသုံးမှုအတွက် အနည်းငယ်သော ပမာဏကိုပါ ကြိတ်ခွဲပေးနိုင်ခဲ့သည်။ ဆန်စက်များ၏ ကြိတ်ခွဲနိုင်မှုပမာဏသည်လည်း တစ်နာရီလျှင် စပါးတင်းပေါင်း ၁၅ -၃၀ မှသည် ၂၀ - ၄၀ အထိ၊ တစ်နည်းဆိုရသော် လည်ပတ်နေသည့် အင်အားသည် ၃၅ - ၄၀% မှသည် ၄၅ - ၄၈% အထိ တိုးတက်လာခဲ့သည်။ ပထမဆုံး ကြိတ်ခွဲမှုရလဒ်များသည် ထွက်ကုန်အရည်အသွေး မြင့်တက်လာပြီး ဘေးထွက်ပစ္စည်း (အထူးသဖြင့် ဆန်ကွဲ) ထွက်ရှိမှုကို လျော့ကျစေခဲ့ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ထိုသို့ အရည်အသွေး မြင့်တက်လာခြင်းကို တောင်သူအများအပြား သတိထားမိစေရေးအတွက် ကူညီပံ့ပိုးမှုလိုအပ်သည်။ အဆိုပါ ဆန်စက်များသည် ယခုအခါ ၎င်းတို့၏ ထွက်ကုန်များအား ရန်ကုန်ဈေးကွက်အထိတိုင် ရောင်းချနိုင်မည်ဟု မျှော်လင့်နိုင်ပြီဖြစ်သည်။ စုပေါင်းသိုလှောင်ရေးအဖွဲ့များနှင့် ဤဆန်စက် ပိုင်ရှင်များအကြား ချိတ်ဆက်မှုများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ (အောက်ဖော်ပြပါ အခန်းခွဲ ၆ တွင် ကြည့်ပါ)

WHH နှင့် Mercy Coprs တို့တွင် အကျိုးအမြတ်များ၏ အချို့အဝက်အား ဆန်စက်ပိုင်ရှင်များထံမှ ဒေသခံလူထုထံသို့ ရောက်ရှိစေရေး လွှဲပြောင်းပေးမည့် မတူညီသော စနစ်များရှိကြသည်။ ၂၀၁၂ ခုနှစ်တွင် ဆန်စက်များ အဆင့်မမြှင့်တင်မီအချိန်၌ Mercy Corps သည် ဆန်စက်ပိုင်ရှင် တစ်ဦးချင်းစီနှင့် ကြိတ်ခွဲခများလျှော့ချပေးရန်နှင့် သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်မှုတို့ကို အခမဲ့ဆောင်ရွက်ပေးခြင်းကဲ့သို့သော အခြားအကျိုးအမြတ်များ ဝန်ဆောင်ပေးရန် သုံးနှစ် သဘောတူ စာချုပ်များချုပ်ဆိုခဲ့ကြသည်။ WHH သည် သုံးနှစ်တာ ကာလပတ်လုံး ဆန်စက်များအဆင့်မြှင့်တင်ရန်အတွက် ရင်းနှီးငွေများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှတဆင့် ပေးခဲ့သည်။ ကိစ္စနှစ်ခုစလုံးအတွက် မှတ်သားရမည့်အချက်တစ်ခုမှာ စီမံကိန်းကာလထက်ကျော်လွန်၍ အဆိုပါစာချုပ်များ၏

---

၄၃ ကြိတ်ခွဲခများ လျှော့ပေးခြင်းသည် ဈေးကွက်ကို ချယ်လှယ်မှုဟု မြင်နိုင်စရာ ရှိသော်လည်း ကြိတ်ခွဲခ လျှော့ပေးနိုင်ခြင်းမှာ စက်များ အဆင့်မြှင့်တင်ပေးမှုကြောင့် (အထူးသဖြင့် ဓါတ်ငွေ့သုံးကိရိယာ တပ်ဆင်ပေးမှုကြောင့် ဆန်စက်များ၏ စွမ်းအင်အတွက် ကုန်ကျစရိတ် လျော့နည်းသွားခြင်း) လည်း ဖြစ်ပါသည်။ အဆင့်မြှင့်တင်မှုကြောင့် ဆန်စက်ကြီးများနှင့် ယှဉ်ပြိုင်လာနိုင်သည်။ သို့သော်လည်း လယ်မြေအနည်းငယ်သာ စိုက်ပျိုးသည့် တောင်သူငယ်များအနေဖြင့် ၎င်းတို့၏စပါးကို ကိုယ်တိုင်ကြိတ်ခွဲခြင်း အလွန်ရှားပါးသည့်အတွက် အချို့သည်သာ ဤအစီအစဉ်၏ အကျိုးကျေးဇူးကို တိုက်ရိုက်ခံစားကြရသည်။ ထို့ကြောင့်လည်း Mercy Corps အနေဖြင့် ရွာသူရွာသားများ အကျိုးကျေးဇူး ပိုမိုရရှိနိုင်သည့် WHH ၏ ချဉ်းကပ်နည်းကို ပြောင်းလဲအသုံးပြုခဲ့ခြင်း ဖြစ်သည်။

သက်တမ်းကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

### ၆) စုပေါင်း၍သိုလှောင်ခြင်းနှင့် စပါးရောင်းချခြင်းတို့က တောင်သူများအား ရိတ်သိမ်းချိန်တွင် ရန်ပုံငွေများ လက်လှမ်းမီစေခဲ့သည်။

ရိတ်သိမ်းချိန်တွင် တောင်သူများသည် ငွေကြေးအကျပ်အတည်းနှင့် ကြုံတွေ့ရတတ်ပြီး သွင်းအားစုများ ဝယ်ယူရန်နှင့် ရာသီသစ်အတွက် သီးနှံများစိုက်ပျိုးရန် လိုအပ်သည့်လုပ်သားငှားရမ်းရန် ငွေလိုအပ်သကဲ့သို့ တစ်ဖက်ကလည်း ကြွေးမြီများပြန်ဆပ်ရန်လည်း ရှိနေသည်။ ထို့ကြောင့် ဈေးနှုန်းအနိမ့်ဆုံးဖြစ်သည့် ရိတ်သိမ်းချိန် ကာလတွင် ၎င်းတို့၏သီးနှံများကိုရောင်းချကြရပြီး ရာသီအလိုက် စပါးဈေးပြောင်းလဲမှုများ၏ အကျိုးအမြတ်များကို မခံစားနိုင်ဖြစ်ကြရသည်။[၄၄] အဆိုပါ ငွေကြေးကျပ်တည်းမှု ပြဿနာကိုဖြေရှင်းပေးနိုင်ရန်အတွက် LIFT IP များက သိုလှောင်မှု ရွေ့ပြေးစမ်းသပ်စနစ်များ စမ်းသပ်ကျင့်သုံးခဲ့ကြပြီး အားတက်ဖွယ်ရလဒ်များ ရရှိခဲ့ကြသည်။

IP အဖွဲ့က အဖွဲ့ဝင်များထံမှ စပါးဝယ်ယူရန် သို့မဟုတ် လာရောက်သိုလှောင်ထားသည့်စပါးများအား အာမခံအဖြစ်ထား၍ တောင်သူများအား ချေးငွေများထုတ်ချေးပေးရန် ကနဦးငွေအရင်းအနှီးကို လယ်သမားအဖွဲ့သို့ ချထားပေးသည်။ IP များ၏ ဆောင်ရွက်ပုံများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကွဲပြားကြသည်။ (ဇယား ၉ တွင် ကြည့်ပါ) အဖွဲ့အနေဖြင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်များကာမိပြီး အမြတ်အစွန်းပါရနိုင်ရန် ရာသီအလိုက် စပါးဈေး အတက်အကျကို မှန်းဆဆောင်ရွက်ကြရသည်။ ရာသီကုန်ချိန်တွင်မှ စပါးပမာဏအများအပြားကို စုပေါင်းရောင်းချခြင်းသည် ဆန်စက်များ သို့မဟုတ် ကြားပွဲစားများမှတဆင့် ရောင်းချခြင်းနှင့်နှိုင်းယှဉ်လျှင် လယ်သမားများအတွက် ဈေးနှုန်းသတ်မှတ်နိုင်မှုအားပိုရှိစေသည်။

စုပေါင်းသိုလှောင်မှုစနစ်များ - ၂၀၁၂ အကုန်တွင် စတင်မိတ်ဆက်ခဲ့သော WHH ၏ ဝယ်ယူခြင်းဖြင့် ဘဏ္ဍာရေးပံ့ပိုးမှု (Purchase Finance) စနစ်နှင့် GRET ၏ သိုလှောင်ကုန်စည်အပေါ် ငွေထုတ်ချေးမှု (Inventory Credit) ပုံစံနှစ်ခုစလုံးသည် တောင်သူများအတွက် ရိတ်သိမ်းချိန်တွင် ငွေပေါ်၍ ပိုမိုကောင်းမွန်သော ရိတ်သိမ်းချိန်လွန်စနစ်များ အသုံးပြုနိုင်ပြီး တောင်သူများ ဈေးနှုန်းသတ်မှတ်နိုင်မှုအားပိုရှိလာစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြသည်။ Mercy Corps ကမူ မတည်ငွေများ မထုတ်ပေးမီ အဖွဲ့များဖွဲ့ခြင်းနှင့် သိုလှောင်ခန်းများ တည်ဆောက်ခြင်းကို ဦးစွာဆောင်ရွက်ပေးသည်။

၂၀၁၃ ခုနှစ်တွင် GRET က သိုလှောင်ကုန်စည်အပေါ် ငွေထုတ်ချေးခြင်း လုပ်ငန်းအတွက် ရှေ့ပြေးအစီအစဉ်အနေဖြင့် ကျေးရွာ ၁၃ ရွာတွင် အဖွဲ့သုံးဖွဲ့ ဖွဲ့ခဲ့သည်။ GRET သည် အဖွဲ့အတွက် ကနဦးချေးငွေများ ထုတ်ပေးခဲ့ပြီး အဖွဲ့ဝင်များထံ ချေးငွေများ ရောက်ရှိရန် ဆောင်ရွက်ခဲ့သည်။ ထုတ်ချေးပေးသည့်ပမာဏသည် သိုလှောင်ထားသော စပါးတန်ဖိုး၏ ၆၅% ရှိသည်။ အဖွဲ့ဝင်များထံမှ အတိုးနှုန်း ၂.၅% သာ ကောက်ခံသည်။ ရရှိလာသော အတိုးများကိုလည်း သိုလှောင်ရုံလည်ပတ်စရိတ်နှင့် မတည်အရင်းငွေများတိုးပွားလာရန် ပြန်လည်အသုံးပြုခဲ့သည်။ (ဇယား ၉ တွင် တွေ့နိုင်သည်။)

ပထမရာသီတွင် စုစုပေါင်းအမြတ်သည် အမေရိကန်ဒေါ်လာ ၃,၆၀၀ ကျော်ခဲ့သည်။ ချေးငွေများပြန်ဆပ်မှုမှ ရလာသည့်အတိုးသည် အမေရိကန်ဒေါ်လာ ၁,၃၈၂ သို့မဟုတ် အလုံးစုံအကျိုးအမြတ်၏ ၃၈% ရှိပြီး ယင်းကို အဖွဲ့ကပင် ထိန်းသိမ်းထားသည်။ ကျန်သည့် ၆၂% သော အကျိုးအမြတ်အမေရိကန်ဒေါ်လာ ၂,၂၇၈ သည် ရာသီကုန်ချိန် တက်ဈေးဖြင့် ရောင်းချခြင်းမှ ရရှိခြင်းဖြစ်ပြီး ယင်းကို အဖွဲ့ဝင်များအကြား အချိုးကျခွဲဝေခံစားကြကာ ပျမ်းမျှအားဖြင့် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၃ - ၄၅ အကြား ရရှိကြသည်။ ယင်းသည်အလွန်ကောင်းသော ရလဒ်တစ်ခုပင် ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့် မတူညီသောစနစ်သုံးခုသည် ဆုံးရှုံးနိုင်ခြေများနှင့် အမြတ်အစွန်းများကို အဖွဲ့နှင့် အဖွဲ့ဝင်တစ်ဦးချင်းစီအကြား မျှဝေခံစားပုံခြင်း အဓိကကွာခြားကြသည်။ သိုလှောင်ကုန်စည်အပေါ် ငွေထုတ်ချေးခြင်းစနစ်တွင် တောင်သူများကို ဆန်စပါးများအား ၎င်းတို့အတွက် အဆင်အပြေဆုံးဟု ယူဆသည့်အချိန်တွင် တစ်ဦးချင်း စီရောင်းချနိုင်ခွင့် ပြုထားသော်လည်း အခြားအစီအစဉ်နှစ်ခုကမူ စီမံခန့်ခွဲမှုကော်မတီ၏ ရောင်းချရန် ဆုံးဖြတ်ချက်အပေါ်တွင် မူတည်သည်။

---

၄၄ အဆိုးဆုံးမှာ ငွေချေးယူသူများသည် ဤစနစ်အတွင်း ဆက်လက်ချေးယူခွင့်ရနေစေရန်အလို့ငှာ ပြန်လည်ပေးဆပ်ရမည့် ပမာဏပြည့်မီစေရေးအတွက် ငွေတိုးချေးစားသူများထံမှလည့်၍ ချေးယူကြခြင်းဖြစ်သည်။

လယ်မြေအနည်းငယ်သာစိုက်ပျိုးသော တောင်သူများအနေဖြင့် အဆိုပါအစီအစဉ်များတွင် ပါဝင်နိုင်စေရန် အဖွဲ့အနေဖြင့် ရိတ်သိမ်းချိန်တွင် ကြိုတင်ငွေထောက်ပံ့မှုများအတွက် မတည်ရင်းနှီးမှုများလိုအပ်သည်။ အဖွဲ့ အနေဖြင့် အဖွဲ့ဝင်အရေအတွက်နှင့် လုပ်ငန်းလည်ပတ်မှုများ တိုးချဲ့ဆောင်ရွက်လိုပါက အခြားသော ဘဏ္ဍာရေး

ဇယား ၉။ WHH, GRET, Mercy Corps တို့၏ သိုလှောင်အဖွဲ့ စနစ်များ နှိုင်းယှဉ်မှု

| စနစ် | ဝယ်ယူခြင်းဖြင့် ဘဏ္ဍာရေး ပံ့ပိုးမှုစနစ် (WHH) | သိုလှောင်ကုန်စည်အပေါ် ငွေထုတ်ချေးခြင်း (GRET) | လယ်သမား ထုတ်လုပ်သူများ အဖွဲ့ သိုလှောင်မှု (Mercy Corps) |
|---|---|---|---|
| အခြေခံမှု | လယ်မြေ အနည်းငယ်သာ စိုက်ပျိုး သော တောင်သူအနေဖြင့် ရိတ်သိမ်းချိန်တွင် စပါးများအား အဖွဲ့ထံ ရောင်းချပြီး တန်ဖိုး၏ တစ်စိတ်တစ်ပိုင်းအား နောက်ကျမှ ပေးချေမည်ကို သဘောတူ ရသည်။ တောင်သူသည် သိုလှောင်ထားပြီး နောက် ဈေးကွက်ပေါက်ဈေး အလိုက် ကျန်ငွေကို ရရှိသည်။ တောင်သူသည် ကုန်ပစ္စည်းအား ပိုင်ဆိုင်ခြင်း မရှိတော့ပါ။ | လယ်မြေအနည်းငယ်သာစိုက်သော တောင်သူသည် ရိတ်သိမ်းပြီး နောက်တွင် ချေးငွေ တောင်းခံ နိုင်သည်။ ထိုချေးငွေသည် အပေါင် အနေဖြင့် အသုံးပြုမည့် ၄င်း၏ အပ်ကုန် ပမာဏအပေါ် မူတည် သည်။ စပေါင်း၍ သိုလှောင်သည့် ပုံစံ ဖြစ်သော်လည်း အိတ်များကိုမူ တစ်ဦးချင်းစီ နာမည်ကဒ်ပြားဖြင့် မှတ်သားထားသည်။ | လယ်မြေ အနည်းငယ်သာ စိုက်သော တောင်သူသည် စပါးများကို ရိတ်သိမ်းချိန်တွင် ဈေးနှုန်းအပြည့်ဖြင့် ရောင်းချ သည်။ စပါးရောင်းချပြီး နောက် အဖွဲ့ထံမှ ထပ်ဆောင်းငွေကို ရရှိသည်။ |
| အဖွဲ့ဝင်များ ရရှိသော တန်ဖိုး | အဖွဲ့သည် စပါးများကို သိုလှောင် ချိန်တွင် ရှိနေသည့် ဈေးကွက် ပေါက် ဈေး၏ ၈၀% ဖြင့် ဝယ်ယူသည်။ | သိုလှောင်ချိန်တွင် သိုလှောင်ပမာဏ အတွက် လက်ရှိ ဈေးကွက် ပေါက် ဈေး၏ ၆၅% ကို တောင်သူက ချေးငွေအဖြစ် ရရှိသည်။ | တောင်သူက သိုလှောင်ချိန် ဈေးကွက်ပေါက်ဈေး၏ ၁၀၀% အပြည့် ရရှိသည်။ |
| ကုန်ကျမှု/ အကျိုးအမြတ် | အတိုးနှုန်းမရှိပါ။ အမှန် ကုန်ကျစရိတ် များကို အကျိုးအမြတ်မှ နုတ်ပယ် ထားသည်။ အကျိုးအမြတ် အားလုံး ကို အဖွဲ့ဝင်များသို့ ပြန်ပေးသည်။ | တောင်သူက ချေးငွေယူသည့် ပမာဏအပေါ် မူတည်၍ တစ်လ လျှင် ၂.၅% အတိုးနှုန်း ပေးရ သည်။ သိုလှောင်မှုနှင့် အိတ် တန်ဖိုးကုန်ကျစရိတ်ကို ကုန် ပြန်ထုတ်မပေးမီတွင် နုတ်ယူသည်။ အိတ်များကို စီမံကိန်းက တစ်စိတ် တစ်ပိုင်း ထောက်ပံ့ပေးသည်။ | အတိုးနှုန်းနှင့် ကုန်ကျစရိတ် မရှိ။ အဖွဲ့ဝင်များသည် သိုလှောင်ထားသော ကာလအတွင်း တိုးလာသော ဈေးနှုန်း အမြတ်၏ ၅၀% ခံစားခွင့်ရှိသည်။ |
| ရောင်းချပုံနည်းလမ်း | ကော်မတီက မည်သည့်အချိန်တွင် မည်သည့်ဈေးဖြင့် မည်သည့် ကုန်သည်ထံသို့ ရောင်းချမည်ကို ဆုံးဖြတ်သည်။ | တစ်ဦးချင်းစီက (သတ်မှတ်ချက် အတိုင်း) ရောင်းချခြင်း၊ ကုန်ပြန် ထုတ်ခြင်းကို ချေးငွေ ပြန်ပေးဆပ်မှု အပေါ်မူတည်၍ ဆောင်ရွက် နိုင်သည်။ အများအားဖြင့် စုပေါင်း ရောင်းချကြသည်။ | အဖွဲ့နှင့် ဆန်စက်များ အကြား ညှိနှိုင်း၍ သဘောတူ စာချုပ်များ ချုပ်ဆို ဆောင်ရွက်သည်။ |
| အကျိုးခံစားသူ အခက်အခဲနှင့် အမြတ် ခွဲဝေမှု | အဖွဲ့ဝင်များအတွက် အမြတ် အများဆုံးရစေသည်။ အဖွဲ့က အမြတ်များ မရသလို၊ မ တည်ငွေ လည်း တိုးလာခြင်း မရှိပါ။ (သို့သော် အကျိုးအမြတ်အပေါ် ဝေစုရယူ ခံစားနိုင်သည်။) အဖွဲ့က ဆုံးရှုံးနိုင်မှုများကို အကာအကွယ် ပေးသည်။ | အမြတ်များကို ခွဲဝေယူကြသည်။ မ တည်ငွေသည် အတိုးမှတဆင့် ပွားများလာသည်။ ဆုံးရှုံးနိုင်ခြေ များကို အဖွဲ့နှင့် အဖွဲ့ဝင်များအကြား မျှဝေခံစားကြသော်လည်း အဖွဲ့ဝင် များ အနေဖြင့် စွန့်စားရမှု ပိုများ သည်။ | အဖွဲ့ဝင်များသည် အမြတ်မှ ၅၀% ဝေစုရရန် အာမခံချက် ရှိသည်။ အဖွဲ့က ကုန်ကျ စရိတ်များ၊ ဆုံးရှုံးနိုင်ခြေများကို တာဝန်ယူသည်။ ပိုင်ဆိုင်မှုနှင့် အရည်အသွေး အာမခံချက်မှာ ပြဿနာ တစ်ရပ် ဖြစ်နိုင်သည်။ |

အဖွဲ့အစည်းများမှတဆင့် နောက်ထပ် ပံ့ပိုးမတည်ငွေများလည်း လိုအပ်သည်။ အဆိုပါ ရွေ့ပြောင်းဆောင်ရွက်မှုများက ထိုအစီအစဉ်များသည် အကျိုးအမြတ်ဖြစ်ထွန်းနိုင်သည့်အတွက်ကြောင့် လယ်သမားအဖွဲ့များအနေဖြင့် ဘဏ္ဍာရေး ဈေးကွက်အတွင်းမှ မ တည်ငွေများကို ရရှိနိုင်ရေးအတွက် စွမ်းဆောင်နိုင်ရန်လိုအပ်သည်။

၇) သက်သာသော သီးနှံချေးငွေများရနိုင်မှု တိုးတက်လာနေပြီး ချေးငွေရယူသူများအား ကာကွယ်မှုပေးသည့် ဆောင်ရွက်မှုများနှင့် စောင့်ကြည့်ကြပ်မတ်မှုများ ပိုကောင်းအောင်ဆောင်ရွက်ရန် လိုအပ်လာသည်။

၂၀၁၃ ခုနှစ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသတွင် တောင်သူများထံသို့ စိုက်ပျိုးရေးချေးငွေများထုတ်ချေးမှုနှင့် ပတ်သက်ပြီး လုပ်ငန်းဆောင်ရွက်နေသော အသေးစားချေးငွေအဖွဲ့များမှာ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ် (MADB)၊

ဇယား ၁၀။ မြစ်ဝကျွန်းပေါ်ဒေသတွင် ရရှိနိုင်သည့် ပုံမှန် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုများ

| အကြောင်းအရာ | Proximity Designs | Pact | MADB | သမဝါယမ အဖွဲ့များ |
|---|---|---|---|---|
| မြို့နယ်ပေါင်း (အဖွဲ့ခွဲပေါင်း) | ၉ | LIFT က ပံ့ပိုးထားသည့် ၅ မြို့နယ် အပါအဝင် ၈ မြို့နယ် (အဖွဲ့ခွဲ ၄၁ ခု) | (ဘဏ်ခွဲ ၂၇ ခု) | (အဖွဲ့ခွဲ ၁၄ ခု) |
| ငွေချေးယူသူများ | ၁၆,၂၇၄ (၇% LIFT) | ၂၂,၀၇၉ (LIFT) | ၈၅၀,၀၀၀ ခန့် | ၁၁,၈၀၃ |
| ချေးငွေ ပမာဏ (ကျပ်) | တစ်ဦးလျှင် ၁၂၀,၀၀၀ | တစ်ဧကလျှင် ၁၀၀,၀၀၀ | တစ်ဧကလျှင် ၁၀၀,၀၀၀ | တစ်ဦးလျှင် ၁၀၀,၀၀၀ |
| အများဆုံး ဧက | မရှိပါ။ | ၃ ဧက | ၁၀ ဧက | မရှိပါ |
| ငွေချေးကာလ (မိုးရာသီ) | ၅ လ (ဇူလိုင် - နိုဝင်ဘာ) | ၆ လ (ဇွန် - နိုဝင်ဘာ) | ၆ လ (ဩဂုတ် - ဇန်နဝါရီ) | ၆ လ (တိကျသော ကာလသတ်မှတ်ချက် မရှိပါ။) |
| ငွေချေးကာလ(နွေရာသီ) | ၅ လ (ဇန်နဝါရီ - မေ) | ၆ လ (ဇန်နဝါရီ - ဇွန်) | ၆ လ (နိုဝင်ဘာ - ဧပြီ) | စတင်ခြင်းမရှိသေး |
| အတိုးနှုန်း (နှစ်စဉ်) | ၃၀% | ၃၀% | ၈.၅% | ၁၈% |
| ချေးငွေ ပြန်ဆပ်မှု ပုံစံ | သတ်မှတ်ထားသော ချေးငွေကာလ အကုန်တွင် အတိုး + ချေးငွေ | နှစ်ပတ်ကြာတိုင်း အတိုးပေးရန်။ မူလ ချေးငွေကို ချေးငွေ ကာလ အကုန်တွင် ပြန်ဆပ်ရန်။ | သတ်မှတ်ထားသော ချေးငွေကာလ အကုန်တွင် အတိုး + ချေးငွေ | သတ်မှတ်ထားသော ချေးငွေကာလ အကုန်တွင် အတိုး + ချေးငွေ |
| အဖွဲ့လိုက် အာမခံမှုနှင့် အဖွဲ့ဖွဲ့ပုံ | ရှိသည်။ ၁ ရွာ၊ ၁ ဖွဲ့ | ရှိသည်။ ၅ ဦးလျှင် ၁ ဖွဲ့ | ရှိသည်၊ ကျေးရွာအုပ်စု ၁ စုလျှင် ၁ ဖွဲ့ | ရှိသည်။ ၁ ရွာ၊ ၁ ဖွဲ့ |

Pact, Proximity Designs နှင့် မြို့နယ်သမဝါယမအဖွဲ့တို့ ဖြစ်ကြသည်။ LIFT သည် Pact နှင့် Proximity Designs တို့၏ ရန်ပုံငွေပံ့ပိုးသူများနက် တစ်ဦးဖြစ်သည်။ အဆိုပါငွေချေးသူများ၏ လုပ်ဆောင်ချက်များ အသေးစိတ်ကို အောက်ပါဇယားတွင် မြင်တွေ့နိုင်သည်။

FMO ၏ မြစ်ဝကျွန်းပေါ်ဒေသအတွင်း တောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများအရ MADB သည် လယ်မြေအနည်း ငယ်သာ စိုက်ပျိုးသောတောင်သူများ၏ လယ်ယာစိုက်ပျိုးမှုများအတွက် တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်၏ ၇၀% မှသည် ၉၀% ကို ကာမိသည့် ချေးငွေပမာဏကို အတိုးနှုန်းသက်သာစွာဖြင့်ရနိုင်သော အဓိကနေရာတစ်ခု ဖြစ်ကြောင်း တွေ့ရသည်။ သို့သော်လည်း အဆိုပါချေးငွေများသည် စိုက်ပျိုးရန်မြေပြင်ဆင်မှုပြုလုပ်ပြီး နှစ်လ သို့မဟုတ် သုံးလအကြာမှရနိုင်သည်။ ကမ္ဘာ့ဘဏ်က MADB အပေါ် ဆန်းစစ်မှုတွင် ယင်းအနေဖြင့် ခေတ်နှင့်အညီ ပြောင်းလဲမှုများ၊ တိုးချဲ့ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးဆိုင်ရာနှင့် အခြားဘဏ္ဍာရေးနှင့်မဆိုင်သော

၄၄ လိုင်စင်ရ ချေးငွေလုပ်ငန်းများ၏ ငွေကြေးခိုင်မာမှုကို ကြတ်မတ်သော စည်းမျဉ်းစည်းကမ်းများနှင့် စောင့်ကြည့်ခြင်းသည် ဘဏ္ဍာရေးစနစ် မတည်ငြိမ်မှုနှင့် အသေးစား၊ သာမန်ငွေအပ်နှံသူများအတွက် ဆုံးရှုံးမှုများ မဖြစ်စေရေး ကာကွယ်ပေးရန် ဖြစ်သည်။ (CGAP ၏ အသေးစားချေးငွေ ကြီးကြပ်သူများအတွက် အလုံးစုံသဘောတူညီချက် လမ်းညွှန် - ၂၀၁၂ အောက်တိုဘာ)

၄၅ ၂၀၁၂ ခုနှစ် LIFT ၏အခြေခံမျဉ်းကွင်းဆင်းလေ့လာမှုအရ ၁၀ ဧကနှင့်အထက်ရှိသောလယ်မြေရာခိုင်နှုန်းများမှာ မြစ်ဝကျွန်းပေါ်ဒေသတွင် ၁၁.၉%၊ အပူပိုင်းဇုန်တွင် ၈.၂%၊ တောင်ကုန်းဒေသတွင် ၂.၃% တို့ဖြစ်ကြသည်။



Proximity Designs နှင့် Pact တို့၏ စိုက်ပျိုးရေးချေးငွေများသည် (ချေးငွေလိုအပ်သော) မြေယာပြင်ဆင်ချိန်နှင့် တောင်သူများ MADB ထံမှ ချေးငွေရရှိချိန်တို့အကြားတွင် ချေးငွေထုတ်ပေးမှုအပိုင်း၌ အရေးပါသော အခန်းကဏ္ဍတွင်တည်ရှိသည်။ ယင်းပေါင်းကူးချေးငွေများမရှိပါက တောင်သူများအနေဖြင့် ၎င်းတို့၏ သီးနှံများကို ဈေးကွက်ပေါက်ဈေးထက် ပိုနိမ့်သည့်ဈေးနှုန်းများဖြင့် ကြိုတင်ရောင်းချကြရမည်ဖြစ်သည်။ မြို့နယ်သမဝါယမအသင်းများမှာမူ စိုက်ပျိုးချိန်ကိုမကြည့်ဘဲ ရန်ပုံငွေရှိလျှင်ရှိသလို စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးသည့်ပုံစံသာ ရှိကြောင်း FMO မှ လေ့လာတွေ့ရှိရသည်။

ဘိုကလေးမြို့နယ်အတွင်း Pact သို့ ချေးငွေ ပြန်လည် ပေးဆပ်နေမှု မြင်ကွင်း

လုပ်ထုံးလုပ်နည်းများအောက်တွင် ကိုယ်ပိုင်မတည်ရင်းနှီးငွေဖြင့် လည်ပတ်ဆောင်ရွက်သင့်ကြောင်း မှတ်ချက်ပြုခဲ့သည်။

မြစ်ဝကျွန်းပေါ်ဒေသသည် အခြားသောဒေသများနှင့် နှိုင်းယှဉ်လျှင် လယ်ယာမြေဧက ၁၀ ဧကအထက်ရှိသော အိမ်ထောင်စုများ ရာခိုင်နှုန်းပိုများသည်။[၄၅] ထို့ကြောင့် စိုက်ပျိုးရေးချေးငွေလိုအပ်ချက်လည်း ပိုများသည်။ လယ်သမားများအနေဖြင့် တစ်ခုထက်ပိုသောနေရာများမှ ချေးငွေများရယူခြင်း၊ တစ်ခါတစ်ရံတွင် တစ်နေရာမှ ငွေချေးပြီး အခြားတစ်နေရာသို့ ပြန်ဆပ်ခြင်းများပြုလုပ်ရန် အလားအလာလည်းပိုများသည်။ ယင်းအခြေအနေသည် အကြွေးနွံနစ်ခြင်းနှင့် ကြွေးဆပ်ရန်ပျက်ကွက်ခြင်းများ ဖြစ်လာနိုင်ချေကို မြင့်တက်စေနိုင်သည်။ ယင်းကို အောက်ပါ နည်းလမ်းနှစ်မျိုးဖြင့် ဖြေရှင်းနိုင်သည်-

- *ဘဏ္ဍာရေးဝန်ဆောင်မှု ပေးနေသူများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း။* LIFT ၏ ညှိနှိုင်း ဆောင်ရွက်ခြင်း၊ Pact နှင့် Proximity Designs တို့အကြား တစ်ဦးတည်း နှစ်ကြိမ်ထပ်၍ မချေးမိစေရန်အတွက် သတင်းအချက်အလက်များ ဖလှယ်မှုတို့ကို ဆောင်ရွက်နေသည်။ မြို့နယ်အဆင့် MADB ဘဏ်ခွဲများနှင့် သမဝါယမဝန်ကြီးဌာန၏ သမဝါယမအဖွဲ့ခွဲများကိုလည်း စိုက်ပျိုးရေးချေးငွေများနှင့် ငွေချေးသူအချက်အလက်များ ဝေမျှနိုင်ရန်အတွက် ဆွေးနွေးမှုတွင်ပါဝင်ရန် ဖိတ်ခေါ်ထားသည်။
- *ငွေချေးသူအား အကာအကွယ်ပေးရေး နည်းစနစ်များ အသုံးချခြင်း။* ဘဏ္ဍာရေးဝန်ဆောင်မှု ပေးနေသူများက ငွေချေးသူများအား ကာကွယ်ရေးမူများကို လိုက်နာကြရသည်။ Pact သည်လည်း စားသုံးသူများ ကာကွယ်ရေး နည်းစနစ်များကို ပြုစုထားပြီး ငွေချေးသူများ၏ ပြန်ဆပ်နိုင်မှုအတိုင်းအတာများ၊ ရှိနေသည့်အကြွေးပမာဏများ၊ ပတ်ဝန်းကျင်တွင်ရနိုင်သည့် အသေးစားငွေချေးဝန်ဆောင်မှုများကို ငွေမချေးခင် လေ့လာဆန်းစစ်သည်။ Pact သည် သတ်မှတ်ထားသော ငွေချေးကာလမတိုင်မီ သီးနှံချေးငွေများကို မိမိအသိစိတ်ဖြင့် ပြန်ဆပ်သော အခွင့်အလမ်းများကိုလည်း ဒဏ်ကြေးများမယူဘဲ ခွင့်ပြုထားသည်။

အထက်တွင်ဖော်ပြခဲ့သည့် ဘဏ္ဍာရေးဝန်ဆောင်မှုပေးနေသူများအကြား သတ်မှတ်ကန့်သတ်ချက်များ ကွဲပြားကြသော်လည်း စိုက်ပျိုးရေးချေးငွေများ၏ အလုံးစုံရည်မှန်းချက်မှာ ဆင်းရဲသောတောင်သူများအား ချေးငွေများ လက်လှမ်းမီအောင် ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန်ဖြစ်သည်။ ဝန်ဆောင်မှုပေးနေသူများအားလုံးသည် ဈေးကွက်ကို အမြဲဆန်းစစ်နေရန်လိုအပ်ပြီး ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများ၏ ပိုမို

ကောင်းမွန်တိုးတက်ရန် ဆောင်ရွက်ရန်တာဝန်ရှိသည်။ ဆင်းရဲသောတောင်သူ အိမ်ထောင်စုများအနေဖြင့် အသေးစားချေးငွေများ လုံလုံလောက်လောက် ရရှိလက်လှမ်းမီမှုမရှိသော ကျေးရွာများတွင် လယ်သမားများအား ပိုမို ကောင်းမွန်စွာဝန်ဆောင်မှုပေးနိုင်မည့် အခြားသောဘဏ္ဍာရေးဆိုင်ရန်ဝန်ဆောင်မှုများ (ဥပမာ - စိုက်ပျိုးရေးသုံး ကိရိယာများအတွက် ကာလရှည်ချေးငွေများ) မိတ်ဆက်ပေးနိုင်သည်။

## သုံးသပ်ချက်များနှင့် ရှေ့ခြေလှမ်းများ

LIFT သည် လယ်ယာမြေအနည်းငယ်သာပိုင်ဆိုင်သော တောင်သူများ ထုတ်လုပ်မှုတိုးတက်လာပြီး ၎င်းတို့ထုတ်ကုန်များအတွက် ပိုကောင်းသော တန်ဖိုးများရစေရန် ကူညီဆောင်ရွက်ခဲ့သည်။ LIFT သည် အရည်အသွေး မြှင့်တင်ခြင်းနှင့် ဈေးကောင်းရရှိရေးအတွက် လုံလောက်သော အရေအတွက်ကို ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများကို လက်လှမ်းမီရေး စုပေါင်းဆောင်ရွက်နေမှုကို ပံ့ပိုးကူညီပေးနေသည်။ သမဝါယမအဖွဲ့များကဲ့သို့သော တောင်သူအဖွဲ့အစည်းများသည် ၎င်းတို့၏ စွမ်းဆောင်နိုင်မှု၊ ဦးဆောင်နိုင်မှု၊ ဝန်ဆောင်မှုများ ဖွံ့ဖြိုးစေရန်နှင့် ရိတ်သိမ်းချိန်လွန် ဝန်ဆောင်မှုများ၊ သိုလှောင်မှုနှင့် စုပေါင်းရောင်းချမှုတို့မှတဆင့် ၎င်းတို့၏ စီးပွားရေးအခြေခံများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆက်လက် ပံ့ပိုးမှုများရရှိရန် လိုအပ်နေသည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ကျေးရွာအဆင့်သာ မဟုတ်တော့ဘဲ နောင်တစ်ချိန်တွင် အဖွဲ့ကြီးများ၊ ဩဇာလွှမ်းမိုးမှုရှိသော အဖွဲ့များအဖြစ် ရပ်တည်နိုင်မည် ဖြစ်သည်။ လယ်ယာမြေအနည်းငယ်သာပိုင်ဆိုင်သော တောင်သူများအနေဖြင့် ၎င်းတို့၏ အကျိုးစီးပွားကို နိုင်ငံရေးဇာတ်ခုံပေါ်တွင် ကျကျနနထည့်သွင်း ဆွေးနွေးမှုရှိလာအောင် ကြိုးပမ်းရန်လိုအပ်သည်။

လာမည့်နှစ်တွင် ပြီးဆုံးတော့မည့် စီမံကိန်းများ၏ အချိန်တိုးပေးမှု အနေအထားသည်ရလဒ်များ (အထူးသဖြင့် မျိုးစေ့ပြန့်ပွားခြင်း) ကျယ်ပြန့်မှုနှင့် ခိုင်မာမှုတို့အပေါ်တွင် မူတည်သည်။ အရည်အသွေးကောင်း မျိုးစေ့များ စဉ်ဆက်မပြတ် ပံ့ပိုးပေးနိုင်ရန်အချိန်နှင့် အားထုတ်မှုများ ထပ်မံလုပ်ဆောင်ရန် လိုအပ်သည်။ ထို့ပြင် IRRI ၏ အားလုံးပါဝင်သော မျိုးရွေးချယ်မှု နည်းလမ်းဖြင့် ဆောင်ရွက်နေသည့် မြစ်ဝကျွန်းပေါ် ဒေသအတွင်း မျိုးစေ့ တန်ဖိုးကွင်းဆက်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် ယေဘုယျကျသော ချဉ်းကပ်မှုများဖြင့် ဆောင်ရွက်ရမည်။ IRRI ၏ လုပ်ငန်းဆောင်ရွက်မှုများသည် အခြားသောမျိုးစေ့ထုတ်လုပ်သည့် လုပ်ငန်းဆောင်ရွက်မှုများပြီးဆုံးပြီး ခြောက်လအကြာဖြစ်သော ၂၀၁၅ နှစ်ဦးပိုင်းတွင် အဆုံးသတ်မည် ဖြစ်သည်။ ထို့ကြောင့် မြစ်ဝကျွန်းပေါ်ဒေသအတွက် ရှိနေသော အတွေ့အကြုံများ၊ အရည်အသွေးကောင်း မျိုးစေ့များ ထုတ်လုပ်ခြင်းအတွက် ရန်ပုံငွေအခွင့်အလမ်းအသစ်တစ်ခုကိုစဉ်းစားရန် အရေးတကြီးလိုအပ်လာပြီဖြစ်သည်။

## ၃.၂ အပူပိုင်းဒေသဇုန်

### ၂၀၁၃ ခုနှစ်အတွင်း သိသာထင်ရှားသော တွေ့ရှိမှုများ

- ကျေးရွာများတွင် စပါးဘဏ်များနှင့် အမျိုးသမီး ကုန်ထုတ်လုပ်သူ အဖွဲ့အစည်းအပါအဝင် လူမှုဘဝကာကွယ်ရေး နည်းလမ်းများ အောင်မြင်စွာ လုပ်ဆောင်ခြင်း။
- လူမှုဘဝ အကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒ ဆွေးနွေးမှုနှင့် ထောက်ခံအားပေးမှုများအတွက်  LIFT ၏ ပံ့ပိုး ဆောင်ရွက်မှုများက စနစ်တကျ သုတေသနပြုထားသော အထောက်အထားများအပေါ် အခြေခံသည့် ထောက်ခံအားပေးမှု လုပ်ငန်းများသည် အောင်မြင်နိုင်ကြောင်း ပြသနိုင်ခဲ့ခြင်း။
- အိမ်တွင်းသုံးနှင့် အသေးစားစိုက်ပျိုးရေးအတွက် အသုံးပြုသည့် ရေပိုမိုရရှိအောင် လုပ်ဆောင်မှုသည် အရေးပါသော ဦးစားပေး အကြောင်းအရာအဖြစ် ဆက်လက်တည်ရှိခြင်း။
- အထူးပြုဈေးကွက်များအတွက် ထုတ်ကုန်အသစ်များ ဖော်ထုတ်နိုင်ရန် ပုဂ္ဂလိကကဏ္ဍနှင့် ချဉ်းကပ် လုပ်ဆောင်ခြင်း။
- ဈေးကွက် ထိရောက် အောင်မြင်မှုအတွက် ပုံစံတူပွား၍ရသော ကုန်စည်ဒိုင်များ တည်ထောင်ခြင်း။
- ငွေကြေးဝန်ဆောင်မှု လွှမ်းခြုံဧရိယာကို တိုးချဲ့ပြီး ကျေးရွာငွေချေးအဖွဲ့များမှတဆင့် အချို့တဲ့ဆုံးနေရာများသို့ ကူညီပေးခြင်း။

၂၀၁၃ ခုနှစ်အကုန်တွင် LIFT ၌ အပူပိုင်းဒေသအတွင်း သဘောတူညီ ဆက်လက်လုပ်ကိုင်နေသော စီမံကိန်း ၁၆ ခု ရှိပြီး ဘတ်ဂျက် အမေရိကန်ဒေါ်လာ ၂၄.၉ သန်းဖြင့် လုပ်ငန်းများ လည်ပတ်နေသည်။ ထိုစီမံကိန်းများမှ နှစ်ခုကို ၂၀၁၃ ခုနှစ်အတွင်း အပြီးသတ်လုပ်ဆောင်ရန် စီစဉ်ထားခဲ့သော်လည်း ၂၀၁၄ ခုနှစ်အထိ ဆက်လက်၍ ရန်ပုံငွေမပါ စီမံကိန်းသီးသန့် အချိန်သုံးလသက်တမ်းတိုးခြင်းကို ဆောင်ရွက်ပေးခဲ့ရသည်။ စီမံကိန်း ၇ ခုကို ၂၀၁၄ ခုနှစ်တွင် ပြီးစီးအောင် အစီအစဉ်ပြုလုပ်ထားသည်။

အပူပိုင်းဒေသအတွင်း LIFT ၏ လုပ်ဆောင်ချက်များသည် အခက်ခဲဆုံး လိုအပ်ချက်များအတွက် (၁) အိမ်တွင်းသုံးနှင့် စိုက်ပျိုးရေသုံးရေကို ပိုမိုရရှိစေရန်ထောက်ပံ့ခြင်း။ (၂) ထွက်ကုန်အသစ်များနှင့် ရှိပြီးသား ထွက်ကုန်များအတွက် ပိုမိုကောင်းမွန်သော ဈေးကွက်များရရှိရန် လုပ်ဆောင်ခြင်း။ (၃) မြေဆီလွှာ ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ စိုက်ပျိုးရေးသုံးမြေများကို ကောင်းမွန်စေရန် မွမ်းမံပြင်ဆင်ခြင်း။ (၄) ချေးငွေရရှိရန် လုပ်ဆောင်ခြင်းတို့ ဆောင်ရွက်၍ ပံ့ပိုးပေးပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် အထောက်အပံ့သည် အကန့်အသတ်ရှိသည်။ လယ်ပိုင်မြေပိုင်မရှိသော အိမ်ထောင်စုများနှင့် လယ်မြေအနည်းငယ်သာ ပိုင်ဆိုင်သော စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများကို သိုး၊ ဆိတ်၊ ဝက်နှင့် ကြက်များ ပိုမိုမွေးမြူနိုင်ရန် ထောက်ပံ့ပေးလျက်ရှိသည်။

LIFT ၏ မိတ်ဖက်အဖွဲ့အစည်း ၁၀ ခုတွင် ၎င်းတို့၏ လူမှုဘဝ အကာအကွယ်ပေးရေးဆိုင်ရာ နည်းလမ်းလုပ်ငန်းစဉ်များ ပါဝင်ပြီး ၂၀၁၃ ခုနှစ်အတွင်း သိသာထင်ရှားသော တိုးတက်မှုဖြစ်စဉ်များကို ပြုလုပ်နိုင်ခဲ့သည်။ လုပ်ငန်းမူဝါဒ တိုးတက်ရေးအတွက် အစိုးရကိုယ်စားလှယ်အဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်နိုင်မှုများသည် LIFT ၏ အောင်မြင်မှုများထဲမှတစ်ခုအဖြစ် သတ်မှတ်ရမည်ဖြစ်သည်။ (အောက်ပါ အပိုဒ်ခွဲ ၃.၂.၁ တွင် တွေ့နိုင်ပါသည်။)

### ၃.၂.၁ နယ်မြေအကြောင်းအရာနှင့် လက်ရှိအခြေအနေ

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်ပြောင်းလဲမှုနှင့် စီမံသုံးစွဲရန် ရေပမာဏမလုံလောက်မှုတို့သည် ဆင်းရဲမွဲတေမှုနှင့် စားနပ်ရိက္ခာမဖူလုံမှုတို့ကို ဖြစ်ပေါ်စေသည်။ စိုက်ပျိုးရေးနှင့် တိရိစ္ဆာန်မွေးမြူရေး တွင်မက အိမ်တွင်းအသုံးပြုမှုအတွက် စိတ်ချယုံကြည်ရသောရေရရှိရေးသည် အသက်မွေးပြုမှုနှင့် ကောင်းမွန်စွာနေထိုင်နိုင်ရေးတို့ကို တိုးမြှင့်နိုင်ရေးတွင် အဓိကကန့်သတ်ချက်ဖြစ်နေသည်။ ပုံမှန်မဟုတ်သော မိုးရွာသွန်းမှု များလာခြင်းကြောင့် ရုတ်တရက်ရေလွှမ်းမိုးခြင်း၊ ရေကြီးခြင်းများဖြစ်ပေါ်လာသည်။ ယင်းသို့

ဇယား (၁၁)။ အပူပိုင်းဒေသဇုန်အတွင်း လုပ်ဆောင်နေသော LIFT၏ စီမံကိန်းများ

| IP | ဒေသ | ဦးတည်ကိစ္စ |
|---|---|---|
| ActionAid/Thadar | မကွေး၊ ပဲခူး | စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးနှင့် ငွေကြေးမဟုတ်သောထောက်ပံ့မှု၊ ရေရရှိရန် ထောက်ပံ့မှုငွေကြေးနှင့် လုပ်အားဖလှယ်မှု အစီအစဉ်၊ လုပ်ငန်းကျွမ်းကျင်လာစေရန် သင်တန်းပေးမှု၊ CBO နှင့် NGO အဖွဲ့အစည်းများအတွက် စွမ်းရည်မြင့်တက်လာစေရန် လေ့ကျင့်လုပ်ဆောင်ခြင်း။ |
| ActionAid/SEDN | မကွေး | အမျိုးသမီးကုန်ထုတ်လုပ်သူများကို အထောက်အပံ့ပေးသော အဖွဲ့အစည်းများအား တည်ထောင်ခြင်း။ လက်မှုပညာဖြင့် ပြုလုပ်ထားသော ပစ္စည်းများအတွက် ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ကွန်ယက်တည်ထောင်ခြင်း။ |
| ADRA/ActionAid | မကွေး | စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်း များအတွက် ငွေကြေးနှင့်ငွေကြေးမဟုတ်သော ထောက်ပံ့မှု၊ ရေရရှိရန် ထောက်ပံ့မှုငွေကြေးနှင့် လုပ်အားဖလှယ်မှု အစီအစဉ်၊ လုပ်ငန်းကျွမ်းကျင်လာစေရန် သင်တန်းပေးမှု၊ သစ်တောများနှင့် မြေဆီလွှာထိန်းသိမ်းစောင့်ရှောက်ခြင်း။ |
| DPDO | မကွေး | စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ငွေကြေး ထောက်ပံ့မှု၊ လုပ်ငန်းကျွမ်းကျင်လာစေရန် သင်တန်းပေးမှု၊ အာဟာရဓာတ် ပြည့်ဝအောင် လုပ်ဆောင်ခြင်း။ |
| EcoDev | မကွေး | ဟင်းသီးဟင်းရွက်များ အခြေခံ၍ စိုက်ပျိုးရောင်းချနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်သူများ၏ အရည်အသွေး တိုးတက်အောင် လုပ်ဆောင်ခြင်း၊ ယင်း ဟင်းသီးဟင်းရွက်များကို ရောင်းချနိုင်ရန် ဈေးကွက်လမ်းကြောင်းသစ်များ တည်ထောင်ခြင်း။ |
| HelpAge International | မန္တလေး၊ စစ်ကိုင်း | စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် ငွေကြေးနှင့် ငွေကြေးမဟုတ်သော ထောက်ပံ့မှု၊ လုပ်ငန်းကျွမ်းကျင်လာစေရန် သင်တန်းပေးမှု၊ အာဟာရပြည့်ဝရေး လုပ်ဆောင်မှု။ |
| IRRI | မကွေး၊ မန္တလေး၊ စစ်ကိုင်း | စိုက်ပျိုးသော မျိုးစေ့မျိုးကွဲများ၏ ရေငတ်ခံနိုင်မှု၊ ဆားငန်ဒဏ်ခံနိုင်မှုအတွက် စမ်းသပ်ခြင်း။ |
| MBCA | မကွေး | ဒေသထွက်ကုန်စည်များ ရောင်းချဝယ်ယူမှုနှင့် ဈေးကွက်သတင်းစနစ် တိုးတက်လာအောင် လုပ်ဆောင်ခြင်း။ |
| မြန်မာနိုင်ငံ စဥ့်အသင်း | စစ်ကိုင်း | မြေရေစစ်အိုးများ။ လှည့်ပတ် စီးဆင်းသော ရန်ပုံငွေများမှတစ်ဆင့် အိုးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စုများအား အထောက်အပံ့ပေးခြင်း။ |
| Mercy Corps | မန္တလေး | စိုက်ပျိုးရေးထွက်ကုန်များနှင့် အကျိုးအမြတ်များ တိုးများလာစေရန် စိုက်ပျိုး လုပ်ကိုင်သူများအား အထောက်အပံ့ပေးမှု၊ အိမ်ထောင်စု အတွင်း စားသုံးမြဲဖြစ်သော အစာအာဟာရအမျိုးအစားများ တိုးများလာစေရန် အထောက်အပံ့ပေးမှု။ |
| Oxfam/NAG | မကွေး၊ မန္တလေး | စိုက်ပျိုးရေးအတွက် လိုအပ်သောပစ္စည်းများကို ဝယ်ယူစုဆောင်း ခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချခြင်း။ ကျပန်း အလုပ်သမားများအား ငွေကြေးနှင့် တိရိစ္ဆာန်များမွေးမြူရေး လုပ်ငန်းအတွက် အကူအညီပေးခြင်း၊ အလုပ်ပါးသော ရာသီတွင် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။ |
| Proximity Designs | မကွေး၊ မန္တလေး၊ စစ်ကိုင်း | ကျေးရွာများတွင် ခြောက်သွေ့ရာသီ၌ ရေလိုအပ်ချက်မရှိစေရန် ရေအိုင်များ၊ ရေကန်ငယ်များ ပြန်လည်တူးဖော်ပေးခြင်း။ လယ်မြေ အနည်းငယ်သာ စိုက်ပျိုးသူများသို့ သီးနှံထုတ်လုပ်မှုအတွက် လိုအပ်သော ခြေနင်း ရေတုံကင် (သို့) အစက်ချ ရေသွင်းစနစ်အတွက် ချေးငှားပေးခြင်း။ |
| Proximity Finance | မကွေး၊ မန္တလေး၊ စစ်ကိုင်း | စိုက်ပျိုးလုပ်ကိုင်သူများအတွက် အသေးစားငွေကြေးလုပ်ငန်း လုပ်ဆောင်ခြင်း၊ စိုက်ပျိုးစရိတ် ချေးငွေများပေးခြင်း။ |
| UNDP/Pact | မကွေး | လယ်မြေမဲ့များနှင့် လယ်မြေအနည်းငယ်သာ ပိုင်ဆိုင်သော စိုက်ပျိုးလုပ်ကိုင်သူများအတွက် အသေးစားငွေကြေးလုပ်ငန်း လုပ်ဆောင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေများ၊ အသေးစားစီးပွားရေး လုပ်ငန်းသုံးချေးငွေများ၊ လူမှုလုပ်ငန်းသုံးချေးငွေများ၊ အကျိုးသော လူမှုဖူလုံရေးငွေကြေးထောက်ပံ့မှုများ လုပ်ဆောင်ခြင်း။ |
| IWMI | အပူပိုင်းဇုန်နေရာအနှံ့ | အပူပိုင်းဇုန်အတွင်း လုပ်ဆောင်နေသော စီမံကိန်းများအတွက် ရေအရင်းအမြစ်များ လေ့လာခြင်း။ |
| GRET | မုံရွာ၊ ယင်းမာပင်၊ ဘုတလင် | အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ငွေကြေးအထောက်အပံ့ရရှိစေရန် လက်ခံနိုင်သည့် ချေးငွေရရှိရေးအတွက် အသေးစားငွေကြေးလုပ်ငန်း လုပ်ဆောင်ခြင်း။ |

ဖြစ်ပေါ်ခြင်းသည် အသက်မွေးမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိခိုက်မှုဖြစ်စေသော အရေးကြီးသည့် အခြေခံအကြောင်းဖြစ်သည်။

ရေသွင်းစိုက်ပျိုးသော နေရာများတွင် ဆန်စပါးသည် အဓိက စိုက်ပျိုးသော သီးနှံဖြစ်သည်။ အခြားကောက်ပဲသီးနှံများ (ကုလားပဲ၊ ပဲစင်းငုံ)၊ ဆီထွက်သီးနှံများ(နှမ်း၊ မြေပဲ၊ နေကြာ)နှင့် နှံစားပြောင်းများကို ယေဘုယျအားဖြင့် အကန့်အသတ်ဖြင့်သာ စိုက်ပျိုးနိုင်သည်။ မြန်မာနိုင်ငံတွင် အပူပိုင်းဒေသသည် ယင်းသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် အလွန်အရေးပါသောနေရာဖြစ်သည်။ တချို့ပြည်သူများသည် ကြက်သွန်နီနှင့် အခြားဟင်းသီးဟင်းရွက်များကို စီးပွားရေးအတွက် စိုက်ပျိုးနေကြသော်လည်း မိမိတို့ခြံတွင်း မြေကွက်များတွင် သစ်သီးပင်များနှင့် ဟင်းသီးဟင်းရွက်များကို အနည်းအကျဉ်းသာ စိုက်ပျိုး ထုတ်လုပ်နိုင်သည်။ ဆန်စပါးကို လုံလောက်အောင် မစိုက်ပျိုးနိုင်သောနေရာများတွင် စားသုံးရန်အတွက် လိုအပ်သောဆန်စပါးများကို ဝယ်ယူနိုင်ရန်အတွက် ယင်းဒေသရှိ ပြည်သူများသည် ကောက်ပဲသီးနှံများ၊ ဆီထွက်သီးနှံများ၊ မွေးမြူရေး တိရိစ္ဆာန်များ ရောင်းချမှုအပေါ် အမှီပြု နေကြရသည်။

လက်ရှိ စိုက်ပျိုးရေး ကုန်ထုတ်လုပ်နိုင်မှုစွမ်းအားသည် ရေရှားပါးမှု၊ မမျှတသည့် ရေဖြန့်ဝေမှု၊ မြေဆီလွှာ အရည်အသွေး နိမ့်ကျမှု ဓာတ်မြေဩဇာများ၊ မျိုးစေ့များ၊ စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများ အကန့်အသတ်ဖြင့်သာ သုံးစွဲနိုင်မှုတို့၏ အကျိုးဆက်အနေဖြင့် ရေသွင်းစိုက်ပျိုးရေးမလုပ်နိုင်သော နေရာများတွင် နိမ့်ကျနေပါသည်။ တိရိစ္ဆာန်ထွက် စွန့်ပစ်ပစ္စည်းများမှရရှိသော သဘာဝမြေဩဇာကို ကျယ်ပြန့်စွာအသုံးပြုလာသော်လည်း သင့်လျော်သော ထုတ်လုပ်မှုအတွက် ဈေးငွေများအကန့်အသတ်ဖြင့်သာ ရရှိနိုင်ခြင်းကြောင့် အထက်ဖော်ပြပါ စိုက်ပျိုးရေးသွင်းအားစု ပစ္စည်းများ (မျိုးစေ့မှအစ) ဝယ်ယူအသုံးပြုရန် အခက်အခဲများဖြစ်လာသည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်းတွင် မုတ်သုံရာသီ မိုးရွာသွန်းမှုသည် ပျှမ်းမျှပမာဏအောက် ပို၍နည်းလာသည်။ ထိုသို့ မုတ်သုံရာသီ၏ ကြီးမားသော ပြောင်းလဲမှုသည် အထူးသဖြင့် အပူပိုင်းဒေသအလယ်တွင်ရှိသော နယ်မြေဒေသများ၏ ထွက်ကုန်များကို လျော့ကျစေသည်။



မွေးမြူရေးလုပ်ငန်းသည် အရေးပါလှပြီး ဆိတ်နှင့်သိုးများကို ကျယ်ကျယ်ပြန့်ပြန့် မွေးမြူကြကာ တစ်နိုင်ငံလုံး မွေးမြူမှုပမာဏ၏ ၄ ပုံ ၃ ပုံခန့်ကို အပူပိုင်းဒေသဇုန်အတွင်း တွေ့ရသည်။ စိုက်ပျိုးရေးဆိုင်ရာ စက်ပစ္စည်းများ မရှိမှုကြောင့် မြေယာပြင်ဆင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းအတွက် ခိုင်းနွားများကို အသုံးပြုကြကာ တစ်နိုင်ငံလုံး ခိုင်းနွားကောင်ရေ၏ ထက်ဝက်နီးပါးခန့်ကို ဤဒေသတွင်တွေ့နိုင်သည်။ သို့သော်လည်း ကျေးရွာအဆင့်တွင် ယင်းတိရစ္ဆာန်များကို သတ်ဖြတ်စားသောက်ခြင်းထက် ငွေလိုလျှင် ရောင်းချနိုင်သောပစ္စည်းဥစ္စာအဖြစ် အစဉ်အလာအားဖြင့် သတ်မှတ်ကြသည်။

ထွက်ကုန်အများစုကို ဒေသတွင်းကုန်စည်ဒိုင်များတွင် လျော့နည်းသောဈေးနှုန်းဖြင့် ရောင်းချရလေ့ရှိကြပြီး နွားများကို မြို့နယ်ဈေးများတွင် ရောင်းချရသည်။ နယ်လှည့်ကုန်သည်များသည် ကျေးရွာများတွင် ပုံမှန်အားဖြင့် သေးငယ်သော မွေးမြူရေးတရိစ္ဆာန်များကို ဝယ်ယူကြသည်။ ရိတ်သိမ်းထားသော သီးနှံများသိုလှောင်ထားရန် နေရာ

အနည်းငယ်သာရှိ သို့မဟုတ် လုံးဝမရှိသည့်အတွက် ကျေးရွာများတွင် ပြည်သူများသည် ချေးငွေများကို ပြန်ပေးဆပ်နိုင်ရန်နှင့် လိုအပ်သောငွေကို ချက်ချင်းရရှိနိုင်ရန်အတွက် သီးနှံထွက်ကုန်များကို ရိတ်သိမ်းပြီးသည်နှင့် တိုက်ရိုက်ရောင်းချကြရသည်။

ချေးငွေများကို ကျယ်ပြန့်စွာ အသုံးပြုနိုင်လာသော်လည်း[၄၆] ယင်းချေးငွေများ၏ တန်ဖိုးနှင့် အသုံးဝင်မှုသည် ချေးငွေရရှိသည့် အရင်းအမြစ်အပေါ် မူတည်ပြီးကွဲပြားသည်။ လယ်မြေနှစ်ဧကအောက်သာ ပိုင်ဆိုင်သူများတွင် ချေးငွေကို စိုက်ပျိုးထုတ်လုပ်မှုအတွက်မဟုတ်သော ရည်ရွယ်ချက်ဖြင့် ထုတ်ယူမှုများ မကြာခဏတွေ့ရှိရသည်။ ထိုသို့ ချေးငွေထုတ်ယူအသုံးပြုမှု၏ အခြေခံအကြောင်းသည် အစားအစာဝယ်ယူရန်အတွက်ဖြစ်သည်။ ယင်းသို့ အစားအစ ဝယ်ယူရန်အတွက် ချေးငွေထုတ်ယူမှုသည် ကုန်ထုတ်လုပ်ရေး အရင်းအမြစ်များကို လျော့ကျစေရုံမက အချိန်ကြာလာသည်နှင့်အမျှ ကြွေးမြီများတိုးပွားလာစေနိုင်သည်။

အပူပိုင်းဒေသကျေးရွာများမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်လုပ်ကိုင်မှုသည် စီးပွားရေးအရ အရေးကြီးသည် ထက်ကြီးလာသည့် အခြေခံအကြောင်းရင်းဖြစ်သည်။ သီးနှံစိုက်ပျိုးရေးမလုပ်နိုင်သောရာသီတွင် ဆောက်လုပ်ရေး လုပ်ငန်းများ၌ အလုပ်အကိုင်ရရှိရန် မန္တလေး၊ ရန်ကုန်၊ မုံရွာစသည့် မြို့များသို့ ပြောင်းရွှေ့နေထိုင်မှုသည် ဖြစ်ရိုးဖြစ်စဉ် တစ်ခုနယ်ဖြစ်လာသည်။ အရပ်ဒေသတစ်ခုတွင် လူမှုရေးဆက်သွယ်မှုများတည်ရှိခြင်းသည် နေရပ်ပြောင်းရွှေ့ နေထိုင်မှုဖြစ်စဉ်များအတွက် အရေးကြီးသည့် ဆွဲဆောင်အားတစ်ရပ်ဖြစ်သည်ဟု အရည်အသွေးဦးစားပေး လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုတွင်တွေ့ရှိရသည်။ မြိုင်မြို့နယ်တွင် အခြားနေရာသို့ပြောင်းရွှေ့နေထိုင်မှုသည် ၅ % မှ ၂၀ % အတွင်းရှိသည်ဟု ထုတ်ပြန်ထားသည်။

## ၃.၂.၂ ရလဒ်များအပေါ် ဆွေးနွေးချက်

### လူမှုဘဝ အကာအကွယ်ပေးရေး

LIFT ၏ IP အများစုသည် ၎င်းတို့၏ စီမံကိန်းများတွင် အောက်ဖော်ပြပါအတိုင်း တိုင်းတာတွက်ချက်ထားသော လူမှုဘဝအကာအကွယ်ပေးရေး လုပ်ငန်းပုံစံအချို့ကို ထည့်သွင်းထားသည်-

- ဆင်းရဲနွမ်းပါးသော ပြည်သူတို့၏ စွမ်းဆောင်ရည်နှင့် ဝင်ငွေတိုးမြှင့်လာစေမည့် အထောက်အပံ့ (ဥပမာ - အသက်မွေးမှုနှင့် စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့၊ စက်မှုနည်းပညာကျွမ်းကျင်မှုများ တိုးတက်လာစေရန် လေ့ကျင့်သင်ကြားပေးမှုများ၊ ငွေကြေးစုဆောင်းခြင်းနှင့် အသေးစားချေးငွေများ)
- အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု (သို့) ဝင်ငွေရရှိရန် လှုပ်ရှားမှုများအတွက် အထောက်အပံ့
- ငွေကြေးနှင့် လုပ်အားဖလှယ်မှု အစီအစဉ်များ
- ငွေကြေး / အကျိုးအမြတ် လွှဲပြောင်းပေးမှုများနှင့်
- စပါးဘဏ်များတည်ထောင်မှု

မိတ်ဖက်အဖွဲ့အစည်းအများစုသည် ကာကွယ်ပေးခြင်းနှင့် အားပေးမြှင့်တင်ခြင်း ချဉ်းကပ်နည်းများကို လုပ်ဆောင်ကြသည်။ အနည်းငယ်ကသာ မူဝါဒပြောင်းလဲရန် ထောက်ခံသည့် ပြောင်းလဲပေးခြင်း ချဉ်းကပ်မှုကို လုပ်ဆောင်ကြသော်လည်း LIFT စီမံကိန်းမှ အောင်မြင်သောဥပမာအချို့ရှိသည်။

၄၆ LIFT ၏ အခြေခံ စာရင်းကောက်ယူမှု (Baseline Survey) အရ ၈၃ ရာခိုင်နှုန်းသော ဖြေကြားသူများက လွန်ခဲ့သော (၁၂)လအတွင်း ချေးငွေရယူမှု တစ်ကြိမ်ရှိခဲ့ကြောင်း တွေ့ရှိရသည်။

ဇယား ၁၂။ အပူပိုင်းဇုန်၌ LIFT စီမံကိန်းများ၏ လူမှုကာကွယ်ရေး လှုပ်ရှားမှုပုံစံများ[၄၇]

| မိတ်ဖက်အဖွဲ့များ | မြို့နယ်များ/ ရွာများ | ချဉ်းကပ်မှု ပုံစံများ | | | | လှုပ်ဆောင်မှုများ |
|---|---|---|---|---|---|---|
| | | စောင့်ရှောက်[၄၈] | ကာကွယ် | အားပေး | ပြောင်းလဲ | |
| ActionAid/Thadar | ၄/၃၇ | | ✓ | ✓ | | CfW, ငွေသားလွှဲပြောင်းမှု၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) |
| ActionAid/SEDN | ၃/၄၀ | | | ✓ | ✓ | သင်တန်းနှင့် အမျိုးသမီး အခွင့်အရေး မြှင့်တင်ပေးမှုအတွက် ငွေကြေးပံ့ပိုးခြင်း |
| ADRA | ၃/၅၀ | | ✓ | ✓ | | CfW, ငွေသားလွှဲပြောင်းမှု၊ အာဟာရ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) |
| DPDO | ၃/၂၃ | | ✓ | ✓ | ✓ | ငွေသားလွှဲပြောင်းမှု၊ အာဟာရ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) |
| HelpAge | ၂/၃၀ | ✓ | ✓ | ✓ | ✓ | CfW, ငွေသားလွှဲပြောင်းမှု၊ အာဟာရ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) |
| Mercy Corps | ၁/၄၁ | | | ✓ | | CfW, ငွေသားလွှဲပြောင်းမှု၊ အာဟာရ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) |
| Oxfam | ၂/၆၃ | ✓ | ✓ | ✓ | | CfW, ငွေသားလွှဲပြောင်းမှု၊ အာဟာရ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) |
| Pact | ၂/၄၃ | | ✓ | | | အကျိုးသက်ရောက်မှု ရှိစေသည့် ပရဟိတ အာမခံလုပ်ငန်း[49] |
| Proximity Designs | ၂၆/၆၄၉ | | | ✓ | | CfW |
| SPPRG | | | | | ✓ | မူဝါဒ အပြန်အလှန်ဆွေးနွေးခြင်း၊ ထောက်ခံမှု |

### ၁။ ကျေးရွာများတွင် စပါးဘဏ်များနှင့် အမျိုးသမီး ကုန်ထုတ်လုပ်သူ အဖွဲ့အပါအဝင် လူမှုဘဝကာကွယ်ရေး နည်းလမ်းများ အောင်မြင်စွာ လုပ်ဆောင်ခြင်း။

စပါးဘဏ်များသည် ဆင်းရဲနွမ်းပါးလွန်းသော မိသားစုများကို ကာကွယ်မှု ပေးနိုင်သည်။ အပူပိုင်းဇုန်ဒေသရှိ အိမ်ထောင်စုအများအပြားသည် စားသောက်စရိတ်အတွက် ငွေတိုးချေးသူများထံမှ အတိုးနှုန်းကြီးကြီးဖြင့် ချေးယူရမှု၏ အကျိုးဆက်အနေနှင့် ကြွေးမြီများခေါင်ခိုက်လျက်ရှိသည်။ ၇၀ ရာခိုင်နှုန်းသော အိမ်ထောင်စုများတွင် ဆန်စပါး ရောင်းဈေးအမြင့်ဆုံးဖြစ်လာမည့် နောက်တစ်ရာသီ ရိတ်သိမ်းချိန်မတိုင်မီ ၃ လနှင့် ၇ လအကြားတွင် ၎င်းတို့၏ ကိုယ်ပိုင်ဆန်များ ပြတ်လပ်သွားလေ့ရှိသည်။[၅၀] ထိုသို့ ဖြစ်ရခြင်းမှာ ပြီးခဲ့သည့်နှစ်က မိုးခေါင်မှုနှင့် သီးနှံမဖြစ်ထွန်းမှု အန္တရာယ်နှင့် တစိတ်တပိုင်းပတ်သက်သည်။[၅၁] ကုန်ကျစရိတ်နှင့် အတိုးနှုန်းနည်းနည်းဖြင့် ဆန်စပါးများ သိုလှောင်ထိန်းသိမ်းနိုင်မှုသည် အရေးပါလာခဲ့သည်။

၄၇ Stephen Devereux နှင့် Rachel Sabates-Wheeler ကူးပြောင်းရေးရာ လူမှုကာကွယ်ရေး၊ IDS လုပ်ငန်းစာရွက်စာတမ်း ၂၃၂၊ အောက်တိုဘာ ၂၀၁၄။

၄၈ စောင့်ရှောက်ခြင်း။ ဆင်းရဲချို့တဲ့မှုမှ သက်သာရာရရန် ပံ့ပိုးပေးမှု (ငွေကြေးလွှဲပြောင်းခြင်း၊ အကျိုးအမြတ်လွှဲပြောင်းခြင်း၊ ငွေစုဆောင်းခြင်းများ၊ ချေးငွေအဖွဲ့အစည်းများ၊ အပိုဖြည့်စွက်မှုများထည့်သွင်းခြင်း၊ အိုးအိမ်အခြေခံစောင့်ရှောက်မှု) ကာကွယ်ပေးခြင်း။ ဆင်းရဲချို့တဲ့မှုအား ရှောင်လွှဲနိုင်ရန် ပံ့ပိုးပေးမှု (လူထုပုံ စပါး/မျိုးစေ့ဘဏ်များ၊ ငွေစုငွေချေး အဖွဲ့များ၊ လူထုကျန်းမာရေး အာမခံ စနစ်များ) အားပေးမြှင့်တင်ပေးခြင်း။ ဖိအားနှင့် စိတ်မချမ်းမြေ့ဖွယ်များအား ခံနိုင်ရည် မြှင့်တင်ပေးပြီး ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများ ဖန်တီးပေးသည့် အစီအစဉ်အမျိုးမျိုးဖြင့် ဆင်းရဲနွမ်းပါး သော လူထု၏ ဝင်ငွေနှင့် စွမ်းဆောင်ရည်များ တိုးမြင့်လာအောင် ဆောင်ရွက်ပေးခြင်း။ ပြောင်းလဲပေးခြင်း။ လူမှုရေးရာ တရားမျှတမှုများနှင့် ချန်လှပ်ထားမှုများ တိုးပွားနေသော ဆင်းရဲနွမ်းပါးမှုများပြားနေသည့် နေရာများရှာဖွေပေးသည်။ သို့အဟုတ် လူမှုရေးရာ မူဝါဒများ၊ သဘောတရာပြောင်းလဲမှု (ထောက်ခံအားပေးမှု၊ လူ့အခွင့်အရေးအခြေခံချဉ်းကပ်မှုများနှင့်ပတ်သက်သော မူဝါဒများ အပြန်အလှန်ပြောဆိုဆွေးနွေးမှု၊ ထည့်သွင်းထားသော အစီအစဉ်များ၊ ဈေးကွက်ဆိုင်ရာကွင်းဆက်များ စသည်ဖြင့်)

၄၉ အကယ်၍ သဘာဝဘေးများကြောင့် သို့မဟုတ် ငွေချေးငှားသူသေဆုံးသွားလျှင် အကျိုးအမြတ်လျော့ကျသွားပါက ငွေသားထောက်ပံ့မှုများနှင့် ဖောက်သည်များအတွက် ချေးငွေပြေလျော့ပေးမှုများသတ်မှတ်ပေးထား

၅၀ ကြွေးနွံနစ်ခြင်းသည် ရာသီအလိုက် အလုပ်အကိုင်ရရှိမှုနှင့် သီးနှံဖွံ့ဖြိုးမှုအပေါ် မူတည်ပြီး ကွာခြားသည်။ ၂၀၁၁ နိုင်ဝင်ဘာလတွင် စာရင်းကောက်ယူမှုအရ အပူပိုင်းဒေသဖုံမှ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ တစ်သိန်းကျပ် သို့မဟုတ် ၉၆ ဒေါ်လာထက်ပိုသော ကြွေးမြီများ ရှိနေကြသည်။ (Lift အခြေခံ အချက်အလက် စစ်တမ်း ၂၀၁၁) ၆၆ ရာခိုင်နှုန်းသော လယ်သမားများက သီးနှံရိတ်သိမ်းပြီးသည်နှင့် ဆန်စပါးများ ချက်ချင်း ရောင်းချကြရသည်။ (Lift အခြေခံ အချက်အလက် စစ်တမ်း ၂၀၁၁)

၅၁ ၂၀၁၃ ခုနှစ်တွင် International Water Management Institute(အပြည်ပြည်ဆိုင်ရာ ရေစီမံခန့်ခွဲမှုအဖွဲ့အစည်း) Lift ရန်ပုံငွေ လေ့လာမှုအရ ပြီးခဲ့သည့်နှစ် ဖွန်လစာရင်းဇယားအရ မိုးရွာသွန်းမှု သိသာစွာလျော့ကျခဲ့ကြောင်းတွေ့ရှိရသည်။မိုးရာသီအတွင်း ထိခိုက်မှုရှိသောနေ့များတွင် အပြောင်းအလဲအများအပြားနှင့် ပေါင်းစပ်မိသည်။

စပါးဘဏ်တစ်ခုသည် လူထုအခြေပြု ဆန်စပါးသိုလှောင်မှုစနစ်တစ်ခုဖြစ်ပြီး အဖွဲ့ဝင်များအနေဖြင့် ဈေးကွက်ပေါက်ဈေးအောက် လျှော့နည်းသော ဈေးနှုန်းဖြင့် ဝယ်ယူ ရရှိနိုင်သည်။ ActionAid/Thadar ပူးပေါင်းအဖွဲ့က အပူပိုင်းဒေသများရှိ စပါးဘဏ်များကို ထောက်ပံ့ပေးသည်။ ၎င်းတို့၏စီမံကိန်းများသည် ဆန်ဝယ်ရန် ရန်ပုံငွေစာရင်းထူထောင်မှုကို ထောက်ပံ့ပေးပြီး စီမံခန့်ခွဲမှုကော်မတီကို ထူထောင်ပေးသည်။ ထို့နောက်တွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများက အချိန်မရွေး ဆန်စပါးရရှိနိုင်သည်။ သို့သော် လူထုကအလုပ်အကိုင်များရှိပြီး ဝင်ငွေများရှိလာသောအခါ လက်ငင်းငွေသားဖြင့် ပေးချေဖွယ်ရှိသည်။

၂၀၁၃ ခုနှစ်တွင် အကျိုးခံစားခွင့်ရှိသော အိမ်ထောင်စုပေါင်း ၁၉၉၈ ခုသည် မြို့နယ်ပေါင်း ၅ မြို့နယ်ရှိ ကျေးရွာ ၃၇ ရွာမှတဆင့် အပူပိုင်းဇုံဒေသရှိ LIFT မှ ထောက်ပံ့သော စပါးဘဏ်များမှ အကျိုးဖြစ်ထွန်းခဲ့သည်။ ActionAid မှ အချက်အလက်များအရ စပါးဘဏ်တခု တည်ထောင်ခြင်းသည် အသုံးပြုသူများကို တစ်အိမ်ထောင်လျှင် ၃၇၀၀၀ ကျပ် (သို့) ၃၈ ဒေါ်လာခန့် ကုန်ကျစေသည်။ သို့သော် ၎င်းတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုအတွက် ၂၀ ရာခိုင်နှုန်း ပြန်လည်အကျိုးဖြစ်ထွန်းလေ့ရှိသည်။ စပါးဘဏ်ကိုအသုံးပြုခြင်းဖြင့် အိမ်ထောင်စုများသည် ယခင်က ငွေချေးခဲ့ရခြင်း သို့မဟုတ် ငွေတိုးချေးသူများ၊ ကျေးရွာဆိုင်များမှ စားရေးအတွက် အကြွေးယူခဲ့ရသည့် အတိုး ၅၀ ရာခိုင်နှုန်းနှင့်ညီသောပမာဏကို စုဆောင်းနိုင်ကြသည်။ ထိုစပါးဘဏ်များက အရေးပေါ်အကျပ်အတည်းအခြေအနေများအတွက်လည်း အကူအညီရသည်။ ဥပမာအားဖြင့် ၂၀၁၃ ခုနှစ်က အောင်လံမြို့နယ် ကွမ်းလောင်း (ရေ) ကျေးရွာ ရုတ်တရက် ရေကြီးမှုဖြစ်ပွားခဲ့ရာ စပါးဘဏ်များက ပြည်သူများအားထိရောက်စွာ ကူညီဆောင်ရွက်နိုင်ခဲ့သည်။

အချို့စပါးဘဏ် ကော်မတီအဖွဲ့များက နောက်ထပ်လူမှုဘဝအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သည်။ ActionAid/Thadar ပူးပေါင်းအဖွဲ့၏ ကျေးရွာများတွင် စပါးဘဏ်အသုံးပြုကြသူများအနေနှင့် စပါးဘဏ်ကိုအသုံးပြုတိုင်း ဆန်တစ်ပြည်လှူသင့်သည်ဟု ရွာသူရွာသားများက မဲပေးဆုံးဖြတ်ခဲ့ကြသည်။ အလှူခံရရှိသောဆန်များကို မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများထံ ဝေငှမည်ဖြစ်သည်။ လက်ရှိတည်ရှိပြီးသော အဖွဲ့အစည်းပေါ်အခြေခံ၍ လူမှုဘဝအကာအကွယ်ပေးရေး အစီအစဉ်များအတွက် ဤကဲ့သို့ လက်တွေ့ပြုမူဆောင်ရွက်မှုသည် အစကောင်းမှုတစ်ခုဖြစ်လာနိုင်ပါသည်။

များစွာသော အကျိုးခံစားခွင့်ရှိသူများ အထူးသဖြင့် အမျိုးသမီးများက ၎င်းတို့၏ စပါးဘဏ်များကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါကြောင်း FMO သို့ ပြောကြားခဲ့ပါသည်။ သို့ပါသော်လည်း စောင့်ကြည့်လေ့လာရေး ခရီးစဉ်များ၏ အထောက်အထားများအရ စပါးဘဏ်လုပ်ငန်းလည်ပတ်မှုနှင့် အောင်မြင်မှုသည် စပါးဘဏ်ကော်မတီ၏ အစွမ်းအစနှင့် အရည်အချင်းအပေါ်တွင် လုံးလုံးလျားလျားတည်မှီနေသည်ဟု အကြံပြုကြပါသည်။ ကော်မတီအဖွဲ့အားစနစ်တကျ လေ့ကျင့်ပျိုးထောင်ပြီး ရှင်းလင်းမြင်သာစွာ စီမံဆောင်ရွက်ကြလျှင် အဆိုပါစပါးဘဏ်များသည် ကျေးရွာများရှိ တိုးတက်လာသော လူမှုဘဝအကာအကွယ်ပေးရေး လုပ်ငန်းများအတွက် အစစ်အမှန် အရေးပါအရာရောက်လာခဲ့ပါသည်။

ထုတ်လုပ်သူများ အဖွဲ့တစ်ဖွဲ့က အရာသွင်းမခံရသော အမျိုးသမီးများအတွက် ဝန်ဆောင်မှုများ လက်လှမ်းမီမှု တိုးတက်ရေးနည်းလမ်း၏ နိဒါန်းအစကို ဆောင်ရွက်ခဲ့ကြသည်။ ၂၀၁၃ နှစ်လည်ပိုင်းတွင် စတင်ခဲ့ သော ActionAid ၏ ဒေသတွင်း ဖွံ့ဖြိုးရေးအတွက် လူမှုစီးပွား ဖွံ့ဖြိုးရေးကွန်ယက် (SEDN) က မြိုင်နှင့် ပခုက္ကူမြို့နယ်ရှိ ကျေးရွာ ၄၀ မှ ဆင်းရဲနွမ်းပါးသော အမျိုးသမီးများအား ဒေသတွင်းပြည်သူများ၊ ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်ပထုတ်ကုန်ဈေးကွက်အတွက် အရည်အသွေးမီ လက်မှုပစ္စည်းများထုတ်လုပ်ရန် အသက်မွေးမှုဆိုင်ရာ လေ့ကျင့်ပျိုးထောင်မှုများ ထောက်ပံ့ပေးခဲ့သည်။ ပထမအကြိမ် ရက်ကန်းယက်ခြင်း၊ ကြိမ်ထည်ပစ္စည်း ထုတ်လုပ်ခြင်းနှင့် စက်ချုပ်ခြင်းအတတ်ပညာများ သင်တန်းကို အမျိုးသမီး ၂၀၀ ဦး တက်ရောက်ခဲ့ပြီး၊ အဆိုပါသင်တန်းတွင် ခုခံအားကျဆင်းမှုရောဂါကာကွယ်ရေးနှင့် ကျား၊ မ လူမှုရေးရာအမြင်ဖွင့်သင်တန်းကဲ့သို့သော ဘဝတွက်တာကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းများလည်း ဖြည့်စွက်ထားသည်။ အမြင့်ဆုံးအဆင့်ဖြင့် အောင်မြင်ခဲ့သူများအား အမျိုးသမီးထုတ်လုပ်သူများပံ့ပိုးရေးအဖွဲ့အတွင်း ထည့်သွင်းဖွဲ့စည်းခဲ့သည်။

SEDN စီမံကိန်းသည် ၎င်းတို့၏ ထုတ်ကုန်များကို NGO အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များစသဖြင့် ကျယ်ပြန့်စွာပါဝင်သော ပုဂံရှိလက်မှုပညာထုတ်လုပ်သူများကွန်ရက်သို့ ပေးပို့ဖြန့်ဖြူးသည်။[၅၂]

---

၅၂ အစိုးရဌာနများတွင် ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ၊ လူမှုဖူလုံရေး ဦးစီးဌာန၊ မြန်မာ့ ဟိုတယ်နှင့် ခရီးသွားလာရေး ဦးစီးဌာန၊ ရဲဌာန၊ ပြည်ထဲရေးရာနှင့် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက် တို့ပါဝင်သည်။



ထုတ်ကုန်ရောင်းချမှုနှင့် ဝင်ငွေရရှိမှုများအပြင် စီမံကိန်း၏ ဒုတိယအစိတ်အပိုင်းက ကျေးရွာ ၄၀ ရှိ အမျိုးသမီးများအား ရည်ညွှန်းပို့စနစ်အားဖြင့် လူထု ဝန်ဆောင်မှုများအား ၎င်းတို့လည်း အလွယ်တကူ ရယူ ခံစားပိုင်ခွင့်ရှိကြောင်း အသိဉာဏ်ဖွင့်ပေးခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်း အမျိုးသမီး ၄၇ ဦးသည် (ငွေချေး ယူနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့်) နိုင်ငံသား မှတ်ပုံတင်ကဒ်များ လျှောက်ထားခဲ့ကြသည်။ ၁၉၉ ဦးကို ကျန်းမာရေးဝန်ဆောင်မှုများအတွက် ရည်ညွှန်း ပေးပို့ခဲ့ပြီး၊ ၄၀၀ ဦးကို အာဟာရမှအစ လူကုန်ကူးမှု ဆန့်ကျင်ရေးအထိ အကြောင်းအရာမျိုးစုံနှင့် ပတ်သက် သော သတင်းအချက်အလက်များ ရရှိနိုင်မည့် အခြား အေဂျင်စီများထံ ညွှန်းပို့ပေးနိုင်ခဲ့သည်။ စုစုပေါင်း အမျိုးသမီး ၈၆၀ ဦးက ရည်ညွှန်းပို့ ကွန်ရက်ကို အသုံးပြုခဲ့ကြသည်။

မြိုင်မြို့နယ်ရှိ SEDN သင်တန်းကျောင်းတွင် အသက်မွေးဝမ်းကျောင်းမှုပညာ သင်ကြားနေပုံ

## ၂။ စနစ်တကျ ကောင်းမွန်စွာ သုတေသနပြုထားသော သက်သေခံများအပေါ် အခြေပြုထားသည့် ကြိုးစား အားထုတ်လုပ်ဆောင်မှုများသည် အောင်မြင်နိုင်ကြောင်း ပြသနိုင်သည့်မူဝါဒနှင့် ထောက်ခံမှုများကို LIFT က အထောက်အပံ့ပေးခြင်း။

LIFT မှ လူမှုရေးဆိုင်ရာ အချက်အလက်နှင့် အထောက်အထားများကို အခြေခံသော စွမ်းရည်ဖွံ့ဖြိုးမှု သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်ရိုးများအား လူမှုဖူလုံရေး ဦးစီးဌာန (DSW) သို့ ထောက်ပံ့ ပေးရေးအတွက် လူမှုရေးဆိုင်ရာသုတေသနလုပ်ဆောင်မှုအဖွဲ့ (SPPRG) ကို အထောက်အပံ့ပေးသည်။ SPPRG က ကျယ်ပြန့်သော လူမှုဘဝအကာအကွယ်ပေးရေး အကြောင်းအရာများအား ပိုမိုကောင်းမွန်စွာ နားလည်စေရန် ထောက်ပံ့ပေးခြင်းဖြင့် နိုင်ငံတော်နှင့် ဒေသတွင်းအဆင့် အစိုးရဝန်ထမ်းများ၏ ကျွမ်းကျင်မှု တိုးတက်စေရန် အကူအညီပေးခဲ့သည်။

၂၀၁၃ ခုနှစ်၊  မတ်လတွင် စွမ်းဆောင်ရည် မြှင့်တင်ပေးရန်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့် ပဏာမ အစီအစဉ်မူကြမ်းရေးဆွဲရန်အတွက် ဝန်ကြီးဌာန ၁၂ ခုမှ ကိုယ်စားလှယ်များနှင့်အတူ ပြည်နယ်/ တိုင်းဒေသ ကြီး ၁၄ ခုအနက် ၁၃ ခုမှ လူမှုဝန်ထမ်းညွှန်ကြားရေးမှူးများအား ဖိတ်ခေါ်၍ နေပြည်တော်တွင် အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကို SPPRG က ဦးစီးဦးရွက်ပြုခဲ့ ကျင်းပခဲ့သည်။ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ချင်း ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရောဝတီတိုင်း၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှ ပြည်နယ်အစိုးရ အဖွဲ့များသည် ပြည်နယ်/ တိုင်းဒေသကြီးအဆင့် လူမှုဘဝအကာအကွယ်ပေးရေး အစီအစဉ်များကို ဖော်ထုတ် ရေးဆွဲနိုင်ခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အဖွဲ့အစည်းများအကြား ချိတ်ဆက်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့နှင့် ပူးပေါင်း၍ လူမှုဘဝအကာအကွယ်ပေးရေးဆိုင်ရာ ပဏာမ လိုအပ်ချက်များ ချင့်ချိန်တွက်ချက်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း SPPRG ၏ ကူညီပံ့ပိုးမှုများဖြင့် မြို့နယ် ၃၇ ခုအတွက် လူမှုဘဝအကာအကွယ်ပေးရေး ရန်ပုံငွေအစီအစဉ်များ ဖော်ဆောင်နိုင်ခဲ့သည်။

**လူမှုကာကွယ်ရေး မူဝါဒများနှင့်ပတ်သက်၍ SPPRG ၏ အစီအစဉ်မှ ရလဒ်များ**

- ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်း အမျိုးသားဖွံ့ဖြိုးမှု ဖိုရမ်ကျင်းပရာ ချင်းပြည်နယ်အစိုးရက လူမှုဘဝအကာအကွယ်ပေးရေးနှင့် ပတ်သက်သော ငါးနှစ်ဖွံ့ဖြိုးမှုစီမံကိန်း မူကြမ်းတစ်ရပ်ကိုတင်ပြခဲ့သည်။ ၎င်းစီမံကိန်းသည် SPPRG ၏ ပံ့ပိုးမှုဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ချင်းပြည်နယ်သည် ယင်းအစီအစဉ်၏ ရည်ရွယ်ချက်များကြောင့် ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ (၁)သန်း ထပ်တိုးရရှိခဲ့သည်။
- ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၀ တွင် ကျင်းပသော ဝန်ကြီးချုပ်၏ လူထုဟောပြောပွဲတွင် SPPRG မှ သုတေသနပြု ထုတ်လုပ်မှုအချက်အလက်များ၊ လူမှုဘဝအကာအကွယ်ပေးရေး လေ့လာတိုင်းတာမှုများဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက လူသိရှင်ကြားကတိကဝတ်ပြုခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၏ လူမှုဘဝ အကာအကွယ်ပေးရေးအစီအစဉ်ကို ဒေသတွင်းမှ မြို့နယ်အဆင့်သို့ နေရာတကျသတ်မှတ်ပြီး အလုံးစုံ အကုန်အကျခံပြီးဖြစ်သည်။ စစ်ကိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်းက လူမှုဘဝအကာအကွယ်ပေးရေး အစီအစဉ်များကို ပိုမိုကျယ်ပြန့်သော ဒေသဖွံ့ဖြိုးမှုအစီအစဉ်များအဖြစ် ပါဝင်ဖွဲ့စည်းမည်ဖြစ်သည့် တိုင်းဒေသကြီး အတွက် အကျိုးတူပူးပေါင်းဖွံ့ဖြိုးမှု အစီအစဉ်တရပ်ကို ဒီဇိုင်းရေးဆွဲမည်ဖြစ်သည်။

## ရေအရင်းအမြစ် လက်လှမ်းမီမှု

### ၃။ အိမ်တွင်းသုံးနှင့် အသေးစားစိုက်ပျိုးရေးလုပ်ငန်းသုံးအတွက် ရေအရင်းအမြစ် လက်လှမ်းမီမှု မြှင့်တင်ခြင်းအား အရေးအကြီးဆုံး အာရုံစိုက်မှုအဖြစ် ဆက်လက်အကောင်အထည်ဖော်ခြင်း။

**သီးနှံဆိုင်ရာ စွန့်စားရနိုင်မှုများ လျှော့ချခြင်း** - သာစည်၊ မင်းဘူးနှင့် ပခုက္ကူမြို့နယ်တွင် Oxfam/NAG နှင့် ADRA မှ ရေရရှိနိုင်မှု ပြန်လည်ထူထောင်ရေးစီမံကိန်း ၄၉ ခုကို အစပျိုးဆောင်ရွက်ခဲ့သည်။ ပခုက္ကူတွင် အသေးစားဆည် ၁ ခု၊ မင်းဘူးရှိ ရွာနှစ်ရွာတွင် အဝီစိရေတွင်း ၃၈ တွင်း၊ သာစည်ရှိ ကျေးရွာ ၁၀ ခုတွင် ရေလှောင်ကန် ၇ ခုနှင့် ရေသွင်းစနစ်/ ရေသွယ်မြောင်း ၃ ခု တို့ဖြစ်သည်။ ထို့အပြင် သာစည်တွင် ဆည်မြောင်းရေသွင်းခြင်းဖြင့် လယ်ဧက ၂၀၀၀ ကို ဝန်ဆောင်မှုပေးလျှက်ရှိပြီး စပါးစိုက်ပျိုးခြင်းနှင့် ပျိုးခင်းများအတွက် အသုံးပြုခဲ့ကြသည်။ ရေရရှိမှုသည် မိုးရာသီ (ဖွန်နှင့် ဇူလိုင်) ကာလများအတွင်း လစ်ဟာမှုများအားဖြည့်ဆည်းကာ သီးနှံမဖွံ့ဖြိုးမှုကို ကာကွယ်ပေးမည်ဖြစ်သည်။ FMO နှင့် ဆွေးနွေးချက်များအရ သီးနှံအထွက်မတိုးစေကာမူ စွန့်စားရမှုလျှော့ခြင်းသည် သီးနှံအထွက်တိုးမှု တိုးပွားရန် ပိုမိုရင်းနှီးမြှုပ်နှံရေးကို အားပေးအားမြှောက်ပြုသော သိသာထင်ရှားသည့် အောင်မြင်မှုဖြစ်သည်ဟု လယ်သမားများက မှတ်ချက် ပြုခဲ့ကြသည်။ Oxfam မှ ကူညီထောက်ပံ့သော ရေတွင်းအသစ်များမှရေများကို မှတ်သုံရာသီမတိုင်မီနှင့် နောင်းပိုင်းနှမ်းစိုက်ပျိုးရာတွင် အသုံးပြုခဲ့ပြီး အထွက်နှုန်းတိုးလာခဲ့သည်။ ဆည်မြောင်းရေသွင်းစနစ် ဖြည့်စွက်မှုသည် အကျိုးအမြတ် အများအပြားဖြစ်ထွန်းရန် အလားအလာရှိသော ကောက်ပဲသီးနှံအမျိုးမျိုး စိုက်ပျိုးခြင်းနှင့် ပုံမှန်အလုပ်မရှိသော အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မှုကို ဖြစ်ပေါ်စေသည်။

**ကုန်ကျစရိတ်နည်းသော ရေပေးသွင်းခြင်းနည်းပညာများနှင့် ချေးငွေများ ပေါင်းစပ် ပံ့ပိုးပေးခြင်း** - ခြေနင်းရေတင်စက်သုံးခြင်း၊ ဆည်မြောင်းရေသွယ်ခြင်းစသည့် နည်းလမ်းများအပါအဝင် ကုန်ကျစရိတ်နည်းနည်းနှင့် အကျိုးထိရောက်သော ရေသွင်းစနစ်များအတွက် ချေးငွေများထုတ်ပေးခြင်းသည် လယ်သမားများအား ရေရရှိစေပြီး ဝင်ငွေတိုးတက်လာစေရန်လည်း ကူညီပါသည်။ ယင်းထုတ်ကုန်များသည် လယ်သမားများအား တစ်နိုင်တစ်ပိုင်စီးပွားဖြစ်စိုက်ပျိုးရေး လုပ်ငန်းများအတွက်အနက် တွင်းတိမ်မြေအောက်ရေအား ထုတ်ယူသုံးစွဲနိုင်စေပါသည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ စစ်တမ်းများတွင် ရေသွင်းပစ္စည်းဝယ်ယူထားသော အိမ်ထောင်စုများသည် နှစ်စဉ်ဝင်ငွေ ပျှမ်းမျှ ၂၃၅၂၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၂၄၅) ခန့် တိုးတက်လာသည်ဟု ဖော်ပြထားပါသည်။[၅၃]

**ကျေးရွာတွင်း ရေကန်များအား လူထုဦးဆောင်မှုဖြင့် ပြန်လည်ဆယ်ယူထိန်းသိမ်းခြင်း** - ကျေးရွာများတွင် သောက်သုံးရေ အရင်းအမြစ်ဖြစ်သော ကျေးရွာရေကန်များခမ်းခြောက်ခြင်းသည် ရေနှင့်ပတ်သက်သော အကြီးမားဆုံးစိန်ခေါ်မှုများအနက် တစ်ခုဖြစ်သည်။ ရေပြတ်လပ်မှုကြောင့် လူမှုရေးပြဿနာများပါ ရှုပ်ထွေးလာနိုင်သည်။ နီးစပ်ရာကျေးရွာများတွင် အချိန်ကုန်ခံ၍ တကူးတက ရေများသွားရောက်သယ်ယူရသောကြောင့် ကလေးများ ကျောင်းပညာရေး ထိခိုက်လာနိုင်သည်။ ကျောင်းထွက်ကြသည်အထိလည်း ဆိုးရွားစွာထိခိုက်နိုင်ပေသည်။ ပခုက္ကူမြို့နယ်နှင့် ဆိပ်ဖြူ

---

၅၃ မြို့နယ် (၈) ခုမှ အိမ်ထောင်စု (၂၁၁) ခုအတွက် အကျိုးသက်ရောက်မှု လေ့လာချက်မှ

မြို့နယ်ရှိ ရေကန်များ၏ ထက်ဝက်ခန့်၊ မြိုင်မြို့နယ်ရှိ ရေကန်များ၏ ၄၆% ခန့်တို့သည် နွေရာသီကာလ လေးလတိုင်း၌ ရေပြတ်လပ်မှု ဖြစ်ပေါ်လေ့ရှိသည်။

၂၀၁၃ ခုနှစ်အတွင်းတွင် ရေကန်များ ပြန်လည်ဆည်ယူရန်အတွက် ရန်ပုံငွေလုံလောက်ခြင်း မရှိခဲ့ပါ။ ငွေကြေးနှင့် လုပ်အားဖလှယ်မှုအစီအစဉ်များ အသုံးပြု၍ အသင်းအဖွဲ့များဖြင့် ရေကန်များပြန်လည်ဆည်ယူခြင်းဖြင့် ရွာပေါင်း ၂၆၁ ရွာတွင် ရေထောက်ပံ့မှုတိုးမြှင့်နိုင်ရန် Proximity Designs အား LIFT မှ ပံ့ပိုးပေးခဲ့သည်။[၅၄] ဤသို့ဖြင့် အမျိုးသား အမျိုးသမီးများအတွက် နွေရာသီလုပ်အားခထောက်ပံ့ပေးနိုင်ခဲ့သည်။ FMO နှင့် ဆွေးနွေးချက်များအရ ဤစီမံကိန်း၏ စွမ်းရည်တိုးတက်မှုကို ယင်းတို့မှ ကျေးဇူးတင်အသိအမှတ်ပြုပါသည်ဟု ရွာသားများကပြောခဲ့ပါသည်။ Oxfam/NAG က သာစည်မြို့နယ်ရှိ ရွာ ၃ ရွာကို ပံ့ပိုးပေးခဲ့ပြီး ADRA/ActionAid က မကွေးတိုင်းဒေသကြီးရှိ ကျေးလက် ရေကန်ပေါင်း ၃၇ ကန် ကို အသစ်ပြန်လည်ပြုပြင်ရန် စီစဉ်ပေးခဲ့သည်။

**နေရောင်ခြည်စွမ်းအင် အသုံးပြု၍ ရေပေးဝေခြင်းနှင့် ရေပေးဝေရေးကိရိယာများအား ကျေးရွာမှ စီမံခန့်ခွဲခြင်း** - ADRA အဖွဲ့မှ မြေဆွဲအားသုံး ပိုက်သွယ်ရေထောက်ပံ့စနစ်ကို ရွာ ၅ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အဝီစိတွင်းများအတွက် နေရောင်ခြည်စွမ်းအင်သုံး ရေတင်စနစ်ကိုလည်း ရွာ ၆ ရွာတွင် တပ်ဆင်ပေးခဲ့ပါသေးသည်။ ဆုံကုန်းရွာရှိ လူမှုအဖွဲ့အစည်းက အိမ်ထောင်စုများသို့ ရေသွယ်တပ်ဆင်ရန် ကုန်ကျစရိတ်ကို မျှခံကူညီပေးခဲ့ခြင်းဖြင့် အမျိုးသမီးနှင့် ကလေးများ ရေသွားသယ်ရန် ကြာသောအချိန်ကို သက်သာစေခဲ့သည်။ ရေစီမံရေးကော်မတီသည် ရေတင်မှုစနစ်ကိုစီမံခန့်ခွဲပြီး ရေမီတာဖြင့်တိုင်းတာ၍ အိမ်ထောင်စုအလိုက် ရေအသုံးပြုမှုအပေါ်တွင် ပုံမှန်အခကြေးငွေကောက်ခံမှုစနစ်ကို မိတ်ဆက်ပေးခဲ့သည်။ ဒီဇယ်အသုံးပြုကိရိယာများနှင့်ယှဉ်လျှင် စက်လည်ပတ်မှုကုန်ကျစရိတ် ပိုမိုသက်သာပြီး နေရောင်ခြည်သုံး စက်ပစ္စည်းအား ရေရှည်ထိန်းသိမ်းခြင်းနှင့် ပြုပြင်မွမ်းမံခြင်းအတွက် ရန်ပုံငွေအသင့်အတင့်သာစုဆောင်းရန်လိုခြင်းအတွက် ကျေးရွာလူထုက အထူးနှစ်မြို့က်ခဲ့ကြသည်။ ရွာနီးချုပ်စပ်များကလည်း နေရောင်ခြည်စွမ်းအင်သုံးကိရိယာများ တပ်ဆင်လိုကြောင်း တောင်းဆိုလာကြပြီဖြစ်သည်။



အပူပိုင်းဒေသဇုန်တွင်း Proximity Designs ၏ ခြေနင်းရေတုံကင် ဝယ်ယူရန် ချေးငွေချထားပေးမှု

- ချေးငွေဖြင့် ဝယ်ယူထားသူများ၏ ၆၈% သည် စိုက်ပျိုးရေးဝင်ငွေအနည်းဆုံး ၁၀% တိုးခဲ့သည်။
- ခြေနင်းရေတုံကင်သုံး၍ ရေသွင်းခြင်းဖြင့် အလုပ်ချိန်ကို ၃၃% လျှော့ချနိုင်ခဲ့သည်။
- ရေသွင်းပစ္စည်းသုံးခြင်းဖြင့် တိုးလာသော နှစ်စဉ်ပျမ်းမျှဝင်ငွေသည် အမေရိကန်ဒေါ်လာ ၂၄၅ ခန့်ရှိခဲ့သည်။
- အပိုထွက်လာသောငွေများကို မျိုးစေ့နှင့်ဓာတ်မြေဩဇာဝယ်ခြင်း၊ ရေတုံကင်တွင်းတူးခြင်းနှင့် စားနပ်ရိက္ခာဝယ်ခြင်းတို့အတွက် အများဆုံး အသုံးပြုခဲ့ကြသည်။
- အသုံးပြုသူ ၆၇% သည် တစ်ဦးလျှင် ၆ ယောက်နှုန်းစီဖြင့် ကုန်ပစ္စည်းအသုံးပြုကြရန် ထပ်ဆင့်ထောက်ခံတိုက်တွန်းခဲ့ကြသည်။

၅၄ FMO ကအဆိုပါ အလုပ်အချို့အတွက် ဒီဇိုင်းတိုးတက်မှုကိုထောက်ပံ့သည်။

## ဈေးကွက်သို့ လက်လှမ်းမီမှု မြှင့်တင်ခြင်း

၂၀၁၃ ခုနှစ်တွင် အပူပိုင်းဒေသဇုန်ရှိ LIFT မိတ်ဖက်အဖွဲ့များအနေဖြင့် နည်းလမ်းအမျိုးမျိုးသုံး၍ ဈေးကွက်စွမ်းအားမြှင့်တင်ရန် လယ်သမားများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်အတူ ဆက်လက်လက်တွဲလုပ်ကိုင်ခဲ့ကြသည်။ EcoDev၊ အကူအညီပေးရေး လုပ်ငန်းများအတွက် မြန်မာ့စီးပွားရေးညွန့်ပေါင်းအဖွဲ့ (MBCA) နှင့် မြန်မာနိုင်ငံစဥ့်အသင်း (MCS) တို့၏ စီမံကိန်းများသည် ဈေးကွက်ကျယ်ပြန့်ရန် အာရုံစိုက်ခဲ့ကြသည်။ ဤစီမံကိန်းအားလုံးသည် ပုံတူပွားဆောင်ရွက်နေရန် နမူနာကောင်းများပြသနိုင်ခဲ့သည်။

### ၄။ အထူးပြုဈေးကွက်များအတွက် ထွက်ကုန်အသစ်များ တိုးများလာစေရန် ပုဂ္ဂလိကကဏ္ဍနှင့် ချဉ်းကပ်လုပ်ဆောင်ခြင်း။

ဝင်ငွေများတိုးတက်ရန်အတွက် ရည်ရွယ်ထားသောဈေးကွက်သို့ ကုန်စည်အသစ်များ မိတ်ဆက်ပေးရန် EcoDev သည် ဒေသခံလယ်သမားများနှင့်အတူ အလုပ်လုပ်ခဲ့ကြသည်။ ယင်းတို့၏ အဓိကပစ်မှတ်မှာ မြန်မာများ စားသုံးနေကျ အစားအစာတွင် အရေးပါသော "ကြက်သွန်နီ" ဖြစ်သည်။ ဤကြက်သွန်နီကုန်ခြောက်ထုတ်လုပ်ရာတွင် ရွာ ၁၀ ရွာ ပါဝင်ပါသည်။ ၎င်းတို့၏ စီးပွားရေးကုန်ကြမ်းသည် ပိုမိုကောင်းမွန်အောင် ပြင်ဆင်ရန်[၅၅] လိုအပ်နေသေးသော်လည်း စီမံကိန်းမှာမူ မြန်မာနိုင်ငံစားသောက်ဆိုင်များအသင်းနှင့် ပူးပေါင်း၍ ဈေးကွက်များဖော်ထုတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဤအောင်မြင်မှုကြောင့် ဒေသခံကုန်ထုတ်လုပ်သူများသည် ပြည်ပရောက်မြန်မာများအတွက် ချဉ်ပေါင်ရွက်ခြောက်ကဲ့သို့သော အခြားအလားတူကုန်ပစ္စည်းများ ထုတ်လုပ်ရန် ယုံကြည်မှုမြင့်တက်လာကြပါသည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပသော "၁၃ ကြိမ်မြောက် အာဆီယံစားနပ်ရိက္ခာညီလာခံကြီး" တွင် EcoDev အဖွဲ့အား "အာဆီယံစားသောက်ကုန် အသိအမှတ်ပြုလက်မှတ်" ပေးအပ် ချီးမြှင့်ခြင်းခံခဲ့ရပါသည်။ ဤသို့ဖြင့် ကြက်သွန်နီခြောက်ဟူသော ကုန်စည်တစ်မျိုးသည် နိုင်ငံတကာဈေးကွက်တွင် ထိုးဖောက်လာနိုင်ခဲ့ပါသည်။

MCS အဖွဲ့၏ လမ်းညွှန်မှုအောက်ရှိ အခြားကျေးရွာတွင်မူ ဒေသလိုအပ်ချက်အရ မြေ ရေစစ်အိုးများ ထုတ်လုပ်ကြသည်။ ဤစီမံကိန်းအထောက်အပံ့ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတောင်ပိုင်းရှိ အိုးဖိုပိုင်ရှင်များသည် ကျေးလက်ဈေးကွက်များတွင် ကုန်စည်အရောင်းမြှင့်တင်ရေးများ၊ အရောင်းဌာနခွဲများတည်ထောင်ဖွင့်လှစ်ခြင်းကို ပြုလုပ်လျက်ရှိသည်။

MBCA အဖွဲ့သည် ၎င်းတို့၏ အသင်းအဖွဲ့ဆိုင်ရာ တာဝန်သိတတ်မှုကို ဒေသခံ အဖွဲ့အစည်းများမှ သတိထားမိစေရန်အတွက် ဒေသခံစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လာကြသည်။ စီမံကိန်းတစ်ခုတွင် MBCA သည် နွမ်းပါးသော လယ်သမားများ၏ ဝင်ငွေတက်လာစေနိုင်သော ထွက်နှုန်းမြင့် ဝါဂွမ်းတစ်မျိုး (မျိုးဗီဇပြင်ထားခြင်း မဟုတ်သော စပ်မျိုး) ကို စတင်မိတ်ဆက်ပေးခဲ့သည်။ မျိုးစေ့ဝယ်ရန် လယ်သမားများအား ချေးငွေထုတ်ပေးခဲ့သည်။ အစိုးရစိုက်ပျိုးရေးနည်းပညာဌာနများမှ စိုက်ပျိုးရေးနည်းစနစ်များကိုလည်း သင်တန်းပေးနိုင်ရေးကူညီဆောင်ရွက်ခဲ့သည်။ ပူးပေါင်းအဖွဲ့အစည်းသည် စမ်းသပ်စိုက်ပျိုးဒေသမှ ထွက်ကုန်အားလုံးကို ဝယ်ရန် စိတ်ပါဝင်စားမှုရှိသော အိန္ဒိယကုမ္ပဏီတစ်ခုနှင့်လည်း ဈေးကွက်ချိတ်ဆက်မှု ပြုလုပ်ပေးနေသည်။ ၂၀၁၃ ခုနှစ်တွင် ရွာပေါင်း၂၂ ရွာတွင် ဝါစိုက်သူပေါင်း ၂၀၀ က ဧက ၂၀၀ ခန့်တွင် ဝါပင်များစိုက်ပျိုးခဲ့ကြသည်။ ဤစမ်းသပ်ဆောင်ရွက်မှုများ၏ ရလဒ်ကိုမူ ၂၀၁၄ ခုနှစ်တွင် သိရပေမည်။

### ၅။ ပွင့်လင်းမြင်သာမှုကို အခြေခံထားသော ပုံတူပွားလုပ်ဆောင်နိုင်သည့် ကုန်စည်ဒိုင်များသည် ဈေးကွက်စွမ်းအားမြှင့်တင်ရန် ဆောင်ရွက်နေကြခြင်း

၂၀၁၃ ခုနှစ်တွင် MBCA အဖွဲ့သည် အပူပိုင်းဒေသဇုန် ၆ မြို့နယ်[၅၆] ၌ ကုန်စည်ဒိုင်များကို ဖွင့်လှစ်ပေးခဲ့သောကြောင့် လယ်သမားများနှင့် ကုန်သည်များအကြား အဆက်အသွယ် ပိုမိုလွယ်ကူခဲ့သည်။ အပြိုင်အဆိုင် များရှိလာခြင်းဖြင့်လည်း ကုန်စည်အရည်အသွေးတက်လာနိုင်ရန် ရည်ရွယ်ပါသည်။ ဈေးကွက်သတင်း ပျံ့နှံ့မှုလည်း ပိုမို ကျယ်ပြန့်လာနိုင်သည်။ လယ်မြေအနည်းငယ်သာ စိုက်ပျိုးကြသည့် လယ်သမားများပါ ပါဝင်လှုပ်ရှားနိုင်စေရန် ယင်းတို့အတွက် အထူးအခွင့်အရေးများကို ကုန်သည်များနှင့်

---

၅၅ ဒေသတွင်းထွက်ရှိသော ကြက်သွန်မှာ လောက်ငမှုမရသောကြောင့် ပြင်ပမှဝယ်ရကာ ကြက်သွန်များသည်လည်း ဈေးကြီးသောကြောင့် အမြတ်ကောင်းကောင်းမရပါ။

၅၆ ဆိပ်ဖြူ၊ ရေနံချောင်း၊ ဆင်ဖြူကျွန်း (စလင်း)၊ တောင်သာ၊ မလှိုင်နှင့် မိတ္ထီလာ။

ညှိနှိုင်းဆွေးနွေးခဲ့ ပါသည်။ ကုန်ကျစရိတ်အချို့ ကင်းလွတ်ခွင့်၊ ဈေးနှုန်းမြင်သာမှုရှိခြင်း၊ ငွေလက်ငင်းပေးချေခြင်းနှင့် ကုန်စည်အားလုံးဝယ်ယူပါမည်ဟူသည့် အာမခံပေးခြင်းတို့ပါဝင်ပါသည်။ ပါဝင်လှုပ်ရှားမှုနှုန်း တက်လာကြသည်ကို ကြည့်ခြင်းဖြင့် ဈေးကွက်ထိရောက်မှု အားကောင်းကြောင်းသိသာလှပါသည်။ ကုန်စည်ဒိုင်များသို့ ရောင်းချသော လယ်သမားများ ပမာဏသည် ရွာပေါင်း ၁၀၅ ရွာတွင် ၃၃၅ ယောက်မှသည် ရွာပေါင်း ၂၃၀ တွင် ၁၄၀၀ ခန့် အထိ တိုးလာပြီးပြီဖြစ်သည်။ တစ်ဆင့်စကားများအရ ကုန်စည်ဒိုင်နှင့် လုပ်ဖော်ကိုင်ဖက်အနေဖြင့်ရရှိသော ဈေးနှုန်းမြင်သာမှုရှိခြင်း၊ အပေးအယူမျှတခြင်းတို့ကို လယ်သမားများက အလွန်ကျေးဇူးတင်ရှိကြကြောင်းသိရပါသည်။

စီးပွားရေးသမားများနှင့် လယ်သမားငယ်များကြားရှိ အချိတ်အဆက် ပိုကောင်းလာစေရန် MBCA အဖွဲ့မှ ကုန်သည်ကွန်ယက် လမ်းညွှန်စာအုပ်ကို တစ်နှစ်လျှင်နှစ်ကြိမ် ထုတ်ဝေခဲ့ပါသည်။ ဤသို့ဖြင့် စိုက်ပျိုးရေး နည်းစနစ်ဆိုင်ရာ နည်းပညာသတင်းအချက်အလက်များ၊ စီမံကိန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသော ကုန်သည်များ၏ ဆက်သွယ်ရန်လိပ်စာများကို ဖတ်ရှုသိရှိနိုင်ပါသည်။

စီမံကိန်းရေရှည်တည်တံ့မှုကို ထိန်းသိမ်းနိုင်ရန်အတွက် MBCA အဖွဲ့က စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် ထောက်ခံအားပေးမှုတို့ကို ပြုလုပ်ထားပြီးဖြစ်သည်။ မန္တလေး၊ မကွေးနှင့် ပခုက္ကူမြို့ များရှိ ကောင်းစွာ အခြေချပြီး သော ကုန်စည်ဒိုင်များမှ ဗဟိုအမှုဆောင်အဖွဲ့ဝင်များကို ဒေသခံကုန်သည်များနှင့် အတွေ့အကြုံခြင်း ဖလှယ်ဆွေးနွေးကြရန် ဖိတ်ခေါ်ခဲ့ပါသည်။ ဤအချက်အလက်များကို တိုင်းဒေသကြီးအဆင့် လွှတ်တော်အဖွဲ့ဝင်များ၊ နိုင်ငံရေးအသင်း အဖွဲ့များ၏ မြို့နယ်ခေါင်းဆောင်များ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ လက်ကားရောင်းဝယ်ရေး ကျွမ်းကျင်ပညာရှင်များ၊ ကုန်သည်များ၊ စီမံကိန်းအဖွဲ့ကိုယ်စားလှယ်များနှင့်လည်း ဖလှယ်ခဲ့ကြပါသည်။ ကုန်သွယ် ဌာနငယ်လေးများကို သတိပြုမိပြီး ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရာတွင် ၎င်းတို့၏ အရေးပါမှုကို နားလည်လာသော အတိုင်ပင်ခံ အကြံပေးပုဂ္ဂိုလ်များ ပိုများလာပြီဖြစ်သည်။

နောက်ဆုံးအနေဖြင့် MBCA သည် ကုန်စည်ဈေးနှုန်းများ ထုတ်လွှင့်ကြေညာခြင်းကို စီမံကိန်းပြီးဆုံးပြီးနောက်ပိုင်း ထိတိုင်အောင် ဆက်၍လုပ်ရန် ၎င်းတို့၏ လက်ရှိမိတ်ဖက်ပတ္တမြား အက်ဖ်အင်မ်ရေဒီယိုနှင့် အောင်မြင်စွာ ဆွေးနွေးပြီး ဖြစ်သည်။



ဆိပ်ဖြူကုန်စည်ဒိုင်မှ ကုန်သည်များက အရည်အသွေးနှင့် ဈေးနှုန်းဆက်နွယ်မှုကို သရုပ်ပြသရန် MBCA ၏ ကမကထပြုမှုဖြင့် "အရည်အသွေး အမြင့်ဆုံး ကြက်သွန်နီ ပြိုင်ပွဲ" ဝင်ရောက်ယှဉ်ပြိုင်ရန် တောင်သူများအားဖိတ်ခေါ်ခဲ့သည်။ ပြိုင်ပွဲ၏ ဒိုင်လူကြီးများသည် ဒေသခံကုန်သည်များ၊ မြို့နယ်အဆင့် အရာရှိများဖြစ်ကြသည်။ ရွာပေါင်း ၂၅ ရွာမှ လယ်သမားပေါင်း ၅၁ ယောက်၏ ထွက်ကုန်များကို အကဲဖြတ်အမှတ်ပေးခဲ့ကြသည်။ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ငွေသားဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ အနိုင်ရရှိထားသော အကောင်းဆုံးကြက်သွန်နီများ၏ ပျမ်းမျှရောင်းဈေးသည် တစ်ကီလိုလျှင် ၃၂၀ ကျပ်ဖြစ်ပြီး သာမန်ကြက်သွန်နီများ၏ရောင်းဈေးမှာ တစ်ကီလိုလျှင် ၂၅၀ ကျပ်ဖြစ်သည်။

ကုန်စည်အရည်အသွေးမြင့်လေ ဈေးနှုန်းမြင့်လေဖြစ်ကြောင်း ဆိပ်ဖြူကုန်စည်ဒိုင်တွင် ပြုလုပ်သော သီးနှံပြိုင်ပွဲများက ပြသနိုင်ခဲ့သည်။

## ဘဏ္ဍာရေးဝန်ဆောင်မှုများ လက်လှမ်းမီမှု

### ၆။ ဘဏ္ဍာရေး ဝန်ဆောင်မှု လွှမ်းခြုံဧရိယာကို တိုးချဲ့ပြီး ကျေးရွာ စုငွေအဖွဲ့များမှ တဆင့် အချို့တဲ့ဆုံးနေရာများ သို့ ကူညီပေးခြင်း။

နိုင်ငံအတွင်းရှိ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း (MFI) များ၏ အသိပ်သည်းဆုံး ကွန်ရက်ဖြန့်ကျက်မှုကို မကွေးတိုင်း ကျေးလက်ဒေသများတွင် တွေ့နိုင်ပြီး ၎င်းတို့ကို အပြည်ပြည်ဆိုင်ရာ NGO အဖွဲ့အစည်းများမှလုပ်ကိုင်ဆောင်ရွက်ပေးနေသည်။[၅၇] ထိုသို့ လုပ်ဆောင်ခြင်း၏ အကျိုးသက်ရောက်မှုသည် လယ်သမားများ အပေါ်တွင် မသိသာသေးပါ။ အချို့ကိစ္စရပ်များတွင် လယ်သမားများသည် ၎င်းတို့ကြွေးမြီကိစ္စများကြောင့် အခက်တွေ့နေကြသည်ဟု သတင်းပို့ကြသည်။ အမြတ်အစွန်းအနည်းငယ်မျှဖြင့် ပိုက်ဆံများများတိုး၍ ချေးယူနိုင်နေခြင်းသည် လယ်သမားများ ကြွေးမြီထူလာစေခြင်း၏ အဓိက အကြောင်းရင်းဖြစ်သည်။[၅၈]

မကွေးတွင် နေထိုင်သူ ၅၂ ရာခိုင်နှုန်းသည် တရားဝင်နှင့် တရားဝင် မဟုတ်သည့် အဖွဲ့ အစည်းများမှလည်း ငွေချေးယူ အသုံးပြုနေကြသည်။ ၎င်းတို့အနက် ၃၅ ရာခိုင်နှုန်းသည် တရားဝင်ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများမှ ချေးယူကြသော်လည်း ကျန် ၃၂ ရာခိုင်နှုန်းကမူ တရားဝင်မဟုတ်သော ငွေကြေးဆိုင်ရာအဖွဲ့အစည်းများမှ ချေးယူကြသည်။ ၎င်းအခြေအနေကို အိမ်နီးချင်းမြို့များဖြစ်သော မန္တလေးနှင့်စစ်ကိုင်းမြို့များတွင် ငွေချေးပေးမှုနှုန်းများနှင့် နှိုင်းယှဉ်ကြည့်ရန် အောက်တွင်ဖော်ပြထားသည်။

ဇယား ၁၃။ ငွေချေးယူသူများအားလုံး၏ အရေအတွက် ရာခိုင်နှုန်း (FinScope)

| ဒေသ | တရားဝင်နှင့် တရားဝင် မဟုတ်သောအဖွဲ့အစည်းများမှ ငွေချေးယူ မှုနှုန်း စုစုပေါင်း | တရားဝင် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများမှ ချေးငွေ ရယူနိုင်မှု ရာခိုင်နှုန်း | တရားမဝင် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများမှ ငွေချေးယူမှု ရာခိုင်နှုန်း |
|---|---|---|---|
| မကွေး | ၅၂% | ၃၅% | ၃၂% |
| မန္တလေး | ၃၅% | ၁၉% | ၃၂% |
| စစ်ကိုင်း | ၃၅% | ၂၄% | ၁၉% |

LIFT သည် Pact၊ Save the Children (Dawn Microfinance)၊ Proximity Designs ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း (BDA)၊ အာရုံဦး၊ ရတနာ့မေတ္တာအသင်း (RMO) စသည့် အသေးစားဘဏ္ဍာရေးအဖွဲ့အစည်း (MFI) များကို မကွေး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အသေးစားငွေကြေးဝန်ဆောင်မှုများ ပိုမိုပြုလုပ်နိုင်ရန်အတွက် ကူညီထောက်ပံ့ပေးပါသည်။

၂၀၁၃ ခုနှစ်အကုန်တွင် အပူပိုင်းဒေသဇုန်၌ LIFT ၏ ထောက်ပံ့မှုဖြင့် ကျေးရွာပေါင်း ၃,၆၀၃ ရွာအနက် တစ်ရွာလျှင် ပျှမ်းမျှ ၁၈ အိမ်ထောင်သည် အသေးစားချေးငွေရရှိမှုနှင့် ရွာအလိုက်ချေးငွေရရှိမှုအပါအဝင် ငွေကြေးဝန်ဆောင်မှု အဖွဲ့အစည်းများနှင့် ပုံမှန်ဆက်သွယ်နေကြပြီဖြစ်သည်။ ထိုသို့ချေးငွေများ၏ ၈၀% သည် စိုက်ပျိုးရေးအတွက် ချေးငွေများဖြစ်ကြသည်။ MADB[၅၉] ၏ ချေးငွေအပြင်မှ ကျပ် ၁၂၀,၀၀၀ မှ ၃၀၀,၀၀၀ အထိ (သို့) US$ 125 မှ US$ 313 အထိရှိသော ချေးငွေများကို LIFT မှ ထုတ်ချေးပေးသည်။

အချို့တဲ့ဆုံးဒေသများသို့ ချေးငွေပေးနိုင်ရန် ကျေးလက်ဖွံ့ဖြိုးရေးအုပ်စုများသည် ကျေးလက်ရိုးရာအတိုင်း စုပေါင်းမဲနှိုက်[၆၀] ငွေစုမဲများပြုလုပ်ကြသည်။ အဖွဲ့ဝင်ငါးဖွဲ့သည် VSG များကို ထောက်ပံ့ပေးပြီး ၎င်းအဖွဲ့တစ်ဖွဲ့ချင်းစီတွင် ရည်မှန်းချက်ပန်းတိုင်အသီးသီးရှိကြသော်လည်း ၎င်းတို့အားလုံးသည် လေ့ကျင့်ပေးမှုများနှင့် အုပ်စုအဖွဲ့ဝင်များ အတွက် ချေးငွေရရှိနိုင်မှုအပေါ် အခြေခံထားကြသည်။[၆၁] ကိစ္စအားလုံးတွင် စီမံကိန်းသည် VSG များကို ငွေသား

---

၅၇ LIFT ၏ ငွေကြေးအကူအညီဖြင့် UNCDF မှ အကောင်အထည်ဖော်သော မြန်မာငွေရေးကြေးရေးကဏ္ဍ လေ့လာသုံးသပ်တင်ပြမှု မူကြမ်းအရ ကယားပြည်နယ်သည် အရွယ်ရောက်သူ ၁၀၀,၀၀၀ လျှင် အဖွဲ့ခွဲ ၀.၀၅ ဖွဲ့နှုန်းဖြင့် ဝင်ရောက်ဆောင်ရွက်မှု အနည်းဆုံးဒေသဖြစ်သည်။

၅၈ QSEM3

၅၉ MADB သည် စပါးမဟုတ်သော သီးနှံများ (အထူးသဖြင့် ပဲများ၊ ပဲတောင့်ရှည်များ၊ နမ်းစသည်) အတွက် ၁ ဧကလျှင် (၅၀,၀၀၀) ကျပ်ဖြင့် တောင်သူများကို ထုတ်ချေးသည်။

၆၀ MAE သည် လူအနည်းငယ်နှင့် အုပ်စုဖွဲ့၍ ကံစမ်းမဲနှိုက်ခြင်းကို ဒေသတွင်းထီကံစမ်းမှုဟု အကြမ်းဖျဉ်းဘာသာပြန်သည်။

၆၁ မြန်မာနိုင်ငံစဉ့်အသင်း၊ မသန်မစွမ်းသူများ ဖွံ့ဖြိုးရေးအသင်း၊ ADRA ၊ Action Aid နှင့် Eco Dev

လွှဲပြောင်းမှုဖြင့် ထောက်ပံ့ပေးသည်။ ငွေကြေးအရင်းအနှီးသည် အဖွဲ့ဝင်များ၏ ငွေစုဆောင်း ဖြန့်ဝေခြင်းများကြောင့် တိုးပွားလာသည်။ အုပ်စုအဖွဲ့များ၏ ရည်ရွယ်ချက်သည် အဖွဲ့ဝင်တစ်ဦးချင်းစီကို ဆင်းရဲငတ်မွတ်မှုမှ လွတ်မြောက်ရန်နှင့် အဖွဲ့ဝင်များအတွက် လူမှုရေးကာကွယ်မှုများ တိုးမြှင့်ရန် ဖြစ်သည်။ ထိုအဆင့်တွင် ၎င်းတို့၏ ရည်ရွယ်ချက် အောင်မြင်စေရန် သင်ခန်းစာများကို မသင်ယူမီ ကျေးလက်ဖွံ့ဖြိုးရေး အုပ်စုများတွင် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် အကြမ်းဖျင်းနားလည်မှုများထားရှိကြသည်။

## သုံးသပ်ချက်များနှင့် ရှေ့ခြေလှမ်းများ

လွန်ခဲ့သောသုံးနှစ်အတွင်း အပူပိုင်းဒေသတွင် LIFT အဖွဲ့ ကြိုးစားခဲ့သော စီမံကိန်း ၁၆ ခုသည် မြန်မာနိုင်ငံ၏ လူမှုအသိုက်အဝန်းကို ဖွံ့ဖြိုးတိုးတက်စေသည်။ လုပ်ငန်းအတွေ့အကြုံများ၊ လေ့လာမှုများနှင့် သတင်းအချက်အလက်များကို ပေးဝေ၍ အကျိုးဖြစ်ထွန်းစေခဲ့သည်။[၆၂] ၂၀၁၃ခုနှစ်တွင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းဒေသများ၏ အခက်အခဲများကို ရှာဖွေဖော်ထုတ်စမ်းသပ်စစ်ဆေးခဲ့ပြီး လူမှုရေးကာကွယ်မှုများ၊ ရေလုံလောက်စွာ ရရှိစေရန် ဆောင်ရွက်ပေးမှုများတွင် အောင်မြင်မှုရရှိခဲ့သည့်အပြင် ဈေးကွက်နှင့် ချေးငွေကဏ္ဍကိုလည်း တိုးမြှင့်နိုင်ခဲ့သည်။

လက်ရှိ လုပ်ဆောင်နေသော စီမံကိန်းများမှ သင်ခန်းစာ အတွေ့အကြုံများသည် ၎င်း၏ လုပ်ဖော်ကိုင်ဖက် စီမံကိန်းများနှင့် အစိုးရကြား ပိုမိုကောင်းမွန်သော ရလဒ်ရရှိစေရန်ရည်ရွယ်သည့် အပူပိုင်းဇုန်အစီအမံအသစ်၏ ဒီဇိုင်းအတွက် အကူအညီများဖြစ်ထွန်းစေသည်။ ထိုအစီအမံကို ၂၀၁၃ တွင် အဓိက လုပ်ဆောင်ခဲ့သည်။[၆၃] LIFTသည် အပြည်ပြည်ဆိုင်ရာ ရေစီမံခန့်ခွဲမှု အဖွဲ့အစည်း (IWMI) နှင့် (၁) အိမ်သုံးနှင့် စိုက်ပျိုးရေးသုံး ရေရရှိနိုင်မှု၊ (၂) ရေရရှိနိုင်မှု အကျပ်အတည်းများ၏ အဓိက အကြောင်းအရင်းနှင့် (၃) ဒေသခံများ ပြောင်းရွှေ့မှုအကြောင်းအရင်းကို စုံစမ်းရန်နှင့် ၎င်းပြဿနာအတွက် ဖြေရှင်းနိုင်မည့် မဟာဗျူဟာများ ချမှတ်မှုစသည်တို့နှင့် ပတ်သက်၍ လေ့လာမှုများကို တာဝန်ယူ ဆောင်ရွက်ပေးရန် စာချုပ်ချုပ်ဆိုခဲ့သည်။[၆၄]

အပူပိုင်းဇုန် စီမံကိန်းအသစ်ကို ခန့်မှန်းဘတ်ဂျက်ငွေ အမေရိကန်ဒေါ်လာ ၅၂ သန်း ကုန်ကျခံ၍ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၁၆)ခု အတွက် ဆောင်ရွက်ရန် အစီအစဉ်ဆွဲပြီး ၎င်းသည် ၂၀၁၄ ခုနှစ် အလယ်ပိုင်းတွင် စတင်မည်ဟု သတ်မှတ်ထားသည်။



Pact အသေးစားငွေချေးလုပ်ငန်းမှတဆင့် LIFT ထံမှ ပထမဆုံးချေးငွေကို ရယူပြီး သုံးနှစ်အကြာတွင် ပခုက္ကူမြို့မှ လုပ်ငန်းရှင် ဒေါ်မြင့်ကြည်၏ သနပ်ခါးပျိုးပင် လုပ်ငန်းသည် ပျိုးပင်ပေါင်း ၅၀၀၀၀ မှ ၁၅၀၀၀၀ အထိ တိုးတက်လုပ်ကိုင်လာနိုင်ခဲ့သည်။ သူမအနေဖြင့် အိမ်သစ်တစ်လုံးဆောက်လုပ်နိုင်ခဲ့သည့်ပြင် သမီးဖြစ်သူအားလည်း တက္ကသိုလ် ပို့နိုင်ခဲ့ကာ လုပ်ငန်းတိုးချဲ့ရန် မြေ ၁၅ ဧကကိုလည်း ဝယ်ယူနိုင်ခဲ့သည်။

[၆၂] သတင်းအချက်အလက်များကို ဟောပြောပွဲများ၊ ဆွေးနွေးပွဲများနှင့် အစည်းအဝေးညီလာခံများတွင် ဖြန့်ဝေခဲ့ပြီး LIFT ၏ ဝက်ဆိုက် www.lift-fund.org တွင်လည်း ဝင်ရောက်လေ့လာနိုင်သည်။

[၆၃] အပူပိုင်းဒေသတွင် လုပ်ဆောင်မည့် စီမံကိန်းများ၏ အစီအစဉ်ပြင်ဆင်ဆောင်ရွက်မှု ဗဟိုဌာန၏ ဦးဆောင်မှုများသည် FAO ရင်းနှီးမြှုပ်နှံမှုဖြင့် ၂၀၁၃နှောင်းပိုင်းတွင် စတင်ခဲ့သည်။

[၆၄] www.lift-fund.org ကိုကြည့်ပါ။

## ၃.၃ တောင်တန်းဒေသ

> ၂၀၁၃ ခုနှစ်အတွင်း သိသာထင်ရှားသော တွေ့ရှိမှုများ
>
> - နည်းပညာကောင်းများကို အခြေခံသော တောင်သူကွင်းဆင်းသင်တန်းကျောင်းများကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်။
> - တောင်သူကွင်းဆင်းသင်တန်းကျောင်းစီမံကိန်းတစ်ခုမှ လက်ခံကျင့်သုံးမှုနှုန်း တစ်ခုတည်းကို အစီရင်ခံခြင်းသည် စီမံကိန်းလုပ်ငန်းများအပေါ် ဆုံးဖြတ်ချက်ချမှုများအတွက် အကျိုးသက်ရောက်မှု ရှိသော အရေးပါသည့် အပြောင်းအလဲဖြစ်ပေါ်နိုင်စေမှုများကို ဖုံးကွယ်ထားနိုင်ဖွယ် ရှိသည်။
> - ချင်း အသေးစားချေးငွေလုပ်ငန်းသည်  ကိုယ်ထူကိုယ်တအဖွဲ့များသို့ တစ်လုံးတခဲတည်း ချေးငွေများ ချထားပေးခြင်းဖြင့် လူဦးရေကျဲပါးသည့် ဒေသများတွင် ဘဏ္ဍာရေးဝန်ဆောင်မှုများ တိုးတက်ချဲ့ထွင်မှု အတွက် ဆန်းသစ်သောဥပမာတစ်ခုဖြစ်ခဲ့သည်။
> - ပဋိပက္ခဖြစ်ပွားနေသောဒေသများ၌ လူမှုအဖွဲ့အစည်းများနှင့် အလုပ်လုပ်ရာတွင်ဒေသနှင့် အဆင်ပြေသော မဟာဗျူဟာနှင့် ပြောင်းလွယ်ပြင်လွယ်ရှိသော အုပ်ချုပ်မှုကို အခြေခံတည်ဆောက် ထားသည့် တသမတ်တည်းဖြစ်မှုနှင့် လက်ခံနိုင်မှုရှိရန်လိုအပ်သည်။
> - ကိုးကန့် အထူးဒေသ၏ လက်ဖက်စီမံချက်မှ စိန်ခေါ်မှုများသည် ဈေးကွက်စုစည်းမှုနှင့် ဈေးနှုန်း ကွင်းဆက်ချဉ်းကပ်မှုအတွက် သင်ခန်းစာများကို မီးမောင်းထိုးပြနေပါသည်။

LIFT တွင် တောင်တန်းဒေသအတွင်း ဆောင်ရွက်သည့် စီမံကိန်း ၈ ခု ရှိသည်။ ၎င်းတို့အနက် အချို့သည် ဒေသ နှစ်ခု သို့မဟုတ် သုံးချအထိ ပျံ့နှံ့တည်ရှိကြကာ ရှမ်းပြည်နယ်တွင် (ကိုးကန့်အထူးဒေသရှိ စီမံကိန်း ၁ ခု အပါအဝင်) စီမံကိန်း ၆ ခု၊ ကချင်ပြည်နယ်တွင် ၂ ခု၊ ချင်းပြည်နယ်တွင် ၃ ခု ရှိကြသည်။ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့်ကချင်ပြည်နယ်တို့ရှိ SWISSAID နှင့် မေတ္တာဖောင်ဒေးရှင်းတို့၏ စီမံကိန်းများတွင် ပဋိပက္ခ ဖြစ်ပွားနေသော မြို့နယ်များလည်း ပါဝင်သည်။ ၂၀၁၃ ခုနှစ်အတွက် စုစုပေါင်းဘတ်ဂျက်သည် အမေရိကန် ဒေါ်လာ ၁၀.၇ သန်း ဖြစ်သည်။

စီမံကိန်းများသည်ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးနည်းနာသစ်များကို လေ့ကျင့်စေခြင်း ဖြင့် လယ်သမားများသီးနှံအထွက် တိုးစေရန်အတွက် အဓိကရည်ရွယ်သည်။ မိတ်ဖက်အဖွဲ့ ၄ ဖွဲ့သည် တောင်သူကွင်းဆင်းသင်တန်းကျောင်းများကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြသည်။ အခြားအဖွဲ့ ၃ ဖွဲ့သည် အသေးစားငွေချေး လုပ်ငန်းများ ဆောင်ရွက်သည်။ SWISSAID၊ GRET နှင့် Cesvi အဖွဲ့များသည် အရပ်ဘက်လူမှုအဖွဲ့အစည်း များကို စွမ်းရည်မြှင့်တင်ပေးခဲ့သည်။ CARE အဖွဲ့သည် ကိုးကန့်အထူးဒေသတွင် လက်ဖက်လုပ်ငန်းအတွက် တန်ဖိုးကွင်းဆက်ကို ဖွံ့ဖြိုးစေခဲ့သည်။

### ၃.၃.၁။ နယ်မြေအကြောင်းအရာနှင့် လက်ရှိ အခြေအနေ

တောင်တန်းဒေသသည် အရှေ့ဘက်တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ်နယ်နိမိတ်အများစု အပါအဝင် မြန်မာနိုင်ငံကုန်းမြေဧရိယာ၏ သုံးပုံနှစ်ပုံခန့်ဖြစ်သည်။ ချင်း၊ ကချင်၊ ရှမ်း၊ ကရင်၊ ကယားနှင့် မွန်နယ်မြေ အများစုနှင့် ရခိုင်၊ စစ်ကိုင်းနှင့်တနင်္သာရီ နယ်မြေအချို့သည် ကုန်းမြင့်ဒေသ (သို့) တောင်တန်းဒေသများ ဖြစ်ကြသည်။ ကုန်းမြင့်ဒေသ၏ စုစုပေါင်းလူဦးရေသည် အကြမ်းအားဖြင့် ၂၅ သန်းခန့်[၆၅] ရှိသည်။ မြန်မာနိုင်ငံ ၏ လူနည်းစု လူမျိုးစုများသည် ကုန်းမြင့်ဒေသတွင် အများစုနေထိုင်ကြသည်။

အရှေ့တောင်အာရှ၏ ကုန်းမြင့်ဒေသအများစုတွင် ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း တောင်တန်းဒေသများတွင် မိရိုးဖလာ စိုက်ပျိုးရေးနည်းစနစ်များသည် ဖိအားများအောက်ရောက်ရှိနေသည်။ အလှည့်ကျ ပလပ်မြေ ထားရှိသောစနစ်ပျက်စီးနေပြီးဖြစ်သည်။ အဆိုးရွားဆုံးနယ်မြေများမှာ ကယား၊ ကရင်၊ ကချင်နှင့် ရှမ်းပြည်နယ်များ ကဲ့သို့သော ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာမှု

---

၆၅ မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာ ကော်မရှင်အဖွဲ့ (NCEA)၊ နှင့် ကုလသမဂ္ဂ၏ သဘာဝပတ်ဝန်းကျင် အစီအစဉ် အာရှနှင့် ပစိဖိတ်ဒေသတွင်း အရင်းအမြစ်ဗဟိုဌာန (မတ်လ၊ ၂၀၀၆)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ (EPA) တင်ပြချက်၊ ရန်ကုန် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ရေးရာ ဌာနခွဲ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်။

အမြင့်ဆုံးနေရာများဖြစ်ကြသည်။ ယင်းစနစ်ပျက်စီးရသည့် အကြောင်းရင်းမှာ လူဦးရေတိုးပွားလာခြင်းကြောင့်ဖြစ်သည့်အပြင် မြေယာစီမံခန့်ခွဲမှုကို စီမံထိန်းချုပ်သည့် သမားရိုးကျ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံနည်းပညာများသည် အင်အားနည်းနေသောကြောင့်ဖြစ်သည်။ အစဉ်အလာသီးခြားစနစ်များသည် ရှုပ်ထွေးပြီး ယင်းတို့ဒေသတွင်း လူမှုအဆောက်အအုံက အထောက်အကူ ပြုထားသည်။ ယင်းစနစ်များကို ကျေးရွာခေါင်းဆောင်များနှင့် ပဋိပက္ခဖြေရှင်းရေးစနစ်များမှတဆင့် ရပ်ရွာက စီမံခန့်ခွဲနေသည်။ LIFT စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကုန်းမြင့်ဒေသများတွင် စိုက်ပျိုးရေးသည် အိမ်ထောင်စု ၆၁%၏

ဇယား ၁၄။ တောင်တန်းဒေသရှိ LIFT စီမံကိန်းများ

| IP | ဒေသ | ဦးတည်ကိစ္စ |
|---|---|---|
| CARE | ကိုးကန့် အထူးဒေသ - တာရှေထန်မြို့နယ် | လက်ဖက် စိုက်ပျိုးထုတ်လုပ်သည့် အဖွဲ့များကို ခိုင်မာစေခဲ့ပြီး နည်းစနစ်ကောင်း ဖြစ်ပေါ်စေခြင်း၊ လက်ဖက် အခြောက်ခံစက်များ ထောက်ပံ့ပေးခြင်း၊ တန်ဖိုးကွင်းဆက် လေ့လာဆန်းစစ်ခြင်း၊ လက်ဖက်ဈေးကွက် သတင်းစနစ်ကို ဖွံ့ဖြိုးစေခြင်း။ |
| Cesvi | ရှမ်းပြည်နယ် မြောက်ပိုင်း - နောင်ချို၊ ကျောက်မဲ | အရည်အသွေးပြည့် လူမှုအဖွဲ့အစည်း တည်ထောင်ပေးခြင်းနှင့် သက်ဆိုင်ရာ အုပ်စုများကို စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များကို တိုးပွားစေခြင်း၊ ကိုယ်ထူကိုယ်ထ အဖွဲ့များ တည်ထောင်လာခြင်း၊ သစ်တော ထိန်းသိမ်းခြင်း၊ ထင်းစိုက်ခင်းများ စိုက်ပျိုးခြင်းနှင့်လောင်စာချွေတာရေး မီးဖိုများ ဖြန့်ဝေပေးခြင်း။ |
| GRET | ချင်းပြည်နယ် - ဖလမ်း၊ ဟားခါး၊ တီးတိန်၊ ထန်တလန်၊ တွန်းဇန် | စိုက်ပျိုးရေး ဖွံ့ဖြိုးမှုနှင့် တိုးပွားလာစေခြင်း၊ သယံဇာတများကို စီမံခန့်ခွဲမှု တိုးတက်စေခြင်း။ |
| Mercy Corps | ချင်းပြည်နယ် - တွန်းဇန် | စီးပွားရေးဆိုင်ရာ ပြန်လည် နလန်ထူနိုင်မှု အစီအစဉ်များ (CERPs)၊ ငွေကြေးနှင့် လုပ်အား ဖလှယ်မှု အစီအစဉ်များ၊ လယ်သမားကျောင်းများ တည်ထောင်ခြင်း။ |
| မေတ္တာ | ရှမ်းပြည်နယ် - တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်း<br>ကချင်ပြည်နယ် - အင်ဂျန်းယန်၊ မချမ်းဘော၊ ပူတာအို၊ ဆွန်ပရာဘွန် | ပေါင်းပင်များကို ထိရောက်စွာ ထိန်းချုပ်နိုင်ရန်နှင့် စပါး အထွက်တိုး နည်းလမ်းများကို သင်ပေးရန်အတွက် လယ်သမားကျောင်းများ တည်ထောင်ခြင်း။ |
| SWISSAID | ရှမ်းပြည်နယ် - ကျိုင်းတုံ၊ မိုးမောက်၊ ဟိုပုံး၊ ဆီဆိုင်၊ တောင်ကြီး<br>ကချင်ပြည်နယ် - မြစ်ကြီးနား၊ မန်စီ၊ ဗန်းမော်၊ မိုးကောင်း၊ နောင်မွန်၊ ပိုင်းမော်၊ ရွှေကူ၊ မိုးမောက် | စိုက်ပျိုးရေးအတွက် ထောက်ပံ့ခြင်း၊ ဝင်ငွေရရှိမည့် နည်းလမ်းများကို ထောက်ပံ့ခြင်း၊ ဈေးကွက်နှင့်လက်လှမ်းမီမှု၊ ဒေသခံအဖွဲ့အစည်းများကို ခိုင်မာတောင့်တင်းစေခြင်း။ |
| Tag | ကလော၊ ပင်းတယ၊ ရပ်ဆောက်၊ တောင်ကြီး၊ ညောင်ရွှေ | ရှမ်းပြည်နယ် တောင်ပိုင်းတွင် ပျား မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးစေခြင်း။ |
| UNDP/Pact | ရှမ်းပြည်နယ် - နောင်ချို၊ ကျောက်မဲ၊ ပင်လောင်း၊ ပင်းတယ၊ ကလော၊ ညောင်ရွှေ၊ ရွာင<br>ချင်းပြည်နယ် - ထန်တလန်၊ ဟားခါး၊ ဖလမ်း၊ တီးတိန်<br>ကချင်ပြည်နယ် - မိုးမောက်၊ မန်စီ | ကျေးလက်ဒေသရှိ ဆင်းရဲချို့တဲ့သူများကို သင့်တင့်သော အတိုးနှုန်းဖြင့် အသေးစားငွေကြေးဆောင်ရွက်မှုပေးခြင်း။ |

အရေးကြီးဆုံးဝင်ငွေရလမ်းဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း အများစုကလုပ်ကိုင်ကြသည်။ ပြောင်းဖူး၊ ဂျုံ၊ အာလူးနှင့် ပဲပိစပ်တို့သည် စိုက်ပျိုးလေ့ရှိသော သီးနှံများ ဖြစ်ကြသည်။ ၎င်းတို့ကို တစ်ခါတစ်ရံ တောင်ယာစပါးနှင့်အတူ

စိုက်ပျိုးပြီး တစ်ခါတစ်ရံ စပါးရိတ်သိမ်းပြီးချိန်တွင် ရေနှင့်မြေဆီလွှာအခြေအနေ ကောင်းမွန်နေသေးပါက ဒုတိယ သီးနှံအဖြစ် စိုက်ပျိုးကြသည်။ ဈေးကွက်တွင်းဝင်ရောက်နိုင်ရန် ကန့်သတ်ချက်များရှိနေခြင်းကြောင့် နေထိုင်သူအများစုသည် အရေးပေါ်အခြေအနေတွင် ငွေအသုံးပြုနိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ စိတ်ဝင်စားရန်ကောင်းသည့်အချက်မှာ ၎င်းဒေသတွင် ၂၀၁၂ ခုနှစ်အတွင်း LIFT ၏ အခြေခံ လေ့လာချက်များအရ မြေယာမဲ့ ၂၅% သာ တွေ့ရှိရပြီး ယင်းအရေအတွက်သည် တစ်နိုင်ငံလုံး ပျမ်းမျှ ၄၇.၉% မြေယာမဲ့သူအရေအတွက်အောက် နည်းနေခြင်းဖြစ်သည်။[၆၆]

အချို့နယ်မြေများသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကြောင့် ငြိမ်းချမ်းစွာရှိနေသော်လည်း အချို့ နယ်မြေများမှာမူ ပဋိပက္ခများအတွင်းနှင့် ကူးစက်လာနိုင်သည့် အခြေအနေတွင်ရှိနေသည်။ အကြမ်းဖက်မှုများသည် ကချင်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ဆက်လက်ဖြစ်ပွားနေသည်။ ဘိန်းစိုက်ပျိုးခြင်းကိုလည်း ကုန်းမြင့်ဒေသများ အထူးသဖြင့် ရှမ်းပြည်နယ်တွင် ဆက်လက်တွေ့နေရသည်။ အစိုးရသည် ၎င်းနေရာများတွင် အမြစ်ပြတ်ရေးနှင့် အစားထိုးသီးနှံ (အထူးသဖြင့် ပြောင်းဖူးနှင့် ရာဘာ) တို့ကို စိုက်ပျိုးရန် ၁၉၉၀ ခုနှစ်များနှင့် ၂၀၀၀ ပြည့်နှစ်များတွင် အစီအစဉ်များချမှတ်ခဲ့သော်လည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို အလုံးအရင်းနှင့် လျှော့ချနိုင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ဧရိယာ ၂၁,၆၀၀ ဟက်ကာအထိ ကျဆင်းသွားခဲ့ပြီးမှ ၂၀၁၂ခုနှစ် အရောက်တွင် ဟက်တာ ၅၁,၀၀၀ အထိ တိုးမြင့်လာခဲ့သည်။ ၎င်းသည် ၂၀၁၁ ရာသီထက် ၂၀၁၂ ရာသီတွင် ၁၇% တိုးမြှင့်လာခြင်းဖြစ်သည်။[၆၇]

မြန်မာနိုင်ငံတောင်ပိုင်းမှ ယာယီနှင့် အမြဲတမ်းပြောင်းရွှေ့နေထိုင်မှုများမြင့်တက်လာသည်။ မယုံကြည်နိုင်ဖွယ် အဖြစ်အပျက်တစ်ခုမှာ မြန်မာပြည်မြောက်ပိုင်းနေရာများသို့ အပူပိုင်းဒေသရှိ စီးပွားရေးဖိအားများနှင့် ကုန်းမြင့်များရှိ



မြေမျက်နှာသွင်ပြင်သည် ရေတိုက်စားခံရလေ့ ရှိသည့် တောင်စောင်းများမှသည် ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ကချင်ပြည်နယ် မြစ်ကြီးနား တဝိုက်ရှိ နေရာများကဲ့သို့သော နိမ့်ချည်မြင့်ချည်ဖြစ်၍ မြေသြဇာကောင်းသော မြေများအထိ အမျိုးမျိုးကွဲပြားသည်။ တောင်ကြားချိုင့်ဝှမ်းများသည် စပါးကို ရေသွင်းစိုက်ပျိုးခြင်း (သို့) မိုးရေဖြင့် စိုက်ပျိုးခြင်းများအား အထောက်အပံ့ပေးနိုင်ဖွယ် ရှိသော်လည်း အများစုသည် တောင်စောင်းများတွင် ရွှေ့ပြောင်းတောင်ယာစနစ် (မြေဆီလွှာကို အလှည့်ဖြင့် ပလုပ်ထားခြင်းနည်း) ဖြင့် စပါးကိုစိုက်ပျိုးကြသည်။ တောင်တန်းပေါ်ကျေးရွာများနှင့် တောင်ကြား ချိုင့်ဝှမ်းအတွင်းရှိ ကျေးရွာများကြား အသက်မွေး ဝမ်းကျောင်းမှုပုံစံများသည် သိသာစွာကွဲပြားကြသည်။ တောင်ကြားချိုင်းဝှမ်းအတွင်းမှ ကျေးရွာများသည် မြေဆီလွှာပိုကောင်းခြင်းနှင့် ဈေးကွက်လက်လှမ်းမီမှု ပိုမိုလွယ်ကူခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်းအတွက် ရွေးချယ်စရာ ပိုများသည်။ ဒေသတွင်းရှိ အိမ်ထောင်စုများ၏ ၁၉% အတွက် အဓိကဝင်ငွေအရင်းအမြစ်ကို စိုက်ပျိုးရေးကဏ္ဍတွင် နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင်ခြင်းမှ ရရှိကြသည်။ နေထိုင်သူများ၏ လေးပုံတစ်ပုံသည် မြေယာမဲ့များဖြစ်ကြပြီး လူဦးရေ၏ ၁၀%သည် စိုက်ပျိုးရေးမှ မဟုတ်သည့် ဝင်ငွေ အရင်းအမြစ်များအပေါ် မှီခိုနေကြရသည်။[၆၈]

ချင်းပြည်နယ်မှ လှေကားထစ်လယ်ယာစနစ်

စီးပွားရေးဆန်သော စိုက်ပျိုးရေးများကြောင့် မြန်မာနိုင်ငံအောက်ပိုင်းတွင် နေထိုင်သူများ စုပြုံပြောင်းရွှေ့လာခြင်း ဖြစ်သည်။[၆၉] နယ်နိမိတ်ကူးသန်းကာ ပြောင်းရွှေ့နေထိုင်ခြင်းကြောင့် ဒေသတွင်း အလုပ်သမားရရှိနိုင်မှုနှင့် အောက်ပြည်မှ ပြောင်းရွှေ့လာသူများကို နေရာပေးနိုင်သည်။[၇၀] ယင်းဒေသတို့တွင် နိုင်ငံခြားမှငွေလွှဲများလွှဲပို့ခြင်းသည် အရေးကြီးသည့် အရင်းအနှီးအရင်းအမြစ်ဖြစ်သည်။

၆၆ LIFT ၏ အခြေခံ အချက်အလက် လေ့လာချက် (၂၀၁၂)

၆၇ https://www.unodc.org/documents/crop-monitoring/sea/SouthEastAsia_Report_2012_low.pdf

၆၈ LIFT ၏ အခြေခံအချက်အလက် လေ့လာချက် အပိုင်းခွဲများ ၅.၅/၅.၈ (၂၀၁၂)

၆၉ QSEM 3

၇၀ http://th.iom.int/index.php/migration-resources/migration-research/Assessing-Potential-Changes-in-the-Migration-Patterns-of-Myanmar-Migrants-and-Their-Impacts-on-Thailand-(English-Language)/

### ၃.၃.၂။ ရလဒ်များ၏ ဆွေးနွေးချက်

#### ၁။ ကောင်းမွန်သော အတတ်ပညာနှင့် တောင်သူကွင်းဆင်းသင်တန်းကျောင်းများ (FFS) ကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်။

LIFT ၏ တောင်တန်းဒေသရှိ မိတ်ဖက်အဖွဲ့(၄)ဖွဲ့သည် တောင်သူကွင်းဆင်းသင်တန်းကျောင်းများ(FFSs)ကို ဖွင့်လှစ်သင်ကြားပြီး ဆည်ရေသောက်နှင့် မိုးကောင်းသောက်လယ်မြေများနှင့် ဆောင်းရာသီသီးနှံများ (ဥပမာ- ဂျုံ၊ ကုလားပဲ၊ ပဲပိနှင့် ကြက်သွန်) စသည်တို့ကို အဓိကရည်ရွယ်သည်။ အကယ်၍ အောက်ပါအတိုင်းဖြစ်လျှင် တောင်သူကွင်းဆင်းသင်တန်းကျောင်းများသည် ကောင်းစွာအကျိုးရှိသည်ဟု မိတ်ဖက်အဖွဲ့အစည်းများမှ ပြထားသည်-

- သင်ကြားပေးသူများသည် အတွေ့အကြုံ ရင့်ကျက်သူ လေ့ကျင့်ထားသူဖြစ်ပြီး၊ အဆင့်မြင့်နည်းပညာ အထောက်အကူရရှိမည်။
- သင်ရိုးညွှန်းတမ်းသည် လယ်သမားများလက်ရှိလုပ်ကိုင်နေသော နည်းလမ်းများထက် လိုက်လျောညီထွေ ဖြစ်ရမည်။ ဆန်းသစ်ရမည်။
- လက်တွေ့သင်ခန်းစာများသည် ကောင်းမွန်စွာရေးဆွဲထားရမည်။ ပြည့်စုံကောင်းမွန်နေရမည်။
- အကောင်းဆုံးနည်းပြများကို စီးပွားရေးအရ သုံးသပ်ထားချက်နှင့်တကွ ပြသရမည်။
- တောင်သူကွင်းဆင်းသင်တန်းကျောင်းများ ကာလရှည်ကြာစွာ တည်ရှိသောနေရာတွင် ကျောင်းထွက် လယ်ယာသမားများသည် အခြားလယ်ယာသမားများစွမ်းဆောင်ရည် တိုးတက်လာအောင် အကူအညီပေးနိုင်သည်။
- တရားဝင် စိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့များ၊ အခြားလယ်သမားကျောင်း အဖွဲ့များနှင့် ချိတ်ဆက်ခြင်းကို ထောက်ပံ့ကြိုဆိုပေးရမည်။ ထိုအချက်သည် ရေရှည်တည်တံ့နိုင်မှုအတွက် မရှိမဖြစ်လိုအပ်သည်။

ဝန်ဆောင်မှုချို့တဲ့သော လယ်သမားကျောင်းများတွင်ပင် တောင်သူများရင်ဆိုင်နေရသည့် အခက်အခဲ အကျပ်အတည်းများကို ဖြေရှင်းနိုင်သည့် နည်းပညာတစ်ခုကိုပေးနိုင်လျှင် ၄င်းကျောင်းများကို အသိအမှတ်ပြု လက်ခံနှုန်း မြင့်တက်လာနိုင်သည်။ ထိုနည်းတူပင် နည်းပညာ (သို့) သီးနှံအသစ်သည် အခြားနည်းစနစ်များ၊ သီးနှံများနှင့် မယှဉ်နိုင်ပါက ဝန်ဆောင်မှုကောင်းသော တောင်သူများပင်ဖြစ်စေကာမူ စိုက်ပျိုးသူများကို မဆွဲဆောင်နိုင်ပါ။ ဤအချက်ကို အော်ဂဲနစ်မြေဩဇာနှင့် ဓာတ်မြေဩဇာတို့ကို နှိုင်းယှဉ်ကြည့်လျှင်တွေ့နိုင်သည်။ သီးနှံအထွက်တိုးသော်လည်း လုပ်အားခ ပိုမိုကုန်ကျသောကြောင့်ဖြစ်သည်။

#### ၂။ တောင်သူကွင်းဆင်းသင်တန်းကျောင်းများမှတဆင့် လက်ခံ၊ ခံယူချက်နှုန်း တစ်ခုချင်းစီကို တင်ပြခြင်းသည် ပရောဂျက်လှုပ်ရှားရန် ဆုံးဖြတ်ချက်ချမှုများအတွက် အကျိုးသက်ရောက်မှုရှိသော အရေးပါသည့် အင်တိုက်အားတိုက် လုပ်ဆောင်ချက်များကို ဖုံးကွယ်ကောင်းဖုံးကွယ်နိုင်သည်။

မေတ္တာအဖွဲ့သည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် တောင်ယာစပါး စိုက်ပျိုးရေးတွင် ၎င်း၏ကိရိယာများနှင့် အစေ့ချ စိုက်နည်းများကို လက်ခံနှုန်းသည် ၉၀% အထိ[၇၁] ရှိလာသည်ဟု တင်ပြသည်။ အတန်းလိုက်စိုက်နိုင်သည့် မျိုးစေ့ချ စက်သည် တန်းကြားစိုက်ပျိုးရာတွင်လည်းကောင်း၊ ပေါင်းရှင်းရာတွင်လည်းကောင်းအသုံးဝင်ပြီး အလုပ်သမား လိုအပ်ချက်ကို လျှော့ချနိုင်ခဲ့သည့်အပြင် အထွက်တိုးစေခဲ့သည်။ စိုက်ပျိုးသူများသည် ၄င်းနည်းစနစ်များကို အသိအမှတ်ပြု လိုက်နာကြသော်လည်း ဆင်ခြေလျှောကုန်းမြေများတွင် ၄င်းနည်းစနစ်များသည် အသုံးဝင်မှုနည်းသည်မှာ ထင်ရှားသည်။[၇၂]

ရှမ်းပြည်နယ်တောင်ပိုင်းတွင် မေတ္တာအဖွဲ့ကူညီဆောင်ရွက်ခဲ့သောရွာများတွင် FMO လေ့လာဆန်းစစ်ချက်များသည် ဇယား ၁၅ တွင် ဖော်ပြထားသည့်အတိုင်း တစ်ရွာနှင့်တစ်ရွာ လက်ခံနှုန်း သိသိသာသာမတူညီကြကြောင်း FMO က

၇၁ မေတ္တာ၏ လက်ခံမှုနှုန်းကို လယ်သမားကျောင်းများ အကောင်အထည်ဖော်နေစဉ်ကာလအတွင်း တိုင်းတာခဲ့သည်။ လာမည့်သီးနှံထွက်ရာသီအတွင်း မျက်ခြေမပြတ်စောင့်ကြည့်ခြင်းဖြင့် ပျိုးပင်စိုက်ခြင်းနှင့် ကောက်ရိတ်သိမ်းခြင်းနည်းလမ်းသစ်များအတွက် လက်ခံမှုနှုန်း ပိုကောင်းသော ပုံရိပ်တစ်ခုကို မြင်တွေ့နိုင်သည်။

၇၂ LIFT ၏ ၂၀၁၂ နှစ်ပတ်လည် အစီရင်ခံစာ၊ စာမျက်နှာ (၈၇)

၇၃ ကျေးရွာစိုက်ပျိုးရေးစနစ်တွင် တောင်ပေါ်စပါးသည် အရေးကြီးသီးနှံဖြစ်သော ညောင်ကိုင်းကျေးရွာတွင် မျိုးစေ့ချကိရိယာကို FFS သင်တန်းသား ၂၈ ဦးလုံးက ရာနှုန်းပြည့် လက်ခံအသုံးပြုကြကြောင်း မေတ္တာက သတင်းပို့သည်။ ထို့ပြင် ယင်းနည်းသစ်ကို အခြားအိမ်ထောင်စု ၆၆ စုကလည်း အသုံးပြုလာခဲ့သဖြင့် စုစုပေါင်းလက်ခံအသုံးပြုမှုနှုန်းသည် ၃၃၆% ဖြစ်လာခဲ့သည်။

တွေ့ရှိထားသည်-

လက်ခံနှုန်းပြောင်းလဲခြင်းသည် အနိမ့်ဆုံး ၁၄% မှ အမြင့်ဆုံး ၃၃၆% အတွင်းရှိသည်။ တောင်ပေါ်စပါးသည် ရွာစိုက်ပျိုးရေးစနစ်တွင် အရေးပါသောသီးနှံဖြစ်သည့် ညောင်ကိုင်းရွာတွင် လယ်သမားကျောင်း၌ ပါဝင်သူများမှ တဆင့် မျိုးစေ့ချစက်ကို ၁၀၀% လက်ခံသည်ဟု မေတ္တာအဖွဲ့မှတင်ပြခဲ့သည်။ ထို့ပြင်နောက်ထပ် အိမ်ထောင်စု ၆၆ ခုကလည်း လက်ခံကြသဖြင့် စုစုပေါင်း ၃၃၆% အထိ တိုးတက်လာကြောင်း မေတ္တာ၏အချက်အလက်များက ပြနေသည်။ သို့သော်လည်း တောင်ပေါ်စပါးစိုက်ပျိုးရာတွင် လက်ရှိအထွက်နှုန်းများနှင့် နှိုင်းယှဉ်ကြည့်၍ဖြစ်သည်။ ကက္ကူ အရှေ့ပိုင်းဒေသတွင် မြေနိမ့်စပါးနှင့် ကြက်သွန်ဖြူစိုက်ပျိုးရန်အတွက် ကျယ်ပြန့်သောဧရိယာများရှိသည်။



တောင်သူကွင်းဆင်းသင်တန်းကျောင်းများ ၂၀၁၃ နောက်ဆုံးရ အချက်အလက်

- မေတ္တာအဖွဲ့သည် အမျိုးသမီးများကို တောင်သူကွင်းဆင်းသင်တန်းကျောင်းများတွင် ပါဝင်လာ စေရန် ကြိုးစားခဲ့သည်။ အမျိုးသမီးအများစုတွင် အိမ်တွင်းမှု တာဝန်များရှိကြသော်လည်း လက်ရှိ တောင်သူကွင်းဆင်းသင်တန်း ကျောင်းတက်သူ ၄၀%သည် အမျိုးသမီးများ ဖြစ်ကြသည်။
- ချင်းပြည်နယ်နှင့် ကချင်ပြည်နယ် မြောက်ပိုင်းတို့တွင် လယ်ကွက်များ ရွာမှ အတော်အတန် ကွာဝေးသော တည်နေရာကြောင့် တောင်သူကွင်းဆင်းသင်တန်း ကျောင်းများ သည် ဆန္ဒရှိသလောက် မလှုပ်ရှားနိုင်ပေ။ ရိတ်သိမ်းချိန်တွင် လယ်သမားများသည် လယ်ကွင်းများတွင်သာ ညလုံးပေါက်နေရပြီး တစ်ခါတစ်ရံမှသာ ရွာသို့ ပြန်ကြရသည်။ အာရုံဦး၊ GERT/ CORAD နှင့် မေတ္တာ အဖွဲ့များသည် ၎င်းအခြေအနေကို တင်ပြကြပြီး သင်တန်းအရေအတွက်ကို ကန့်သတ်ရသည်။
- ၂၀၁၃ခုနှစ်တွင် SWISSAID နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့များသည် အစိုးရဝန်ထမ်းများအား နည်းပညာများကို လယ်သမားများအား လေ့ကျင့်ပေးရန် ပါဝင်စေခဲ့သည်။ SWISSAID နှင့် Cevis အဖွဲ့နှစ်ဖွဲ့သည် Golden Plain Business Co-operative နှင့် ပူးပေါင်း၍ အစိုးရဝန်ထမ်းလေ့ကျင့်ရေးဆရာများကို သတင်းအချက်အလက်အသစ်များ၊ ပညာရေးနှင့် ဆက်သွယ်ရေး အထောက်အကူပြု ပစ္စည်းများကို ထောက်ပံ့ပေးခဲ့သည်။ ၎င်းပစ္စည်းများကို အမှန်တကယ်လိုအပ်သည့် ပစ္စည်းများဖြစ်စေရန် ဒေသခံလူထုနှင့်ပူးပေါင်း၍အပြီး လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။[၇၄]

ချင်းပြည်နယ်တွင် ပေါင်းရှင်းကိရိယာ သရုပ်ပြနေပုံ

ကုန်းမြင့်စိုက်ပျိုးရေးအတွက် နည်းစနစ်များသည် အခြေခံအားဖြင့် ပြောင်းဖူး၊ ပန်းနှမ်း၊ ပဲစင်းငုံ၊မြေပဲများ စိုက်ပျိုးခြင်းအတွက် ရည်ရွယ်ထားသည်။ လေ့ကျင့်ပေးမှုပြီးနောက် ပါဝင်ခဲ့သူတောင်သူ သုံးဦးသည်သာ ကုန်းမြင့်စပါးကို နောက်နှစ်တွင်စိုက်မည်ဟု ပြောကြသည်။ အကြောင်းမှာ မြေနိမ့်ဒေသတွင် စားသုံးရန် လုံလောက်သော ဆန်စပါးကို ထုတ်လုပ်ပေးနိုင်သောကြောင့်ဖြစ်သည်။ စပ်မျိုးပြောင်း စိုက်ခြင်းသည် ဝင်ငွေပိုကောင်းပြီး ကုန်းမြင့်ဒေသများတွင်စိုက်ရန် ပိုမိုလွယ်ကူသည်။

နှိုင်းယှဉ်ချက်အရ လိုင်ကွန်ဒေသတွင် တောင်ပေါ်စိုက်ပျိုးရေးစနစ်၏ နည်းစနစ်အသစ်များကို တောင်သူကွင်းဆင်းသင်တန်းကျောင်း ပါဝင်လုပ်ရှားသူများသည် ၁၀၀% လက်ခံပြီး အခြားလယ်သမား ၂၇ယောက်သည်လည်း လက်ခံခဲ့သည်။ ဝါးခရာရွာ၌ မေတ္တာအဖွဲ့၏ တောင်သူကွင်းဆင်းသင်တန်းကျောင်းများ မပေါ်ပေါက်ခင် ၁၀ နှစ်အတွင်း၌ တောင်ပေါ်စပါး စိုက်ပျိုးမှုမရှိခဲ့ပေ။ ကုန်းမြင့်ဒေသ ဝင်ငွေကောင်းသော သီးနှံများကိုသာ စိုက်ပျိုးခဲ့သည်။ တောင်သူကွင်းဆင်းသင်တန်း ကျောင်းထွက် ၂၇ ဦးနှင့် အခြားလယ်သမား ၆၀ ဦးတို့သည် နည်းစနစ်သစ်များကို လက်ခံကျင့်သုံးခဲ့ကြသည်။ အိမ်ထောင်စုဝမ်းစာအတွက် စပါးတစ်ဧကစိုက်ပျိုးရန် ဦးစားပေးသောကြောင့် ရိက္ခာလုံလောက်မှုကို တိုးတက်စေခဲ့သည်။ အခြားကောက်ပဲသီးနှံများမှရရှိသည့် ဝင်ငွေများဖြင့်

၇၄ ပအိုဝ်၊ ရှမ်းနှင့် မြန်မာဘာသာစကား ၃ မျိုးဖြင့် ပိုစတာနှင့် လက်ကမ်းစာစောင် ၁၁ မျိုး ထုတ်ဝေခဲ့သည်။

ဇယား ၁၅။ ရှမ်းပြည်နယ်တောင်ပိုင်း ကျေးရွာ ၄ ရွာတွင် မေတ္တာအဖွဲ့၏ တောင်ပေါ်စပါးစိုက်ပျိုးနည်းစနစ်များ လက်ခံသုံးစွဲမှုနှုန်း (Source: FMO interviews)

| ကျေးရွာ | ညောင်ကိုင်း | ကက္ကူ (အရှေ့) | လွိုင်ကွန် | ဝါးခရာ |
|---|---|---|---|---|
| FFS မရှိမီ တောင်ပေါ်စပါး ဧရိယာ (ဧက) | ၂၈၆ | ၀ | ၁၇ | ၀ |
| FFS ရှိလာပြီးနောက် တောင်ပေါ်စပါး ဧရိယာ (ဧက) | ၂၈၆ | ၁၃ | ၇၀ | ၁၀၀ |
| ရွာအတွင်း နေထိုင်သူဦးရေ | ၁၅၆ | ၆၂ | ၈၄ | ၉၃ |
| FFS တက်ရောက် ပါဝင်သူပေါင်း | ၂၈ | ၂၀ | ၂၃ | ၂၇ |
| တက်ရောက် ပါဝင်သူများ၏ လက်ခံမှုနှုန်း | ၂၈ | ၃ | ၂၃ | ၂၇ |
| မတက်ရောက်ခဲ့သူများ၏ လက်ခံမှုနှုန်း | ၆၆ | ၀ | ၂၇ | ၆၀ |
| FFS အဖွဲ့ဝင် မဟုတ်သူများ အပါအဝင် စုစုပေါင်း လက်ခံနှုန်း။ (FFS တက်ရောက်သူ အရေအတွက်ထက် လက်ခံကျင့်သုံးသူ အရေအတွက် ပိုမိုသည်။)[၇၅] | ၃၃၆% | ၁၄% | ၂၁၇% | ၃၂၂% |

အလှမ်းကွာဝေးသောဈေးများမှ ဆန်ဝယ်ယူစားသုံးမှုကို လျော့ကျစေသည်။

နိဂုံးချုပ်ရလျှင် စီမံကိန်းသည် အောင်မြင်ခဲ့ပြီး တစ်ရွာနှင့်တစ်ရွာ ထူးထူးခြားခြားလက်ခံနှုန်း မတူညီမှုသည် စီမံချက်အတွင်း နှုန်းထားတစ်ခုတည်းကို တင်ပြခြင်းမှာ အရေးပါသောရလဒ်များနှင့် လှုပ်ရှားမှုများကို ဖုံးကွယ်နေကြောင်း ပြသနေသည်။

၁။ ချင်းပြည်နယ်ရှိ အသေးစားချေးငွေလုပ်ငန်းသည် ကိုယ်ထူကိုယ်ထ အဖွဲ့များသို့ တစ်လုံးတစ်ခဲချေးငွေများ ချထားပေးခြင်းဖြင့် လူဦးရေကျဲပါးသည့်ဒေသများတွင် ငွေကြေးဝန်ဆောင်မှုများ ဖြန့်ကျက်ပေးနိုင်ခဲ့သည့် ထူးခြားဆန်းသစ်သော ဥပမာတစ်ခု ဖြစ်ခဲ့သည်။

တောင်တန်းဒေသများတွင် အသေးစားချေးငွေလုပ်ငန်းများ၏ ဝန်ဆောင်မှု ကုန်ကျစရိတ်သည် မြင့်မားပြီး ဒေသခံများ လက်လှမ်းမီရန် ခဲယဉ်းသောကြောင့် ရွေးချယ်ရန် အများအပြား မရှိပေ။ GRET အဖွဲ့၏ ချင်းပြည်နယ်ဆိုင်ရာ အသေးစားချေးငွေလုပ်ငန်းသည် ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ တီးတိမ်စသည့် မြို့နယ် ၄ခု၏ ကျေးရွာများတွင် ငွေကြေးဝန်ဆောင်မှုရရန် ဆောင်ရွက်ပေးခဲ့သည်။ ချင်းပြည်နယ် အသေးစားချေးငွေ လုပ်ငန်းသည် ၂၀၁၂ခုနှစ်တွင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုအသစ်ကို မိတ်ဆက်ပေးခဲ့ပြီး ၎င်းသည် ၂၀၁၃ခုနှစ်တွင် ဆက်လက်ဖွံ့ဖြိုးသွားခဲ့သည်။ တစ်လုံးတစ်ခဲ ချေးငွေများကို ကိုယ်ထူကိုယ်ထအဖွဲ့များသို့ ထုတ်ပေးခြင်းဖြစ်သည်။ ကိုယ်ထူကိုယ်ထအဖွဲ့သည် UNDP ၏ ကျေးလက်ဖွံ့ဖြိုးမှု စံပြပုံစံတစ်ခုဖြစ်သည်။ ယင်းကို ၂၀၀၀ပြည့်နှစ်ခန့်တွင် စတင်တည်ထောင်ခဲ့ပြီး ဆင်းရဲသော စေတနာ့ဝန်ထမ်းအမျိုးသမီးများကို အခြေပြုခဲ့သည်။ ထိုအဖွဲ့များသည် ဝေးလံသောရွာများသို့ ချင်းပြည်နယ် အသေးစားချေးငွေလုပ်ငန်း၏ ကျေးလက်



၂၀၁၃ နှစ်ကုန်တွင် ချင်း MFI အနေဖြင့် ကျေးလက်ဒေသများရှိ ကိုယ်ထူကိုယ်ထ အဖွဲ့ ၄၉ ဖွဲ့ထံသို့ အမေရိကန်ဒေါ်လာ ၇၀၀၀၀ တန်ဖိုးရှိ လက်ကားချေးငွေများ ချထားပေးနိုင်ခဲ့သည်။

၇၅ ဤရာခိုင်နှုန်းကို FFS တွင် တက်ရောက်ပါဝင်သူ အရေအတွက်နှင့် နည်းစနစ်သစ်များအား လက်ခံကျင့်သုံးသူ အရေအတွက်တို့အား နှိုင်းယှဉ်ခြင်းဖြင့် တွက်ချက်ရရှိသည်။

ဝန်ဆောင်မှုများကို ချဲ့ထွင်နိုင်ရန် လက်တွေ့ကျသော နည်းစနစ်ဖြစ်ခဲ့သည်။ ကိုယ်ထူကိုယ်ထ ချေးငွေ ဝန်ဆောင်မှုများအဖြစ် ပြောင်းလဲလုပ်ဆောင်ပေးခြင်းဖြင့် အုပ်စုအများစုသည် ပြန်လည်ဖွဲ့စည်းလာခဲ့ပြီးရှိပြီး အုပ်စုအဖွဲ့များသည်လည်း ပူးပေါင်းလာခဲ့သည်ကို တွေ့ရှိရသည်။

၂၀၁၂ ခုနှစ်တွင် ချင်းပြည်နယ် အသေးစားချေးငွေလုပ်ငန်းသည် ကိုယ်ထူကိုယ်ထအဖွဲ့များ အသုံးပြုရန် အမေရိကန်ဒေါ်လာ ၁၁,၅၀၀ ကို တစ်လုံးတခဲတည်း ချေးငွေ ၅ ခုအဖြစ် ခွဲဝေချထားပေးခဲ့သည်။ ၂၀၁၃ခုနှစ် အကုန်တွင် ချင်းပြည်နယ် အသေးစားချေးငွေလုပ်ငန်းသည် အဖွဲ့ဝင်ပေါင်း ၅၇၆ ဦး ရှိသည့် ကိုယ်ထူကိုယ်ထ အဖွဲ့ ၄၉ ဖွဲ့သို့ အမေရိကန်ဒေါ်လာ ၇၀,၀၀၀ ချေးငွေ ထုတ်ပေးပြီးဖြစ်သည်။[၇၆] ကိုယ်ထူကိုယ်ထ အဖွဲ့များသို့ပေးသည့် ချေးငွေအတွက် သက်တမ်း ၆လ ထားရှိပြီး အရင်းရောအတိုးကိုပါ ငွေသက်တမ်းစေ့သောအခါ ချင်းပြည်နယ် အသေးစားချေးငွေလုပ်ငန်းသို့ ပြန်လည်ပေးဆပ်ရမည် ဖြစ်သည်။ အုပ်စု အဖွဲ့ဝင်များသည် ချေးငွေများကို ကလေးများ၏ပညာရေး၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးစေခြင်း၊ အိမ်ပြုပြင်ခြင်းများ၊ ကုန်စုံဆိုင်များဖွင့်လှစ်ခြင်းနှင့် အသေးစားစားသောက်ဆိုင်များ ဖွင့်ခြင်းများ အပါအဝင် လုပ်ငန်းအမျိုးမျိုးအတွက် အသုံးပြုကြသည်။

ကိုယ်ထူကိုယ်ထအဖွဲ့များသည် GRET အဖွဲ့အစည်း လိုင်စင်ဖြင့် ငွေကြေးအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုခံထားရသော ချင်းပြည်နယ်အသေးစား ချေးငွေလုပ်ငန်းကို အမှီအခိုကင်းစွာ ဆောင်ရွက်နိုင်သောမြန်မာ ငွေကြေးအဖွဲ့အစည်းတစ်ရပ်အဖြစ်ပြောင်းလဲရန် အထောက်အကူဖြစ်စေသည်။ အဖွဲ့အစည်းအရရော ငွေကြေးအရပါ ရေရှည်ခံစေရန် ရည်ရွယ်သည်။

## ၄။ ပဋိပက္ခများဖြစ်ပွားနေသောဒေသများ၌ မြို့နေလူမှုအဖွဲ့အစည်းနှင့် အလုပ်လုပ်ခြင်းတွင် ညှိနှိုင်းလွယ်သော စီမံခန့်ခွဲမှုနှင့် ဒေသတွင်းပြဿနာဖြေရှင်းနိုင်ရန် မဟာဗျူဟာများအပေါ် တည်ဆောက်ထားသည့် တည်ငြိမ်မှုနှင့် လက်ခံနိုင်မှုများလိုအပ်သည်။

နိုင်မာတောင့်တင်းသည့်ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူပေါင်းခြင်းသည် SWISSAID နှင့် မေတ္တာတို့ အနေဖြင့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အောင်မြင်စွာ အလုပ်လုပ်နိုင် ရန်အတွက် အဓိကသော့ချက်ဖြစ်သည်။ ထိုလုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများ၏ အတွေ့အကြုံများသည် ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် အလုပ်လုပ်မည်ဆိုပါက ထည့်သွင်းစဉ်းစားရမည့် အချက် ၃ ချက်ကို မီးမောင်းထိုးပြနေသည်။

- **ရေ့နောက်ညီညွတ်မှုနှင့် လက်ခံနိုင်မှု** - ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် အလုပ်လုပ်မည့် အဖွဲ့အစည်းများသည် ရပ်ရွာဒေသများတွင် အထူးလေးစားမှုကိုလိုအပ်ပြီး ဒေသတွင်းအာဏာ ဆုပ်ကိုင်ထားသူများနှင့် ပဋိပက္ခများတွင် အဓိကပါဝင်သူများ၏ လက်ခံနိုင်မှုကိုလိုအပ်သည်။ ရပ်ရွာဒေသအတွင်း ရေ့နောက်ညီညွတ်မှုကို  ရရှိရန်မှာ ၄င်းအဖွဲ့အစည်းသည် လူထု၏ရပိုင်ခွင့်ကို ထောက်ပံ့ပေးမည့် ကတိဝန်ခံချက်ဖြင့်သာရရှိနိုင်ပြီး ထိုသို့ပြုလုပ်ခြင်းဖြင့် အဖွဲ့အစည်းများ၏ ယုံကြည်ချက်ကို ရရှိနိုင်သည်။ အာဏာဆုပ်ကိုင်ထားသူများထံမှ လက်ခံမှုသည် အလုပ်လုပ် ခွင့်ပြုမှုထက်ပိုသည့် ခိုင်မာသောရင်းနှီးမှုတစ်ခုလိုအပ်ပြီး လူ့အခွင့်အရေးများအတွက် ထောက်ခံမှုများ ဆောင်ရွက်ပေးရန် လိုအပ်သည်။ ပဋိပက္ခဒေသများတွင် အလုပ်လုပ်ရန် အခြေခံရင်းနှီးမှုများ ရှိထားသည့် ဒေသတွင်းး အဖွဲ့အစည်းများနှင့် အလုပ်လုပ်ရန်လိုအပ်သည်။
- **အသက်မွေးဝမ်းကျောင်းနှင့် ကာကွယ်ပေးမှုတို့သည် တစ်သားတည်းဖြစ်သည်** - ပဋိပက္ခများအကြား နေထိုင်သူများသည် ၄င်းတို့၏လုံခြုံမှု၊ အသက်မွေ့ဝမ်ကြောင်းပြုမှုနှင့် သက်သာချောင်ချိမှုအတွက် ခြိမ်းခြောက်မှုများကို နားလည်ကြသည်။ ၄င်းတို့တွင် ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရန် ဖြေရှင်းနိုင်မည့် နည်းလမ်းများရှိထားကြပြီးဖြစ်သည်။ ဒေသတွင်းပြဿနာများ ဖြေရှင်းနိုင်မည့် မဟာဗျူဟာများကို အကောင်အထည်ဖော်ခြင်းသည် ၄င်းဒေသရှိအဖွဲ့အစည်းများနှင့်အတူ ဦးစားပေးအခြေအနေများ ရွေးချယ်၍ စီမံကိန်းရေးဆွဲမှသာဖြစ်နိုင်သည်။ ၄င်းသည် သိနားလည်ပြီး လုပ်ငန်းစဉ်တစ်ခု ဖြစ်သော်လည်း ပဋိပက္ခဒေသများတွင် ပို၍အရေးကြီးသည်။

---

၇၆ အဖွဲ့ဂင် အရေအတွက်သည် ၁၀ ဦးနှင့် ၂၀ ဦးကြားတွင် ရှိပြီးချေးငွေပမာဏသည် အမေရိကန်ဒေါ်လာ ၁၀၀ မှ ၆၀၀ အတွင်း ရှိသည်။ ကိုယ်ထူကိုယ်ထ အဖွဲ့များအတွင်း အဖွဲ့ဂင်များသည် တည်ရှိပြီး ချေးငွေထုတ်ပေးသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြ သည်။

- စီမံကိန်းများအတွင်း ပြောင်းလွယ်ပြင်လွယ်မှုကို တည်ဆောက်ခြင်း - ပဋိပက္ခဒေသရှိ အဖွဲ့အစည်းများသည် စီမံချက်အရ လုပ်ရှားမှုများနှင့် ပြောင်းလွယ်ပြင်လွယ်ဖြစ်ရန်လိုသည်။ (ဥပမာ- သွင်းကုန်များပြောင်းလဲခြင်း၊ အစည်းအဝေးကြီးများကို အချိန်ရွှေ့ဆိုင်းခြင်း (သို့) စောင့်ကြည့်ရန်လှုပ်ရှားမှုများကို နှေးကွေးစေခြင်း) အားဖြင့် ပြဿနာများကို ရင်ဆိုင်ဖြေရှင်းသည်။ အချို့ကိစ္စများတွင် ရပ်ရွာလူထုသည် စီမံကိန်းများကို ဆက်လက်မလုပ်ဆောင်သင့်ဟု ဆုံးဖြတ်ချက်ချလိုက်ပြီး ရည်ရွယ်ထားသည့် ကျေးရွာများကို ပြောင်းလဲပစ်ရသည်။ ဒေသခံများသည် ၎င်းတို့ရင်ဆိုင်ရသည့် ခြိမ်းခြောက်မှုများကို ကောင်းစွာနားလည်ထားကြပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုပါ သိရှိကြသည်။ လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများသည် သတင်းစုံစွာရရှိနေရန် လိုအပ်ပြီး ဒေသတွင်းအဖွဲ့အစည်းများနှင့် အပြန်အလှန်ဆက်သွယ်စကားပြောရန် လိုအပ်သည်။ LIFT ၏ ငွေကြေးစီမံခန့်ခွဲမှုအဖွဲ့အစည်း၏ အထောက်အပံ့နှင့် ပြောင်းလွယ်ပြင်လွယ်ရှိမှုသည်လည်း မရှိမဖြစ်အရေးပါသည်။ ဥပမာအားဖြင့် မေတ္တာ၏ တောင်သူကွင်းဆင်းသင်တန်းကျောင်းများသည် ပဋိပက္ခဒေသများအနီးတွင် တည်ရှိသည်။ စီမံကိန်းတွင် လှုပ်ရှားမှုများကို အချိန်ဇယားအတိုင်း လုပ်ဆောင်နိုင်သော်လည်း ရွာပေါင်း ၂၂ ခုတွင် ပုံမှန် လစဉ် အတတ်ပညာဆိုင်ရာ အစည်းအဝေးပွဲများ မပြုလုပ်နိုင်ပါ။ FMO ၏ အကြံပြုချက်အတိုင်း မေတ္တာအဖွဲ့သည် အခြားရွာများသို့ ပြောင်းလဲလှုပ်ရှားခြင်းသို့) အခြေအနေကို အကဲခတ်စဉ်ကာလတွင် စောင့်ကြည့်ခြင်းနည်းဖြင့် ၎င်းအခြေအနေကို ဖြေရှင်းခဲ့သည်။ စီမံကိန်းပြီးဆုံးခါနီးသောအခါ အခြားရွာ ၁၁ ရွာ ကို အစားထိုးခဲ့ရသည်။ ထို့ကြောင့် စီမံကိန်းအပြီးတွင် ရည်ရွယ်ထားသည့် ကျေးရွာပေါင်း ၈၄ ရွာအနက် ၇၃ ရွာကိုသာ ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

## ၅။ ကိုးကန့်အထူးဒေသ၏ လက်ဖက် စီမံကိန်းမှ စိန်ခေါ်မှုများသည် ဈေးကွက်စုစည်းမှုနှင့် ဈေးနှုန်း ကွင်းဆက်ချဉ်းကပ်မှု အတွက် သင်ခန်းစာများကို မီးမောင်းထိုးပြနေပါသည်။

တရုတ်နိုင်ငံနယ်စပ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းဒေသရှိ ကိုးကန့်အထူးဒေသတွင် ဘိန်းစိုက်ပျိုးကုန်သွယ်မှု လုပ်ငန်းများဆိုင်ရာ သမိုင်းမှတ်တမ်းများရှိခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုကို တားမြစ်ပိတ်ပင်ခဲ့ပြီးနောက် စိုက်ပျိုးသူများသည် လက်ဖက်ကို ပြောင်းလဲစိုက်ပျိုးခဲ့ကြသည်။ CARE နှင့်အတူ LIFT ၏ စီမံကိန်းသည် စိုက်ပျိုးထုတ်လုပ်ခြင်း၊ မှတ်ပုံတင်ခြင်း၊ တံဆိပ်အခိုင်အမာယူခြင်းနှင့် ဈေးကွက်ထိုးဖောက်ခြင်းများ အပါအဝင် လက်ဖက်ဈေးကွက်ကို ဖွံ့ဖြိုးစေခဲ့သည်။ ဒေသတွင်းနေထိုင်သူ အိမ်ထောင်စု ၁၆၀၀ ပါဝင် စိုက်ပျိုးခဲ့ပြီး ကိုးကန့်လက်ဖက်ကို မြန်မာနှင့်တရုတ်နိုင်ငံများတွင် ရောင်းချကြသည်။

လက်ဖက်အထွက်တိုးရန်နှင့် အရည်အသွေးမြှင့်တင်ရန် လေ့ကျင့်ပေးမှု စီမံကိန်း မဟာဗျူဟာတွင် လက်ဖက်စိုက်ပျိုး ထုတ်လုပ်သည့် အဖွဲ့များ (TPGs) နှင့် တာရှေ့ထန် လက်ဖက်အသင်း (TSTTA) များသည် အဓိကနေရာမှ ပါဝင်လျှက်ရှိသည်။ စိုက်ပျိုးသူများကို စိုက်ပျိုးမြေပြင်ဆင်ခြင်း၊ မျိုးရွေးချယ်ခြင်း၊ စိုက်ပျိုးခြင်း၊ ပေါင်းရှင်းလင်းခြင်း၊ စိုက်ပျိုးပင်များ ကာကွယ်ခြင်း၊ ကိုင်းဖြတ်ခြင်း၊ မြေဩဇာအသုံးပြုခြင်းနှင့် ရိတ်သိမ်းခြင်းများကို ထိရောက်စွာ လေ့ကျင့် ပေးခဲ့သည်။ ၂၀၁၃ ခုနှစ် ဧပြီလတွင် ပြုလုပ်ခဲ့သော ဈေးကွက်သုတေသနကြောင့် တာရှေ့ထန် လက်ဖက်အသင်း အနေဖြင့် လက်ဖက်စိုက်ပျိုးသူများ၊ လောက်ကိုင်ရှိ လက်ဖက်စက်ရုံပိုင်ရှင်များ၊ မြန်မာနှင့် တရုတ်မှ လက်ဖက်ကုန်သည်ကြီးများအကြား ပိုမိုချိတ်ဆက်မိစေခဲ့သည်။ ဝန်ထမ်းများသည် အလည်အပတ်ခရီးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ပါဝင်ပတ်သက်သူများ အစည်းအဝေးပွဲများ စီစဉ်ပေးခဲ့သည်။ ယခုအခါ တာရှေ့ထန် လက်ဖက်အသင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) လက်အောက်ရှိ  ပြည်ထောင်စုအဆင့် လက်ဖက်စိုက်ပျိုးသူများနှင့် ရောင်းချသူများအသင်း (ULTGSA) တွင် မှတ်ပုံတင်ထားပြီးဖြစ်သည်။ ဈေးကွက်အခြေအနေ သတင်းအချက်အလက်များကို အဓိကဈေးကွက်များမှ ငါးရက်တစ်ကြိမ်စုဆောင်းပြီး ကိုကန့်ဒေသတွင် တရုတ်ဘာသာနှင့် အင်္ဂလိပ်ဘာသာများဖြင့် လက်ကမ်းစာစောင်များ နှစ်ပတ်တစ်ကြိမ် ဖြန့်ဝေသည်။

### ဈေးကွက်နှင့်တန်ဖိုး ကွင်းဆက်စီမံကိန်းများနှင့် ဈေးကွက်ချဉ်းကပ်မှု ဒီဇိုင်း၏ အဓိက အရေးပါသော အချက် (၃)ချက်

- ရိုးရာအစဉ်အလာ၊ နိုင်ငံရေးနှင့် မြေမျက်နှာသွင်ပြင်ဆိုင်ရာ အချက်အလက်များသည် အလွန်အမင်းလွှမ်းမိုးမှုရှိသည်။ ဘိန်းစိုက်ပျိုးဖူးသော တောင်သူများသည် လွတ်လပ်စွာအလုပ်လုပ်ချင်ကြသည်။ သဘောထားခံယူချက်များ ပြောင်လဲရာတွင် နှေးကွေးမှုရှိသည်။ လက်ဖက်စိုက်ပျိုး ထုတ်လုပ်သည့်အဖွဲ့များရှိသော်လည်း တောင်သူများသည် စုပေါင်းဆောင်ရွက်ပြီး ထုတ်လုပ်မှုနှင့် ဈေးနှုန်းကိုမြှင့်တင်ရန် လိုအပ်နေသေးသည်။
- အခြား LIFT စီမံကိန်းများကဲ့သို့ ငွေကြေးလက်လှမ်းမီမှုသည် စိုက်ပျိုးသူများအတွက် အခွင့်အလမ်းများဖန်တီးရာတွင် မရှိမဖြစ်လိုအပ်သည်။ ကိုးကန့်ဒေသရှိ စိုက်ပျိုးရေးသမားများသည် ၎င်းတို့၏ ရိတ်သိမ်းပြီး

ထွက်ကုန်များကို ဈေးကွက်အားသာမှုနှင့် ဈေးကောင်းကောင်းရရှိရန် စုပေါင်းသိုလှောင်လိုခြင်းမရှိကြပေ။ အကြောင်းမှာ ငွေပေါ်ချိန် ကြာမြင့်နိုင်ပြီး ကြွေးမြီများထူသွားနိုင်သောကြောင့် ဖြစ်သည်။ စိုက်ပျိုးသူများသည် ငွေကြေးဝန်ဆောင်မှု ကောင်းစွာရရှိလျှင် စုပေါင်းအလုပ်လုပ်ခြင်း၏ မက်လောက်သော ဈေးကွက်ကိုရရှိရန် လုပ်ဆောင်ကောင်း လုပ်ဆောင်လိမ့်မည်ဖြစ်ပါသည်။ ရိတ်သိမ်းချိန်နောက်ပိုင်းတွင် ချေးငွေရရှိနိုင်ခြင်းသည် စုပေါင်း အလုပ်လုပ်ခြင်းကို စိတ်ဝင်စားမှု မြင့်တက်စေသည်။

- ကိုးကန့်ဒေသရှိ စိုက်ပျိုးသူများအတွက် အဓိကဈေးကွက်များသို့ လက်လှမ်းမီနိုင်မှုကို ခရီးကွာဝေးမှုနှင့် အစိုးရ၏ ခရီးသွားလာခွင့် အကန့်အသတ်က အခက်တွေ့စေသည်။ ယင်းဒေသသည် ယဉ်ကျေးမှု၊ မြေမျက်နှာသွင်ပြင်နှင့် စီးပွားရေးကဏ္ဍများတွင် တရုတ်နိုင်ငံနှင့် ပိုမိုနီးကပ်စွာ ချိတ်ဆက်မှုရှိသည်။ ၎င်းအချက် ၃ ချက်သည် ဒေသတွင်းထုတ်လုပ်မှုများ၏ ဈေးနှုန်းကွင်းဆက်များအပေါ် လွှမ်းမိုးမှုရှိသည်။ ၎င်းတို့သည် အခွင့်အလမ်းများဖန်တီးပေးပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ပြောင်းလဲလိုက်လျှင် ယခင်မရှိသေးသော ချဉ်းကပ်မှုပုံစံကို လိုအပ်သည်။

## သုံးသပ်ချက်များနှင့် ရှေ့ခြေလှမ်းများ

တောင်တန်းဒေသသို့ LIFT ၏ ထောက်ပံ့မှုများသည် အခြေခံအားဖြင့် တောင်သူအဖွဲ့အစည်းများနှင့် အသေးစား ချေးငွေဝန်ဆောင်မှုများ ကျယ်ပြန့်လာမှုအတွက် အကူအညီကောင်းစွာပေးခဲ့သည်။ တောင်သူကွင်းဆင်းသင်တန်းကျောင်းများသည် နည်းစနစ်အသစ်နှင့် ထုတ်ကုန်တိုးပွားစေမည့် စိုက်ပျိုးရေးလုပ်ငန်းစဉ်များ အသုံးပြုပြီး တောင်ပေါ်စပါးဆိုင်ရာ ရလဒ်ကောင်းများရရှိခဲ့သည်။ မေတ္တာ၏ ၂၀၁၃ သုတေသနသည် ထိုအချက်ကို ကောင်းစွာဖော်ပြနိုင်ခဲ့သည်။

ဆက်လက်ဆောင်ရွက်နေသော တစ်လုံးတစ်ခဲချေးငွေများ ချင်းပြည်နယ် ကိုယ်ထူကိုယ်ထအဖွဲ့များသို့ ဖြန့်ဝေပေးခြင်းတွင်လည်း ရလဒ်ကောင်းများရရှိခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ကိုယ်ထူကိုယ်ထအဖွဲ့ ၅ ခုသာ ရှိရာမှ ၂၀၁၃ ခုနှစ်တွင် ၄၉ ခုအထိ တိုးတက်လာမှုသည် ၂၀၁၄ ခုနှစ်တွင် အချို့ဧရိယာများ၌ ကိုယ်ထူကိုယ်ထအဖွဲ့များ ရေရှည်တည်တံ့စေရန် လေ့လာဆန်းစစ်မှုများ ပြုလုပ်ရမည်ဖြစ်သော်လည်း ကိုယ်ထူကိုယ်ထအဖွဲ့များတွင် အလားအလာကောင်းများရှိသည်ကို ဖော်ပြနေသည်။

တောင်သူကွင်းဆင်းသင်တန်းကျောင်းများသည် လယ်သမားများ၏ ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာရန်အတွက် နည်းပညာအသစ်များလေ့ကျင့်ပေးမှုများနှင့် ပစ္စည်းကိရိယာထောက်ပံ့ပေးခြင်းများကို စမ်းသပ်လုပ်ဆောင်ပြီး ကြိုးစားဝန်ဆောင်မှုပေးခဲ့သည်။ သို့သော်လည်း တောင်သူကွင်းဆင်း သင်တန်းကျောင်းများတွင် ပြီးပြည့်စုံသော ဝန်ဆောင်မှုပေးနိုင်ရန် အဓိကလိုအပ်ချက်များရှိနေဆဲဖြစ်သည်။ တောင်သူကွင်းဆင်းသင်တန်းကျောင်းများတွင် ဆန်းသစ်တီထွင်လိုသော စိုက်ပျိုးရေးအဖွဲ့ဝင်များရှိပြီး ၎င်းတို့၏ကြိုးစားမှုများသည် လယ်သမားများ ရင်ဆိုင်နေရသည့် လက်ရှိအကြပ်အတည်းများကို ဖြေရှင်းပေးနိုင်ရမည်ဖြစ်ပြီး အခြားရှိပြီး နည်းစနစ်များနှင့်လည်း ကောင်းစွာယှဉ်ပြိုင်နိုင်ရမည်ဖြစ်သည်။ အမျိုးသမီးပါဝင်လှုပ်ရှားသူဦးရေ မြင့်တက်လာခြင်းသည် တောင်တန်းဒေသရှိ တောင်သူကွင်းဆင်းသင်တန်းကျောင်းများတွင် ကျား၊ မ ရေးရာကို အလေးထားနေကြောင်းကို ဖော်ပြနေသည်။ ကိုးကန့်ဒေသရှိ လက်ဖက်စီမံကိန်းမှ အကယ်၍ ရှိပြီးသားရိုးရာလုပ်ငန်းစဉ်များကို ပြောင်းလဲပစ်ရန် လှုံ့ဆော်ပေးနိုင်သည့် အခြေခံအာမခံမှုများ အစီအစဉ်တကျမရှိပါက ၎င်းစုပေါင်းအဖွဲ့အစည်း၌ အကန့်အသတ် အခက်အခဲများ ဖြစ်ပေါ်လာနိုင်သည်ဟု လေ့လာသိရှိရသည်။

ပဋိပက္ခများ ဖြစ်ပွားရာဒေသများတွင် အလုပ်လုပ်နေကြသော SWISSAID၊ မေတ္တာနှင့် ဒေသတွင်းပူပေါင်းအဖွဲ့များ၏ အတွေ့အကြုံများသည် မှတ်သားလောက်စရာဖြစ်ပြီး ၎င်းဒေသတွင် လှုပ်ရှားရန် ရေးဆွဲခဲ့သော LIFT ၏ အစီအစဉ်များအတိုင်းဖြစ်ခဲ့သည်။ ဒေသတွင်းအခြေအနေအရ လိုက်လျောညီထွေမှုနှင့် လက်ခံနိုင်မှု၊ ဝန်ထမ်းများနှင့် အကျိုးခံစားခွင့်ရှိသူများကို ကာကွယ်ပေးမှု၊ ညှိနှိုင်းလွယ်သောပုံစံနှင့် ချဉ်းကပ်မှုတို့သည် ရှုပ်ထွေးသောအဖွဲ့အစည်းများရှိသည့် နေရာဒေသများတွင် စီမံချက်များကိုအောင်မြင်အောင် ဆောင်ရွက်ရာတွင်လိုအပ်သည်။

## ၃.၄ ကမ်းရိုးတန်းဒေသ

**၂၀၁၃ ခုနှစ်အတွင်း ထူးခြားမှုများနှင့် လေ့လာတွေ့ရှိရမှုများ**

- တက်လမ်း ရေရှည်တည်တံ့သော စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းမှု အစီအစဉ်အား ကနဦး စမ်းသပ်ကာလ ၆ လအပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် စတင်ခဲ့သည်။ သုံးလအကြာတွင် -
    - ကျေးရွာဖွံ့ဖြိုးရေး ကော်မတီပေါင်း ၈၀ (အမျိုးသမီးပါဝင်မှု ၃၀%) ဖွဲ့စည်းပေးနိုင်ခဲ့သည်။
    - ကျေးရွာ ငွေစုငွေချေးအသင်းပေါင်း ၁၁ ဖွဲ့ (အမျိုးသမီးပါဝင်မှု ၉၅%) အသစ် တည်ထောင် ပေးနိုင်ခဲ့သည်။
- တက်လမ်း လုပ်ငန်းစဉ်များအတွက် လမ်းညွှန်မှု ပြုနိုင်ရန် နိုင်ငံရေးဘောဂဗေဒဆိုင်ရာ ဆန်းစစ်မှုများနှင့် 'Do No Harm' အကဲဖြတ်မှုတစ်ခုတို့ ဆောင်ရွက်ခဲ့သည်။
- အစိုးရနှင့် ပွင့်လင်းမြင်သာသော ဆက်ဆံရေး အခြေအနေတစ်ခု တည်ဆောက်နိုင်ရန် ဦးစားပေး ကြိုးပမ်းခဲ့သည်။
- Mercy Corp အဖွဲ့၏ မြောက်ဦးမြို့နယ်အတွင်း လူမှုအသိုက်အဝန်း ကြံ့ခိုင်ရေး ဆောင်ရွက်မှုများတွင် စနစ်တကျဖွဲ့စည်းထားသော လူမှုအခြေပြုအဖွဲ့အစည်းများကများစွာ အထောက်အကူပြုခဲ့သည်။

၂၀၁၃ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၂ သန်း တန်ဖိုးရှိ တက်လမ်း[၇၇] ရေရှည်တည်တံ့သော စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းမှု အစီအစဉ်စတင်ခြင်းဖြင့် ကမ်းရိုးတန်းဒေသအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ သိသိသာသာ မြင့်တက်လာခဲ့ကာ ယင်းဒေသအတွင်း လက်ရှိဆောင်ရွက်နေသော စီမံကိန်းများ၏ စုစုပေါင်းတန်ဖိုးသည် အမေရိကန် ဒေါ်လာ ၂၆.၄ သန်း ဖြစ်လာခဲ့သည်။

ဇယား ၁၆။ ကမ်းရိုးတန်းဒေသအတွင်း LIFT စီမံကိန်းများ

| IP | ဒေသ | ဦးတည်ကိစ္စ |
|---|---|---|
| CDN (Consortium of Dutch NGOs) | ရခိုင် - မြေပုံ၊ ပေါက်တော၊ မင်းပြား၊ ကျောက်ဖြူ | ရေတားတမံများ တည်ဆောက်ရန်နှင့် ရေလွှဲပေါက်များပြုပြင်ရန် အကောင်းဆုံးနေရာများသိရှိရန် တက်လမ်း ဖလဗေဒလေ့လာမှု ၂၀၁၃ ဖေဖော်ဝါရီလတွင် စီမံကိန်းပြီးဆုံးခဲ့သည်။ |
| တက်လမ်း ပူးပေါင်းအဖွဲ့ (International Rescue Committee နှင့် မိတ်ဖက်အဖွဲ့များ) | ရခိုင် - မြေပုံ၊ ပေါက်တော၊ မင်းပြား၊ ကျောက်ဖြူ | လူထုအခြေပြု အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးရေး အစီအစဉ် - ရေရင်းမြစ် စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရန် ရေတားတမံများ အဆင့်မြှင့်ခြင်း၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဆိုင်ရာ လုပ်ငန်းများ မြှင့်တင်ပေးခြင်း၊ ဘဏ္ဍာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှု မြှင့်တင်ပေးခြင်း၊ ဒေသတွင်းဖွံ့ဖြိုးရေးအား အထောက်အကူပြုနိုင်ရန် မြို့နယ်အဆင့် အစိုးရအဖွဲ့များ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ အာဟာရဆိုင်ရာ ဖူလုံပြည့်စုံမှု မြှင့်တင်ပေးခြင်း |
| MERN | ရခိုင် - ဗွ | ဒီရေတောပျိုးဥယျာဉ်များ တည်ထောင်ခြင်းနှင့် မြေလွတ်မြေရိုင်းများတွင် ဒီရေတောစိုက်ခင်းများ စိုက်ပျိုးခြင်းအားဖြင့် ဒီရေတောဂေဟစနစ်အား ပြန်လည်အသက်သွင်းခြင်း |
| Mercy Corps | ရခိုင် - မြောက်ဦး | လူထု စီးပွားရေးအခြေအနေ ကြံ့ခိုင်ရေး အစီအစဉ်များ (CERPs) ဖော်ထုတ် အကောင်အထည်ဖော်ခြင်းနှင့် CfW စီမံကိန်းများ |

---

၇၇ တက်လမ်းဆိုသည်မှာ မြန်မာဘာသာဖြင့်ရော ရခိုင်ဘာသာဖြင့်ပါ "ရှေ့သို့ သွားရာလမ်း" သို့မဟုတ် "ပိုကောင်းသောလူနေမှုဘဝသို့ သွားရာလမ်း" ဟု အဓိပ္ပါယ်ရသည်။

ဂွမြို့နယ်တွင် မြန်မာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးကွန်ယက် (MERN) စီမံကိန်းသည် ဒီရေတောများ ထိန်းသိမ်းခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအား အဓိကအာရုံစိုက်ဆောင်ရွက်သည်။ ၂၀၁၃ ခုနှစ်တွင် စီမံကိန်းမှ ဒီရေတောများ ပြန်လည်ရှင်သန်ပေါက်ဖွားစေရေးအတွက် ပျိုးခင်းများနှင့် စိုက်ခင်းများ ပံ့ပိုးပေးခြင်း၊ မိုးစပါးနှင့် ဆောင်းသီးနှံအတွက် မျိုးကောင်းမျိုးသန့်နှင့် မြေသြဇာများ၊ မိသားစု စိုက်ခင်းငယ်များ ပံ့ပိုးကူညီပေးခြင်း၊ မွေးမြူရေးလုပ်ငန်း အထောက်အကူပေးခြင်း၊ လောင်စာခြွေတာရေး မီးဖိုများနှင့် လယ်ယာမဟုတ်သည့် ဝင်ငွေရလုပ်ငန်းများနှင့် ငွေကြေးလွှဲပြောင်းပေးမှုတို့ကို ဆောင်ရွက်ခဲ့သည်။[၇၈]

မြောက်ဦးမြို့နယ်တွင် စိုက်ပျိုးထုတ်ကုန် တိုးတက်ရေး၊ ဝင်ငွေရအခွင့်အလမ်းများ ဖန်တီးရေးနှင့် သဘာဝဘေးအန္တရာယ်များအား ခုခံကာကွယ်နိုင်စွမ်း တည်ဆောက်ရာတွင် လူထုအားကူညီပေးရန် Mercy Corp ၏ မိတ်ဖက်အဖွဲ့ဖြစ်သော ရခိုင်သဟာယအသင်းက သုံးနှစ်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်နေသည်။

တက်လမ်းအစီအစဉ်သည် ဆိုင်ကလုန်းမုန်တိုင်း ဂီရိဒဏ်ခံခဲ့ရသည့် ဧရိယာများဖြစ်သော ပေါက်တော၊ မြေပုံ၊ မင်းပြားနှင့် ကျောက်ဖြူမြို့နယ်များအား အဓိကအာရုံစိုက်ပြီး International Rescue Committee (IRC) က Save the Children၊ Oxfam၊ Better Life Organization တို့နှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ကာ CARE အဖွဲ့က စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း ဝန်ဆောင်မှုကိုပေးလျက်ရှိသည်။ ဤစီမံကိန်းသည် LIFT အတွက် ထူးခြားသော အပြောင်းအလဲတစ်ခုဖြစ်ပြီး ယခင်က မြစ်ဝကျွန်းပေါ်ဒေသနှင့် နိုင်ငံအဝှမ်းအစီအစဉ်များ အတွက် ဆောင်ရွက်ခဲ့သကဲ့သို့ အလားအလာရှိသော အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များထံမှ အဆိုပြုလွှာများ လက်ခံရယူခြင်းမဟုတ်ဘဲ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များအား ဖိတ်ခေါ်ခြင်း မပြုမီကပင် တက်လမ်းအစီအစဉ်၏ အသေးစိတ်အချက်အလက်များကို LIFT အနေဖြင့် ပုံစံထုတ်ရေးဆွဲထားခဲ့ခြင်းဖြစ်သည်။

### ၃.၄.၁။ နယ်မြေအကြောင်းအရာနှင့် လက်ရှိ အနေအထား

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ အနောက်ဘက်ခြမ်းတွင်တည်ရှိပြီး နိုင်ငံ၏ ဖွံ့ဖြိုးမှုအနိမ့်ဆုံးဒေသများအနက် တစ်ခုဖြစ်နေဆဲဖြစ်ကာ အာဟာရချို့တဲ့မှု၊ ဆင်းရဲမွဲတေမှု၊ ပဋိပက္ခများ၊ အခြေခံအဆောက်အအုံ အားနည်းမှုနှင့် ရာသီဥတု ဆိုးရွားမှုတို့ကဲ့သို့သော ဆိုးရွားလှသည့် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည်။

ရခိုင်ပြည်နယ်၏ ကမ်းရိုးတန်းဧရိယာများသည် မုတ်သုံရာသီဥတုကို ပြင်းထန်စွာခံစားကြရသည်။ မိုးရွာသွန်းမှုသည် မုတ်သုံဝင်သည့်လများအတွင်း ပြင်းထန်လှပြီး ကျန်လများတွင်မူ မိုးရွာသွန်းမှုအလွန်နည်းပါးသဖြင့် စိုက်ပျိုးရေး ထွက်ကုန်များ အရည်အသွေးနိမ့်လှသည်။ ဆန်စပါးသည် အဓိကစိုက်ပျိုးသီးနှံဖြစ်ပြီး စုစုပေါင်းစိုက်ပျိုးမြေ၏ ၈၅% ခန့်ရှိသော်လည်း မြေဆီလွှာအရည်အသွေး နိမ့်ကျခြင်းနှင့် စိုက်ပျိုးရေးသွင်းအားစုများ ရှားပါးခြင်းတို့ကြောင့် မိုးစပါး စိုက်ပျိုးမှုမှထွက်ရှိသည့် ပမာဏသည် တစ်နိုင်ငံလုံးတွင် အနည်းဆုံးဖြစ်သည်။ ကာလရှည်ကြာ ရေချိုရှားပါးပြီး မြေအောက်ရေထုအတွင်း ဆားငန်ရေစိမ့်ဝင်မှုနှင့် ရေသိုလှောင်နိုင်သည့် အဆောက်အအုံနည်းပါးမှုတို့ကြောင့် ခြောက်သွေ့ရာသီ၌ ကမ်းရိုးတန်းတစ်လျှောက်ရှိ မြေယာအများစုသည် ပလပ်မြေများအဖြစ် အသုံးမဝင်ဖြစ်နေရသည်။ ကမ်းရိုးတန်းမြေဆီလွှာသည် တစ်ချိန်က ဒီရေတောစိမ့်မြေများဖြစ်သောကြောင့် ပင်ကိုယ်အားဖြင့် မြေဆီသြဇာအားနည်းပြီး အတိုင်းအတာတစ်ခုအထိ စိုက်ပျိုးထုတ်လုပ်နိုင်ရန် မြေသြဇာပမာဏအမြောက်အမြား အသုံးပြုရသည်။

လူထုသည် ၎င်းတို့၏ အခြေခံလိုအပ်ချက်များအတွက် တံငါလုပ်ငန်း၊ အသေးစားလယ်ယာလုပ်ငန်းနှင့် ဒီရေတော အပါအဝင် သစ်တောထွက်အရင်းအမြစ်များကို မှီခိုအားထားကြရသည်။ ရပ်ရွာတစ်ခုနှင့် တစ်ခုသည်လည်း လမ်းပန်းနှင့် အခြေခံအဆောက်အအုံ အားနည်းမှုကြောင့် ကူးလူးဆက်သွယ်နိုင်မှုနိမ့်ကျကာ ရေကြောင်းမှသာ ဒီရေတက်သည့်အချိန် လှေများဖြင့် သွားလာကြရသည်။ အိမ်ထောင်စုများ၏ ၆၅% ကျော်သည် စိုက်ပျိုးရေး၊ ရေလုပ်ငန်း သို့မဟုတ် သစ်တောနှင့် သစ်တောထွက်ပစ္စည်းများဆိုင်ရာလုပ်ငန်းများတွင် အခစားလုပ်သားအဖြစ် လုပ်ကိုင်ခြင်းမှ ဝင်ငွေရရှိကြသည်။[၇၉] လယ်မြေအပိုင်မရှိသည့် အိမ်ထောင်စုများအတွက် ရေထွက်ကုန်များ ရောင်းချခြင်းသည် ဒုတိယအများဆုံးတွေ့ရသည့် ဝင်ငွေရလမ်းတစ်ခု ဖြစ်သည်။

---

၇၈ သိသာထင်ရှားရန် ပြရလျှင် ဒီရေတော ဧက ၆၇၀၀ ပြန်လည် ရှင်သန်စေခဲ့ပြီး ဧက ၅၀၀၀ နီးပါးခန့် ပြန်လည် အစားထိုး စိုက်ပျိုးခဲ့ကာ ကျေးရွာပေါင်း ၃၆ ရွာတွင် ပျိုးပင်ပေါင်း ၅၃၅၀၀၀ ဖြင့် ဘက်စုံသုံး ပျိုးဥယျာဉ်များ တည်ထောင်ပေးခဲ့သည်။ အိမ်ထောင်စုပေါင်း ၉၈၈ အိမ်သည် ပိုမို ကောင်းမွန်သော စပါးမျိုးစေ့နှင့် မြေသြဇာများကို အသုံးပြုနေပြီ ဖြစ်ပြီး ငွေတိုး ချေးစားသူများအား ပြန်ဆပ်ရန်အတွက် စပါး ကြိုရောင်းရသည့် လယ်သမားအရေအတွက် လျော့ကျလာခဲ့ကာ မျိုးသုဉ်း ပျောက်ကွယ်မှု အန္တရာယ် အထူး ရင်ဆိုင်နေရသည့် မျိုးစိတ်များ (ဒီရေတောများနှင့် ပင်လယ်လိပ်များ) အား ထိန်းသိမ်းရန် ဇီဝမျိုးကွဲ ပေါင်းစုဒေသ နှစ်ခုကို တည်ထောင်နိုင်ခဲ့သည်။

၇၉ LIFT Baseline Survey (2012)

၂၀၁၀ ပြည့်နှစ် အောက်တိုဘာလနှောင်းပိုင်း ရိတ်သိမ်းမှုလုပ်ငန်းများ မစတင်နိုင်မီအချိန်တွင် ဆိုင်ကလုန်းဂီရီသည် ရခိုင်ပြည်နယ်အတွင်းသို့ ကုန်းတွင်းဖြတ်ကျော် ဝင်ရောက်ခဲ့ပြီး အကြီးအကျယ်ပျက်ဆီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ကာ အနည်းဆုံး လူပေါင်း ၇၀၀၀၀ ကို အိုးမဲ့အိမ်မဲ့ ဖြစ်စေခဲ့သည်။

## ၃.၄.၂ ရလဒ်များနှင့် ပတ်သက်၍ ဆွေးနွေးခြင်း

### ၁။ ကနဦးအဆင့် ၆ လအပြီး ၂၀၁၃ အောက်တိုဘာလတွင် စတင်ခဲ့သည့် တက်လမ်းရေရှည်တည်တံ့သော စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းမှု အစီအစဉ်

> **လုံခြုံရေးအခြေအနေနှင့် တက်လမ်းအစီအစဉ် အကောင်အထည်ဖော်မှု**
>
> ၂၀၁၃ ခုနှစ်အတွင်း လူအုပ်စုများအကြား အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့မှုနှင့် အထိခိုက်မခံသော လုံခြုံရေးအခြေအနေတို့က LIFT ၏ အစီအစဉ် အကောင်အထည်ဖော်နိုင်မှုကို ထိခိုက်သက်ရောက်ခဲ့သည်။ ခရီးသွားလာမှုကို ကန့်သတ်ခံခဲ့ရပြီး အချို့ဦးတည်ကျေးရွာများ နေရပ်ရွှေ့ပြောင်းခြင်းခံခဲ့ရသည်။ ဒီဇင်ဘာလ အစောပိုင်းတွင် လုံခြုံရေးခြိမ်းခြောက်မှုများ မြင့်တက်လာသဖြင့် ပေါက်တောမြို့နယ်အတွင်းတက်လမ်း၏ စီမံကိန်းလုပ်ငန်းများကို ရပ်ဆိုင်းခဲ့ရသည်။[၈၀]

နှစ်မကုန်မီအချိန်တွင် ကျေးရွာအဆင့် အကောင်အထည်ဖော်ရေး လုပ်ငန်းများအား သုံးလကြာဆောင်ရွက်ခဲ့ပြီး (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (VDC) များနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း၊ (ခ) ရေတားတမံများအား CfW လုပ်ငန်းများဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းနှင့် (ဂ) အသစ်ရရှိခဲ့သော မျိုးစေ့များအသုံးပြု၍ မိသားစု ဟင်းသီးဟင်းရွက်စိုက်ခင်းငယ်များ တည်ထောင်ခြင်းတို့ကို အဓိကထားလုပ်ဆောင်ခဲ့သည်။

ကျေးရွာပေါင်း ၈၀ တွင် ခိုင်မာသောတိုးတက်မှုများဖြစ်ထွန်းခဲ့ပြီး ၂၀၁၃ ဒီဇင်ဘာလအကုန်တွင် တွေ့ရှိရသော ရလဒ်အချို့ကို အောက်ပါဇယားကွက်တွင် ဖော်ပြထားသည်။

ဇယား ၁၇။ တက်လမ်းစီမံကိန်း၏ ၂၀၁၃ ဒီဇင်ဘာ ၃၁ ရက်အထိ ကျေးရွာအဆင့် စီမံကိန်းလုပ်ဆောင်ချက်များ

| ၂၀၁၃ ဒီဇင်ဘာ ၃၁ ရက်အထိ ကျေးရွာအဆင့် စီမံကိန်း လုပ်ဆောင်ချက်များ | လျာထား ရည်မှန်းချက် | ပြီးမြောက်မှု ရလာဒ် |
|---|---|---|
| တည်ထောင်ပြီး ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီ (VDC) များ | ၇၃ | ၈၀ |
| VDC များတွင် အမျိုးသမီး ပါဝင်မှု အရေအတွက် (နှင့် ရာခိုင်နှုန်း) | ၁၇၅ (၃၀%) | ၂၂၄ (၃၀%) |
| တည်ထောင်ပြီး ကျေးရွာ ရေလုပ်ငန်း ဆပ်ကော်မတီ (VFS) (အရေအတွက်/ ကျေးရွာပေါင်း) | မရှိ | ၆၄/၃၉ |
| VFS များတွင် အမျိုးသမီး ပါဝင်မှု အရေအတွက် (နှင့် ရာခိုင်နှုန်း) | မရှိ | ၁၈၇ (၃၀%) |
| ပိုကောင်းသော ထုတ်လုပ်မှု အလေ့အထနှင့် နည်းပညာများ သင်ယူခဲ့ရသူ အရေအတွက် (ကျား/မ) | ၆၀၀ | ၂၀၁ (ကျား ၉၆/ မ ၁၀၅) |
| ထုတ်လုပ်မှု/ ငါးဖမ်းခြင်းကို မြှင့်တင်ပေးနိုင်ရန် ငွေကြေး မဟုတ်သော ထောက်ပံ့မှု ရရှိသည့် ဦးတည် အိမ်ထောင်စု အရေအတွက် (ကျား/မ) | ၆၀၀ | ၆၃၇ (ကျား ၄၁၆/ မ ၂၂) |
| တက်လမ်း အကူအညီဖြင့် VSLA အသစ်များ ဖွဲ့နိုင်ခဲ့သည့် ကျေးရွာပေါင်း | ၆ | ၃ ရွာ (ပေါင်း ၁၁ ဖွဲ့) |
| တက်လမ်းမှ ပံ့ပိုးသော VSLA များတွင် ငွေစုသူနှင့် စုငွေပေါင်း (ကျား/မ) | ၄၅၀ | ၁၈၄<br>(ကျား ၉/ မ ၁၇၅၊ စုငွေပေါင်း ၃၃၅၀၀၀ ကျပ်/ ၃၄၈ ဒေါ်လာ) |

---

[၈၀] ၂၀၁၄ ဇန်နဝါရီလတွင် ပေါက်တောမြို့နယ်အတွင်းရှိ ဒေသခံရွာသူရွာသားများက တက်လမ်းအစီအစဉ်အားပြန်လာရန် တောင်းဆိုခဲ့ကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးထံမှ ခွင့်ပြုမိန့် ရရှိခဲ့သည်။

**ကနဦး စမ်းသပ်အဆင့်။** ။ တက်လမ်းအတွက် စီမံကိန်းဖော်ဆောင်မှုကာလသည် တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီး ပူးပေါင်းအဖွဲ့ အဖွဲ့ဝင်များနှင့် သဘောတူညီမှုများ အပြီးသတ်ရယူခြင်း၊ စီမံကိန်းဝန်ထမ်းများခန့်ထားခြင်း၊ 'Do No Harm' အကဲဖြတ်မှုနှင့် နိုင်ငံရေးဘောဂဗေဒဆိုင်ရာ ဆန်းစစ်မှုများဆောင်ရွက်ခြင်း၊ လုပ်ငန်းအစီအစဉ်များ သုံးသပ်ပြင်ဆင်ခြင်း၊ သင်တန်းပေးခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် နည်းနိသယများ အပြီးသတ်ဖော်ထုတ်ခြင်း၊ ကျေးရွာများ ရွေးချယ်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် တက်လမ်းအခြေခံအချက်အလက်လေ့လာမှု (baseline study) တို့ ပါဝင်သည့် ကနဦးအဆင့် ၆ လ စီမံကိန်းကို ၂၀၁၃ မတ်လတွင် စတင်ခဲ့သည်။ အစပိုင်းတွင် ဝန်ထမ်းခန့်ထားရန် အခက်အခဲများရှိခဲ့သော်လည်း စီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများအများစုကို မေလ အကုန်တွင် ခန့်ထားနိုင်ခဲ့သည်။

ဖြစ်နိုင်ခြေအကဲဖြတ်မှုက ကျေးရွာအချို့သည် အခြားရွာများထက် ပြန်လည်ထူထောင်ရေးကို ပိုမိုလိုအပ်နေကြောင်း ဖော်ပြခဲ့သဖြင့် ပြန်လည်ပြောင်းလဲရွေးချယ်ထားသော ကျေးရွာ ၂၂ ရွာစာရင်းကို ပထမနှစ် အကောင်အထည်ဖော်မှု လုပ်ငန်းအတွက် ဆုံးဖြတ်လျာထားခဲ့သည်။[၈၁] Consortium of Dutch NGOs (CDN) အနေဖြင့် ရေတားတမံများနှင့် ရေလွှဲပေါက်များ ပြုပြင်အဆင့်မြှင့်ခြင်းဆိုင်ရာ ပုံစံထုတ်မှုလုပ်ငန်းနှင့် တက်လမ်းဝန်ထမ်းများအား သင်တန်းပေးခြင်းတို့ ပြီးဆုံးပြီးနောက် ထပ်တိုးပုံစံဒီဇိုင်းနှင့် ဘတ်ဂျက်သုံးသပ်မှုများကို ဖွန်လအတွင်းတွင် ထပ်မံပြုလုပ်ခဲ့သည်။ ရေတားတမံနှင့် ရေလွှဲပေါက်များ၏ ဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၁၄ ဇန်နဝါရီလတွင် မင်းပြား၊ မြေပုံနှင့် ကျောက်ဖြူမြို့နယ်များရှိ ကျေးရွာ ၁၉ ရွာ၌ စတင်ဆောင်ရွက်သွားမည် ဖြစ်သည်။ အခြားသော အခြေခံ အဆောက်အအုံဆိုင်ရာ စီမံကိန်းများကို ၂၀၁၄ ခုနှစ် အစောပိုင်းကာလများတွင် စတင်သွားမည်ဖြစ်သည်။

တက်လမ်းစီမံကိန်း တရားဝင်စတင်မှု အခမ်းအနားကို အောက်တိုဘာလတွင် ကျင်းပခဲ့ပြီး ပြည်နယ် အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ လူသားချင်း စာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် တက်လမ်း ပူးပေါင်းအဖွဲ့ မိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ ဆက်သွယ် ဆောင်ရွက်ရသော ဝန်ကြီးဌာနများနှင့် ပြည်နယ်ဥပဒေချုပ်တို့နှင့် အစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းသည် ပြည်နယ်အစိုးရအဖွဲ့နှင့် အလုပ်သဘောဆက်ဆံရေး တည်ဆောက်မှုအတွက် အရေးပါသောခြေလှမ်းများ ဖြစ်ခဲ့သည်။ ယင်းအစည်းအဝေးများသည် တက်လမ်းအဖွဲ့၊ အစိုးရနှင့် ဒေသခံပြည်သူများအကြား ထိရောက်သောဆက်သွယ် ဆက်ဆံရေးအတွက် အခြေခံအုတ်မြစ်လည်းဖြစ်ခဲ့သည်။

**ပထမအဆင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများ ဖွဲ့စည်းခြင်း။** ။ တက်လမ်း၏ ဝင်ရောက်ဆောင်ရွက်မှုများသည် ကျား/မ တန်းတူပါဝင်သော လူထုနှင့်တိုက်ရိုက်ထိတွေ့ရန် ပုံစံထုတ်ထားသော ကျေးရွာအခြေပြု ပူးပေါင်းပါဝင်သော အစီ အစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်ကိုအခြေခံပြီး အစီအစဉ်၏ထိရောက်မှု၊ အကျိုးရှိမှုနှင့် ရေရှည်တည်တံ့မှုတို့ကို အလေး ထားသည်။ လုပ်ငန်းများစတင်ဆောင်ရွက်နိုင်မည့် ရာသီဥတုဖြစ်သည့် ခြောက်သွေ့ရာသီအစတွင် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် VDC များ ဖွဲ့စည်းရန် အချိန်အနည်းငယ်သာရခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် အချို့ ရွာသူ/ရွာသားများ အထူးသဖြင့် အမျိုးသမီးများက အစောပိုင်းကျေးရွာ အစည်းအဝေးများတွင် တက်တက်ကြွကြွ ပါဝင်ခဲ့ကြသော်လည်း အရွေးချယ်ခံရန်ကိုမူ တွန့်ဆုတ်ဖြစ်နေခဲ့ကြသည်။ တက်လမ်းအနေဖြင့် ဦးတည်ကျေးရွာများ အတွင်း နောက်တစ်ကြိမ် လုပ်ငန်းစဉ်များ၌ စည်းရုံးလှုံ့ဆော်ခြင်းနှင့် VDC ဖွဲ့စည်းခြင်းအတွက် အချိန်ပိုပေးရန် ဆုံးဖြတ်ထားသည်။

**ငါးလုပ်ငန်းအတွက် အုပ်ချုပ်ထိန်းကွပ်ရေး ဆောင်ရွက်နိုင်ဖွယ်ရာများ ရှာဖွေဖော်ထုတ်ခြင်း** - ငါးလုပ်ငန်းတင်ဒါစနစ်ကို ရခိုင်ပြည်နယ်တွင် အသုံးပြုခြင်းမရှိတော့သဖြင့် စည်းကမ်းထိန်းသိမ်းရေးပိုင်းဆိုင်ရာလစ်ဟာမှုများ ဖြစ်ပေါ်နေပြီး စည်းကမ်းထိန်းသိမ်းရေးပိုင်ဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနိုင်ရန် အခွင့်အလမ်းတစ်ခု ရှိနေခဲ့သည်။ တက်လမ်းအနေဖြင့် ပျိုးပင်အစီအစဉ်[၈၂] နှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ်တွင်း ငါးလုပ်ငန်းဆိုင်ရာ အုပ်ချုပ်ထိန်းကွပ်ရေး ဆောင်ရွက်နိုင်ဖွယ်များကို ရှာဖွေဖော်ထုတ်ရန် ကြိုးပမ်းခဲ့သည်။ ထို့ပြင် Oxfam ၏ မိတ်ဘက်အဖွဲ့ Network Advisory Group (NAG) ကလည်း ပြည်နယ်ငါးလုပ်ငန်းဥပဒေတစ်ရပ် ရေးဆွဲနိုင်ရေး၊ ပူးတွဲစီမံရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ဖော်ထုတ်ရေးနှင့် စမ်းသပ်လုပ်ဆောင်ချက်များ ဆောင်ရွက်ရေးတို့အတွက် ငါးလုပ်ငန်း ဦးစီးဌာနကို အကူအညီများပေးအပ်ခဲ့သည်။ NAG အနေဖြင့် ဒေသတွင်း အခြားနိုင်ငံများ၏ အတွေ့အကြုံများအား အခြေခံ၍ ငါးလုပ်ငန်း ပူးတွဲစီမံမှုသင်တန်း လက်စွဲစာစဉ်နှင့် သင်ရိုးညွှန်းတမ်းတစ်ရပ် ပေါ်ပေါက်လာအောင် ဆောင်ရွက်နေသည်။

---

၈၁ ၂၀၁၃ အပြန်အလှန် တိုက်ခိုက်မှုများ နောက်ပိုင်းတွင် မွတ်စလင်ကျေးရွာ ၇ ရွာမှ ရွာသူရွာသားများအား ကယ်ဆယ်ရေးစခန်းများ (IDP Camp) သို့ ရွှေ့ပြောင်းခြင်း ခံခဲ့ရသည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ မပြီးဆုံးခင်အချိန်ထိ နေရပ်ပြန်နိုင်ဖွယ် မရှိဟု IRC က အစီရင်ခံခဲ့သည်။

၈၂ ပျိုးပင်အစီအစဉ်သည် မြန်မာနိုင်ငံအတွင်း ဒေသခံ အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် DFID ၏ ရန်ပုံငွေ ထောက်ပံ့မှုဖြင့် စီစဉ်ဆောင်ရွက်နေသော အစီအစဉ်တစ်ရပ် ဖြစ်သည်။

ကျေးရွာ ငွေစုငွေချေး အသင်းများ

တက်လမ်းအနေဖြင့် ငွေစုခြင်းနှင့်ချေးငွေထုတ်ပေးခြင်း ဝန်ဆောင်မှုများအတွက် VSLA များကို စမ်းသပ်အသုံးပြုနေသည်။ VSLA များသည် ကိုယ်တိုင်ရွေးချယ်၊ ကိုယ်တိုင်စီမံခန့်ခွဲ၍ ကိုယ်တိုင်ရန်ပုံငွေထည့်ဝင်ရသော အဖွဲ့များဖြစ်သည်။ ၎င်းတို့အနေဖြင့် ဒေသတွင်း အရင်းအမြစ်များအသုံးပြုမှု၊ ကိုယ်တိုင်ကိုယ်ပိုင်ဖြစ်မှု၊ တာဝန်ယူမှုနှင့် ရေရှည်တည်တံ့မှုတို့ရှိသော ငွေစုဆောင်းခြင်းဆိုင်ရာ စည်းမျဉ်း တစ်ရပ်ကို ရေးဆွဲနိုင်ခဲ့သည်။ တက်လမ်း VSLA များအနေဖြင့် အောက်ပါအချက်များကို အခြေခံထားကြသည်။

အရင်ဦးစွာ ငွေစုရခြင်း - VSLA အဖွဲ့ဝင်များအနေဖြင့် အပတ်စဉ် ငွေထည့်ဝင်စုဆောင်းမှုကို အလျင်ဦးစွာပြုလုပ်ရပြီး အဖွဲ့မှ ငွေထုတ်ချေးရန် လုံလောက်သော စုစုပေါင်းစုဆောင်းငွေ ပမာဏ ရရှိမှသာ ယင်း၏ အဖွဲ့ဝင်များကို ငွေထုတ်ချေးရသည်။ တစ်ဦးချင်း စုဆောင်းရသည့် ငွေပမာဏမှာ တစ်ပတ်လျှင် ၅၀၀ နှင့် ၁၅၀၀ ကျပ်အကြား ဖြစ်သည်။ အဖွဲ့ဝင် ၂၀ ပါဝင်သော အဖွဲ့တစ်ဖွဲ့အတွက် ငွေစတင်ထုတ်ချေးမှုမပြုနိုင်မီ အနည်းဆုံးအချိန် ၄ လ စုငွေ စုဆောင်းရန် လိုအပ်သည်။ တက်လမ်းအနေဖြင့် VSLA များကို ဖွဲ့စည်းပေးပြီး တက်လမ်းအစီအစဉ် ငွေအရင်းအနှီးများ ဖြည့်သွင်းပေးရန် မစဉ်းစားမီ အနည်းဆုံးတစ်နှစ်ခန့် ငွေစုဆောင်းမှု ပြုစေရန် ရည်မှန်းထားသည်။



စွမ်းဆောင်ရည် ဖွံ့ဖြိုးမှုကို အာရုံစိုက်ခြင်း - VSLA လက်စွဲစာအုပ် တစ်အုပ်ကို တွေ့ကြုံခဲ့ရသော သင်ခန်းစာများအပေါ် အခြေခံ၍ ပြုစုသည်။ VSLA စီမံခန့်ခွဲမှုအတွက် အဖွဲ့ဝင်များ အထူးသဖြင့် ခေါင်းဆောင်များအား သင်တန်းများပို့ချပေးသည်။[၈၃]

စောင့်ကြည့်လေ့လာခြင်း - VSLA များ၏ စွမ်းရည်ကို ပုံမှန် စောင့်ကြည့်လေ့လာ အကဲဖြတ်ရန်လိုအပ်သည်။ VSLA များ အနေဖြင့် တက်လမ်းအစီအစဉ်မှ ငွေအရင်းအနှီး ထည့်ဝင်မှု လက်ခံနိုင်ရန် ငွေစုဆောင်းမှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာ စံနှုန်းများကိုလိုက်နာရန်လိုအပ်သည်။

၂၀၁၃ နှစ်ကုန်ချိန် ရလာဒ်များမှာ အားတက်ဖွယ်ရာပင် ဖြစ်သည်။ ပေါက်တောမြို့နယ်အတွင်း လုံခြုံရေးအခြေအနေ ယိုယွင်းလာကာ နိုဝင်ဘာနှင့် ဒီဇင်ဘာလများ၌ ယင်းမြို့နယ်အတွင်းမှ တက်လမ်းဝန်ထမ်းများအား ယာယီပြန်လည် ခေါ်ယူခြင်းပြုလုပ်ခဲ့ရမှုကြောင့် ကျေးရွာ ၂၅ ရွာတွင် VSLA များ ဖွဲ့စည်းပေးရန် ရည်မှန်းချက်ကို ပြည့်မီနိုင်ခဲ့ခြင်းမရှိပေ။ လုပ်ငန်းများအား မြေပုံမြို့နယ်သို့ ပြောင်းရွှေ့ဆောင်ရွက်ခဲ့ရပြီး နှစ်ကုန်ချိန်တွင် ယင်းမြို့နယ်၌ VSLA ၁၁ ဖွဲ့ကို အဖွဲ့ဝင် ၁၈၄ ဦး (အမျိုးသမီး ၉၅%) ဖြင့် ပါဝင် ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ငွေစုဆောင်းခြင်းလုပ်ငန်းများ တက်ကြွစွာလုပ်ဆောင်နေကြပြီဖြစ်သည်။

တက်လမ်း အခြေခံအချက်အလက် ကောက်ယူခြင်း - IRC နှင့် စာချုပ်ချုပ်ဆိုထားသော CARE အဖွဲ့သည် တက်လမ်းမြို့နယ်များအား လွှမ်းခြုံမိသည့် အခြေခံအချက်အလက်ကောက်ယူခြင်း (baseline study) တစ်ရပ် ဆောင်ရွက်နိုင်ရာတွင် အချက်အလက်များအား LIFT ၏ ပိုမိုကျယ်ပြန့်သော baseline နှင့် household survey များမှ အချက်အလက်များနှင့် နှိုင်းယှဉ်မှုပြုနိုင်ရေး အလေးထား၍ လုပ်ငန်းတာဝန်များရေးဆွဲခြင်း၊ နည်းလမ်းများနှင့် အသုံးပြုမည့်ပုံစံများရေးဆွဲခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ အချက်အလက်ကောက်ယူလေ့လာမှုကို ၂၀၁၃ နှစ်ကုန်ကာနီး အချိန်တွင် စတင်ဆောင်ရွက်ခဲ့သည်။

## ၂။ နိုင်ငံရေးဘောဂဗေဒဆိုင်ရာ ဆန်းစစ်မှုများနှင့် 'Do No Harm' အကဲဖြတ်မှုတစ်ရပ်တို့က တက်လမ်း၏လုပ်ငန်းစဉ်များကို လမ်းညွှန်ပေးခဲ့သည်။

ကနဦးအဆင့်တွင် အရေးပါသော လေ့လာမှုလုပ်ငန်း နှစ်ရပ်ကို ချထားဆောင်ရွက်စေခဲ့ခြင်းဖြင့် ပူးပေါင်းအဖွဲ့၊ အဖွဲ့ဝင်များအား ရခိုင်ပြည်နယ်အတွင်း မကြာမီကဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကို ပိုမိုနားလည်နိုင်စေခဲ့ကာ တက်လမ်း၏ လုပ်ဆောင်မှုများသည် ပြန်လည်ချစ်ကြည်သင့်မြတ်ရေးအတွက်ဖြစ်စေရန် ရည်ရွယ်ခဲ့သည်။ CARE အဖွဲ့က 'Do No

၈၃ VSLA များအား လက်စွဲစာအုပ်များဖြင့် လမ်းညွှန်ပေးသည့်အပြင် VSLA တစ်ဖွဲ့ချင်းစီကလည်း ၎င်းတို့၏ ကိုယ်ပိုင်စနစ်နှင့် လုပ်ငန်းစဉ်များအား ချမှတ်သွားရန် တာဝန်ရှိကြသည်။ ယင်းသည် VSLA အဖွဲ့ဝင်များအကြား ဆောင်ရွက်ချက်များနှင့် ရေရှည်တည်တံ့သော အောင်မြင်မှုများရရှိရန် ကတိကဝတ်ပြုမှုနှင့် ကိုယ်တိုင်ကိုယ်ပိုင်အဖြစ် ခံစားရမှုတို့အတွက် အရေးပါသောအချက်ဖြစ်သည်။

Harm’ အကဲဖြတ်မှုတစ်ရပ်ကို ဆောင်ရွက်ခဲ့ပြီး Oxfam က အောက်စ်ဖို့ မူဝါဒစီမံခန့်ခွဲရေးအဖွဲ့အား စာချုပ်ချုပ်ဆို ခေါ်ယူ၍ အစီအစဉ်အတွက် နိုင်ငံရေးဘောဂဗေဒဆိုင်ရာ ဆန်းစစ်လေ့လာမှုတစ်ရပ် ဆောင်ရွက်ခဲ့သည်။

‘Do No Harm’ အကဲဖြတ်မှု - ဤဆောင်ရွက်မှုက လူမှုအသိုက်အဝန်းအတွင်းနှင့် လူအုပ်စုတစ်စုနှင့်တစ်စုအကြား ဖြစ်ပေါ်လာနိုင်ဖွယ် ပဋိပက္ခများနှင့် ဖြစ်ပေါ်လာစေနိုင်မည့် အကြောင်းအရင်းခံများကို ဖော်ထုတ်ပေးသည်။ ဤအကဲဖြတ်မှု၏ရလဒ်များကို စစ်တွေမြို့နယ်တွင် ပူးပေါင်းအဖွဲ့မိတ်ဖက်များ၏ နိုင်ငံသားဝန်ထမ်းများအား သင်တန်းပေးရာတွင် မျှဝေပေးခဲ့ပြီးဖြစ်သည်။ ယင်းသင်တန်း၏ ဒုတိယအကြိမ်အစီအစဉ်ကို ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့ပြီး တက်လမ်းပူးပေါင်းအဖွဲ့၏ အဓိကဆုံးဖြတ်ချက်ချမှတ်ရသူများ ပါဝင်တက်ရောက်ခဲ့သည်။ ‘Do No Harm’ အကဲဖြတ်မှု၏ အဓိကသုံးသပ်ချက်များမှာ -

- ပဋိပက္ခကို ဦးတည်နိုင်သော အထိခိုက်မခံသည့်အချက်များသည် အရင်းအမြစ်များ၊ တန်ဖိုးထားမှုများနှင့် အကျိုးစီးပွားဆိုင်ရာ (အထူးသဖြင့် ကျေးရွာအခြေပြုဆုံးဖြတ်မှုများချမှတ်ခြင်း၊ အသေးစားချေးငွေ၊ လယ်ယာစိုက်ပျိုးရေး၊ ငါးလုပ်ငန်း/ ငါးပုဇွန်မွေးမြူရေးလုပ်ငန်း၊ အုပ်ချုပ်မှုနှင့် အခြေခံအဆောက်အအုံ) ကိစ္စများနှင့် ဆက်နွယ်နေသည်။
- တက်လမ်းအစီအစဉ်၏ ကယ်ဆယ်ရေးစခန်းများသို့ နေရပ် ရွှေ့ပြောင်းခံရသည့် ကျေးရွာများနှင့် ပတ်သက်သော ဆောင်ရွက်ချက်များအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ဦးဆောင်အဖွဲ့အစည်းများနှင့် ရွှေ့ပြောင်းခံလူမှုအသိုက်အဝန်းအကြား ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်။
- အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များ၏ ကွင်းဆင်းလုပ်ငန်း ဝန်ထမ်းအချို့ အထူးသဖြင့် ရခိုင်ဒေသခံဝန်ထမ်းများသည် ပဋိပက္ခနှင့်ပတ်သက်၍ ပုဂ္ဂလိကတစ်ဖက်သတ် ခံစားချက်များရှိသည်။ လူ့ခံစားချက်ပိုင်းနှင့် တစ်ဦးတစ်ယောက်ချင်းစီ၏ ခံယူချက်များကို ထိန်းသိမ်းစီမံရန်လိုအပ်သည်။
- ရခိုင်နှင့်မွတ်စလင်အုပ်စုများအကြား အခြေအနေတင်းမာနေမှု မြင့်တက်လာပြီး ထိပ်တိုက်တွေ့နိုင်မည့် အခြေအနေများ တိုးပွားလာသည်။ ထိပ်တိုက်ရင်ဆိုင်တွေ့မှုနှင့် အကြမ်းဖက်မှုများ ထပ်မံဖြစ်ပွားနိုင်သေးသည်ဟု မျှော်လင့်ထားသည်။ နှစ်ဦးနှစ်ဖက်လုံးသည် ၎င်းတို့၏ ကိုယ်ပိုင်ဝိသေသများ၊ တန်ဖိုးထားမှုများ၊ အခွင့်အရေးများနှင့် အရင်းအမြစ်များကို ကာကွယ်ရန်လိုအပ်သည်ဟု ခံစားချက်များပြင်းထန်နေကြသည်။

### နိုင်ငံရေး ဘောဂဗေဒဆိုင်ရာ ဆန်းစစ်မှု (PEA) –

(၁) မတ်လအတွင်းတွင် Oxfam အဖွဲ့သည် အဓိကဝန်ထမ်းများအတွက် သင်တန်းတစ်ခု ကျင်းပပေးခဲ့ပြီး အစီအစဉ်ဆောင်ရွက်ရာတွင် ရိုးရှင်းသော PEA စနစ်ကို အသုံးပြုနိုင်ရေးအတွက် ဆန်းစစ်မှုနှင့် မြေပုံထုတ်ခြင်းဆိုင်ရာ ကိရိယာများကို ပေးအပ်ခဲ့သည်။ ယင်းသင်တန်းသည် ပြဿနာအပေါ် အခြေခံ၍ချဉ်းကပ်ခြင်းပုံစံကို အသုံးပြုခဲ့ပြီး မြေယာအနည်းငယ်သာပိုင်သည့် လယ်သမားများအပေါ် မြန်မာ့စီးပွားရေးပြုပြင်ပြောင်းလဲခြင်း၏ သက်ရောက်မှုများနှင့် ဒေသတွင်းအစီအစဉ်နှင့် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲမှုတွင် နိုင်ငံသားများ မည်မျှအထိ ပါဝင်နိုင်သည်ဆိုသည့် အချက်တို့ကို အဓိကအာရုံစိုက်ခဲ့သည်။

ထို့ပြင် တက်လမ်းပူးပေါင်းအဖွဲ့သည်  အရင်းအမြစ်များရယူသုံးဆွဲနိုင်မှု၊ ဥပဒေမူဘောင်များနှင့် လူမှုအသိုက်အဝန်းအုပ်ချုပ်ပုံတို့နှင့် ပတ်သက်သော လူမှုအသိုက်အဝန်းအတွင်း ပြဿနာများကိုဖြေရှင်းရာတွင် တက်လမ်းပုံစံချရေးဆွဲမှုအတွက် PEA လုပ်ငန်းဆောင်ရွက်ပေးခဲ့သော ပျိုးပင်အစီအစဉ်နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် စီစဉ်ထားသည်။

(၂) အောက်စ်ဖို့မူဝါဒစီမံခန့်ခွဲမှုအဖွဲ့က လူမျိုးရေးကွဲပြားမှုများနှင့် သမိုင်းကြောင်းတစ်လျှောက် ဒေသအတွင်းရှိ သဘာဝအရင်းအမြစ်ကြွယ်ဝမှုအား  သင့်လျော်စွာအသုံးပြုမှုနှင့် ယင်းအပေါ်ရင်းနှီးမြှုပ်နှံမှု နိမ့်ပါးခဲ့ခြင်းတို့မှ ဖြစ်ပေါ်လာသည့် ကာလရှည်ကြာနာကျည်းချက်များအား မည်သို့စီမံခန့်ခွဲရမည်ဆိုသည့် လမ်းညွှန်ချက်များ ပေးနိုင်ခဲ့သော နိုင်ငံရေးဘောဂဗေဒဆိုင်ရာ ဆန်းစစ်လေ့လာမှုသစ်တစ်ရပ်ကို ဆောင်ရွက်ပေးခဲ့သည်။

PEA လုပ်ငန်းစဉ်က အပြုသဘောအနာဂါတ်ပြောင်းလဲမှုအား ဘက်လိုက်မှုကင်းစွာဖြင့် အထောက်အကူပြုနိုင်မည့် အခွင့်အလမ်းများကို ထိန်းသိမ်းပေးနိုင်ခဲ့သည်။ အထူးသဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း အဖွဲ့အစည်းများသည် ရခိုင်လူထုနှင့် ထိတွေ့ဆံဆက်မှုရှိရေး ပိုမိုကြိုးပမ်းရန်လိုအပ်သည်။ ဆိုင်ကလုန်းဂီရိဒဏ်ကို ခံစားခဲ့ရသည့် ရခိုင်ဗုဒ္ဓဘာသာလူထုနှင့်

အများဆုံးဆက်ဆံဆောင်ရွက်သော တက်လမ်းအစီအစဉ်အတွက် သတင်းပြန်ကြားရေးသည် စီမံကိန်းကိုယ်တိုင် အတွက်သာမက အခြားနိုင်ငံတကာ အဖွဲ့အစည်းများအတွက် ပံ့ပိုးဆောင်ရွက်မှုစနစ်တစ်ခုအနေဖြင့် အတွက်ပါ အထူးအရေးကြီးသော ကိစ္စရပ်ဖြစ်သည်။

နိုင်ငံတကာအဖွဲ့အစည်းများက လက်ကိုင်ထားကြသည့် တူညီသောနိုင်ငံသားအခွင့်အရေးနှင့် လူ့အခွင့်အရေး ဆိုသည့်အမြင်များ အပါအဝင် ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုးများကို နားလည်မှုနှင့်လက်သင့်ခံမှု အနည်းငယ်မျှသာ ရှိကြောင်း PEA က သတိပေးထားသည်။ ဤသဘောကွဲလွဲမှုကို လျော့ပါးစေရန်အတွက် တက်လမ်းအနေဖြင့် ယင်း၏ ဝန်ထမ်းများအား သင်တန်းများနှင့် ဉာဏ်အလင်းဖွင့်ပေးမှုများမှတဆင့် အပြုသဘောဆောင်သော တန်ဖိုးများကို အားပေးမြှင့်တင်ပေးရန် လိုအပ်သည်။

## ၃။ တက်လမ်းအစီအစဉ်အတွက် အစိုးရနှင့် ပွင့်လင်းမြင်သာသော ဆက်ဆံရေး အခြေအနေတစ်ခု တည်ဆောက်နိုင်ရန် ဦးစားပေး ကြိုးပမ်းခဲ့သည်။

၂၀၁၃ ခုနှစ် ကနဦးအဆင့်ကာလ အစဦးမှစ၍ မြို့နယ်အဆင့်တွင် ထိတွေ့ဆောင်ရွက်မှုကို အထူးဦးစားပေး အာရုံစိုက်ခဲ့သည်။ အစိုးရအရာရှိ (ပြည်နယ်နှင့် မြို့နယ်အဆင့်) များနှင့် ပြုလုပ်ခဲ့သည့် ညှိနှိုင်းအစည်းအဝေး များတွင် ဖြစ်ပေါ်ပြောင်းလဲနေမှုများအား ပုံမှန်အသိပေးသွားခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ရန် အထောက်အကူ ဖြစ်ခဲ့သည်။ တက်လမ်း၏အုပ်ချုပ်မှုဆိုင်ရာ အစီအစဉ်အရာရှိသည် စီမံကိန်းလုပ်ဆောင်ချက်များ၏ ထိတွေ့ ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုကောင်းမွန်စေရန်အတွက် မူဝါဒချမှတ်မှု နယ်ပယ်အတွင်း အဓိကအပြောင်းအလဲ ဖြစ်ပေါ်စေသူများဟု ယူဆရသည့် အခြားသောပတ်သက်ဆက်နွယ်သူများနှင့်လည်း တွေ့ဆုံရသည်။ ထိုသို့ တွေ့ဆုံခဲ့သူများတွင် ပြည်နယ်လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်လွှတ်တော်ကော်မတီ ဉက္ကဋ္ဌများ၊ မြို့နယ်ဖွံ့ဖြိုးရေး ဦးဆောင်ကော်မတီများနှင့် လူမှုအဖွဲ့အစည်းများပါဝင်သည်။ အောက်ပါဇယား အတွင်းတွင် ၂၀၁၃ ခုနှစ်၏ အရေးအပါဆုံးလုပ်ဆောင်ချက်များကိုတွေ့နိုင်သည်။

## ၄။ Mercy Corp အဖွဲ့၏ မြောက်ဦးမြို့နယ်အတွင်း လူမှုအသိုက်အဝန်း ကြံ့ခိုင်မှု တည်ဆောက်ရေးတွင် စနစ်တကျ

ဇယား ၁၈။ တက်လမ်း အစီအစဉ် နည်းစနစ်ပိုင်းအဆင့် အစိုးရနှင့် ထိတွေ့ ဆောင်ရွက်မှုများ

| တက်လမ်းကဏ္ဍ | နည်းစနစ်ပိုင်းအဆင့် အစိုးရနှင့် ထိတွေ့ဆောင်ရွက်မှု |
|---|---|
| စိုက်ပျိုးရေး | • စိုက်ပျိုးရေး ဦးစီးဌာန (DoA) က စပါးမျိုးစေ့ ဝယ်ယူမှုတွင် ကူညီပေးခဲ့သည်။<br>• တက်လမ်း အစည်းအဝေးများနှင့် စိုက်ပျိုးရေး ဟောပြောပွဲများသို့ DoA ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။<br>• IRRI ကွင်းဆင်းသုံးသပ်မှု လုပ်ငန်းတွင် မြို့နယ်အဆင့် DoA ဝန်ထမ်းများနှင့် အချို့လယ်သမားများအား ဦးတည်အုပ်စု ဆွေးနွေးမှုများ ပြုလုပ် ဆွေးနွေးခဲ့သည်။ |
| ငါး/ ပုစွန် မွေးမြူရေး | • စီမံကိန်း လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ငါးလုပ်ငန်း ဦးစီးဌာန (DoF) နှင့် ပုံမှန် အစည်းအဝေးများ၊ နည်းစနစ်ဆိုင်ရာ အစည်းအဝေးများ ကျင်းပခဲ့သည်။<br>• ဦးတည်ရပ်ရွာများအတွက် ပင်လယ်ပုစွန် မွေးမြူရေး သင်တန်းများ ဖွင့်လှစ်ရန် ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။<br>• DoF ၏ ပင်လယ်ပုစွန် သားဖောက်ဌာနနှင့် မွေးမြူရေး စခန်းသို့ ပင်လယ်ပုစွန်ဆိုင်ရာ အသိပညာများ ဖလှယ်ရေး အနေဖြင့် သွားရောက် လေ့လာခဲ့သည်။ |
| အခြေခံအဆောက်အအုံ (CfW အပါအဝင်) | • တက်လမ်း ရေတားတမံများ ပြင်ဆင်ခြင်း လုပ်ငန်းအတွက် နေရာ ရွေးချယ်ရာတွင် သက်ဆိုင်ရာ မြို့နယ် ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။<br>• CfW လုပ်ငန်းနှင့် ပတ်သက်၍ လူမှုဝန်ထမ်းဦးစီးဌာန (DSW) နှင့် တစ်နေ့တာ အစည်းအဝေး ပြုလုပ်ခဲ့သည်။<br>• မြို့နယ်အဆင့်တွင် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများနှင့် ညှိနှိုင်း အစည်းအဝေးများ ကျင်းပခဲ့သည်။<br>• ပေါက်တောမြို့နယ်၏ မြို့နယ်အုပ်ချုပ်ရေးမှူးသစ်သည် မြို့နယ်အဆင့် DoA၊ DoI နှင့် DoF တို့၏ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်သော ပူးတွဲအစည်းအဝေးများတွင် တက်ကြွစွာ ညှိနှိုင်းပါဝင်ခဲ့သည်။ |
| အာဟာရ | • အာဟာရအတွက် ကုန်ကျစရိတ်နှင့် ဈေးကွက် အကဲဖြတ်မှု လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ် အာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ |

### ဖွဲ့စည်းထားသော လူမှုအခြေပြု အဖွဲ့အစည်းများက များစွာ အထောက်အကူပြုခဲ့သည်။

မြောက်ဦးမြို့နယ်တွင် ရခိုင်သဟာယအသင်း (RTA) နှင့် Mercy Corp အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော 'စားနပ်ရိက္ခာ ဖူလုံရေးအတွက် လူမှုအသိုက်အဝန်း ကြံ့ခိုင်မှု တည်ဆောက်ရေး' စီမံကိန်း၏ တစ်စိတ်တစ်ပိုင်း အနေဖြင့် လူထုကယုံကြည်ချက်အပြည့်ဖြင့် ဦးဆောင်ပါဝင်ခဲ့သော အချို့လုပ်ငန်းများကို အောက်တွင်ဖော်ပြ ထားသည်။

ဇယား ၁၉။ မြောက်ဦးမြို့နယ်အတွင်း ရခိုင်သဟာယအသင်းနှင့် Mercy Corp အဖွဲ့တို့၏ စီမံကိန်းမှ အချို့ လုပ်ငန်းများ

| လုပ်ငန်း | ရလာဒ် | ထင်မြင်သုံးသပ်ချက် |
|---|---|---|
| လူမှုအသိုက်အဝန်း စီးပွားရေး ကြံ့ခိုင်မှု အစီအစဉ် | စီမံကိန်းကျေးရွာ ၁၀ ရွာတွင် အကောင်အထည်ဖော်ခဲ့ပြီး | ပါဝင်ခဲ့သော CBO များ၏ ခိုင်မာသော ခေါင်းဆောင်မှု အရည်အသွေးနှင့် ကောင်းမွန်သော ဖွဲ့စည်းမှုတို့ကို တွေ့မြင်ခဲ့ရသည်။ |
| လယ်သမားကျောင်းများ | ဦးတည်ကျေးရွာ ၂၀ တွင် တစ်ရွာလျှင် လယ်သမား ၂၅ စီဖြင့် တည်ထောင်ခဲ့ပြီး | ၂၀၁၃ မှတ်သုံကာလတွင် စပါး လေ့လာရေး အကွက်များ ၃၃၄ ခုအထိ ရှိလာခဲ့ (၂၀၁၂ တွင် ၈၆ ကွက်သာ ရှိ) |
| ကျေးရွာစိမ်းလန်းစိုပြည်ရေး | ၂၀၁၃ မှတ်သုံကာလတွင် ဦးတည် ကျေးရွာ ၂၀ အား မျိုးပင်များ ပေးအပ်ခဲ့ | |
| စပါးဘဏ်များ | ၂၀၁၃ ခုနှစ်အတွင်း စပါးဘဏ် ၉ ခု တည်ထောင်ခဲ့ | RTA အနေဖြင့် စပါးဘဏ်များ တည်ထောင်မှု အတွေ့အကြုံမရှိသော်လည်း မြေယာမဲ့နှင့် အခြားထိခိုက်လွယ် အိမ်ထောင်စုများအတွက် အလွန်ထိရောက်ကြောင်း FMO လေ့လာမှုအရ တွေ့ရှိရသည်။ |

### သုံးသပ်ချက်များနှင့် ရှေ့ခြေလှမ်းများ

ခိုင်မာသော အစောပိုင်းရလဒ်များက တက်လမ်းအစီအစဉ်သည် သမိုင်းကြောင်းတစ်လျှောက် နိုင်ငံတကာ ဖွံ့ဖြိုးရေး အကူအညီအနည်းငယ်သာရရှိခဲ့ဖူးသော ရခိုင်ပြည်နယ်အတွင်း အထူးလိုအပ်နေသော ကူညီ ထောက်ပံ့မှုများကို ပေးအပ်နိုင်ခဲ့ကြောင်း ပြသနေသည်။

လူမှု-နိုင်ငံရေးဆိုင်ရာ အခြေအနေကို ထည့်သွင်းစဉ်းစားရလျှင် ၂၀၁၄ ခုနှစ်အတွက် အဓိကဦးစားပေးရမည့် အချက်မှာ လုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာမှုရှိရန်ပင်ဖြစ်သည်။ ညှိနှိုင်းဆောင်ရွက်ရေးနှင့် ဆက်သွယ် ဆက်ဆံရေးကိစ္စရပ်များတွင် အစိုးရ၊ ဒေသခံစာနယ်ဇင်းနှင့် ဒေသခံလူထုတို့ ပါဝင်မှုရှိစေရန် အထူးတလည် စီစဉ်ထားသည်။

၂၀၁၄ ခုနှစ်တွင် တက်လမ်း၏ လုပ်ငန်းနယ်ပယ်ကို ပြန်လည်သုံးသပ်မှု တစ်ခုပြုလုပ်၍ ပထမဆုံးစီမံကိန်း နှစ်၏ အကောင်အထည်ဖော်ရေး လုပ်ငန်းများမှလေ့လာစရာ အကျိုးကျေးဇူးများကို အသုံးချနိုင်ရန် ဆောင်ရွက်သွားမည်။ ယင်းပြန်လည်သုံးသပ်မှုမှတဆင့် စီမံကိန်း၏ထိရောက်မှုနှင့် ကုန်ကျစရိတ်ကာမိမှု တို့ကို ကောင်းမွန်သထက်ကောင်းမွန်အောင် လိုအပ်သောပြင်ဆင်ချိန်ညှိမှုများ လုပ်ဆောင်ကောင်း လုပ်ဆောင်သွားနိုင်သည်။ ယင်းပြန်လည်သုံးသပ်မှုမှတဆင့် အစီအစဉ်၏ လက်ရှိဦးတည်ချက်များအား ပြင်ဆင်ချိန်ညှိနိုင်မှုအချို့ကို တွေ့ရှိနိုင်ပါသည်။

# ၄။ တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိသည့် ရလဒ်များ

## ၄.၁။ လူမှုအဖွဲ့အစည်းများ အားကောင်းလာစေရန် ဆောင်ရွက်ခြင်း (ရလဒ် ၅)

"လူမှုအဖွဲ့အစည်းများနှင့် လူထုအခြေပြု အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်းသည် အခက်အခဲနှင့် စိန်ခေါ်မှုများကြားမှ ငြိမ်းချမ်းသော နိုင်ငံတစ်ဖန်တည်ဆောက်ရေးအတွက် အသက်တမျှအရေးပါလှသည်။"

- နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၀၁၃ နိုဝင်ဘာ ၃၀ ရက်နေ့ ငြိမ်းချမ်းသော နိုင်ငံတော်တည်ဆောက်ခြင်းနှင့် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍဆိုင်ရာ ဖိုရမ်၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ)

ဇယား ၂၀။ ရလဒ် ၅ (နွမ်းပါးသူများ၏ စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းမှု ဖူလုံခြုံရေး မြှင့်တင်ပံ့ပိုးပေးနိုင်ရန် လူမှုအဖွဲ့အစည်းများ အားကောင်းလာရေးဆောင်ရွက်ခြင်း) အတွက် ၂၀၁၃ နှစ်ကုန်အထိ ဆောင်ရွက်နိုင်ခဲ့မှုများ

| အညွှန်းကိန်း | ၂၀၁၆ အတွက် LIFT ရည်မှန်းချက် | ၂၀၁၃ ဒုတိယ မှတ်တိုင် | ၂၀၁၃ အကုန်တွင် ပြီးမြောက်မှု | ၂၀၁၃ ရည်မှန်းချက် အပေါ် ပြီးမြောက်မှု % |
|---|---|---|---|---|
| O5.1 နည်းပညာ ကိရိယာများနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးများ တိုးတက်လာသည့် ပြည်တွင်း NGO အရေအတွက် | ၄၅ | ၃၀ | ၂၀၀ | ၆၆၇% |
| O5.2 LIFT ရန်ပုံငွေဖြင့် သင်တန်းပေးမှု ကို ရရှိခဲ့သည့် CBO အရေအတွက် | ၁၀၀၀၀ | ၇၀၀၀ | ၄၂၈၅ | ၆၁% |

LIFT အနေဖြင့် အညွှန်းကိန်း O5.1[၉၄] အတွက် လျာထားရည်မှန်းချက်ကို ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း စွမ်းဆောင်ရည် တိုးတက်လာသည်ဆိုသည်နှင့် ပတ်သက်၍ ယင်းကိုအကဲဖြတ်ရန် IP များက ကြိုးပမ်းခဲ့သော်ငြား ခိုင်လုံ၍တသမတ်တည်းဖြစ်သော အချက်အလက်အနည်းအကျဉ်းသာ ရရှိခဲ့သည်။

အမှန်တကယ် သက်ရောက်မှုအား ပိုမိုနားလည်နိုင်ရန်အလို့ငှာ LIFT အနေဖြင့် ဤရလဒ်ရရှိမှုနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များ ရှာဖွေပေးသည့် လေ့လာမှုတစ်ခုကို ၂၀၁၃[၉၅] တွင် ပြုလုပ်စေခဲ့သည်။ LIFTနှင့် ယင်း၏ အကောင်အထည်ဖော်ရေး မိတ်ဖက်များအနေဖြင့် လူမှုအဖွဲ့အစည်းများ၏ အားကောင်းလာစေရန် ကြိုးပမ်းမှု၏ ထိရောက်မှုကို တိုင်းတာဖော်ပြနိုင်ရန်ခက်ခဲပြီး ဒေသခံအဖွဲ့အစည်းများအနေဖြင့်မူ ယင်းတို့၏အောင်မြင်မှုများနှင့် စွမ်းဆောင်ရေး မြင့်တက်လာမှုတို့ကို ထုတ်ဖော်ပြောပြရန်မှ မခက်ခဲကြောင်း ဤလေ့လာမှုကပြသခဲ့သည်။

စွမ်းရည်မြှင့်တင်မှုလုပ်ငန်း၏ အောင်မြင်မှုသည် အဖွဲ့အစည်း၏ အဖွဲ့တွင်း တိုးတက်မှုနှင့် စီမံကိန်းများအား အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းတို့နှင့် အဓိကဆက်စပ်နေပြီး ဆက်ဆံရေးနှင့် ချိတ်ဆက်ခြင်းကို အလေးထားမှု၊ သို့မဟုတ် မဟာဗျူဟာများ၊ ပုံစံများနှင့်တန်ဖိုးများ သတ်မှတ်နိုင်မှု သို့မဟုတ် အခြားသူများအပေါ် လွှမ်းမိုးနိုင်မှု တို့နှင့်မူ ဆက်စပ်မှုနည်းကြောင်း ဤလေ့လာမှုက မီးမောင်းထိုးပြနေသည်။[၉၆]

LIFT အနေဖြင့် ယင်း၏ လက်ရှိအားထုတ်မှုတို့ကို ဆက်လက်ထိန်းသိမ်းထားရန်လိုအပ်ပြီး စွမ်းရည်ဖွံ့ဖြိုးရေး အားပေးရာတွင် အဖွဲ့အစည်းအပေါ် ပိုမိုရေရှည်ခံသော သက်ရောက်မှုများပိုရရှိစေရန် နည်းလမ်းသစ်များ ဖော်ထုတ်ရန်လိုအပ်ကြောင်း ဤရလာဒ်များကညွှန်ပြနေသည်။

၂၀၁၃ တွင် LIFT အနေဖြင့် လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရန်မြှင့်တင်ရာတွင် အောက်ပါနည်းလမ်းနှင့် လုပ်ဆောင်မှုများကို ဆောင်ရွက်ကျင့်သုံးခဲ့သည်-

---

၉၄ အညွှန်းကိန်း O5.1 တွင် ကြီးစွာသော တိုးတက်မှု ဖြစ်ပေါ်ခြင်းသည် Learning and Innovation Window အောက်မှ ရန်ပုံငွေ ရရှိခဲ့သော စီမံကိန်းများ၏ ဆောင်ရွက်မှုများ၏ သက်ရောက်မှုများစွာပါဝင်သည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အနေဖြင့် ဒေသခံ NGO ၄၄ ဖွဲ့အား စားနပ်ရိက္ခာဖူလုံမှု စောင့်ကြည့်လေ့လာခြင်း စွမ်းရည်ရရှိအောင်ဆောင်ရွက်ပေးခဲ့ပြီး ပေါင်းကူးအဖွဲ့အနေဖြင့် ဒေသခံ NGO ၃၂ ဖွဲ့အား ဖွဲ့စည်းခြင်းနှင့် ထောက်ခံအားပေးမှုအပိုင်းတွင် စွမ်းရည်မြှင့်တင်ပေးခဲ့သည်။

၉၅ "လူမှုအဖွဲ့အစည်းများ အားကောင်းလာစေရန် LIFT မှ ပံ့ပိုးကူညီခြင်း၏ ထိရောက်မှု" အစီရင်ခံစာအား www.lift-fund.org တွင် ရယူဖတ်ရှုနိုင်သည်။

၉၆ လေ့လာမှုတွင်ပါဝင်ခဲ့သော အဖွဲ့အစည်းငါးခုမှာ Better Life Organisation၊ ပိတောက်ငုတ် ကိုယ်ထူကိုယ်ထအဖွဲ့၊ ဗန်းမော်ဒေသတွင်း ဖွံ့ဖြိုးရေးအဖွဲ့ (BLDO) နှင့် မန်ဝိန်းကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ ဖြစ်ကြသည်။

## သင်တန်းနှင့် သုတေသန လုပ်ငန်းများဖြင့် စွမ်းရည် မြှင့်တင်ခြင်း

သင်တန်းများသည် LIFT မိတ်ဖက်အဖွဲ့များအကြား ဒေသခံမိတ်ဖက်များ၏ နည်းပညာနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များ တည်ဆောက်ပေးရန် အသုံးအများဆုံး နည်းလမ်းတစ်ခုဖြစ်သည်။ သင်တန်းများသည် ဝယ်ယူဖြည့်တင်းရေး၊ စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်း၊ သုတေသန၊ အဖွဲ့အစည်းဖွံ့ဖြိုးရေးနှင့် လုံခြုံရေးဆိုင်ရာ အကြောင်းအရာများကို အဓိကထားခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်းတွင် LIFT ၏ ပံ့ပိုးမှု ရရှိသော CBO ပေါင်း ၂၁၂၅ ဖွဲ့မှ အဖွဲ့ဝင်ပေါင်း ၆၆၀၀၀ ကျော်တို့သည် သင်တန်းများ တက်ရောက်နိုင်ခဲ့ကြသည်။ ထို့ပြင် အမျိုးသမီးသင်တန်းသား အရေအတွက်သည်လည်း ယခင်နှစ်များကထက် သိသာစွာတိုးတက်များပြားလာခဲ့သည်။

သင်တန်းများ၏ ထိရောက်မှုကို အမျိုးမျိုးသောနည်းလမ်းများဖြင့် တိုင်းတာခဲ့ကြသည်။ အသေးစားဒေသခံအဖွဲ့များအား စွမ်းရည်မြှင့်တင်ပေးမှုတွင် အထူးပြုလုပ်ကိုင်နေသည့် ပေါင်းကူးအဖွဲ့သည် ယင်း၏ကိုယ်ပိုင်အကဲဖြတ်ခြင်း နည်းလမ်းကို ၂၀၁၃ ခုနှစ်အတွင်း ဖော်ထုတ်နိုင်ခဲ့ပြီး ယခုအခါ စမ်းသပ်အသုံးပြုနေပြီဖြစ်သည်။ ယင်းတို့တွင် မူဝါဒဆိုင်ရာ အားပေးထောက်ခံမှုအပိုင်း၌ ဆောင်ရွက်နေကြသည့် CBO များ၏ စွမ်းရည်မြှင့်တင်မှုကို တိုင်းတာသော ဦးစွာ စွမ်းဆောင်ရည်အကဲဖြတ်သည့်နည်းနှင့် အားလုံးပူးပေါင်းပါဝင်၍ စွမ်းဆောင်ရည် အကဲဖြတ်သော နည်းလမ်းတို့လည်း ပါဝင်သည်။

လူမှုရေးဆိုင်ရာသုတေသနလုပ်ဆောင်မှုအဖွဲ့ (SPPRG) အနေဖြင့် ယင်း၏သင်တန်းများ ထိရောက်မှုအား ယင်းကိုယ်ပိုင် အကဲဖြတ်မှုနည်းလမ်းကို အသုံးပြုတိုင်းတာသည်။ SPPRG ၏ ၂၀၁၂ ခုနှစ် အပူပိုင်းဒေသဖုံတွင် ပြုလုပ်ခဲ့သည့် ထိခိုက်ခံစားလွယ်မှု ဆန်းစစ်ချက်များအနေဖြင့် အစိုးရ၏အစီအစဉ်ရေးဆွဲမှုများနှင့် LIFT IP များ၏ အကောင်အထည်ဖော်ရေး အစီအစဉ်ချမှုတို့တွင် များစွာလွှမ်းမိုးမှုရှိကြောင်း တွေ့ရသည်။ SPPRG အနေဖြင့် ယင်း၏နည်းပညာလမ်းညွှန်မှုအနည်းငယ်မျှဖြင့် သင်တန်းသားများ ကိုယ်တိုင်သုတေသနလုပ်နိုင်သည် သုတေသနသင်ခန်းစာများမှ ထွက်ပေါ်လာသည့် ရလာဒ်များကိုလည်း စောင့်ကြည့်လေ့လာနေသည်။ သင်တန်းတက်ရောက်ပြီး နောက်တွင်အချို့သော CSO မိတ်ဖက်များသည် ၎င်းတို့ကိုယ်ပိုင်သုတေသနစီမံကိန်းများကို စတင်ဆောင်ရွက်ခဲ့ကြသည်။ ဥပမာ - YMCA သည် မန္တလေးရှိလမ်းပျော်ကလေးများ၏ ဘဝအခြေအနေကိုလည်းကောင်း၊ ဒါန-ရှေ့ဆောင် မြန်မာ (COM) အဖွဲ့က နိုင်ငံရေးနယ်ပယ်ရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍကိုလည်းကောင်း၊ ဒေသခံ CSO များ ပူးပေါင်းအဖွဲ့တစ်ခုက ကျေးရွာအဆင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အခြေအနေကိုလည်းကောင်း သုတေသနပြုလုပ်ခဲ့ကြပြီးဖြစ်သည်။



LIFT အနေဖြင့် ၂၀၁၀ ခုနှစ်မှ ယနေ့ထိ လူထုအခြေပြု အဖွဲ့အစည်းပေါင်း ၉၃၈၉ ဖွဲ့အား တည်ထောင်/ စွမ်းရည်မြှင့်နိုင်ရန် ကူညီပေးခဲ့ပြီး ဖြစ်သည်။

ဒေသခံမိတ်ဖက်များက ဖော်ဆောင်ခဲ့ကြသည့် အခြားသော LIFT ရန်ပုံငွေရရှိသည့် စွမ်းဆောင်ရည်မြှင့်တင်မှု ပုံစံတစ်ခုမှာ REVEAL ၏ အားလုံးပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ စံပြပုံစံ[၈၇] ပင် ဖြစ်သည်။ ယင်းမော်ဒယ်ကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR) က တက်ကြွစွာအားပေးအားမြှောက်ပြုနေပြီး ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ကျေးရွာပေါင်း ၂၀၀ တွင် ယင်းစံပြပုံစံကို ပြန့်ပွားဆောင်ရွက်သွားနိုင်ရန် အမျိုးသားဖွံ့ဖြိုးရေးကော်မတီသို့ ရန်ပုံငွေတောင်းခံခဲ့သည်။ ယင်းစံပြပုံစံသည် လူမှုအသိုက်အဝန်းအတွင်းရှိ ပုဂ္ဂိုလ်အားလုံးသည် ၎င်းတို့၏ တစ်ကိုယ်ရည် ဖွံ့ဖြိုးမှုအတွက်သာမက ၎င်းတို့၏ အသိုက်အဝန်း ဖွံ့ဖြိုးမှုအတွက်ပါ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်ဟူသော ခံယူချက်ပေါ်တွင်အခြေခံပြီး ထိခိုက်လွယ်နိမ့်ကျသူများနှင့် အမျိုးသမီးများပါဝင်လာရန် အားပေးသည်။

## LIFT ပံ့ပိုးမှုဖြင့် အားပေးထောက်ခံခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း လှုပ်ရှားမှုများ

**အခြေအနေတူ အဖွဲ့အစည်းများအကြား 'ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများ' ဖလှယ်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်း** - လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် ပေါင်းကူးသည် ထိုင်းနိုင်ငံ မပ်တာပွတ်စက်မှုဇုန်မှ ထိုင်း လူမှုအဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်ပုံများကို လေ့လာခွင့်ရခဲ့သည်။ ယင်းအဖွဲ့၏ လေ့လာတွေ့ရှိခဲ့မှုများကို LIFT ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံတွင် အလုပ်ရုံဆွေးနွေးပွဲများနှင့် လေ့လာရေးခရီးများပြုလုပ်၍ ပြန်လည်မျှဝေခဲ့သည်။ မြန်မာနိုင်ငံအခြေစိုက် အဖွဲ့များ၏ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အန္တရာယ်ဆိုင်ရာ လှုံ့ဆော်ဆောင်ရွက်မှုများကြောင့် ထားဝယ်ရှိချားကမ်ကျေးရွာမှ အိမ်ထောင်စုသုံးစုအား ထိုင်းကုမ္ပဏီက နစ်နာကြေးပေးလျော်ခဲ့ရခြင်းသည် လူထုအသိုက်အဝန်း အားကောင်းလာမှု၏ ခိုင်မာသောအညွှန်းကိန်းတစ်ခုပင်ဖြစ်သည်။

**အစိုးရနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် မူဝါဒ အပြောင်းအလဲများတွင် လူမှုအဖွဲ့အစည်းများမှ ပါဝင်ပတ်သက်ခွင့်ရလာခြင်း** - စားနပ်ရိက္ခာ ဖူလုံရေး သတင်းအချက်အလက် ကွန်ရက် (FSIN) ကို ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က စတင်တည်ထောင်ခဲ့ပြီး ယင်း၏သင်တန်းများတွင် နိုင်ငံတကာနှင့်ပြည်တွင်း NGO များမှဝန်ထမ်းများနှင့်အတူ အစိုးရဝန်ထမ်းများပါ အတူတကွတက်ရောက်ခဲ့ကြကာ သင်တန်းတက်ရောက်သူများအကြား ကောင်းမွန်သောဆက်ဆံရေးများ တည်ဆောက်နိုင်ခဲ့ကြောင်း သတင်းပေးပို့သည်။ ယင်းဖြစ်တည်လာသော ဆက်ဆံရေးအနေအထားက အပူပိုင်းဒေသဇုန်အတွင်း FSIN က ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများ အောင်မြင်မှုအတွက် များစွာအရေးပါခဲ့ပြီး ယခုအခါအစိုးရအနေဖြင့် ယင်းလုပ်ငန်းကို နိုင်ငံ၏အခြားဒေသများတွင်ပါ ပွားယူဆောင်ရွက်ရန် စိတ်အားထက်သန်နေသည်။

**စားနပ်ရိက္ခာဖူလုံရေး၊ မြေယာအခွင့်အရေး၊ ကျား/မ တန်းတူညီမျှရှိရေးနှင့် လူမှုဘဝအကာအကွယ်ပေးရေးတို့နှင့် သက်ဆိုင်သည့် မူဝါဒဆိုင်ရာအားပေးထောက်ခံမှုများ ဆောင်ရွက်နေသည့် LIFT မိတ်ဖက်အဖွဲ့များဉာဏ်အမြင်ဖွင့်မှုနှင့် အားပေးထောက်ခံမှု လုပ်ငန်းများအတွက် မီဒီယာကိုပိုမိုအသုံးပြုလာခြင်း** - အထူးသဖြင့် CSO များသည် အစိုးရအရာရှိများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးရန်နှင့် လွှမ်းမိုးမှုရနိုင်ရန် မီဒီယာကို အသုံးပြုခဲ့ကြသည်။[၈၈] ၎င်းတို့သည် မီဒီယာများမှ ကောက်သင်းကောက်သကဲ့သို့ ရယူထားသည့် အချက်အလက်များကိုလည်း အသုံးပြုခဲ့ကြသည်။ ဥပမာ - LIFT ရန်ပုံငွေ ရယူသော ကျား/မ တန်းတူညီမျှရေး ကွန်ယက်(GEN) သည် အစိုးရ၏ နေ့စဉ်ထုတ်သတင်းစာများနှင့် ပုဂ္ဂလိကဂျာနယ် ၇ ခုတို့အား လေ့လာဖတ်ရှုပြီးနောက်တွေ့ရှိချက်များကို အခြေခံကာရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍအပေါ် မီဒီယာအာရုံစိုက်မှု အလွန်နည်းကြောင်းမှတ်ချက်ချခဲ့သည်။ ခြွင်းချက်အားဖြင့် အပူပိုင်းဇုန်ဒေသပခုက္ကူမြို့မှ ပထမဆုံးအမျိုးသမီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဖြစ်လာခဲ့သူအား အရည်အချင်းပြည့်ဝသော စံပြပုဂ္ဂိုလ်စစ်စစ်အဖြစ် ဂုဏ်ပြုရေးသားထားသော ဆောင်းပုဒ်တစ်ပုဒ်သာတွေ့ရှိရသည်။ မီဒီယာစောင့်ကြည့်လေ့လာမှုမှ ရရှိသောရလဒ်များအားလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရပိုင်းမှ သက်ဆိုင်သူများပါဝင်သည့် GEN ၏ အားပေးထောက်ခံခြင်း အလုပ်ရုံဆွေးနွေးပွဲများတွင် အသုံးပြုခဲ့သည်။

---

၈၇ အသက်မွေးဝမ်းကျောင်းမှုအတွက် မျှတ၍ အားလုံးပါဝင်နိုင်သော ချဉ်းကပ်နည်းဖြင့် စီးပွားရေးအရ ထိခိုက်လွယ်မှု လျော့ချခြင်း (REVEAL) သည် HelpAge International၊ Network Activities Group၊ YMCA မြန်မာနိုင်ငံ အမျိုးသားအဆင့် ကောင်စီ၊ ရွှေလွှင်ပြင် စိုက်ပျိုးရေးထုတ်ကုန်များ သမဝါယမလီမိတက်နှင့် Leprosy Mission International တို့ ပါဝင်သည့် NGO ပူးပေါင်းအဖွဲ့က အကောင်အထည်ဖော်နေသော စီမံကိန်းတစ်ခု ဖြစ်သည်။

၈၈ LIFT IP များက မူဝါဒဆိုင်ရာ အားပေးထောက်ခံမှုများအတွက် အသုံးပြုခဲ့သည်ဟု အများဆုံးထုတ်ဖော်ပြောကြားခံရသည့် မီဒီယာမှာ မြန်မာ့အလင်း (နေ့စဉ်သတင်းစာ)၊ ၇ ရက် သတင်းဂျာနယ်၊ ပြည်သူ့ခေတ်၊ မဇ္ဈိမ၊ မြန်မာတိုင်းမ်၊ ပေါ်ပြူလာသတင်းဂျာနယ်၊ ဧရာဝတီ၊ တောင်သူလယ်သမားဂျာနယ်၊ Eleven Weekly နှင့် The Voice တို့ဖြစ်ကြပြီး အမျိုးသမီးများအား အကြမ်းဖက်ခြင်းကဲ့သို့သော ကိစ္စရပ်များနှင့် ပတ်သက်၍ ဉာဏ်အလင်းဖွင့် မြှင့်တင်ပေးရန်ဖိုရမ်များကျင်းပခြင်း၊ နာမည်ကျော်များနှင့် ဆွေးနွေးခန်းများ ပြုလုပ်ခြင်းတို့တွင် ပရိသတ်အများအပြားထံ ရောက်ရှိစေရေးအတွက် IP များက အသုံးအများဆုံး ရုပ်သံလွှင့်မီဒီယာမှာ MRTV4 ဖြစ်သည်။

အထက်ပါဥပမာများက LIFT အနေဖြင့် လူမှုအဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင် တည်ဆောက်ပေးရာတွင် အောင်မြင်မှု အချို့ ရရှိနေကြောင်း ပြသနေခြင်းပင် ဖြစ်ပြီး LIFT အနေဖြင့် ဆက်သွယ်ဆက်ဆံရေးနှင့် အားပေး ထောက်ခံခြင်းကဏ္ဍများတွင် ပိုမိုပံ့ပိုးပေးနိုင်ပါက ယင်းထက်ပင် ပိုမိုသိသာစွာ အောင်မြင်လာနိုင်ကြောင်း ဖော်ပြ နေသည်။

လူမှုအဖွဲ့အစည်းများအနေဖြင့် စိုက်ပျိုးရေး၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှု တို့နှင့် ပတ်သက်သော မူဝါဒဆိုင်ရာ အပြန်အလှန်ဆွေးနွေးမှုများတွင် ပိုမိုလွှမ်းမိုးနိုင်မှုရှိသဖြင့် CSO များအား LIFT အတွက် အထူးပြုလုပ်ငန်းနယ်ပယ်များဖော်ထုတ်ပေးရန် FMO က တိုင်ပင်အကြံဉာဏ်ရယူခဲ့သည်။ ယင်းတို့မှ အဆိုပြုလာသည့် နယ်ပယ်များမှာ -

- အခြေအနေ ကိစ္စရပ်အလိုက် အားပေးထောက်ခံမှု လှုံ့ဆော်ပွဲများအတွက် ပံ့ပိုးပေးရန်၊
- မူဝါဒဆိုင်ရာ ပြောင်းလဲရေးအတွက် သုတေသနအား ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေးစွမ်းရည်မြှင့်တင် ပေးရန်နှင့်
- အားပေးထောက်ခံမှုဆိုင်ရာ အချက်အလက်များ ထိရောက်စွာ မျှဝေနိုင်မည့် ကွန်ရက်များ တည်ဆောက်နိုင်ရေး စွမ်းရည် မြှင့်တင်ပေးရန်တို့ ဖြစ်ကြသည်။

## ၄.၂။ အစီအစဉ် ဖော်ထုတ်ခြင်းနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှု (ရလဒ် ၆)

LIFT ၏ ရလဒ် ၆ သည် LIFT စီမံကိန်းများနှင့် လေ့လာမှုများမှ ထွက်ပေါ်လာသော သတင်းအချက်အလက်များအား အနာဂါတ် အစီအစဉ်များအတွက် ဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရေး အထောက်အကူပြုနိုင်မှုနှင့် အစိုးရနှင့် အခြား ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုများအတွက် အထောက်အကူပြုနိုင်မှုတို့ကို တိုင်းတာရန်အတွက် ဖြစ်သည်။ အစောပိုင်းနှစ်များ (၂၀၁၀-၂၀၁၂) တွင် LIFT ၏ ကြိုးပမ်းမှုများသည် LIFT မဟာဗျူဟာနှင့် အစီအစဉ် များအတွက် ဆုံးဖြတ်ချက် ချနိုင်ရေးအား M&E လုပ်ငန်းများမှတဆင့် သမားရိုးကျ ကောက်ယူရရှိသည့် အထောက် အထားများကို အခြေခံကာ LOGFRAME အညွှန်းကိန်းများ ဖော်ထုတ်မှုကို ဦးစားပေးခဲ့သည်။

ဇယား ၂၁။ ရလဒ် ၆ (အစီအစဉ်ဖော်ထုတ်ခြင်းနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှု) အတွက် ၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့မှုများ

| အညွှန်းကိန်း | ၂၀၁၆ အတွက် LIFT ရည်မှန်းချက် | ၂၀၁၂ အကုန်ထိ ပြီးမြောက်မှု | ၂၀၁၃ ဒုတိယ မှတ်တိုင် | ၂၀၁၃ အကုန် ပြီးမြောက်မှု | ၂၀၁၃ ရည်မှန်းချက် အပေါ် ပြီးမြောက်မှု % |
|---|---|---|---|---|---|
| 06.1 FB မှ ဆွေးနွေးပြီး မဟာဗျူဟာ ဦးတည်ချက် ပြောင်းလဲ စေခဲ့သည့် လေ့လာမှု အရေအတွက် | ၁၆ | ၄ | ၇ | ၇[၈၉] | ၁၀၀% |
| 06.2 FB မှ ဆွေးနွေးပြီး မဟာဗျူဟာ ဦးတည်ချက် ပြောင်းလဲစေခဲ့သည့် IP လုပ်ဆောင်ချက်များမှ ရရှိသော မဟာဗျူဟာ ကိစ္စရပ်များ | ၁၄ | ၃ | ၅ | ၉[၉၀] | ၁၈၀% |
| 06.3 ဆက်သွယ် ဆက်ဆံမှုနှင့် လုပ်ထုံးလုပ်နည်း ကောင်းများအား မြှင့်တင် ပေးနိုင်ခဲ့သော အခမ်းအနား (ဖိုရမ်၊ အလုပ်ရုံ ဆွေးနွေးပွဲ၊ နီးနှော တိုင်ပင်ရေးအဖွဲ့) အရေအတွက် | ၅၀ | ၁၅ | ၂၀ | ၅၇ | ၂၈၅% |

၈၉ ၂၀၁၃ ခုနှစ်အတွက် (အနည်းဆုံး မူကြမ်းဖြစ်စေ) ပြီးစီးခဲ့သော လေ့လာမှုများမှာ - မြန်မာနိုင်ငံအတွက် အသေးစား ငွေချေးလုပ်ငန်းများ ပံ့ပိုးမှု အဆောက်အအုံ၊ မြန်မာနိုင်ငံအတွင်း သမဝါယမလုပ်ငန်း စနစ်များ၊ မြစ်ဝကျွန်းပေါ် အစီအစဉ် ၂ နှင့် နိုင်ငံအဝှမ်း အစီအစဉ်များ ကာလလယ် သုံးသပ်မှု၊ QSEM 2၊ လူမှုအဖွဲ့အစည်းများ အားကောင်းလာရေး LIFT မှ ပံ့ပိုးမှုများ၏ ထိရောက်မှု၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် ကနဦး အကဲဖြတ်မှုနှင့် ပြန်လည်ဖွဲ့စည်းနိုင်ရေး ရွေးချယ်စရာများနှင့် မြန်မာ့ဆန်စပါးတင်ပို့မှု အခွင့်အလမ်းများတွင် ရင်းနှီးမြှုပ်နှံခြင်းတို့ ဖြစ်ကြသည်။

၉၀ မြစ်ဝကျွန်းပေါ် အစီအစဉ် ၂ နှင့် နိုင်ငံအဝှမ်း အစီအစဉ်များ ကာလလယ် သုံးသပ်မှုက FB ၏ ဆွေးနွေးတိုင်ပင် အကောင်အထည်ဖော်မှု ဖြစ်ပေါ်စေခဲ့သော အကြံပြုချက် ၄ ခု အပါအဝင် မဟာဗျူဟာမြောက် ထောက်ခံအကြံပြုမှု ၁၀ ခုကို ဖော်ထုတ်နိုင်ခဲ့သည်။ ယင်းအကြံပြုမှု အများစုမှာ မြစ်ဝကျွန်းပေါ်၊ ကုန်းမြင့်ဒေသနှင့် ဗဟို အပူပိုင်းဒေသဇုံတို့တွင် အစီအစဉ်သစ်များ ပုံစံချရေးနှင့် ဆက်နွယ်သည်။

ရန်ပုံငွေဘုတ်အဖွဲ့၏ မဟာဗျူဟာ ဆုံးဖြတ်ချက်များ ဖြစ်ပေါ်လာစေခဲ့သည့် ၂၀၁၃ ခုနှစ်အတွင်း LIFT ရန်ပုံငွေဖြင့် ဆောင်ရွက်သော လေ့လာမှု ၃ ခုမှာ -

- မြန်မာနိုင်ငံအတွက် လက်ကား အသေးစားငွေချေးလုပ်ငန်း ပံ့ပိုးမှု ဆောင်ရွက်နိုင်မှုများအား လေ့လာမှုက အသေးစားငွေချေးလုပ်ငန်းအဖွဲ့များအား ရန်ပုံငွေပုံစံမဟုတ်ပဲ ဘဏ္ဍာရေးအားဖြင့် ပြန်လည်မြှုပ်နှံမှု ပြုနိုင်သောထုတ်ကုန်များ (ချေးငွေနှင့် အာမခံများ) နှင့် ဘဏ္ဍာရေးမဟုတ်သော ဝန်ဆောင်မှုများ (နည်းပညာအထောက်အပံ့နှင့် သင်တန်းများ) ပံ့ပိုးပေးနိုင်သည့် အသေးစားငွေချေးလုပ်ငန်းပံ့ပိုးမှု အဆောက်အအုံတစ်ခု တည်ထောင်ရန် အလားအလာရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ အားလုံးလက်လှမ်းမီသော ဘဏ္ဍာရေးစနစ် ဖြစ်ပေါ်ရေး ရန်ပုံငွေဟု အမည်မှည့်ခေါ်မည့် ဆောင်ရွက်နိုင်မှုအတွက် ဘဏ္ဍာငွေပံ့ပိုးမှုကို LIFT၊ UNDP တို့နှင့်အတူ DFID၊ USAID နှင့် Danida တို့က နှစ်ဦးနှစ်ဘက် သဘောတူထည့်ဝင်ခြင်းအားဖြင့် ဆောင်ရွက်ခဲ့ကြသည်။ Pact အနေဖြင့်မူ ယင်း၏အလှူရှင်များမှ ရန်ပုံငွေထောက်ပံ့ထားသော အသေးစားငွေချေးလုပ်ငန်းများမှ ထွက်ပေါ်လာသည့် ဝင်ငွေများကိုအသုံးပြု၍ အဆိုပါအဆောက်အအုံ ဖြစ်ပေါ်လာရေး ထည့်ဝင်ခဲ့သည်။[၉၁] အားလုံးလက်လှမ်းမီသော ဘဏ္ဍာရေးစနစ်ဖြစ်ပေါ်ရေး ရန်ပုံငွေကို ၂၀၁၄ ခုနှစ်တွင် စတင်တည်ထောင်မည် ဖြစ်သည်။
- လူမှုရေးနှင့် စီးပွားရေးအရည်အသွေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု ဒုတိယအကျော့ (QSEM 2) တွင် လယ်ယာလုပ်ငန်းခွင် လုပ်အားခများသည် အချို့ဒေသများတွင် မြင့်တက်လာနေပြီး ယင်းအချက်သည် ဒေသတွင်းမှ ပြင်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြမှု တိုးပွားလာခြင်းနှင့် ဆက်စပ်နေသည်ဟု သုံးသပ်ရရှိသည်။ လုပ်သားများ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းအတွက် သီးခြားလေ့လာမှုတစ်ခု ပြုလုပ်သင့်ပြီး LIFT ၏ အပူပိုင်းဒေသဖုန် အစီအစဉ်

ပုံ ၂။ LIFT ဦးတည် အကျိုးခံစားသူများဖြစ်သည့် လယ်ယာအနည်းငယ်သာ ပိုင်သော လယ်သမားများနှင့် လယ်ယာမဲ့များ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံမှုတို့နှင့် သက်ဆိုင်သော မူဝါဒများ




မှတ်ချက်။ အနီရောင်ဖြင့် ပြထားသော နယ်ပယ်များသည် ယနေ့ထိ LIFT မှ စီမံကိန်း အဆင့် လုပ်ငန်းများနှင့် မူဝါဒအဆင့် ထိတွေ့မှုများတွင် အာရုံစိုက်ခဲ့သော နယ်ပယ်များဖြစ်သည်။

---

၉၁ UNDP ၏ အသေးစားငွေချေးလုပ်ငန်းဆိုင်ရာ ပိုင်ဆိုင်မှုများအား Pact ထံသို့ လွှဲပြောင်းပေးခဲ့ပြီးနောက်တွင် ဤဝင်ငွေမျှဝေပေးမှုကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ပုံငွေလက်ခံရရှိသူ အနေဖြင့် Pact သည် အသေးစားငွေချေးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးအတွက် ယင်း၏ ထိန်းသိမ်းထားသောရငွေများ၏ တစ်စိတ်တစ်ပိုင်းကို ငါးနှစ်တိုင်တိုင်ထည့်ဝင်ရန် သဘောတူညီခဲ့သည်။

သစ်တွင် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းမှ ဖြစ်ပေါ်လာသော ရလဒ်များ တိုးတက်ကောင်းမွန်လာအောင် ကူညီပေးရေးကို အထူးအာရုံစိုက်သည့် အစိတ်အပိုင်းတစ်ခု ထည့်သွင်းပုံစံထုတ်သင့်သည်ဟု ရန်ပုံငွေဘုတ်အဖွဲ့က ဆုံးဖြတ်ခဲ့သည်။

- LIFT ၏ ကာလလယ် သုံးသပ်မှုကို ၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး အလှူရှင်များနှင့် အစိုးရ နှစ်ဦးနှစ်ဘက်စလုံးကို အကျိုးဖြစ်ထွန်းစေမည့် အသိပညာ ဖလှယ်ရာ စင်မြင့်တစ်ခုဟူသော LIFT ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်သွားရန် ထောက်ခံ တိုက်တွန်းခဲ့သည်။ တိုးတက်လာသော ရန်ပုံငွေ ပမာဏနှင့်အညီ M & E စွမ်းဆောင်ရည်ကို မြှင့်တင်သွားရန်နှင့် ပြင်ပမှ M & E ကျွမ်းကျင်သူများ၏ ရေရှည်ပံ့ပိုးမှု တိုးတက်ရယူရန် ရန်ပုံငွေ ဘုတ်အဖွဲ့က သဘောတူညီခဲ့သည်။

LIFT အနေဖြင့် ယင်းစုဆောင်းရရှိသော အထောက်အထားများအား စိုက်ပျိုးရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒရေးရာ ကိစ္စများနှင့် စပ်လျဉ်း၍ ထိတွေ့ဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များ၏ မဟာဗျူဟာနှင့် အစီအစဉ်များတွင် ပိုမို အသုံးပြုလာခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ရန်ပုံငွေဘုတ်အဖွဲ့အနေဖြင့် အားလုံး လက်လှမ်းမီသော ဘဏ္ဍာရေးစနစ်၊ မြေယာ၊ လူမှုဘဝ အကာအကွယ်ပေးရေးနှင့် အားလုံးပါဝင်သော စိုက်ပျိုးရေး တန်ဖိုးကွင်းဆက်များ စသည့် အကြောင်းအရာများဆိုင်ရာ မူဝါဒများ အပေါ် အာရုံစိုက်သွားရန် သဘောတူညီခဲ့သည်။

## ၄.၂.၁။ အားလုံး လက်လှမ်းမီသော ဘဏ္ဍာရေး

၂၀၁၁ နိုဝင်ဘာလတွင် အသေးစားငွေချေးလုပ်ငန်း ဥပဒေသစ် ထွက်ပေါ်လာခြင်းဖြင့် အားလုံး လက်လှမ်းမီသော ဘဏ္ဍာရေးစနစ်ဆိုင်ရာ ပိုမို ကျယ်ပြန့်သော မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အသေးစားငွေချေးလုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်နိုင်လာခဲ့သည်။ LIFT အနေဖြင့် ဤအခွင့်အရေးကို ကျေးလက်ချေးငွေများ ရောက်ရှိလက်လှမ်းမီနိုင်မှု တိုးမြှင့်ရန်အသုံးချခဲ့သည်။[၉၂] LIFT သည် အောက်ပါလုပ်ငန်းများအပါအဝင် အစိုးရနှင့်တွဲဖက်လုပ်ကိုင်မှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်-

- အားလုံးလက်လှမ်းမီသော ဘဏ္ဍာရေးစနစ်ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ် ချမှတ်နိုင်ရေးအတွက် အစိုးရအားကူညီပေးခြင်း - ယင်းသည် UNCDF မှ အကောင်အထည်ဖော် ဆောင်ရွက်နေသော ဘဏ္ဍာရေး လက်လှမ်းမီမှု ဖြစ်ပေါ်လာရေး စီမံကိန်း၏ အဓိကရည်မှန်းချက်လည်းဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင်  ယင်းစီမံကိန်းက နိုင်ငံအဝန်း အိမ်ထောင်စုပေါင်း ၄၀၀၀ အား စာရင်းကောက်ယူ လေ့လာမှုအပါအဝင် ဘဏ္ဍာရေးကဏ္ဍ၏ ချို့ယွင်းမှုများ ရှာဖွေခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ယင်းစီမံကိန်အနေဖြင့် အစိုးရဦးဆောင်သော ဘဏ္ဍာရေးကဏ္ဍလမ်းပြမြေပုံတစ်ခု ၂၀၁၄ ခုနှစ်တွင် ပေါ်ပေါက်လာရန် ဦးတည်ဆောင်ရွက်နေသည်။
- အသေးစားငွေချေးလုပ်ငန်းဆိုင်ရာ ထိန်းသိမ်းကြပ်မတ်သူ (မြန်မာ့အသေးစားချေးငွေလုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ - MMSE) ၏ လူ့စွမ်းအားနှင့် နည်းပညာအရည်အသွေး တည်ဆောက်မြှင့်တင်ပေးခြင်း - ဤအချက်သည် ကမ္ဘာ့ဘဏ်က အကောင်အထည်ဖော်နေသော 'အမျိုးသားဖွံ့ဖြိုးရေးအတွက် အားလုံးလက်လှမ်းမီသော ဘဏ္ဍာရေး' စီမံကိန်း၏ အဓိကရည်မှန်းချက်ဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ယင်းစီမံကိန်းအနေဖြင့် MMSE ၏ ဝန်ထမ်းများအား သင်တန်းပို့ချပေးခဲ့ပြီး အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူများအား မည်သို့ကြီးကြပ်ရမည် ဆိုသည့် လမ်းညွှန်တစ်စောင် ပြုစုပေးခဲ့သည်။ ယင်းစီမံကိန်းက အသေးစားချေးငွေကဏ္ဍ၏ မူဝါဒနှင့်အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆန်းစစ်လေ့လာခဲ့သည်။
- မြန်မာနိုင်ငံအတွင်း အားလုံးလက်လှမ်းမီသော ဘဏ္ဍာရေးစနစ်ဖြစ်ပေါ်လာရေး ဆောင်ရွက်ရန် အရေးအကြီးဆုံး အကန့်အသတ်များဟု LIFT က ရှုမြင်သည့်အချက်များအားဖြေရှင်းရန် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ငွေကြေးကဏ္ဍအတွင်းရှိ သက်ဆိုင်သူများနှင့် ထိတွေ့ဆောင်ရွက်ခြင်း
  - (စုငွေနှင့် ချေးငွေအပေါ်) အတိုးနှုန်းများနှင့် ချေးငွေပမာဏတို့အပေါ် လက်ရှိကာလတွင် ဥပဒေဖြင့် ကန့်သတ်ထားခြင်းသည်[၉၃] ငွေကြေးကဏ္ဍ၏ ဖွံ့ဖြိုးမှုကို အထူးသဖြင့် လုပ်ငန်းလည်ပတ်စရိတ် မြင့်မားသည့် ကျေးလက်ဒေသများတွင် ကန့်သတ်ထားရာရောက်သည်။ LIFT အနေဖြင့် ယင်းကန့်သတ်ချက်များ

---

၉၂ LIFT အနေဖြင့် (က) လက်ရှိ MFI များအား ငွေချေးသူအသစ် ၁၁၆၀၀၀ ထိ လက်ခံစေခဲ့ခြင်း၊ (ခ) ထပ်တိုး ငွေချေးသူ အရေအတွက် ၄၅၀၀၀ အထိ လက်ခံနိုင်မည့် ဒေသခံ MFI အသစ် ကိုးခုအား စွမ်းဆောင်ရည် တည်ဆောက်မြှင့်တင်ပေးခြင်းနှင့် (ဂ) ငွေချေးသူ ၂၅၀၀၀ အထိ ပိုမိုလက်ခံနိုင်မည့် ဒေသတွင်းဈေးကွက်ဦးဆောင်အဖွဲ့ ၃ ခုအား မြန်မာနိုင်ငံသို့ ဝင်ရောက်လာနိုင်ရန် ကူညီပေးခြင်းတို့ဖြင့် ကျေးလက်နေ သူဆင်းရဲများထံ အသေးစားချေးငွေကို တိုးချဲ့ပေးခဲ့သည်။

၉၃ ၂၀၁၃ ခုနှစ်တွင် MMSE အနေဖြင့် ချေးငွေ တစ်ကြိမ်လျှင် ကျပ် ၅၀၀၀၀၀ (ဒေါ်လာ ၅၂၀) ထက် မပိုရန် ကန့်သတ်ထားခဲ့သည်။ ကျေးလက်ဒေသမှ လုပ်ငန်းအများအပြားသည် ချေးငွေ ဒေါ်လာ ၃၁၃ နှင့် ဒေါ်လာ ၁၀၄၀ အကြားရရှိလိုကြောင်း တောင်းဆိုကြသည်။

ဖြေလျှော့ပေးပြီး MFI များ၏ အစီရင်ခံမှုနှင့် နှုန်းထားသတ်မှတ်မှုတို့ကို ကြီးကြပ်ပေးမည့် MMSE ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရေး အားပေးတိုက်တွန်းရန် မြန်မာ့အသေးစားချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းအသင်း၊ ကမ္ဘာ့ဘဏ်တို့နှင့် ပေါင်းစပ်ညှိနှိုင်းခဲ့သည်။

- လက်ရှိအချိန်တွင် MFI များအနေဖြင့် ဝန်ဆောင်မှုတိုးချဲ့နိုင်ရန် ပြည်တွင်း/ ပြည်ပမှ ချေးငွေများရယူ၍ မိမိကိုယ်မိမိ ရန်ပုံငွေမတည်မှုကို ဥပဒေအရခွင့်မပြုထားပေ။ အတိုးနှုန်းများကန့်သတ်ထားမှုနှင့်အတူ ယင်းသို့ပါ ကန့်သတ်ထားခြင်းကြောင့် MFI များအနေဖြင့် ပြင်ပရန်ပုံငွေထောက်ပံ့မှုနှင့် အတိုးအမြတ် ပုံမှန်မရှိသော ရန်ပုံငွေများကိုသာ အားထားကြရသည်။ အခြားသောနိုင်ငံများ နည်းတူခိုင်မာတောင့်တင်းသော MFI များအား ပြည်တွင်း/ ပြည်ပမှ ချေးငွေများရယူ၍ လုပ်ငန်းဆောင်ရွက်ခွင့်ပြုရေး LIFT က ထောက်ခံတိုက်တွန်းမှုများ ပြုလုပ်နေသည်။



LIFT မိတ်ဖက်အဖွဲ့များ အနေဖြင့် အိမ်ထောင်စုပေါင်း ၁၅၂၀၀၀ အား အသေးစားချေးငွေများ လက်လှမ်းမီနိုင်စေရန် ကူညီပေးခဲ့သည်။

## ၄.၂.၂။ မြေယာ

မြေယာသိမ်းယူမှုနှင့် မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ အခြားငြိမ်းခြောက်မှုများသည် ယခင်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၌ အတွေ့များသော သာမန်ကိစ္စတစ်ခုလိုဖြစ်ခဲ့ပြီး ၂၀၁၁ နှောင်းပိုင်းတွင် မြေယာပဋိပက္ခများသည် အမျိုးသားရေး ကိစ္စတစ်ခုသဖွယ် ဖြစ်လာခဲ့သည်။ ယင်းကိုတုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် မြေယာလုပ်ပိုင်ခွင့်များ လုံခြုံမှုကို မြှင့်တင်ပေးရန်လိုအပ်ကြောင်း အစိုးရ၏အဆင့်မြင့်ပိုင်းတွင် သိမြင်လက်ခံလာခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်း LIFT အနေဖြင့် အောက်ပါ စီမံကိန်းများမှတစ်ဆင့် ယင်း၏မြေယာနှင့် ပတ်သက်သောလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ခဲ့သည်-

LIFT အနေဖြင့် FSWG ၏ မြေယာ ပင်မအဖွဲ့[၉၄] အား ရန်ပုံငွေ တိုးမြှင့်ချထားပေးခြင်းဖြင့် (က) ကုန်းမြင့်ဒေသ ထုံးတမ်းစဉ်လာ မြေယာလုပ်ပိုင်ခွင့်၊ မြေယာအခွန်အခများနှင့် ကန်ထရိုက်လယ်ယာစနစ်တို့အပေါ် မြေယာလုပ်ပိုင်ခွင့် သုတေသနလုပ်ငန်းများလုပ်ကိုင်ခြင်း၊ (ခ) အမျိုးသားအဆင့် စာတမ်းဖတ်ပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ သုတေသနရလဒ်များဖြန့်ဝေခြင်း၊ (ဂ) မြေယာကိစ္စရပ်များ ဆောင်ရွက်သည့် လူမှုအဖွဲ့အစည်းများအား သင်တန်းများ ပို့ချခြင်းနှင့် (ဃ) လွှတ်တော်တွင်းမှ မြေယာသိမ်းဆည်းမှု စုံစမ်းစစ်ဆေးမှုကော်မရှင်၊ မြေယာစိစစ်ခွဲဝေ ချထားပေးရေး

၉၄ စီမံကိန်းအမည် "မြန်မာနိုင်ငံအတွင်း စားနပ်ရိက္ခာ ဖူလုံရေးအတွက် ရင်းမြစ်များနှင့် မိတ်ဖက်ပြုမှုများအား ထိန်းချုပ်အသုံးပြုခြင်း"

ကော်မတီ၊ အမျိုးသားအဆင့် လယ်သမားများ အသင်းများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့် လွှတ်တော်များအပါအဝင် သက်ဆိုင်သူအများအပြားအား အားပေးတိုက်တွန်းခြင်းတို့ကို ပိုမိုဆောင်ရွက်နိုင်စေခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်း အဆိုပါစီမံကိန်းက သစ်တောဦးစီးဌာနနှင့်ပူးပေါင်း၍ (ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနမှ အလွတ်သဘောပံ့ပိုးကူညီသည်။) ထုံးတမ်းစဉ်လာ မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ သုတေသနလုပ်ငန်းအား တတိယအဆင့်အထိ ဆောင်ရွက်ပြီးစီးခဲ့သည်။ ပြောင်းဖူးထုတ်လုပ်ရေးအတွက် ကန်ထရိုက်လယ်ယာစနစ်ဆိုင်ရာ လေ့လာမှုတစ်ခုသည်လည်း ၂၀၁၄ ခုနှစ် အစောပိုင်းတွင် ပြီးစီးမည် ဖြစ်သည်။

GRET အကောင်အထည်ဖော်နေသော LIFT စီမံကိန်းသစ်တစ်ခု[၉၅] သည် မြေယာလုံခြုံမှုမရှိခြင်းနှင့် ရင်းနှီးမြှုပ်နှံ၍ ရေရှည်တည်တံ့သော မြေယာအသုံးချခြင်းတို့ ဖြစ်ပေါ်စေသည့် လူမှုရေးဖြစ်စဉ်များ၊ မြေယာမဲ့ဖြစ်မှု၏ အရွေ့များ၊ လက်ရှိစည်းမျဉ်းစည်းကမ်းများတွင် ပြည်ထောင်စုအစိုးရမှ ဝင်ရောက်ဆောင်ရွက်မှုနှင့် ဒေသခံအာဏာပိုင်တို့အကြား အားပြိုင်မှုနှင့် သဘာဝရင်းမြစ်များအား အသက်မွေးမှု၏အခြေခံအဖြစ်ရယူ အသုံးပြုမှုတို့အား ဆန်းစစ်လေ့လာမှုပြုလုပ်နေသည်။ ၂၀၁၃ ခုနှစ်အတွင်းတွင် ယင်းစီမံကိန်းသည် မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်များ၌ လေ့လာမှုများစတင်ခဲ့သည်။ ရလာဒ်များကို ၂၀၁၄ ခုနှစ်တွင် တွေ့မြင်ရမည်ဖြစ်သည်-

LIFT အနေဖြင့် UN-Habitat ၏ အစိုးရကြေးတိုင်နှင့် မြေစာရင်းဌာန (SLRD) အား (၂၀၁၂) လယ်ယာမြေ ဥပဒေအား ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းပညာနှင့်ကိရိယာ အကူအညီများ ပေးနေသည့် မြေယာစီမံခန့်ခွဲရေး စီမံကိန်းကို ဆက်လက်ပံ့ပိုးပေးနေသည်။ ဤစီမံကိန်း အကောင်အထည်ဖော်မှုသည် UN-Habitat နှင့် SLRD အား တာဝန်ခံသည့် ဝန်ကြီးဌာနဖြစ်သော MoAI တို့အကြား ရှည်လျားလှသည့် ညှိနှိုင်းရမှုများကြောင့် သိသိသာသာနှောင့်နှေးခဲ့ရသည်။ အချို့လုပ်ငန်းများအား မြေယာအသုံးချခြင်းနှင့် မြေယာခွဲဝေချထားခြင်း အမျိုးသားအဆင့် စစ်ဆေးရေးကော်မတီက လုပ်ဆောင်ရန် ပိုမိုသင့်လျော်သည်ဟု ယူဆသောကြောင့် MoAI အနေဖြင့် စီမံကိန်းနယ်ပယ်ကို လျှော့ချလိုခဲ့သည်။ ပြန်လည်ပြင်ဆင်ရေးဆွဲထားသော စီမံကိန်းပုံစံကို အစိုးရအဖွဲ့မှ လက်ခံအတည်ပြုပေးရန် တင်ပြထားပြီးဖြစ်သည်။

မြေယာလုပ်ပိုင်ခွင့်နှင့် မြေယာအသုံးချပိုင်ခွင့်များဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲ (၂၀၁၂) မှ ထောက်ခံ အကြံပြုချက်များနှင့် အညီ LIFT အနေဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ မိတ်ဖက်အဖွဲ့များမှ တဆင့်သော်လည်းကောင်း အစိုးရနှင့်ထိတွေ့ဆက်ဆံ၍ အောက်ပါကိစ္စရပ်များကို အားပေးအထောက်အကူပြုခဲ့သည်။

- မြေယာအနည်းငယ်သာပိုင်သော လယ်သမားများ လယ်ယာမြေလက်လှမ်းမီမှုနှင့် မြေယာများအား ရေရှည်အသုံးပြုနိုင်သည့် စွမ်းရည်တို့ကို ကာကွယ်ပေးရေး၊
- နိုင်ငံတော်အဆင့် မြေယာအသုံးချမှု ဥပဒေပြုရာတွင် အမျိုးသမီးများ မြေယာဆိုင်ရာ တူညီသော အခွင့်အရေး ရရှိစေရေး၊
- အစုအဖွဲ့ပိုင် မြေယာများအား အသုံးပြုပိုင်ခွင့် မှတ်ပုံတင်နိုင်ရေး အထူးသဖြင့် ရွှေ့ပြောင်း တောင်ယာများအား တရားဝင် မြေယာကဏ္ဍတွင် အသိအမှတ်ပြု ထည့်သွင်းရေး၊
- စုပေါင်းပိုင်ဆိုင်သည့် ရင်းမြစ်များ (ကျေးရွာပိုင် သစ်တောများ၊ အင်းများနှင့် စားကျက်မြေများ) အား အကာအကွယ်ပေးရေး၊
- မြေယာမှတ်ပုံတင်ခြင်းနှင့် မြေယာသန်းခေါင်စာရင်းကောက်ခံခြင်း မပြီးဆုံးမီတွင် မြေယာပိုင်ခွင့် ချထားပေးမှုကို ဆိုင်းငံ့ထားရေး၊
- မြေယာစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်အောင် မြှင့်တင်ရေးနှင့်
- လူမှုအဖွဲ့အစည်းများနှင့် လယ်သမားများ ပါဝင်လာစေရန် အားပေးမှုပြုသည် အားလုံးပါဝင်နိုင်သော အကြံဉာဏ်ရယူမှု လုပ်ငန်းစဉ်တစ်ရပ် ဖော်ဆောင်ရေး

၉၅ စီမံကိန်းအမည် "မြန်မာနိုင်ငံအတွင်း ပြည့်စုံသောမူဝါဒဆွေးနွေးမှုများတွင် ထိတွေ့ဆွေးနွေးနိုင်ရန် ကျေးလက်မြေယာပြဿနာများအား နားလည်ရန် ကြိုးပမ်းခြင်း"

### ၄.၂.၃။ လူမှုဘဝ အကာအကွယ်ပေးခြင်း

LIFT သည် အခွင့်အရေးများကို အခြေခံကာ အားလုံးပါဝင်နိုင်၍ ညီညွတ်မျှတသော လူထုဦးဆောင်သည့် လူမှုဘဝ အကာအကွယ်ပေးမှုဖြစ်လာရေး ပံ့ပိုးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အဆင့်တွင် လူမှုဘဝအကာအကွယ်ပေးရေး မူဝါဒနှင့်အလေ့အထများ ဖွံ့ဖြိုးလာရန်သာမက ယင်းက ရန်ပုံငွေထောက်ပံ့ထားသည့် ရပ်ရွာအဆင့်လုပ်ငန်းများတွင် လူမှုဘဝ အကာအကွယ်ပေးခြင်း လုပ်ငန်းများတွဲဖက်ပါဝင်ရန် ပါဝင်အားဖြည့် ကူညီလျက်ရှိသည်။ ရပ်ရွာအဆင့်တွင် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အများအပြားသည် ဆင်းရဲ၍ထိခိုက်ခံစားရန်လွယ်သော အိမ်ထောင်စုများ ဝင်ငွေတိုးတက်ရေးနှင့် အသက်မွေးမှုအခွင့်အလမ်းများ မြင့်မားလာရေးအတွက် ယင်းတို့၏ စီမံကိန်းများတွင် လူမှုဘဝ အကာအကွယ်ပေးရန် စံနှုန်းများကို ထည့်သွင်း အကောင်အထည်ဖော်လျက် ရှိသည်။ LIFT ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းအချို့ (အလုပ်အကိုင်အခွင့်အလမ်း ဖော်ထုတ်ခြင်း၊ ငွေသားနှင့် ပစ္စည်း လွှဲပြောင်းပေးခြင်း၊ စပါးဘဏ်များနှင့် မသန်စွမ်းသူများအတွက် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးရေး) တို့သည် လူမှုရေး အရ ဖယ်ကျဉ်ခံထားခဲ့ရသည့် ထိခိုက်ခံစားလွယ် အုပ်စုများအကြား ထိခိုက်ခံစားရန် လွယ်ကူမှုနှင့် ဆင်းရဲမွဲတေမှုတို့ကို သိသိသာသာ လျော့ကျစေနိုင်ခဲ့ကြောင်း ကျိုးကြောင်းဆီလျော်သည့် သက်သေသာဓကများ တွေ့ရှိရသည်။

မူဝါဒပိုင်းတွင် LIFT ရန်ပုံငွေဖြင့် ActionAid၊ Leprosy Mission International၊ HelpAge International နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ စုပေါင်းဖွဲ့စည်းဆောင်ရွက်သော လူမှုရေးဆိုင်ရာ သုတေသနလုပ်ဆောင်မှုအဖွဲ့ (SPPRG) သည် လူမှုဘဝအကာအကွယ်ပေးရေး၊ ကြွေးမြီနှင့် နေရပ်ရွှေ့ပြောင်းအခြေချမှုတို့အပေါ် ကိုယ်တိုင်သုတေသနပြုလုပ် သည့်အပြင် သုတေသီနှင့်မူဝါဒချမှတ်သူများအား အရည်အသွေးမြှင့်တင်ပေးမှုများလည်း ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးရှစ်ခုရှိ ကျေးရွာပေါင်း ၅၀ တွင် သုတေသန ပြုလုပ်ခဲ့မှုများကို အခြေခံကာ မြန်မာနိုင်ငံအတွင်း အားလုံးလက်လှမ်းမီသော အသက်မွေးဝမ်းကျောင်းမှုရရှိရန် အသင့်လျော်ဆုံးနည်းလမ်းဆိုသည့် လမ်းညွှန်စာစောင်တစ်ခု ထုတ်ဝေခဲ့သည်။ ကိုယ်တိုင်ရန်ပုံငွေထည့်ဝင်ဆောင်ရွက်သော လူထုဦးဆောင်သည့် လူမှုဘဝ အကာအကွယ်ပေးရေး နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြကြောင်း ဤသုတေသနလုပ်ငန်းက လေ့လာ တွေ့ရှိခဲ့သည်။[၉၆]

SPPRG ၏ (၂၀၁၂) အပူပိုင်းဒေသဇုံ ထိခိုက်ခံစားရလွယ်ခြင်း ဆန်းစစ်မှုသည် အစိုးရ၏ အစီအစဉ် ရေးဆွဲမှုများနှင့် LIFT စီမံကိန်းအချို့အပေါ် လွှမ်းမိုးနိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် LIFT မိတ်ဖက်အဖွဲ့ ၃ ဖွဲ့သည် SPPRG ၏ ထိခိုက် ခံစားရလွယ်မှု ဆက်စပ်ပုံထုတ်ခြင်း နည်းလမ်းကိုအသုံးပြု၍ ယင်းတို့ စီမံကိန်း အစီအစဉ်ရေးဆွဲမှုနှင့် စောင့်ကြည့် လေ့လာမှုလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်း/ပြည်နယ် အစိုးရအဖွဲ့ အများအပြားနှင့် လူမှု ဖူလုံရေးအဖွဲ့တို့က အခြေခံအချက်အလက် (baseline data) များ ကောက်ယူရာတွင်အသုံးပြုရန် စိတ်ဝင်စားကြောင်း ပြသခဲ့ကြသည်။ အခန်း ၃ တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း ၂၀၁၃ မတ်လအတွင်းတွင် SPPRG သည် တိုင်း/ ပြည်နယ် ၁၃ ခုမှ လူမှုဝန်ထမ်းညွှန်ကြားရေးမှူးများနှင့် အခြားဝန်ကြီးဌာန ၁၂ ခုမှ ကိုယ်စားလှယ်များအတွက် အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကျင်းပပေးခဲ့သည်။ တိုက်ရိုက်အကျိုးရလာဒ်အနေဖြင့် တိုင်း/ ပြည်နယ်အဆင့် လူမှုဘဝအကာအကွယ်ပေးရေး အစီအစဉ်ရေးဆွဲမှုလုပ်ငန်းကို ချင်း၊ မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ မွန်နှင့် ရှမ်း အစိုးရအဖွဲ့များနှင့်လုပ်ဆောင်နိုင်ခဲ့သည်။[၉၇]

HelpAge ၏ REVEAL စီမံကိန်း[၉၈] က ဆောင်ရွက်သော အားလုံးပါဝင်နိုင်သည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ပုံစံသည် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (MoSWRR) ၏ အသိအမှတ်ပြုခြင်း

---

၉၆ ကျေးရွာများအားလုံးတွင် အမျိုးမျိုး ကွဲပြားသော ပုံစံများ တွေ့ရပြီး အထူးသဖြင့် (လူမှုဖူလုံရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဘာသာရေး) ဟူသည့် ကဏ္ဍကြီးလေးခုကို တွေ့ရှိရသည်။ ပုံမှန်အားဖြင့် နှစ်စဉ် ၂၂၇၇၁၆၉ ကျပ် (အမေရိကန်ဒေါ်လာ ၂၆၅၀) ထည့်ဝင်သည့် အိမ်ထောင်စု ၁၀၀ ရှိသော ကျေးရွာတစ်ရွာတွင် ပျမ်းမျှအကျိုးအမြတ် ၃၁၈၀၀ ကျပ် (၃၇ ဒေါ်လာ) ရှိသည်။ ထိုသို့ကျေးရွာလုပ်ငန်းများ၏ ၈၂ % သည် ရွာသူရွာသားများမှ တစ်နည်းနည်းဖြင့် ထည့်ဝင်ကျမှုကို မှီခိုကြရပြီး ၁၈ % သည်သာ ယင်းတို့၏ ရန်ပုံငွေအများစုကို ပုဂ္ဂလိကအလှူရှင်များထံမှ ရရှိကြကာ ၁၈ % သည် NGO အချို့၏ ပံ့ပိုးမှုရရှိကြပြီး အစိုးရထောက်ပံ့ရန်ပုံငွေရရှိသည့် ကျေးရွာ ၃ ရွာသာရှိသည်။

၉၇ မန္တလေး တိုင်းဒေသကြီး အစိုးရသည် လူမှုဘဝ အကာအကွယ်ပေးရေးအတွက် ပဏာမ လိုအပ်ချက် ဆန်းစစ်မှု ပြုလုပ်ခဲ့ပြီး စစ်ကိုင်းတိုင်း ဒေသကြီး အစိုးရကမူ SPPRG ၏ အကူအညီဖြင့် မြို့နယ်ပေါင်း ၃၇ မြို့နယ်အတွက် လူမှုဘဝအကာအကွယ်ပေးရေး အစီအစဉ်ကိုရေးဆွဲခဲ့သည်။ ချင်းပြည်နယ် အစိုးရသည် SPPRG နှင့် DSW တို့ ကူညီမှုဖြင့် ရေးဆွဲထားသော လူမှုဘဝ အကာအကွယ်ပေးရေး ငါးနှစ် ဖွံ့ဖြိုးရေးအစီအစဉ်မူကြမ်းကို ထုတ်ပြန်နိုင်ခဲ့သည်။ ချင်းပြည်နယ် အစိုးရသည် အစီအစဉ်၏ ရည်ရွယ်ချက်များပေါ် မူတည်၍ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ သန်း ထပ်မံရရှိခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး လူမှုဘဝအကာအကွယ်ပေးရေး အစီအစဉ်ကို ရေးဆွဲပြီး ဖြစ်ကာ ကုန်ကျစရိတ်လည်း အပြည့်အဝတွက်ချက်ပြီးဖြစ်သည်။ စစ်ကိုင်း ဖွံ့ဖြိုးရေးပူးပေါင်းအဖွဲ့သည် တိုင်းဒေသကြီးအတွက် ဖွံ့ဖြိုးရေးပူးတွဲအစီအစဉ်တစ်ခုကို ရေးဆွဲမည်ဖြစ်ပြီး ကျယ်ပြန့်သောတိုင်းဒေသကြီး ဖွံ့ဖြိုးရေး အစီအစဉ်များတွင် လူမှုဘဝအကာအကွယ်ပေးရေးကို ထည့်သွင်းသွားမည်ဖြစ်သည်။ SPPRG အနေဖြင့် ပူးပေါင်းအဖွဲ့ ဖွဲ့စည်းနိုင်ရန် ကူညီပေးနေပြီး အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်အကဲခတ်သုံးသပ်ခြင်းအတွက် အခြားလိုအပ်ချက်များကိုလည်း ပံ့ပိုးပေးနေသည်။

၉၈ အသက်မွေးဝမ်းကျောင်းမှုအတွက် မျှတ၍ အားလုံးပါဝင်နိုင်သော ချဉ်းကပ်မှုမှတဆင့် စီးပွားရေးအရ ထိခိုက်လွယ်မှုလျှော့ချရေး စီမံကိန်း

ခံခဲ့ရသည့် စိတ်ဝင်စားဖွယ် စံနမူနာပြ LIFT စီမံကိန်းတစ်ခုပင် ဖြစ်သည်။ အဆိုပါဝန်ကြီးဌာနသည် ယင်းပုံစံကို ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ကျေးရွာပေါင်း ၂၀၀ တွင် ပွားယူဆောင်ရွက်သွားနိုင်ရန် အမျိုးသားဖွံ့ဖြိုးရေးကော်မတီထံမှ ရန်ပုံငွေ တောင်းခံခဲ့သည်။ အဆိုပါအားလုံးပါဝင်နိုင်သောပုံစံက လူမှုအသိုင်းအဝိုင်းအတွင်းမှ လူပုဂ္ဂိုလ်တစ်ယောက်ချင်းစီသည် မိမိ၏ပုဂ္ဂလိကဖွံ့ဖြိုးရေးအတွက်သာမက မိမိနေထိုင်ရာ အသိုင်းအဝိုင်း၏ ဖွံ့ဖြိုးရေးကိုပါ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိစေရန် ဆောင်ရွက်ခဲ့သည်။ ယင်းပုံစံ၏ ထင်ရှားသောအောင်မြင်မှုမှာ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထိခိုက်လွယ်သော လူတန်းစားများနှင့် အမျိုးသမီးများ၏ ပါဝင်မှုတိုးတက်လာခဲ့ခြင်းပင် ဖြစ်သည်။

## ၄.၂.၄။ မူဝါဒဆိုင်ရာ အခြားသော ဆောင်ရွက်မှုများ

### အာဟာရ

စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းရာတွင် အာဟာရကောင်းမွန် ပြည့်ဝမှုသည် အရေးပါသော အခန်းကဏ္ဍတစ်ခုအဖြစ် အသိအမှတ်ပြုခံထားရသော်လည်း အာဟာရမပြည့်ဝမှုသည် မူဝါဒချမှတ်သူများ၊ အစီအစဉ်ရေးဆွဲသူများနှင့် ဆုံးဖြတ်ချက်ချမှတ်သူများအကြားတွင် လိုအပ်သလောက် နေရာရခြင်းမရှိသေးပေ။ ယင်းသည်ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်သော်လည်း မူဝါဒဆိုင်ရာအားနည်းပြီး ဝန်ကြီးဌာနအချင်းချင်း တာဝန်ယူမှုအကွဲကွဲအပြားပြားဖြစ်နေသော မြန်မာနိုင်ငံတွင် စိုးရိမ်ဖွယ်အနေအထား ဖြစ်နေသည်။ ၂၀၁၂ ခုနှစ်နှောင်းပိုင်းတွင် Save the Children က ဦးဆောင်သည့် NGO များ၏ ပူးပေါင်းစီမံကိန်း LEARN ကို သုံးနှစ်စီမံကိန်းအဖြစ် ရန်ပုံငွေပေးအပ်ခဲ့သည်။[၉၉]

မြန်မာနိုင်ငံအစိုးရသည် အာဟာရဆိုင်ရာလှုပ်ရှားမှုများ တိုးချဲ့ဆောင်ရွက်ရေး (SUN) သဘောတူညီမှုကို ၂၀၁၃ ခုနှစ် မေလတွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် အာဟာရကဏ္ဍအပေါ် ယင်း၏စိတ်ဝင်စားမှုကို အခိုင်အမာပြသခဲ့ကာ အစားအစာနှင့် အာဟာရဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ် (NPAFN) ကို ပြန်လည် ပြင်ဆင် ရေးဆွဲမှုကို အပြီးသတ်နိုင်ရန် ကြိုးပမ်းခဲ့သည်။ LEARN စီမံကိန်းအနေဖြင့် ယင်းသို့အာဟာရကဏ္ဍအပေါ် အာရုံစိုက်လာမှုကို အားဖြည့်ကူညီသည့်အနေဖြင့် SUN နှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းနှင့် NPAFN အား ရုပ်လုံးဖော်ရာတွင် ကူညီခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် LEARN မိတ်ဖက်များက SUN လူမှုအဖွဲ့အစည်း မဟာမိတ်အဖွဲ့ကို တည်ထောင်ခဲ့သည်။ ယင်းစီမံကိန်းအနေဖြင့် နည်းပညာပံ့ပိုးပေးရန် တောင်းဆိုမှု ၁၇ ခုအား တုံ့ပြန်ဆောင်ရွက်ခြင်း၊ အစီအစဉ်ဒီဇိုင်းရေးဆွဲခြင်းအတွက် အကြံဉာဏ်များပေးခြင်းမှသည် မိသားစုဥယျာဉ်ခြံတည်ထောင်မှုအတွက် မျိုးစေ့ရွေးချယ်ရာတွင် အာဟာရဆိုင်ရာ အကြံဉာဏ်များပေးခြင်းတို့ ဆောင်ရွက်ခြင်းဖြင့် အခြားသော LIFT စီမံကိန်းများအား အရေးပါသော ပံ့ပိုးမှုများပေးခဲ့သည်။

LIFT အနေဖြင့် ယင်း၏ညီအစ်မ ရန်ပုံငွေတစ်ခုဖြစ်သော ကျန်းမာရေးကဏ္ဍကို အာရုံစိုက်သည့် ထောင်စုနှစ်ရည်မှန်းချက်သုံးမျိုး ရန်ပုံငွေ (3MDG) ကဲ့သို့ပင် ယင်း၏ ရန်ပုံငွေစီမံခန့်ခွဲရေးရုံးကို UNOPS က လည်ပတ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်အတွင်းတွင် အာဟာရကဏ္ဍနှင့် ပတ်သက်၍ရန်ပုံငွေနှစ်ခုအကြား ညှိနှိုင်းအားဖြည့်ဆောင်ရွက်မှုများဖော်ဆောင်နိုင်ခဲ့ပြီး အထူးသဖြင့် ထပ်နေသောစီမံကိန်းမြို့နယ်များ ဖော်ထုတ်ခြင်းနှင့် ပိုမိုကောင်းမွန်သော အာဟာရအခြေအနေ ဖြစ်ပေါ်လာစေနိုင်သည်ဟု ယူဆရသည့် ရေနှင့်ရေဆိုးစနစ်တို့ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရေးတို့ကို အာရုံစိုက်ဆောင်ရွက်ခဲ့သည်။

### စားနပ်ရိက္ခာ ဖူလုံမှု အချက်အလက်များ စီမံခန့်ခွဲမှု

မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံမှု အချက်အလက်များသည် ပထဝီ အနေအထားအလိုက် အကွဲကွဲအပြားပြားဖြစ်နေပြီး စားနပ်ရိက္ခာ မလုံလောက်မှုဆိုင်ရာ အညွှန်းကိန်း အများအပြားကို ရာသီဥတု အနေအထားအပေါ် လုံလောက်သော ဂရုပြုမှု မထားဘဲ ကောက်ယူခဲ့ကြသည်။ ယင်းအချက်သည် စုစည်းသုံးသပ်သည့်အခါ အခက်တွေ့စေပြီး ရာသီအလိုက် အနိမ့်အမြင့် အတက်အကျရှိမှုအပေါ် နားလည်သဘောပေါက်မှုအတွက် အနှောင့်အယှက်ဖြစ်စေကာ အစီအစဉ်ရေးဆွဲရေးအပိုင်းတွင် အချက်အလက်များ၏ အသုံးဝင်မှုကို လျော့ကျစေသည်။ WFP မှ အကောင်အထည်ဖော်နေသော LIFT စီမံကိန်း တစ်ခု[၁၀၀] သည် စားနပ်ရိက္ခာဖူလုံမှု အချက်အလက်များ ကွန်ရက် (FISN) ကို တည်ထောင်ခြင်းဖြင့် ပိုမိုစုံလင်ရှင်းလင်းသော သတင်းစနစ်ကို ဖော်ဆောင်ခဲ့ပြီး ယင်းကွန်ရက်သည်

---

၉၉ LEARN ဆိုသည်မှာ အာဟာရ ချို့တဲ့မှု လျော့ချရေးအတွက် အရေးပါသော အာဟာရဆိုင်ရာ လုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ရေး စီမံကိန်းဖြစ်ပြီး Save the Children International မှ Action Contre la Faim (ACF) နှင့် Helen Keller International (HKI) အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်သည်။

၁၀၀ အဆင့်မြှင့်တင်ထားသော မြန်မာနိုင်ငံစားနပ်ရိက္ခာ ဖူလုံမှုနှင့် ဈေးကွက် ပေါက်ဈေး အချက်အလက်စနစ်ကို ၂၀၁၂ ခုနှစ်တွင် စတင်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင်း ပင်မအဖွဲ့ဝင် မိတ်ဖက် ၇ ဖွဲ့မှ အဖွဲ့ဝင် စုစုပေါင်း ၂၉ ဖွဲ့အထိ ရှိလာခဲ့သည်။ အဖွဲ့ဝင်များတွင် ကုလသမဂ္ဂ အေဂျင်စီများ၊ INGO များ၊ ပြည်တွင်း NGO များ၊ CBO များနှင့် လယ်သမား အသင်းအဖွဲ့များပါဝင်သည်။ FSIN အနေဖြင့် ဒစ်ဂျစ်တယ်သတင်းအချက်အလက်စနစ် ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံအစိုးရအား ပံ့ပိုးကူညီဆောင်ရွက်ပေးနေသည်။

ယင်းစီမံကိန်း၏ ယနေ့အချိန်ထိ ရရှိခဲ့ပြီးသော အဓိကအောင်မြင်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်-

- FSIN အဖွဲ့ဝင်များအကြား ပင်မစားနပ်ရိက္ခာဖူလုံရေး အညွှန်းကိန်းများကို သဘောတူသတ်မှတ်နိုင်ခဲ့ပြီး ယခုအခါ WFP နှင့် FSIN မိတ်ဖက်အဖွဲ့များက စားနပ်ရိက္ခာဖူလုံမှုဆန်းစစ်ခြင်း၊ ဒေသတစ်ခုနှင့် တစ်ခုအကြား အချိန်ကာလ တစ်ခုနှင့် တစ်ခုအကြား နှိုင်းယှဉ်ကြည့်မှုတို့အတွက် အသုံးပြုနေပြီဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် FSIN အနေဖြင့် ရာသီအလိုက် စားနပ်ရိက္ခာဖူလုံမှု စောင့်ကြည့်လေ့လာမှုအတွက် မြန်မာနိုင်ငံဆိုင်ရာ ကိုင်တွယ်ဖြေရှင်းမှု မဟာဗျူဟာညွှန်းကိန်း (CSI) ကို ဖော်ထုတ်နိုင်ခဲ့သည်။
- ချိတ်ဆက်ဆောင်ရွက်သော စားနပ်ရိက္ခာဖူလုံမှု စောင့်ကြည့်လေ့လာရေးစနစ် (FSMS) အား တည်ထောင်စီမံလုပ်ကိုင်နိုင်ခြင်း - ၂၀၁၃ ခုနှစ်တွင် WFP အနေဖြင့် မိတ်ဖက်အဖွဲ့များအကြား သင်ပုန်းကွန်ပျူတာများ ဖြန့်ဝေကာ သတင်းအချက်အလက်ကောက်ယူခြင်းနှင့် မျှဝေခြင်းအတွက် ပံ့ပိုးဆောင်ရွက်ခြင်းဖြင့် မိုဘိုင်းနည်းပညာကို မိတ်ဆက်ပေးခဲ့သည်။ ကောက်ယူတွေ့ရှိချက်များအား FSIN ၏ အင်တာနက် စာမျက်နှာပေါ်ရှိ တုံ့ပြန် ဆောင်ရွက်နိုင်သော မြေပုံစနစ်နှင့် ချိတ်ဆက်ပေးထားပြီး မိတ်ဖက်များအား အရေးပါသည့်ဖြစ်စဉ်များအား ပုံဖော်နိုင်စေခဲ့သည်။ စားနပ်ရိက္ခာဖူလုံမှု စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းများသည် မြို့နယ်ပေါင်း ၉၀ ကျော်အား လစဉ် လွှမ်းခြုံ ဆောင်ရွက်နိုင်ခဲ့သည်။
- ဟားခါးနှင့် မကွေးတွင်ဒေသတွင်း အချက်အလက်ဗဟိုဌာနများ တည်ထောင်ပေးနိုင်ခဲ့သည်။[၁၀၁]
- ၂၀၁၃ အကုန်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် တွဲဖက်ဆောင်ရွက်ခဲ့သော အပူပိုင်းဒေသဇုန်အတွင်း စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရဆိုင်ရာ စာရင်းကောက်ယူမှုတစ်ခု ဆောင်ရွက်ပြီးစီးခဲ့သည်။ ယင်းစာရင်းကောက်ယူမှု လုပ်ငန်းသည် မြို့နယ် ၅၈ မြို့နယ်၊ ကျေးရွာ ၁၅၀၊ အိမ်ထောင်စုပေါင်း ၁၅၀၀ ကို လွှမ်းခြုံနိုင်ခဲ့ပြီး အသက် ၅ နှစ်အောက် ကလေးငယ်ပေါင်း ၁၈၀၀ ကျော် ပါဝင်ခဲ့သည်။ ယင်းစာရင်းကောက်ယူမှုက FSIN အား အစိုးရပညာရှင်များနှင့် နီးနီးကပ်ကပ်လုပ်ဆောင်နိုင်စေခဲ့ပြီး စားနပ်ရိက္ခာ ဖူလုံမှု၊ စားနပ်ရိက္ခာ ချို့တဲ့မှုနှင့် ယေဘုယျဆင်းရဲမှုတို့အကြား ကွာခြားချက်များကို ပိုမိုနားလည်နိုင်စေခဲ့သည်။ အပူပိုင်းဒေသဇုန်တွင် စာရင်းကောက်ခံမှုအပြီး၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် WFP အား အလားတူ စာရင်းကောက်ယူမှုများအား အခြားဒေသများတွင်ပါ ဆောင်ရွက်ပေးရန်တောင်းဆိုခဲ့သည်။ ၂၀၁၃ ခုနှစ်အကုန်တွင် ပဲခူး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စာရင်းကောက်ယူမှုများပြီးစီးခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်းတွင် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စာရင်းကောက်ယူမှုများ ဆက်လက်ပြုလုပ်သွားပြီး ရလဒ်များအား တစ်နိုင်ငံလုံး၏ စားနပ်ရိက္ခာဖူလုံမှု မြေပုံပေါ်တွင် ပြသွားနိုင်ရေး ကြိုးစားသွားရန် WFP က ရည်မှန်းထားသည်။

## တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေ

၂၀၁၃ ခုနှစ်တွင် LIFT အနေဖြင့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးမှုများတွင် ယင်း၏အကောင်အထည်ဖော်ရေး မိတ်ဖက်များ၊ အလှူရှင်များနှင့် နီးနီးကပ်ကပ် လက်တွဲဆောင်ရွက်ခဲ့ပြီး ယင်းဥပဒေကို မူကြမ်းကိုးကြိမ်မျှ ရေးဆွဲပြီးနောက်တွင် လွှတ်တော်က အတည်ပြုပြဌာန်းခဲ့သည်။ အဆိုပါဥပဒေနှင့် ယင်းအတွက်အကြံပြုဆွေးနွေးမှု လုပ်ငန်းစဉ်များက ကုန်ဈေးနှုန်းမတည်ငြိမ်မှုနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများသို့ အပြည့်အဝလက်လှမ်းမီခြင်းမရှိမှုတို့ အပါအဝင် လယ်ယာအနည်းငယ်သာပိုင်သည့် လယ်သမားများရင်ဆိုင်နေရသော ပြဿနာများအပေါ် အထူးတလည် သတိမူမိလာခဲ့စေသည်။

၂၀၁၃ မေလတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ လွှတ်တော်ကော်မတီက ယင်းဥပဒေ မူကြမ်းနှင့်ပတ်သက်၍ အကြံဉာဏ်ရယူခြင်း လုပ်ငန်းစဉ်တစ်ခုကိုဖွင့်လှစ်ခဲ့ရာ FSWG နှင့် အခြားသော LIFT

၁၀၁ FSWG အနေဖြင့် မကွေးတွင် ရင်းမြစ်ဗဟိုဌာနတစ်ခုကိုလည်း ဖွင့်လှစ်ထားပြီး ဟားခါးတွင်လည်း အလားတူ ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ထားသည်။

မိတ်ဖက်အဖွဲ့များက အကြံဉာဏ်များ အများအပြားပံ့ပိုးနိုင်ခဲ့ကြသည်။ ရန်ပုံငွေစီမံခန့်ခွဲရေးရုံးနှင့် အလှူရှင်များသည်လည်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားသောလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်သော အလုပ်ရုံဆွေးနွေးပွဲ တစ်ခုအပါအဝင် ဥပဒေမူကြမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအများအပြားတွင် ပါဝင်တက်ရောက်ခဲ့သည်။ ယင်းအကြံဉာဏ်ရယူမှု လုပ်ငန်းများသည် ဥပဒေကို ထူးခြားအရေးပါသည့် ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ပေးနိုင်ခဲ့သည်-

- ဥပဒေ၏ နောက်ဆုံးမူကြမ်းတွင် လယ်သမားများအတွက် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး၊ အာမခံနှင့် ကုန်စည်ပိုင်ဆိုင်မှုအခြေခံသော ချေးငွေစနစ်များပါ ပါဝင်လာခဲ့ပြီး အစောပိုင်းမူကြမ်းများတွင် ပါဝင်ခဲ့သည့် ထိုင်းနိုင်ငံမှ စပါးအာမခံစနစ်ကဲ့သို့သော ကုန်ကျစရိတ်များပြားနိုင်သည့် ဈေးနှုန်းအာမခံစနစ်ကိုမူ ချန်လုပ်ထားခဲ့သည်။[၁၈၂]
- သီးနှံလွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးနိုင်ရေးကိစ္စရပ်ကို နောက်ဆုံးမူကြမ်းတွင် အသားပေးထည့်သွင်းထားသည်။ အစောပိုင်းမူကြမ်းများတွင် ယင်းအချက်ပါရှိခြင်းမရှိပေ။ အစောပိုင်းမူကြမ်းများတွင် လုံးဝမပါရှိခဲ့သော လယ်ယာအနည်းငယ်သာစိုက်ပျိုးလုပ်ကိုင်သည့် လယ်သမားများသည် ဤဥပဒေ၏ အဓိကရည်မှန်းချက်ဖြစ်သည်ဆိုသည့် အချက်ကို အကြိမ်ကြိမ်ဖော်ပြထားသည်။
- လယ်သမားအများအပြားအတွက် သီးနှံဆုံးရှုံးမှု၏ အဓိကအကြောင်းရင်းဖြစ်သည့် မျိုးစေ့များ၊ မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများနှင့် အခြားသောဓာတုထုတ်ကုန်များ၏ အရည်အသွေးအပေါ် အထူးကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မှုကို နောက်ပိုင်းမူကြမ်းများတွင် ထည့်သွင်းလာခဲ့သည်။
- နောက်ပိုင်းမူကြမ်းများတွင် ပုဂ္ဂလိကကဏ္ဍမှ မျိုးစေ့များထုတ်လုပ်ခြင်းနှင့် မျိုးစေ့ဆိုင်ရာ သုတေသနပြုမှုများအား အားပေးအားမြှောက်ပြုသည့် အသုံးအနှုန်းများပါရှိလာခဲ့သည်။

### ထောက်ပံ့ကူညီမှုများအတွက် ညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုများအတွက် ဖိုရမ်များ

**ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့** - ၂၀၁၃ ဇန်နဝါရီလတွင် ကျင်းပခဲ့သော မြန်မာ့ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် မြန်မာနိုင်ငံအစိုးရနှင့် ယင်း၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များက ညှိနှိုင်းဆောင်ရွက်မှုများ ထိရောက်စေရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်အကျိုးရှိစေရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ (SWG) ဖွဲ့စည်းရန် သဘောတူညီခဲ့ကြသည်။ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ SWG တစ်ခုလည်း MOAI ၏ ဦးဆောင်မှုအောက်တွင်ပေါ်ပေါက်လာခဲ့သည်။ အခြေခံအားဖြင့် ယင်း SWG သည် ကဏ္ဍခွဲ မဟာဗျူဟာများအပါအဝင် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍအတွက် အစိုးရဦးဆောင်သော ငါးနှစ်အစီအစဉ်တစ်ခုကို ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်သည်။ LIFT အနေဖြင့် ယင်း SWG ၏ တွဲဘက် ဥက္ကဋ္ဌများဖြစ်ကြသော ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) တို့နှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အဆိုပါ SWG သည် ၂၀၁၃ ခုနှစ်အတွင်း အစည်းအဝေး ၂ ကြိမ် ကျင်းပခဲ့ပြီး သက်ဆိုင်ပါဝင်သူများ၏ ဦးစားပေးသတ်မှတ်ချက်များ၊ အစီအစဉ်များမျှဝေခြင်းနှင့် မူဝါဒဆိုင်ရာ ကန့်သတ်မှုများအပေါ် လေ့လာဆန်းစစ်ခြင်းများအပါအဝင် ကိစ္စရပ်အများအပြားကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

**ဖွံ့ဖြိုးရေးမဟာမိတ်များ ပူးပေါင်းအဖွဲ့** - ၂၀၁၃ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် LIFT နှင့် MoLFRD တို့ ပူးပေါင်း၍ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့ကာ အစိုးရ၏ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ အဆိုပါမူဘောင်က ဗဟိုချုပ်ကိုင်မှုကင်းသည့် အစီအစဉ်ရေးဆွဲမှုနှင့် လုပ်ကိုင်ဆောင်ရွက်မှုတို့မှတဆင့် ကျေးလက်နေနွမ်းပါးသူများအရေး ချဉ်းကပ်သည့်နည်းလမ်းကို အဆိုပြုခဲ့သည်။ ယင်းအချက်သည် မြန်မာနိုင်ငံ၏ ယခင်အစိုးရလက်ထက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေး ချဉ်းကပ်ဆောင်ရွက်ပုံမှ လုံးလုံးလျားလျားခွဲထွက်သည့်ပုံစံဖြစ်သည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ ရရှိခဲ့သည့် ရလဒ်များအနက်မှတစ်ခုမှာ မဟာဗျူဟာမူဘောင်အတွက် အကြံဉာဏ်များ ဆက်လက်ပံ့ပိုးပေးနိုင်ရန် အဓိက

---

[၁၈၂] ဒုတိယမူကြမ်းတွင် လယ်သမားအခွင့်အရေး ကာကွယ်ရေး ဗဟိုကော်မတီ၏ ပထမဆုံး အခန်းကဏ္ဍသည် အခြေခံ စိုက်ပျိုးရေး ထွက်ကုန်များ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ကို တွက်ချက်ပြီး အခြေခံသီးနှံဈေးနှုန်းကို သတ်မှတ်ပေးရန် ဖြစ်ကြောင်း၊ သွင်းကုန်နှင့် ပို့ကုန်သီးနှံ နှစ်မျိုးလုံး၏ ဈေးနှုန်းများအား သတ်မှတ်ပေးရမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ဈေးနှုန်းများအား အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ပေးရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။ အမည်အသစ်သတ်မှတ်ပေးခဲ့သော လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် လိုအပ်ပါက လယ်သမားများ၏ ထုတ်ကုန်များကို ဝယ်ယူနိုင်ဆဲဖြစ်သော်လည်း အစောပိုင်းမူကြမ်းများအပေါ် ပိုမိုကောင်းမွန်အောင် ပြင်ဆင်ဖြည့်စွက်ထားသည်။ သီးနှံရောင်းဝယ်ရေးကော်မတီနှင့် ပတ်သက်သော အချက်အလက်များ အားလုံးကိုဖယ်ရှားပစ်ခဲ့သည်။

ဆွေးနွေးမည့်နေရာဖြစ်လာရန် ရည်ရွယ်သော ဖွံ့ဖြိုးရေးမဟာမိတ်များပူးပေါင်းအဖွဲ့ (CDP) ဖွဲ့စည်းခဲ့ခြင်းပင် ဖြစ်သည်။ CDP တွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နစ်ဦးနစ်ဖလှယ်နှင့် အဖက်ဖက် သဘောတူညီမှုဖြင့် ဆောင်ရွက်သော အလှူရှင်များ၊ ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာနှင့် ပြည်တွင်း NGO များနှင့် ပုဂ္ဂလိက ကဏ္ဍတို့အပါအဝင် သက်ဆိုင်သူအားလုံးပါဝင်နိုင်ရန် ရည်ရွယ်ခဲ့သည်။

၂၀၁၃ ဒီဇင်ဘာတွင် ကျင်းပခဲ့သော CDP ၏ ပထမဆုံးအကြိမ် အစည်းအဝေးတွင် MoLFRD ၏ ဝန်ကြီးက LIFT အား ကမ္ဘာ့ဘဏ်နှင့် အခြားအဖွဲ့များနှင့်ပူးပေါင်း၍ မဟာဗျူဟာမူဘောင် အချောသတ်ပြင်ဆင်ခြင်းနှင့် ယင်းအားအကောင်အထည်ဖော်ရန် လုပ်ငန်းအစီအစဉ်ဖော်ဆောင်ခြင်းတို့တွင် ဝန်ကြီးဌာနအား နည်းပညာ အကူအညီများပေးရန် တောင်းဆိုခဲ့သည်။ ယင်းသည် မြန်မာနိုင်ငံအတွင်း ဆင်းရဲမွဲတေမှုလျော့ချရေးအတွက် အဓိကဝန်ကြီးဌာနထံသို့ နည်းပညာအကူအညီများ ညှိနှိုင်းပံ့ပိုးပေးနိုင်ရေးအတွက် အရေးပါသောခြေလှမ်း တစ်ရပ်ပင်ဖြစ်သည်။

MoLFRD အနေဖြင့် မကြာသေးမီကာလက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ပင်မဝန်ကြီးဌာန အဖြစ် ခန့်အပ်ခံခဲ့ရကြောင်းကို မှတ်သားရန်အရေးကြီးလှသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနအား အခြားဝန်ကြီးဌာနတစ်ခုမှ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအောက်သို့ ၂၀၁၃ ခုနှစ်တွင် ပြောင်းရွှေ့ နေရာချထားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လုပ်ပိုင်ခွင့်ပိုမိုလာသောဝန်ကြီးဌာနတစ်ခုအနေဖြင့် MoLFRD သည် ယင်းတာဝန်တို့အား ထမ်းဆောင်နိုင်ရန် ဘဏ္ဍာရေးနှင့် နည်းပညာပံ့ပိုးမှုများနှင့် အခြားဝန်ကြီးဌာနများ နှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် အကူအညီများ လိုအပ်လျက်ရှိသည်။ မဟာဗျူဟာ မူဘောင်အား လက်တွေ့ ဆောင်ရွက်နိုင်မည့် အစီအစဉ်တစ်ရပ် ဖြစ်ပေါ်လာရန် ပုံဖော်ခြင်းသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်နိုင်ပြီး နိုင်ငံတော် သမ္မတရုံးက ယင်းအစီအစဉ်အား ၂၀၁၄ ခုနှစ်တွင်စတင်ရမည်ဟု လမ်းညွှန်ချက် ပေးလာသည့်အခါ အချိန်သတ်မှတ်ချက်၏ ဖိအားသည် စိန်ခေါ်မှုကို ပိုမိုကြီးထွားစေခဲ့သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုတွင် ပုဂ္ဂလိကကဏ္ဍနှင့် လူထု၏အခန်းကဏ္ဍသည်လည်း အရေးပါလှပြီး အုပ်စုသုံးစုအကြား အပြန်အလှန် ဆက်သွယ်ဆက်ဆံရေးသည်လည်း အထိုက်အလျောက်အားဖြင့် လုပ်ငန်းသစ်တစ်မျိုးပင် ဖြစ်သည်။ CDP အနေဖြင့် ယင်းသို့ဆက်သွယ်ဆက်ဆံရေးအတွက် နည်းလမ်းသစ်တစ်ရပ်ကို ဖန်တီးနိုင်ရန် အခွင့်အလမ်းတစ်ရပ်ကို ဖော်ထုတ်ပေးခဲ့သည်။

MoLFRD ၏ တောင်းဆိုမှုဖြင့် ယင်းဝန်ကြီးဌာနနှင့် CDP တို့အား ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာ မူဘောင် အကောင်အထည်ဖော်ရေး လုပ်ငန်းအစီအစဉ်တစ်ရပ် ဖော်ထုတ်နိုင်ရေးပံ့ပိုးပေးရန် နိုင်ငံတကာနှင့် ပြည်တွင်းကျွမ်းကျင်ပညာရှင်တစ်ဦးစီအား LIFT မှ ၂၀၁၄ ခုနှစ်တွင် ခန့်ထားပေးမည်ဖြစ်သည်။ ယင်း အတိုင်ပင်ခံပုဂ္ဂိုလ်များအနေဖြင့် ဝန်ကြီးဌာန၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်ခိုင်မာရေးသုံးနှစ် အစီအစဉ် အတွင်း အကောင်အထည်ဖော်မှုနှင့် စောင့်ကြည့်လေ့လာမှုတို့အတွက် MoLFRD ၏ အကူအညီလိုအပ်မှု များကိုလည်း ဖော်ထုတ်ပေးသွားမည်ဖြစ်သည်။

## သုံးသပ်ချက်များနှင့် ရှေ့ခြေလှမ်းများ

လေးနှစ်တာအကောင်အထည်ဖော်မှုများအပြီးတွင် LIFT အနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက်နှင့် အတွေ့အကြုံများ အထိုက်အလျောက် စုဆောင်းရရှိခဲ့ပြီဖြစ်သည်။ ယင်းအတွေ့အကြုံများအား နိုင်ငံတစ်ဝှမ်းလုံးရှိစီမံကိန်း များမှ ကောက်ယူရရှိသည့် ပုံမှန်အစီရင်ခံစာများ၊ M&E အချက်အလက်များ၊ ၂၀၁၁ မှ ၂၀၁၃ ခုနှစ်များတွင် ဆောင်ရွက်ခဲ့သည့် ရေတွက်တိုင်းတာသော အိမ်ထောင်စုစာရင်းကောက်ခံမှု၊ အရည်အသွေးအရ စောင့်ကြည့် လေ့လာမှု (QSEM) နှင့် အခြားအခြားသော လေ့လာမှုများက ပြည့်စုံစေခဲ့သည်။ လေ့လာတွေ့ရှိမှုများက LIFT ၏ အစီအစဉ်သစ်များရေးဆွဲခြင်း၊ စီမံကိန်းသစ်များ တိုးတက်ရွေးချယ်ခြင်းတို့အတွက် အချက်အလက်များ ပံ့ပိုးပေးနိုင်ခဲ့ပြီး အစိုးရနှင့်အခြားဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များနှင့် ဆွေးနွေးဖလှယ်မှုများအတွက်လည်း အချက်အလက်များ ထောက်ပံ့နိုင်ခဲ့သည်။

အစီအစဉ် ဖော်ဆောင်ရာတွင်လည်း LIFT ၏ ချဉ်းကပ်ဆောင်ရွက်ပုံသည် ရရှိခဲ့သော သင်ခန်းစာများနှင့်အညီ တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာခဲ့သည်။ LIFT ၏ ပထမဆုံး (မြစ်ဝကျွန်းပေါ် ၁ နှင့် နိုင်ငံအဝှမ်း အစီအစဉ်များအတွက်) အဆိုပြုလွှာဖိတ်ခေါ်မှုသည် အလွန်ပင် ယေဘုယျသဘောဆန်ခဲ့သောကြောင့်

အကျိုးဆက်အားဖြင့် ဦးစားပေး အာရုံစိုက်မှုကိုယ်စီနှင့် အမျိုးမျိုးကွဲပြားသော အကောင်အထည်ဖော်မှု မိတ်ဖက်အဖွဲ့အမြောက်အမြားဖြင့် စီမံကိန်းများအကွဲကွဲအပြားပြားဖြစ်ခဲ့သည်။ ယင်း၏ ၂၀၁၂ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် (ရခိုင်ဒေသအတွက်) နောက်ဆုံးအဆိုပြုလွှာ ဖိတ်ခေါ်မှုတွင်မူ LIFT သည် IP များထံမှ နည်းပညာဆိုင်ရာ အဆိုပြုလွှာများ လက်ခံရုံသက်သက် မလုပ်တော့ဘဲ IP များ ပူးပေါင်းအဖွဲ့ တစ်ခုက အကောင်အထည်ဖော်ရမည့် နည်းပညာဆိုင်ရာလုပ်ငန်းအစုကို ပုံစံဖော်ထုတ်မှုပြုလုပ်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် အဆိုပြုလွှာ ခေါ်ယူရန်ရှိသည့် ယင်း၏ အပူပိုင်းဒေသဇုံနှင့် ပဋိပက္ခများ ရင်ဆိုင်နေရသည့် နယ်မြေများအတွက် အစီအစဉ်သစ် ပုံစံရေးဆွဲရာတွင် ကြိုတင်သတ်မှတ်ပြဋ္ဌာန်းထားသော အစီအစဉ်ပုံစံ (ဥပမာ - ရခိုင်ဒေသအတွင်းတက်လမ်းအစီအစဉ်) သည် အလားအလာရှိသော IP များ၏ တတ်ကျွမ်းမှု၊ စွမ်းဆောင်ရည်နှင့် အဆင့်ဆင့်ဆည်းပူးလာသော ကျွမ်းကျင်မှုတို့နှင့် ကိုက်ညီချင်မှ ကိုက်ညီမည်ဖြစ်ကြောင်း သိသာထင်ရှားလာခဲ့သည်။ ယင်းအတွက်ကြောင့် LIFT အနေဖြင့် လုပ်ဆောင်မှုများနှင့် ထွက်ပေါ်ရန် ရလဒ်များအား အသေးစိတ် ရေးဆွဲ ပုံဖော်ထားခြင်းထက် ရလာဒ်များဆိုင်ရာ မူဘောင်တစ်ရပ် အပေါ်တွင် အာရုံစိုက်သော ပို၍ပြောင်းလွယ်ပြင်လွယ်ဖြစ်သည့် ချဉ်းကပ်ပုံကိုရွေးချယ်ရန် အလားအလာရှိသည်။ အကယ်၍ ယင်းအစီအစဉ်သည် အကောင်အထည်ဖော်နေစဉ်တလျှောက် သင်ခန်းစာများကို သုံးသပ် ပြင်ဆင်ဆောင်ရွက်သွားမည်ဆိုပါက ရလဒ်များအပေါ် အားထားလောက်သည့် အချက်အလက်များ ကောက်ယူပေးနိုင်မည့် ပိုမိုအသေးစိတ်သော M&E စနစ်များလိုအပ်ပါလိမ့်မည်။

ယင်း၏ ကိုယ်ပိုင်အစီအစဉ်များ ဖော်ဆောင်နေသည့်အပြင် LIFT ၏ အဆင့်ဆင့် ဆည်းပူးလာခဲ့သော အတွေ့အကြုံများသည်လည်း LIFT အတွက် မူလမျှော်မှန်းချက်[၁၀၃] တွင် ထုတ်ဖော်ပြောဆိုထားသည့် အတိုင်း LIFT အနေဖြင့် ‘လေ့လာဆည်းပူးမှုစင်မြင့်’ တစ်ရပ်ဖြစ်လာရေးအတွက် အများယုံကြည်လက်ခံနိုင် လောက်သော အခြေခံစနစ်တစ်ခုဖြစ်လာခဲ့သည်။ LIFT ၏ ကိုယ်ပိုင်အစီအစဉ်များအား လမ်းညွှန်မှုပေးခြင်း၊ သက်ဆိုင်ရာကဏ္ဍအတွင်း အခြားအလှူရှင်များ၏ အစီအစဉ်ဆောင်ရွက်မှုများအတွက် အထောက်အထား အခြေခံများ မြှင့်တင်ပေးခြင်းနှင့် အစိုးရ၏ မူဝါဒချမှတ်မှုများအတွက် အချက်အလက်များပံ့ပိုးပေးခြင်းတို့ ပြုနိုင်ရန် LIFT ၏ လေ့လာဆည်းပူးခဲ့ရသော သင်ခန်းစာများအား စနစ်တကျဖော်ထုတ်ခြင်း၊ အသုံးချခြင်းနှင့် ဖြန့်ဝေပေးခြင်းတို့ကို ပိုမိုရှုပ်ထွေး၍ စနစ်ကျစွာဆောင်ရွက်ရန်လိုအပ်ပါသည်။

---

၁၀၃ LIFT ၏ မျှော်မှန်းချက်သည် မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတို့အတွက် မူဝါဒဆိုင်ရာ ဆက်စပ်ပတ်သက်မှုများအား မြှင့်တင်ပံ့ပိုးပေးနိုင်ရေး စကြ်န်တစ်ခု ဖော်ဆောင်ရန်၊ အစီအစဉ်များ အဆီအငေါ်တဲ့မှု၊ တီထွင်ကြံဆနိုင်မှုနှင့် လေ့လာသင်ယူနိုင်မှုတို့အား အားပေးအထောက်အကူပြုရန်နှင့် စုစည်းညီညွတ်၍ လွှမ်းမိုးနိုင်သော စေ့ဆော်မှုတစ်ရပ် ဖြစ်ရန် ဖြစ်သည်။

# ၅။ သင်ခန်းစာများ

မျိုးစေ့စိုက်ပျိုးရေးအဖွဲ့အစည်းများအား စိုက်ပျိုးသူများမှ တည်ထောင်ခဲ့ပြီး မျိုးစေ့တန်ဖိုးကွင်းဆက်များ ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် မျိုးစေ့ပွားများ ပိုမိုအဆက်မပြတ် ဆောင်ရွက်လာနိုင်လိမ့်မည် ဖြစ်သည်။

များစွာသော LIFT ၏ အကောင်အထည်ဖော် ဆောင်ရွက်သူများသည် ကျေးရွာအဆင့်၌ အသိအမှတ်ပြု မျိုးစေ့များ ပိုမိုများပြားလာရန် ရွေးချယ်ထားသော မျိုးစေ့စိုက်မျိုးသူများအား တိုက်ရိုက်ထောက်ပံ့ခြင်းဖြင့် အရည်အသွေးမီ မျိုးစေ့များရရှိစေရန် ပံ့ပိုးကူညီပေးလျက်ရှိသည်။ (အထက်အခန်း ၃.၁.၂ သို့ကြည့်)။ ထိုမျိုးစေ့များကို တောင်သူများအကြား တိတိကျကျပြုပြင်ခြင်း၊ သန့်ရှင်းခြင်း သို့မဟုတ် ထုပ်ပိုးခြင်း မပြုလုပ်ဘဲနှင့် တောင်သူများအကြား ဖြန့်ဖြူးရောင်းချမှုများကို လွတ်လပ်စွာ လုပ်ဆောင်လျက်ရှိသည်။ ထိုကဲ့သို့ ဗဟိုချုပ်ကိုင်မှုလျှော့ချထားခြင်းသည် တောင်သူများအတွက် ရရှိနိုင်သောမျိုးစေ့များအား ထိထိရောက်ရောက် အကုန်အကျခံထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းအတွက် အထောက်အပံ့ပေးပြီး၊ များပြားလှစွာသော မျိုးစေ့များအား ဒေသတွင်းရောင်းလိုအားနှင့်ဝယ်လိုအား ညီမျှမှုကိုလည်း အကူအညီပေးသည်။

သို့သော် ထိုကဲ့သို့ ချဉ်းကပ်မှု၏ ကာလရှည်အကျိုးသက်ရောက်မှုကို ကိစ္စရပ်များစွာမှ ကန့်သတ်လျက် ရှိသော်လည်း-

- မျိုးစေ့စိုက်ပျိုးသူများသည် နည်းပညာအကူအညီနှင့် မှတ်ပုံတင်ထားသော မျိုးစေ့များအား (အစိုးရ သို့ ပုဂ္ဂလိကကုမ္ပဏီများမှ) ရရှိရန်အတွက် အကောင်အထည်ဖော်သူများပေါ်တွင် အပြည့်အဝမှီခိုနေရခြင်း။
- မျိုးစေ့အရည်အသွေးသည် စိုက်ပျိုးသူများကိုလိုက်၍ ကွဲပြားခြားနားခြင်း။
- မျိုးစေ့စိုက်ပျိုးသူများအား စဉ်ဆက်မပြတ်နည်းပညာ ထောက်ပံ့ရန်နှင့် ထိန်းချုပ်ရန်စရိတ်ကြီးခြင်း
- ဆန်စပါးအတွက် ရိုးရာ နည်းပညာဖလှယ် ခြင်းစနစ်သည် မျိုးစေ့စိုက်ပျိုးသူများအတွက် အကျိုးအမြတ် မရရှိခြင်း။ ဂမ်းစာစပါးနှင့် မျိုးစေ့စပါးကို အချိုးတူလဲလှယ်ခြင်း။
- မျိုးစေ့စိုက်ပျိုးသူ အများစုသည် ၎င်းတို့၏ လိုအပ်ချက်များထက်ပို၍ သီးနှံမျိုးစေ့စိုက်ပျိုးရန် စွမ်းရည်နည်းပါးခြင်း (သို့) ဆန္ဒမရှိခြင်း။

ထိုကန့်သတ်ချက်များကို ကျော်လွှားနိုင်ရန် အဆင့်မီမျိုးစေ့များကို ဝယ်ယူနိုင်မည့် ငွေကြေး၊ ရိတ်သိမ်းချိန် လွန်ကိရိယာများ၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ နည်းလမ်းများကို ထောက်ပံ့ပေးမည့် မျိုးစေ့စိုက်ပျိုးသူ များ အဖွဲ့အစည်းတည်ထောင်ခြင်းဖြင့် ကျော်လွှားနိုင်ပေမည်။ ထိုသို့ဆောင်ရွက်ပေးမှုသာလျှင် ဈေးကွက်တွင် လွှမ်းမိုးလာနိုင်ပြီး ဈေးနှုန်းအရ မက်လုံးရှိလာကာ တန်ဖိုးကွင်းဆက်ကိုလည်း ထိရောက်စွာ ရေရှည်ထိန်းသိမ်း ထားနိုင်ပေမည်။

**လယ်သမားများသည် သီးနှံရိတ်သိမ်းသည့် ကာလတွင် ငွေကြေးပြတ်လပ်လာသည်နှင့်အမျှ စုပေါင်းဈေးကွက်အစီအစဉ်များသည် ဆွဲဆောင်နိုင်စွမ်းရှိတော့မည် မဟုတ်ပေ။ အကြွေးစာရင်း ပြုစုမှတ်တမ်းတင်ထားသော စနစ်များသည် ထိုကိစ္စရပ်များကိုရင်ဆိုင်ရန် ကူညီဆောင်ရွက်နိုင်မည် ဖြစ်သည်။**

LIFT စီမံကိန်းများမှ တောင်သူများသည် ၎င်းတို့၏သီးနှံရိတ်သိမ်းချိန်တွင် သီးနှံရောင်းရငွေဖြင့် သီးနှံများစိုက်ပျိုးရန် ချေးယူထားသော ချေးငွေများကို သတ်မှတ်ရက်အတွင်း ပြန်ပေးဆပ်ရန်လိုပါသည်။ မြန်မာနိုင်ငံအတွင်းရှိ အသေးစားငွေချေးမှု၏ စည်းကမ်းများကြောင့် တောင်သူများသည် ၎င်းတို့၏ သီးနှံများကို ဈေးနှုန်းများမြင့်တက်လာသည့်အချိန်တွင်မှ ရောင်းချခြင်းဖြင့် အခွင့်အရေးရယူဆောင်ရွက်ရန် အစွမ်းမရှိပေ။

ချေးငွေထောင်ချောက်ကို ချိုးဖျက်ရန်အတွက် တောင်သူများ သူတို့၏သီးနှံများကိုဈေးနှုန်း မြင့်တက်သော အချိန်တွင် ရောင်းချရန်အတွက် သိုလှောင်ထားနိုင်ရန် ၂လမှ ၃လအထိ ချေးငွေပေးရန် ထပ်မံတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်သည်။ သီးနှံအရည်အသွေး ထိန်းသိမ်းထားရန် ကောင်းမွန်သော သိုလှောင်ရေးအစီအစဉ်များ သေချာစွာပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် လက်လွှဲဆောင်ရွက်သောအဖွဲ့အစည်းသည် သီးနှံရိတ်သိမ်းချိန်၌ လယ်သမားများကို ချေးငွေများ ပေးအပ်သော လုပ်ငန်းစဉ်ကို ရှေ့ပြေးစီမံကိန်းအဖြစ်  အောင်မြင်စွာ စမ်းသပ်လုပ်ဆောင်နိုင်ခဲ့သည်။ (အထက်အခန်း ၃.၁ သို့ ကြည့်ပါ။) ထိုငွေချေးစနစ်တွင် ချေးငွေအတွက် အပေါင်ပစ္စည်းအဖြစ် ၎င်းတို့၏ သီးနှံများကိုထားရသည်။ လယ်သမားများသည် ၎င်းတို့၏အကြွေးကင်းရှင်းစေရန် လုံလောက်သော ငွေကြေးကိုလက်ခံရရှိပြီး၊ ဈေးကွက်အတွင်း ၎င်း၏ထုတ်ကုန်များ ဈေးနှုန်းမြင့်တက်လာချိန်အထိ သီးနှံများကို သိုလှောင်ထားခြင်းဖြစ်သည်။

**ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် စီမံကိန်းအဖွဲ့၏ စွမ်းဆောင်ရည်ကိုလည်း တည်ဆောက်ရန် လိုအပ်သည်။**

စီမံကိန်းအကောင်အထည်ဖော်ရန်အတွက် လေ့ကျင့်ပြင်ဆင်ပေးရာတွင် အသင်းဖွဲ့စည်းခြင်းဆိုင်ရာ၊ ထောက်ပံ့ခြင်းဆိုင်ရာ၊ သင်ကြားခြင်းဆိုင်ရာတို့ထက် နည်းပညာဆိုင်ရာလိုအင်များကိုသာ အာရုံစိုက် မိတတ်သည်။ ပြန်ကြားဆက်သွယ်ရေးနှင့် လွယ်ကူချောမွေ့ ကျွမ်းကျင်မှုများ၊ ဆန်းစစ်ဝေဖန်သော စဉ်းစားတွေးခေါ်မှု၊ ပြောင်းရွှေ့လှုပ်မှုအဖွဲ့အစည်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် တန်ဖိုးဖြတ်ခြင်းနှင့် အကျိုးရလဒ်အပေါ် အခြေခံသည့် စီမံခန့်ခွဲမှု စသည့်အချက်များအားလုံးသည် အောင်မြင်သော ရပ်ရွာအခြေပြုစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရေးပါသောအချက်များဖြစ်သော်လည်း စီမံကိန်းဝန်ထမ်းများအနေဖြင့် ပြောင်းလဲ၍မရသော လိုအပ်ချက်များအဖြစ် သတ်မှတ်ထားသည်။ ကျန်ကျွမ်းကျင်မှုများအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် စီမံကိန်းတည်ဆောက်ရာတွင် အခြေခံအကျဆုံးဖြစ်သည်။ စီမံကိန်းကို ပြောင်းလဲနေသော အခြေအနေများ၊ လိုအင်များနှင့်အညီ လိုက်လျောစွာ ဆောင်ရွက်နိုင်စွမ်းကိုသာ စီမံကိန်းအောင်မြင်သည်အထိ အထောက်အကူပြုနိုင်သည်။

တူညီသော စိုက်ပျိုး-စီးပွားဇုန်အတွင်းတွင် အခြားစီမံကိန်းများ စီမံကိန်းတစ်ခုအတွင်းရှိမြို့နယ်အချင်းချင်း အတွေ့အကြုံဖလှယ်ရန် ကွင်းဆင်းဝန်ထမ်းအတွက် အခွင့်အလမ်းဖန်တီးပေးခြင်းသည် ဤကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းလမ်းကောင်းတစ်ခုပင်ဖြစ်သည်။ အပြန်အလှန်သွားရောက်ခြင်းသည် ထိရောက်မှုမရှိပေ။ ခြောက်သွေ့ဇုန်အတွင်း ဥပမာအားဖြင့် သာစည်နှင့်မင်းဘူးနယ်မြေများအတွင်း အတွေ့အကြုံဖြန့်ဝေရန် ကြိုးပမ်းခဲ့သည့် Oxfam / NAG စီမံကိန်းသည် ဥပမာကောင်းတစ်ခုဖြစ်သည်။ သို့သော ဆက်လက်လေ့ကျင့်မှုမရှိခြင်းသည် အတွေ့အကြုံများ သင်ယူမှုနည်းစဉ်များကို အဓိပ္ပာယ်ကောက်ရာတွင် ခက်ခဲနိုင်သည်။ ကွင်းဆင်းအဆင့်တွင် ပေါင်းစပ်ညှိနှိုင်းခြင်း၊ သေချာသော သင်ယူမှုဦးတည်ချက်များ ချမှတ်ခြင်းတို့သည် စီမံကိန်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာနှင့် သင်ယူမှုတို့ကို ထိရောက်လွှမ်းမိုးနိုင်သည်။

ထိခိုက်လွယ်အုပ်စုများ၊ ဆင်းရဲမှု လျှော့ချခြင်းနှင့် လူမှုဘဝအကာအကွယ်ပေးခြင်းတို့သည် မြန်မာနိုင်ငံအတွင်း လူမှုဘဝအကာအကွယ်ပေးရေး စီမံချက်များအတွက် ရန်ပုံငွေတည်ထောင်ခြင်းနှင့် အစဉ်အလာအရ ဦးဆောင်သော လူမှုအဖွဲ့အစည်းအား ကျယ်ကျယ်ပြန့်ပြန့်တိုက်တွန်းမှု ဖြစ်လာစေသည်။ လေ့ကျင့်သင်တန်းပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုခြင်းသည် ပိုမိုကျယ်ပြန့်သော အမျိုးသားလူမှုဘဝ အကာအကွယ်ပေးခြင်းဆိုင်ရာ မူဝါဒတစ်ခု၏ ဗဟိုအစိတ်အပိုင်းအဖြစ် ဖွဲ့စည်းရန် အလားအလာဖြစ်ပေါ်လာစေသည်။

အုပ်ချုပ်မှုဆိုင်ရာဒေသ ၁၄ ခုအနက် ဒေသ ၈ ခုအတွင်းရှိ ကျေးရွာပေါင်း ၅၀ အပေါ် SPPRG၏ သုတေသန ဆောင်ရွက်မှုသည် လူမှုဘဝကာကွယ်ရေးလုပ်ငန်းစဉ်အား ဦးဆောင်သော ရပ်ရွာ၏ကိုယ်ပိုင်ရန်ပုံငွေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြောင်းပြသနေသည်။ ကျေးရွာအားလုံးတွင် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝကောင်းကျိုးချမ်းသာ အစရှိသည့် အခြေခံကျသော စီမံချက် ၄ ခုအား လုပ်ဆောင်ရန် အစီအစဉ်များ ရေးဆွဲထားသည်။ လူမှုရေးဆိုင်ရာစည်းလုံးမှုသည် ခိုင်ခိုင်မာမာ တည်ရှိနေပြီး၊ ထိုကဲ့သို့ စည်းလုံးမှုရှိနေသည်ဆိုသည်ကို အချက်အလက်များစွာ အခြေခံပြီး ပြုလုပ်ထားသော သုတေသနမှတ်တမ်းတွင် ညွှန်ပြနေသည်။ ပထမဦးစွာ ထိုစနစ်အရ ရပ်ရွာအားလုံးနှင့် ၎င်းတို့၏ ကိုယ်ကျင့်တရားဆိုင်ရာ ထိန်းသိမ်းဆောင်ရွက်မှုတွင် အထောက်အပံ့ဖြစ်စေသော အခန်းကဏ္ဍတွင် ဘာသာရေးသည် ခိုင်မာသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ ထိုစနစ်အတွက် လက်တွေ့ကျကျ ကျင့်သုံးဖြန့်ဝေသော ယန္တရားတွင်လည်း ဘာသာတရား ပါဝင်လာနိုင်သည်။ လူမှုရေးဆိုင်ရာ စည်းလုံးမှုနှင့် ရပ်ရွာများအကြားတွင် ပွင့်လင်းမှုတသည့် ဆက်ဆံရေးသည် ဒုတိယအရေးအကြီးဆုံးဖြစ်သည်။ ရပ်ရွာအတွင်း မည်သူသည် တကယ်လိုအပ်သောသူ၊ မည်သူသည် မလိုအပ်သောသူအဖြစ် သိရှိကြပြီး၊ အကယ်၍များ အားလုံးသည် ရန်ပုံငွေရယူထားသည့် တူညီသောရပ်ရွာတွင် နေထိုင်သူများ ဖြစ်နေပါက ထိုစနစ်ကို ပြင်းဆန်ရန် ခက်ခဲမည်ဖြစ်သည်။

ထိုသုတေသနစာတမ်းတွင် ရပ်ရွာသားများက အကျိုးအမြတ်အဖြစ် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၇ ကို ရရှိခံစားခဲ့ရပြီး ယေဘုယျ အိမ်ခြေ ၁၀၀ ရှိသော ကျေးရွာတစ်ရွာသည် လူမှုရေးဆိုင်ရာ အထောက်အပံ့အဖြစ် တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၆၅၀ ကို ရရှိခဲ့သည်ဟု ဖော်ပြသည်။ ကျေးရွာလုပ်ငန်းစဉ်များ၏ ၈၂ ရာခိုင်နှုန်းသည် ရွာသားများ၏ ထည့်ဝင်မှုအပေါ် မှီခိုနေရပြီး၊ ၁၈ ရာခိုင်နှုန်းသည်သာလျှင် အခြားအရင်းအမြစ်များမှ လာရောက်ထည့်ဝင်လှူဒါန်းသည့် ရန်ပုံငွေဖြင့် ရပ်တည်နေသည်။ (ဥပမာ ပုဂ္ဂလိက အလှူရှင်များ သို့မဟုတ် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ။)

အကယ်၍ ကျယ်ပြန့်သော လူမှုကာကွယ်ရေးစနစ်များတွင် ဖွံ့ဖြိုးတိုးတက်ပြီး အင်အားကောင်းမွန်မှုများ ဖြစ်ပေါ်လာလျှင် ကျေးရွာအဆင့်၌ရှိသော စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံ စီမံခန့်ခွဲနိုင်သော ကဏ္ဍတစ်ခုကို လူ့အဖွဲ့အစည်းက ထိန်းသိမ်းလုပ်ဆောင်ရန် အရေးပါလာလိမ့်မည်ဖြစ်ပြီး ထိုလူမှုအဖွဲ့အစည်းများကို သေချာစွာ လုပ်ဆောင်ရမည်ဆိုသည်ကို စတင်နားလည် သဘောပေါက်လာမည်ဖြစ်သည်။

### ကောင်းမွန်သောမူဝါဒတိုးတက်လွှမ်းမိုးလာရန် သုတေသနများပြုလုပ်ရာတွင် အစိုးရနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများအကြား ကွဲပြားခြားနားသော ချဉ်းကပ်မှုများအား အတူပူးပေါင်းပြုလုပ်ရန်လိုအပ်သည်။

လူမှုရေးဆိုင်ရာ သုတေသနဆောင်ရွက်မှုအဖွဲ့ (SPPRG) သည် အစိုးရရုံးများ၊ အစိုးရအရာရှိများစွာတို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် များစွာသောကဏ္ဍများတွင် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက် ရှိသည်။ ထိုသို့ဆောင်ရွက်မှုသည်  အစိုးရဝန်ကြီးဌာနများ၊ ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်အုပ်ချုပ်ရေး အခန်းကဏ္ဍများအကြား ထင်ရှားသောတာဝန်ဝတ္တရားများနှင့် အခန်းကဏ္ဍများနည်းပါးခြင်းနှင့် ကောင်းမွန်သော ဆက်ဆံရေးမရှိခြင်းအား လျော့ပါးစေရန် အထောက်အကူ ဖြစ်စေသည်။ မတူညီသော အရာရှိများနှင့် ၎င်းတို့၏ အဆင့်ဆင့်များအကြား ကွဲပြားခြားနားသော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဖြစ်နိုင်ခြေရှိသော အခက်အခဲတားဆီးများကို ရှောင်တိမ်းနိုင်ရန် ဆောင်ရွက်သည်။

ဗဟိုနှင့် ဒေသဆိုင်ရာအစိုးရ နှစ်ခုအတွင်း၌ရှိသော ပြုပြင်ပြောင်းလဲရေးစိတ်ဓာတ်ရှိသော အုပ်ချုပ်ရေး အရာရှိများနှင့် ကောင်းမွန်သောဆက်ဆံရေးများ တည်ဆောက်နိုင်ခဲ့ကြသည်။ SPPRG ၏ နိုင်ငံတကာ ဝန်ထမ်းများ၏ မြန်မာစကားပြောဆိုနိုင်ခြင်းသည် အစိုးရအဆင့် ဆက်ဆံရေးများအတွင်း အလုံးစုံသော အောင်မြင်မှုများရရှိရန်နှင့် ယုံကြည်စိတ်ချရသော ဆက်ဆံရေးကဏ္ဍများ တည်ဆောက်ရာတွင် အရေးပါ သော အချက်တစ်ချက်ပင်ဖြစ်သည်။

SPPRG သည် လူမှုရေးဆိုင်ရာကာကွယ်စောင့်ရှောက်မှု ကိစ္စရပ်တွင် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု အစိတ်အပိုင်းအဖြစ် ဆင်းရဲမွဲတေမှုလျော့ချရေးအား ဦးစားပေးလုပ်ဆောင်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရနှင့် နီးကပ်စွာဆောင်ရွက်ခဲ့သည်။  SPPRG သည် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမွဲတေမှု လျော့ချရန်အတွက် လူမှုဘဝကာကွယ်မှုများကို မည်သို့ပြုလုပ်ရမည်ဆိုသည့် အချက်အလက်များ စုဆောင်းနိုင်ရန် အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

# ၆။ ရန်ပုံငွေစီမံခန့်ခွဲခြင်း

## ၆.၁။ LIFT ၏ ရန်ပုံငွေ ခွဲဝေချထားပေးမှု (ရလဒ်-၇)

ဇယား ၂၂။ ရလဒ် ၇ အတွက် ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်း အကျိုးသက်ရောက်မှုများ။ (LIFT ၏ ရန်ပုံငွေ ခွဲဝေသုံးစွဲခြင်း)

| အညွှန်းကိန်း | ၂၀၁၆ အတွက် LIFT ရည်မှန်းချက် | ၂၀၁၂ ကုန်ထိ ပြီးမြောက်မှု | ၂၀၁၃ ဒုတိယ မှတ်တိုင် | ၂၀၁၃ အကုန် ပြီးမြောက်မှု | ၂၀၁၃ ရည်မှန်းချက်အပေါ် ပြီးမြောက်မှု % |
|---|---|---|---|---|---|
| O 7.1: ရန်ပုံငွေဘုတ်အဖွဲ့၏ အကြံပြုမှုများအား ပေးထားသည့် အချိန်အတွင်း ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု % | ၁၀၀% | ၉၀% | ၉၅% | ၈၆%[၁၀၄] | ၉၀% |
| O7.2: (FM ရော IP များ အတွက်ပါ) အရေးကြီးအဆင့်ဟု စာရင်းစစ်များက သတ်မှတ်သော စာရင်းစစ်ဇရိယာ % နှင့် အရေအတွက် | အဖွဲ့အားလုံး အတွက် "၀" | အဖွဲ့အားလုံး အတွက် "၀" | အဖွဲ့အားလုံး အတွက် "၀" | IP: ၃ (၆%) FM: ၀ (၀%)[၁၀၅] | ၉၄% |

အထက်ပါဇယားအရ ရန်ပုံငွေခွဲဝေခြင်းအပေါ် အချိန်နှင့်အမျှ ရန်ပုံငွေဘုတ်အဖွဲ့၏ ထောက်ခံချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ရန်ပုံငွေဘုတ်အဖွဲ့ မဟာဗျူဟာများနှင့် မူဝါဒများ ရှင်းလင်းတင်ပြရာတွင် ရန်ပုံငွေစီမံခန့်ခွဲရေးရုံးသည် သင့်တင့်ကောင်းမွန်စွာ လုပ်ဆောင်နိုင်သည်ကို သိရှိရသည်။ ဇယားတွင်ဖော်ပြထားသည့် ဒုတိယအညွှန်းကိန်းအရ ရန်ပုံငွေစီမံခန့်ခွဲရေးရုံးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုများကို အမှားအယွင်းမရှိ ထိမ်းချုပ်နိုင်ပြီး၊ ခိုင်မာအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းကို ရည်ညွှန်းပြသနေသည်။ ထိုနည်းတူစွာ IP များမှလည်း စီမံကိန်းဒေသအတွင်း ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ IP များ၏ လုပ်ဆောင်မှုများကို စာရင်းစစ်အဖွဲ့၏ လေ့လာဆန်းစစ်မှုများအရ ၂၀၁၂ ခုနှစ် အဖွဲ့အစည်း ၁၆ ခုမှ အမေရိကန်ဒေါ်လာ ၃၈ သန်း အကူအညီပေးရန် သဘောတူညီမှု လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၈ သန်း တန်ဖိုးရှိ ရန်ပုံငွေချထားရန် သဘောတူညီမှုအသစ် ၁၆ ခုကို လက်မှတ်ရေးထိုးခဲ့သည်။ LIFT ၏ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုကို အောက်တွင်ဖော်ပြထားသည့် လုပ်ငန်းစဉ်များမှတစ်ဆင့် သိရှိနိုင်သည်။

၁။ မြစ်ဝကျွန်းပေါ် (၁)။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် ၂၀၀၉ခုနှစ် နိုဝင်ဘာမှစတင်၍ အဆိုပြုချက်များကို တင်ပြရန်တောင်းထားပြီး၊ တင်ပြလာသော အဆိုပြုချက်များမှ ၂၂ ခုအား တစ်နှစ်စာရန်ပုံငွေ ထောက်ပံ့ရန် ရွေးချယ်လုပ်ဆောင်ခဲ့သည်။ ထိုစီမံကိန်းများသည် ယခုအခါ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ပြီး စုစုပေါင်းအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၉.၆ သန်း ဖြစ်သည်။

၂။ နိုင်ငံအဝန်းဆောင်ရွက်မှု။ အပူပိုင်းဇုန်၊ ချင်း၊ ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်များတွင် လုပ်ငန်းများလုပ်ဆောင်ရန် အဆိုပြုလွှာများအား ၂၀၀၉ခုနှစ် နိုဝင်ဘာလကပင် စတင်တောင်းခဲ့သည်။ စီမံကိန်း ၁၆ ခုကို ရန်ပုံငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၇.၆ သန်း ကူညီထောက်ပံ့ခဲ့သည်။

၃။ မြစ်ဝကျွန်းပေါ် (၂)။ မြစ်ဝကျွန်းပေါ်ဒေသတွင် အာရုံစိုက်လုပ်ဆောင်နိုင်ရန် အဆိုပြုလွှာများကို ၂၀၁၀ အောက်တိုဘာတွင် တောင်းခဲ့သည်။ စီမံကိန်းကိုးခုအတွက် ဘဏ္ဍာငွေ စုစုပေါင်း အမေရိကန် ဒေါ်လာ ၁၈.၂ သန်း သုံးစွဲခဲ့သည်။

၄။ သင်ယူလေ့လာခြင်းနှင့် ဆန်းသစ်တီထွင်မှု။ ၂၀၁၁ ခုနှစ် နိုဝင်ဘာတွင် LIFT မှ သင်ယူလေ့လာခြင်းနှင့် ဆန်းသစ်တီထွင်မှု ပြတင်းပေါက် လုပ်ကွက်သစ်ကို တည်ထောင်ကြောင်း ကြေညာခဲ့သည်။ လျှောက်လွှာများကို အဆက်မပြတ် လက်ခံရရှိခဲ့ပြီး၊ သုံးလတစ်ကြိမ် အကဲဖြတ်မှုများပြုလုပ်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ အကုန်ထိ စီမံကိန်း ၁၇ ခုအတွက် စုစုပေါင်း အမေရိကန် ဒေါ်လာ ၂၀.၆ သန်းအား သုံးစွဲခဲ့သည်။

---

၁၀၄ ၂၀၁၃ ခုနှစ်တွင် ရန်ပုံငွေဘုတ်အဖွဲ့က ထောက်ခံအကြံပြုမှု ၂၈ ခုရှိပြီး ၂၄ ခုကို အချိန်နှင့်တစ်ပြေးညီ အကောင်ထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

၁၀၅ ၂၀၁၃ခုနှစ် စာရင်းစစ်မှုအရ IP များအတွက် စိစစ်တွေ့ရှိမှု ၄၇ ခု ရှိခဲ့ပြီး ၃ ခုမှာ အရေးကြီးအဆင့်တွင် ရှိခဲ့ကာ FMO အတွက် စိစစ် တွေ့ရှိမှု ၃ ခုရှိခဲ့သော်လည်း အရေးကြီးအဆင့် တစ်ခုမျှ မရှိခဲ့ပေ။ ၂၀၁၂ ခုနှစ်တွင် FMO အတွက် စိစစ် တွေ့ရှိမှု စုစုပေါင်း ၂၆ ခုအနက် အရေးကြီးအဆင့် သုညနှင့် IP များအတွက် စိစစ်တွေ့ရှိမှု ၁၆၁ ခုအနက် အရေးကြီးအဆင့် ၉ ခုရှိခဲ့သည်နှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

ဇယား ၂၃။ ၂၀၁၃ ခုနှစ်အတွင်း လက်မှတ်ရေးထိုး ချထားပေးခဲ့သည့် ရန်ပုံငွေပမာဏ (အမေရိကန်ဒေါ်လာ)

| စဉ် | IP အမည် | လုပ်ငန်းခွင်ဧရိယာ | ရန်ပုံငွေစနစ် | စုစုပေါင်း |
|---|---|---|---|---|
| ၁ | IRC | ရခိုင် တက်လမ်း စီမံကိန်း | ရခိုင် | ၂၂၁၈၈၀၆၅ |
| ၂ | ActionAid | လူမှုစီးပွားဖွံ့ဖြိုးရေး ကွန်ရက် (SEDN) | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၁၃၁၂၉၃၆ |
| ၃ | GRET | မြေယာသုတေသန | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၂၂၃၇၄၁ |
| ၄ | Path | ဆန် အာဟာရဖြည့်ခြင်း | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၂၄၉၉၀၀၀ |
| ၅ | FAO | အမျိုးသား စိုက်ပျိုးရေးလုပ်ငန်း စီမံချက် | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၁၇၈၉၇၈၉ |
| ၆ | TAG | ပျားမွေးမြူရေး | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၇၁၆၃၄၁ |
| ၇ | University of Sydney | ဆင်းရဲသူ လူတန်းစားများအတွက် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၂၀၀၇၂၉၀ |
| ၈ | Proximity Designs | အသေးစားချေးငွေလုပ်ငန်း | အားလုံး လက်လှမ်းမီသော ဘဏ္ဍာရေး | ၂၃၀၀၀၀၀ |
| ၉ | GRET | အသေးစားချေးငွေလုပ်ငန်း | အားလုံး လက်လှမ်းမီသော ဘဏ္ဍာရေး | ၂၅၈၂၃၆၂ |
| ၁၀ | FAO | အပူပိုင်းဇုန် ပုံစံထုတ်ရေး လုပ်ငန်း | အပူပိုင်းဇုန် | ၃၉၅၃၃၂ |
| ၁၁ | Pact | အသေးစားချေးငွေလုပ်ငန်း | မြစ်ဝကျွန်းပေါ် ၂ | ၄၄၀၈၂၀ |
| ၁၂ | Entrepreneurs du Monde | အသေးစားချေးငွေဆိုင်ရာ ဟောပြော ဆွေးနွေးပွဲ | အားလုံး လက်လှမ်းမီသော ဘဏ္ဍာရေး | ၃၉၃၈၆ |
| ၁၃ | FAO | မွေးမြူရေး | သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၄၂၆၁၂ |
| ၁၄ | Pact | အသေးစားချေးငွေလုပ်ငန်း | နိုင်ငံအဝှမ်း | ၄၅၂၉၉၅ |
| ၁၅ | UNESCAP | အပူပိုင်းဇုန်အပေါ် မူဝါဒ စေ့စပ်ဆွေးနွေးခြင်း | နိုင်ငံအဝန်း | ၁၁၀၄၉၁၅ |
| ၁၆ | GRET | အသေးစားချေးငွေလုပ်ငန်း | နိုင်ငံအဝန်း | ၅၃၅၃၈ |
|  |  |  |  | ၃၈၁၄၉၁၂၂ |

ရန်ပုံငွေစနစ်များအလိုက် ခွဲဝေချထားပေးမှု
(၂၀၁၃ နှစ်ကုန်ထိ)




၅။ တိုက်ရိုက်ရန်ပုံငွေ။ အကူညီပေးရေး အဖွဲ့အစည်း ၂ခုဖြစ်သည့် (Action Aid နှင့် Oxfam) တို့အား တိုက်ရိုက်ကူညီမှု လုပ်ငန်းစဉ်အောက်တွင် မြစ်ဝကျွန်းပေါ်ဒေသနှင့် နိုင်ငံအဝန်းအတွက် အဆိုပြုလွှာများ တောင်းခံခြင်း) အမေရိကန်ဒေါ်လာ စုစုပေါင်း ၂.၃သန်းကို ထုတ်ပေးခဲ့သည်။ မြစ်ဝကျွန်းပေါ် ဒေသတွင် ထိုစီမံကိန်း နှစ်ခု လုံးအား အကောင်အထည်ဖော်ပြီးဖြစ်သည်။

၆။ အားလုံး လက်လှမ်းမီသော ဘဏ္ဍာရေးစနစ်။ ဆင်းရဲသော ကျေးလက်အိမ်ထောင်စုများအတွက် အသေးစားချေးငွေများ ထောက်ပံ့နိုင်ရန် ရန်ပုံငွေထည့်ဝင်သောလုပ်ကွက်သစ်ကို LIFT မှ ၂၀၁၂ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ကုန်ပိုင်းထိ စီမံကိန်း ခုနှစ်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈.၂ သန်း ထောက်ပံ့ရန် သဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်သည်။

ဇယား ၂၄ - အဖွဲ့အစည်းအမျိုးအစားအလိုက် လက်ခံရရှိသော အလှူငွေစုစုပေါင်း (အမေရိကန်ဒေါ်လာ)[၁၀၆]

| | INGO | UN | NGO | အခြား | စုစုပေါင်း |
|---|---|---|---|---|---|
| မြစ်ဝကျွန်းပေါ် ၁ | ၁၄,၈၉၀,၃၉၇ | ၄,၀၃၇,၉၀၅ | ၆၆၃,၁၈၉ | | ၁၉,၅၉၁,၄၉၀ |
| နိုင်ငံအဝှမ်း | ၂၄,၉၂၇,၂၆၇ | ၆,၉၉၈,၁၆၆ | ၅,၆၈၆,၅၀၇ | | ၃၇,၆၁၁,၉၄၀ |
| မြစ်ဝကျွန်းပေါ် ၂ | ၁၂,၀၇၆,၅၆၂ | ၅,၅၅၉,၁၈၀ | ၆၀၇,၉၂၉ | | ၁၈,၂၄၃,၆၇၁ |
| သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၁၁,၇၄၀,၈၃၀ | ၄,၈၆၃,၁၈၂ | ၁,၃၉၈,၀၅၅ | ၄,၁၁၃,၉၄၂ | ၂၂,၁၁၆,၀၀၉ |
| အားလုံး လက်လှမ်းမီသော ဘဏ္ဍာရေး | ၁၀,၈၅၀,၈၈၂ | ၇,၄၀၂,၇၃၄ | | | ၁၈,၂၅၃,၆၁၆ |
| ရခိုင် | ၂၂,၇၂၀,၈၄၇ | | | | ၂၂,၇၂၀,၈၄၇ |
| အခြား | ၂,၂၉၂,၇၄၄ | ၃၉၅,၃၂၂ | ၀ | ၂၆၈၉,၉၉၀ | ၅,၃၇၈,၀၅၆ |
| စုစုပေါင်း | ၉၉,၄၉၉,၅၂၉ | ၂၉,၂၅၆,၄၈၉ | ၈,၃၅၅,၆၈၀ | ၆,၈၀၃,၉၃၂ | ၁၄၃,၉၁၅,၆၂၉ |
| ရာခိုင်နှုန်း | ၆၉% | ၂၀% | ၆% | ၅% | ၁၀၀% |

## ၆.၂ - ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်များ၏ စွမ်းဆောင်ရည် (ရလာဒ်-၈)

ဇယား ၂၅။ ရလာဒ် ၈ (ရန်ပုံငွေ စီးဆင်းမှုနှင့် IP စွမ်းဆောင်ရည်) အတွက် ၂၀၁၃ ခုနှစ် အကျိုးရလာဒ်

| အညွှန်းကိန်း | ၂၀၁၆ အတွက် LIFT ရည်မှန်းချက် | ၂၀၁၂ ကုန်ထိ ပြီးမြောက်မှု | ၂၀၁၃ ဒုတိယ မှတ်တိုင် | ၂၀၁၃ ကုန်ထိ ပြီးမြောက်မှု | ၂၀၁၃ ရည်မှန်းချက် ပြီးမြောက်မှု % |
|---|---|---|---|---|---|
| လုပ်ဖော်ကိုင်ဖက်များနှင့် ကန်ထရိုက်အရ ရန်ပုံငွေအဖွဲ့မှ ခွင့်ပြုရန်ပုံငွေ ၈.၁% | ၈၇% | ၉၉.၆% | ၈၇% | ၉၉.၆%[၁၀၇] | ၁၁၄% |
| ရန်ပုံငွေက စောင့်ကြည့်အကဲဖြတ်ပြီးသော လုပ်ဖော်ကိုင်ဖက်များ၏ ၈.၁% | ၁၀၀% | ၄၈% | ၁၀၀% | ၁၀၀% | ၁၀၀% |
| ရန်ပုံငွေက အပြီးသတ်ငွေကြေးဆိုင်ရာ ပြန်လည်ဆန်းစစ်ပြီးသော လုပ်ဖော်ကိုင်ဖက်များ၏ ၀.၈၃ % | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |

၁၀၆ ဤအချက်အလက်သည် FMO နှင့် သဘောတူ လက်မှတ် ရေးထိုးထားသည့် IP များ ကိုသာ ရည်ညွှန်းပြီး INGO အများအပြားသည် ဒေသဆိုင်ရာ CSO များအား လက်ဆင့်ကမ်း သဘောတူညီ ဆောင်ရွက်မှုများ ရှိကြသည်။

107 From the audits of IPs, a total of US$69,911 was identified as ineligible expenditure, which represents 0.45% of total expenditures incurred by the IPs (on 37 projects).

၂၀၁၃ ခုနှစ်အတွင်း LIFT မှ IPs များသို့ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၁.၃ သန်း ရန်ပုံငွေပေးခဲ့ပြီး၊ ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၄ ရာခိုင်နှုန်း တိုးမြှင့်လာခဲ့သည်။ အဖွဲ့ဝင်များသို့ ပေးခဲ့သည့် ငွေအကျဉ်းချုပ်ကို အောက်ပါ ဇယားတွင် ကြည့်ရှုနိုင်သည်-

ဇယား ၃၂။ ၂၀၁၃ ခုနှစ်အတွင်း ရန်ပုံငွေ ပံ့ပိုးမှုစနစ်များမှ အစီရင်ခံသော အသုံးစရိတ်နှင့် LIFT အဖွဲ့မှ IP များသို့ ပေးအပ်ငွေ (အမေရိကန်ဒေါ်လာဖြင့်) ပမာဏ

| ရန်ပုံငွေ | ၂၀၁၃ တွင် IP များသို့ ချထား ပေးခဲ့သည့် အသုံးစရိတ် အမေရိကန်ဒေါ်လာ) |
|---|---|
| မြစ်ဝကျွန်းပေါ် - ၁ | ၀ |
| မြစ်ဝကျွန်းပေါ် - ၂ | ၅,၉၇၁,၅၄၅ |
| နိုင်ငံအဝန်း | ၉,၅၁၃,၅၇၆ |
| သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၆,၃၁၇,၁၇၂ |
| အားလုံး လက်လှမ်းမီသော ဘဏ္ဍာရေး | ၄,၂၁၀,၁၇၁ |
| အခြား | ၅,၂၇၄,၅၁၉ |
| စုစုပေါင်း | ၃၁,၂၈၆,၉၈၃ |

## မိတ်ဖက်များ၏ ဆောင်ရွက်ချက်များအား စောင့်ကြည့်ခြင်း

LIFT ရန်ပုံငွေစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်စောင့်ကြည့်မှု အဓိက လုပ်ငန်းစဉ်များမှာ အောက်ပါတို့ဖြစ်သည်။

၁။ ရန်ပုံငွေ မန်နေဂျာနှင့် ရန်ပုံငွေဘုတ်အဖွဲ့တို့မှ ပုံမှန်ကွင်းဆင်း ဆောင်ရွက်ခြင်း။

၂။ ရန်ပုံငွေမန်နေဂျာသို့ တစ်နှစ်ကို နှစ်ကြိမ် တင်သွင်းသော အစီရင်ခံစာများ။

၃။ စီမံကိန်းများအား အခါအားလျော်စွာ ပြန်လည်ဆန်းစစ်ခြင်း။

၄။ ပြင်ပစာရင်းစစ်အဖွဲ့ဖြင့် စာရင်းစစ်ဆေးခြင်း။

ရန်ပုံငွေ မန်နေဂျာသည် LIFT ၏ စီမံကိန်း နေရာများသို့ တစ်နှစ်လျှင် သုံးကြိမ် အနည်းဆုံး သွားရောက်လေ့ရှိ သည်။ ရန်ပုံငွေမန်နေဂျာမှ ဖြေရှင်းရန် လိုအပ်သည့် အရေးကြီးသည့် ကိစ္စရပ်များရှိသည်ဟုသတိပြုမိလျှင် စီမံကိန်းများ သို့ နှစ်စဉ် လေးကြိမ်နှင့်အထက် သွားရောက်ရသည်။ ထိုခရီးစဉ်များအတွင်း စီမံကိန်းများ တိုးတက်မှုကို အကဲဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းဆိုင်ရာ ပြဿနာများကို မှတ်သားခြင်း၊ အသုံးပြုခဲ့သော နည်းလမ်းများအား နှိုင်းယှဉ်လေ့ လာခြင်းဖြင့် သင်ခန်းစာများ ရယူနိုင်ရန်ကြိုးပမ်း ဆောင်ရွက်ခြင်းများ ပြုလုပ်သည်။ ထိုသို့သွားရောက်ပြီးနောက်တွေ့ရှိချက်များ နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များကို လုပ်ဖော်ကိုင်ဖက်များနှင့် ပြန်လည်ဆွေးနွေးရသည်။ ရန်ပုံငွေဘုတ်အဖွဲ့ အဖွဲ့ဝင်များကလည်း ထိုစီမံကိန်းများသို့ ပုံမှန် သွားရောက်ရ သည်။ ၂၀၁၃ ခုနှစ်တွင် ရန်ပုံငွေ မန်နေဂျာမှ ကျေးရွာ ၄၄၆ ရွာသို့ ၁၆၉ ကြိမ် ကွင်းဆင်း စောင့်ကြည့် ခရီးစဉ်သွားရောက်ခဲ့ရာ ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ကျေးရွာပေါင်း ၂၈ ရာခိုင်နှုန်းနှင့် ခရီးစဉ် ၄၁ ရာခိုင်နှုန်း တိုးမြှင့်လာခဲ့သည်။ ရန်ပုံငွေ မန်နေဂျာကစောင့်ကြည့်မှုသည် ၂၀၁၃ ခုနှစ်တွင် ထူးထူးခြားခြား တိုးမြှင့်လာသည်ကို တွေ့ရှိရသည်။

LIFT ရန်ပုံငွေ စီမံကိန်းများကို နှစ်စဉ်  စာရင်းစစ်ပြီးနောက် စာရင်းစစ်တွေ့ရှိချက်များကို ဆောင်ရွက်ရမည်။

လုပ်ငန်းစီမံချက်များကို IP များက ပြုစုရသည်။ IPs များသည် နှစ်စဉ်နှင့် နှစ်ဝက် အစီရင်ခံစာများတွင် ယင်းစီမံချက် အကောင်အထည်ဖော်မှုကို ထည့်သွင်းရေးသားရသည်။ IP များသည် အစုတွင်း ငွေကြေး ထိန်းချုပ်မှုများကို ထိထိရောက်ရောက် လုပ်ဆောင်ပေးရန် ရန်ပုံငွေမန်နေဂျာသည် ဤသို့နည်းဖြင့် အဓိကဆောင်ရွက်သည်။

လုပ်ဖော်ကိုင်ဖက်များ၏ စီမံကိန်း စီမံခန့်ခွဲမှုကို စနစ်တကျစောင့်ကြည့်သည့် နည်းလမ်းသစ် တစ်ခုကို LIFT မှ ၂၀၁၂ ခုနှစ်တွင် စတင် အသုံးပြုခဲ့သည်။ သေချာစွာရွေးချယ်ထားသော အညွှန်းကိန်း ငါးခုကို အခြေပြုပြီး၊[၁၀၈] LIFT ရန်ပုံငွေ ထည့်ဝင်ထားသည့် စီမံကိန်းတစ်ခုစီ၏ စိုးရိမ်ဖွယ်အခြေအနေကို အဆင့်အလိုက် အရောင်သုံးရောင်ခွဲခြားပြီး ပြစေသည်။၂၀၁၃ ခုနှစ်အတွင်း စီမံကိန်းများ၏ ဆောင်ရွက်မှု ရလာဒ်ကို အောက်တွင်ရှိသော ဇယားတွင် အကျဉ်းချုပ်ဖော်ပြထားသည်။

ဇယား ၂၇။ အရောင်သုံးရောင်ဖြင့်ပြသော စီမံကိန်း စီမံခန့်ခွဲမှုစိုးရိမ်ဖွယ်ဖြစ်စဉ်ပြ အညွှန်းကိန်းများ (၂၀၁၃)

| အညွှန်းကိန်း | ထိခိုက်နိုင်ချေ နည်း (စိမ်း) | | | ထိခိုက်နိုင်ချေ သင့် (ဝါ) | | | ထိခိုက်နိုင်ချေ မြင့် (နီ) | | |
|---|---|---|---|---|---|---|---|---|---|
| | သတ်မှတ်နှုန်း | ရန်ပုံငွေ % | | သတ်မှတ်ချက် | ရန်ပုံငွေ % | | သတ်မှတ်ချက် | ရန်ပုံငွေ % | |
| | | ၂၀၁၂ | ၂၀၁၃ | | ၂၀၁၂ | ၂၀၁၃ | | ၂၀၁၂ | ၂၀၁၃ |
| အထောင်အထည်ဖော်နှုန်း | >၉၀% လမ်းကြောင်းမှန် | ၄၄% | ၄၈% | >၇၁%-၉၀% လမ်းကြောင်းမှန် | ၂၃% | ၃၁% | >၇၀% လမ်းကြောင်းမှန် | ၃၃% | ၂၁% |
| နှစ်စဉ်အသုံးစရိတ် | >၉၀% သုံးစွဲပြီး | ၂၁% | ၃၄% | >၇၁%-၉၀% သုံးစွဲမှု | ၃၃% | ၃၇% | >၇၀% သုံးစွဲပြီး | ၄၅% | ၂၉% |
| အချိန်မှန် အစီရင်ခံမှု | ၀ ရက် နောက်ကျ | ၆၁% | ၇၇% | ၁-၇ ရက် နောက်ကျ | ၁၈% | ၇% | ၈ ရက် နောက်ကျ | ၂၀% | ၁၆% |
| ပြည့်စုံမှု | ၁၀၀% ပြီးစီး | ၂၁% | ၁၀၀% | >၇၁%-၉၉% ပြီးစီး | ၃၁% | ၀% | ၇၀% ပြီးစီး | ၄၈% | ၀% |
| စီမံခန့်ခွဲနိုင်မှု | ၀ မတွေ့ရှိ | ၅၂% | ၆၄% | ၁-၃ တွေ့ရှိ | ၂၈% | ၃၀% | >၃ တွေ့ရှိ | ၂၀% | ၆% |
| ယေဘုယျနှုန်း | | ၃၂% | ၄၈% | | ၄၁% | ၄၁% | | ၃၂% | ၁၁% |

အထက်ပါ ဇယားအရ ဆောင်ရွက်နေသော စီမံကိန်း ၄၈ ရာခိုင်နှုန်းသည် စီမံခန့်ခွဲမှုအညွှန်းကိန်း ၅ ခုနှင့်တိုင်းတာပါက ထိခိုက်နိုင်ချေ နည်း အဆင့်တွင် ပါရှိပြီး ၁၁% သည် ထိခိုက်နိုင်ချေမြင့် အဆင့်တွင် ပါရှိသည်။ ၂၀၁၂ ခုနှစ် နှစ်စဉ် အစီရင်ခံစာနှင့် နှိုင်းယှဉ်သော် ထူးခြားစွာ တိုးတက်မှုများ ရှိခဲ့ကြောင်း တွေ့ရှိရသည်။ အဓိက တိုးတက်မှုမှာ အစီရင်ခံစာပြည့်စုံမှုပင် ဖြစ်သည်။ စာရင်းစစ်များ၏ တွေ့ရှိချက်များကို IP များကတဆင့် ပြခဲ့ရာတွင် စာရင်းစစ်တွေ့ရှိချက်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ညွှန်ပြလျက်ရှိသည်။

## ၆.၃။ စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်း

LIFT ၏ စောင့်ကြည့်လေ့လာရေးစနစ်သည် IPsများ၏ အရည်အသွေး တပြေးညီဖြစ်စေရန် တွန်းအားပေးမှုကို ၂၀၁၃ ခုနှစ်တွင် ပြန်လည်မွမ်းမံခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် IP များထံ ရရှိသော အချက်အလက်များကို လေ့လာဆန်းစစ်ရာတွင် ပြဿနာများစွာကိုတွေ့ရသည်။ ယင်းတို့တွင် - အချို့ အညွှန်းကိန်းများကို IP များ နားလည်မလည်ခြင်း၊ တိုင်းတာရန် စံပြုကိရိယာများ နည်းပါးခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ၂၀၁၃ နှစ်စတွင် ရန်ပုံငွေ မန်နေဂျာထံသို့ ခြောက်လ တစ်ကြိမ် ပေးပို့ရသော M&E အချက်အလက် ပုံစံများကို ရိုးရှင်းအောင် ပြုလုပ်ပြီး အသေးစိတ် လမ်းညွှန်စာအုပ်ကို အင်္ဂလိပ်နှင့်မြန်မာ နှစ်ဘာသာဖြင့် ရေးသားထုတ်ပြန်ခဲ့သည်။ LIFT ၏ သတင်းအချက်အလက်နှင့် စီမံခန့်ခွဲမှုစနစ်ကိုလည်း ထိုပြောင်းလဲမှုနှင့် ကိုက်ညီအောင် ပြန်လည်မွမ်းမံခဲ့သည်။

IP M&E စနစ် ပြန်လည် သုံးသပ်မှုလုပ်ငန်းစဉ်တစ်ခုကို M&E ကိန်းဂဏန်းအချက်အလက်များနှင့် လုပ်ငန်းစဉ် အကဲဖြတ်ရန် ရေးဆွဲခဲ့သည်။ ထိုလုပ်ငန်းစဉ်ကို စမ်းသပ်ခဲ့ပြီး၊ ယခုအခါ အပြည့်အဝ အကောင်အထည်ဖော်

---

၁၀၈ အသုံးပြုထားသော အညွှန်းကိန်းများအကြောင်း အသေးစိတ်ကို LIFT ၏ ၂၀၁၂ နှစ်ပတ်လည် အစီရင်ခံစာတွင် လေ့လာနိုင်သည်။

ဆောင်ရွက်နေပြီဖြစ်သည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကုန်တွင် IP ၁၈ ဦးသည် သူတို့၏ စနစ်များကို ပြန်လည် သုံးသပ်ခဲ့ကြသည်။ IP များကို ၎င်းတို့၏ စီမံကိန်းများကိုနောက်ဆုံး အကဲဖြတ်ရာတွင် အသုံးပြုရန် အသုံးပြုမည့် စည်းကမ်းချက်များနှင့် နည်းလမ်းများအတွက် လမ်းညွှန်ချက်များကို ပေးသည်။ ၂၀၁၃ ခုနှစ်တွင် LIFT သည် ၎င်း၏ လုပ်ဆောင်မှုများကို ပိုမိုသိရှိရန်နှင့် သတင်းပေးပို့မှုကို ပိုမိုကောင်းမွန်စေရန် လေ့လာမှုများကို ဆောင်ရွက်စေခဲ့သည်။

## နိုင်ငံအဝန်းနှင့် မြစ်ဝကျွန်းပေါ် ၂ အစီအစဉ်များအပေါ် LIFT ၏ ကာလလယ် သုံးသပ်ချက် (MTR)

LIFT ၏ လုပ်ဖော်ကိုင်ဖက်များသည် မျှော်မှန်းထားသည့် ရလဒ်များ၊ အကျိုးသက်ရောက်မှုများ အောင်မြင်မှုလမ်းကြောင်းပေါ်တွင် ရောက်ရှိနေသလားဆိုသည်ကို ဆုံးဖြတ်ရန် ကာလလယ် သုံးသပ်ချက် (MTR)[၁၀၉] ကို သုတေသနမေးခွန်း ၃၇ ခုဖြင့်လမ်းညွှန်ခဲ့သည်။ အပြီးသတ် အစီရင်ခံစာအား ၂၀၁၄ ခုနှစ်အစောပိုင်းတွင် ထုတ်ပြန် ကြေညာမည် ဖြစ်သည်။ တွေ့ရှိချက် အချို့ကို အောက်တွင်ဖော်ပြထားသည်။

နိုင်ငံအဂန်း အစီအစဉ်ထက် မြစ်ဝကျွန်းပေါ် ၂ အစီအစဉ်က ပို၍သာလွန်သော်လည်း လုပ်ဖော်ကိုင်ဖက်များသည် သွင်းအားစုများကို အချိန်မီ ပေးသွင်းနိုင်ခဲ့ပြီး မျှော်မှန်းရလဒ်များ ထွက်ပေါ်လာရန် အနေအထားတွင် ရှိနေကြောင်း ထိုအစီရင်ခံစာတွင် ဖော်ပြထားသည်။ သို့သော် ဂေဖန်အကဲဖြတ်ထားသည့် လှုပ်ရှားမှု ၃၀ ရာခိုင်နှုန်းသည် နည်းပါးသော သို့မဟုတ် မရှင်းလင်းသော သက်ရောက်မှုများ ရှိနေကြောင်း ဖော်ပြထားသည်။

အလုပ်ဖြစ်သောဆောင်ရွက်ချက်များတွင် အခြေခံအဆောက်အအုံပေါ်တွင် တည်ဆောက်ထားသည့်CFW လုပ်ငန်းအစီအစဉ်များ၊ အစိုးရနှင့် သတင်းအချက်အလက်များဖလှယ်ခြင်း၊ နည်းပညာဆိုင်ရာ အထောက်အပံ့ ပေးထားသည့် ကောင်းမွန်သည့်ပုံစံဖြင့် တည်ဆောက်ထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ(VDCS)၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (CBOs) နှင့် ကိုယ်ထူကိုယ်ထအုပ်စုများ (SHGs)နှင့် ကျေးရွာလူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး ရန်ပုံငွေ စသည်တို့ ပါဂင်သည်။

ရတနာရှော၊ မေတ္တာ နှင့် AVSI အဖွဲ့များမှ စပါးစိုက်လယ်သမားများကို ထောက်ပံ့ခြင်း၊ Pact ၏ အသေးစားချေးငွေလုပ်ငန်း လုပ်ဆောင်မှုများ၊ Action Aid's ၏ ဆောင်ရွက်မှု စီမံကိန်းများနှင့် HelpAge/ YWCA နှင့် SWISSAID/SSLDO တို့၏ ဝင်ငွေရရှိမှု ဆောင်ရွက်ချက်တို့သည် အထူးစိတ်ဝင်စားခံရသည့် လုပ်ငန်း သို့မဟုတ် အောင်မြင်သည့်လုပ်ငန်းများဖြစ်ကြသည်။

အတွေးအခေါ်နှင့် နည်းပညာအသစ်များအားကို စတင်မိတ်ဆက်ခြင်းကို ကျေးရွာလူထုက သိပ်စိတ်မဂင်စားပေ။ ယင်းတို့တွင် ဆန်စပါး စိုက်ပျိုးရေးနည်းလမ်းသစ်များ ဩဂဲနစ်မြေဩဇာများကို စမ်းသပ်သုံးစွဲခြင်း၊ သမဂါယမ စီးပွားရေးအုပ်စုများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်များ တည်ဆောက်ခြင်းတို့ ပါဂင်သည်။

## အရပ်ဘက် လူမှုအဖွဲ့အစည်းများ အားကောင်းစေရန် LIFT ၏ ထောက်ပံ့မှုများ၏ ထိရောက်မှု

အရပ်ဘက် လူမှုအဖွဲ့အစည်းများ အားကောင်းလာစေရန် LIFT ၏ ထောက်ပံ့မှုများ ထိရောက်မှုရှိမရှိကို အကဲဖြတ်ရန် ၂၀၁၃ နှစ်ကုန်ပိုင်းတွင် လေ့လာရေးအဖွဲ့တစ်ခုကို တာဂန်ပေးခဲ့သည်။ (အခန်း ၄.၁ သို့ကြည့်ပါ) LIFT နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကာလအတွင်း စနစ်များ၊ စွမ်းဆောင်ရည်များ တိုးတက်လာခဲ့သည်ဟု လေ့လာခဲသော အဖွဲ့အစည်း ငါးခုမှ  တင်ပြခဲ့သည်။ ဒေသဆိုင်ရာ NGO များက စီမံကိန်း စီမံခန့်ခွဲမှု နည်းလမ်းအားလုံး အထူးသဖြင့် စောင့်ကြည့်စစ်ဆေးမှုကို နားလည်ခဲ့ကြောင်း၊ လုပ်ဆောင်တတ်လာကြောင်း တင်ပြခဲ့သည်။ အစီရင်ခံစာရေးသားခြင်း၊ ဘဏ်ဂျက်ဆိုင်ရာ ကိစ္စရပ်များ၊ အစီအစဉ်တကျရေးဆွဲခြင်းနှင့်အစီအစဉ် ချမှတ်ခြင်းတို့တွင် အဖွဲ့အစည်းတစ်ခုလုံး စည်းကမ်းကျလာမှုသည် ဒုတိယ အများဆုံး တင်ပြခဲ့ကြသည်။ လေ့လာခဲ့သည့် အဖွဲ့အစည်း အားလုံးမှ ၎င်းတို့၏ စောင့်ကြည့်စစ်ဆေးမှုစနစ်နှင့် လက်တွေ့ကျင့်သုံးမှုများသည်  LIFT နှင့်ဆက်သွယ်ရေးမှု တိုက်ရိုက်

---

၁၀၉ LIFT ၏ ကာလလယ် သုံးသပ်ချက်ကို လုပ်ဆောင်ရန် Mekong Economics Ltd. နှင့် ပြည်တွင်းမှ Golden Plains တို့က သဘောတူစာချုပ် ချုပ်ဆို လုပ်ဆောင်ခဲ့သည်။ ထိုသုံးသပ်ချက်အား အစီရင်ခံစာ စာရွက်စာတမ်းများ လေ့လာသုံးသပ်မှုဖြင့် စတင်ခဲ့ပြီး ဖြစ်စဉ်လေ့လာမှု ခြောက်ခုနှင့် သီးခြားအဖွဲ့လိုက် ဆွေးနွေးမှု ၁၉ ခုတို့ပါဝင်သည့် ကွင်းဆင်းသုတေသနလုပ်ငန်းကို Golden Plains က ဦးဆောင် ပြုလုပ်ခဲ့သည်။ ထို့နောက် LIFT ၏ IP များနှင့် ထပ်မံ ညှိနှိုင်းတိုင်ပင်မှုများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ ထိုစီမံကိန်းအတွက် ရွာပေါင်း ၄၀ ကျော်သို့ သွားရောက်ခဲ့သည်။

110 Some treatment villages and control villages were replaced when it was determined that several LIFT IPs had changed their plans and did not undertake project activities in their proposed treatment villages or, in a few cases, commenced work in villages that they had previously identified as control villages (where they did not plan to work).

အကျိုးသက်ရောက်မှုဖြစ်ကြောင်း ဖော်ပြခဲ့သည်။

သို့သော် ထိုစီမံကိန်းများအရ ဆောင်ရွက်ပေးခဲ့သောသင်တန်းများ၊ အထူးသဖြင့် CSO ၏ နည်းပညာများနှင့် အထွေထွေ စွမ်းဆောင်ရည်တိုးမြှင့်ရေး လေ့ကျင့်ရေး အစီအစဉ်များသည် အကျိုး သက်ရောက်မှု နည်းပါးခဲ့သည်။ စိတ်ပျက်စရာကောင်းသည်ဟု အစီရင်ခံစာတွင် ရေးသားထားသည်။

## LIFT ၏ ၂၀၁၃ အိမ်ထောင်စု စစ်တမ်း

အိမ်ထောင်စုတစ်ခု၏ အသက်မွေးဝမ်းကျောင်းမှု၊ စားနပ်ရိက္ခာဖူလုံမှု၊ အစားအသောက် အသုံးစရိတ်နှင့် အာဟာရဆိုင်ရာတို့ကို သတ်မှတ်ထားသော အခြေခံအချက်အလက်များနှင့် နှိုင်းယှဉ်ခြင်းနှင့် အစီအစဉ်ခွဲများ၏ အရည်အသွေး အလုံးစုံကို အကဲဖြတ်ရန်အတွက် ကြီးမားသော စစ်တမ်းကောက်ယူမှုတစ်ခုကို ၂၀၁၃ အောက်တိုဘာလအတွင်း LIFT မှ ဆောင်ရွက်ခဲ့သည်။

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံမှုဆိုင်ရာ အညွှန်းကိန်းများ အပြောင်းအလဲကို ၂၀၁၁ ခုနှစ်တွင် လုပ်ဆောင်ခဲ့သော စစ်တမ်းကို အခြေခံ၍ဆုံးဖြတ်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် အခြေခံအိမ်ထောင်စု အချက်အလက်များစစ်တမ်းတွင် ပါဝင်သော စီမံကိန်းဝင်ကျေးရွာများနှင့် စီမံကိန်းတွင် အကျုံးမဝင်သော ကျေးရွာများအား ပြန်လည်ခြုံငုံမိစေရန် အတတ်နိုင်ဆုံး လုပ်ဆောင်ခဲ့သည်။[၁၁၀] တက်လမ်း စီမံကိန်းသည် နှောင့်နှေးခဲ့ပြီး ထပ်မံစစ်တမ်းကောက်ရန် အစီအစဉ်ရေးဆွဲလိုက်သောကြောင့်၊ ၂၀၁၃ ခုနှစ် အိမ်ထောင်စုစစ်တမ်းတွင် ရခိုင်ပြည်နယ်တွင် ဂီရိမုန်တိုင်းဒဏ်ခံ မြို့နယ်များမပါဝင်ပါ။ ထို့ပြင် ၂၀၁၃ ခုနှစ်အတွင်း အိမ်ထောင်စုများကို ပထမဆုံးအကြိမ် စာရင်းကောက်ယူရာတွင် ၂၀၁၁စစ်တမ်းကို အခြေခံသော မေးခွန်းများအပြင်၊ အသက် ငါးနှစ်အောက်ကလေးများ၏ အာဟာရနှင့် မနုဿဗေဒဆိုင်ရာ အချက်အလက်များအပြင် အိမ်ထောင်စုများ၏ အစားအသောက် အသုံးစားရိတ်များကို စာရင်းကောက်ယူခဲ့သည်။ ၄င်းအချက်အလက်များအား လာမည့် ၂၀၁၄ ခုနှစ်တွင် ထပ်မံကောက်ယူရန်ရှိပြီ LIFT မှ ဆောင်ရွက်မည့် စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဂမ်းကျောင်းမှု လုပ်ငန်းများ ဆောင်ရွက်မည့်ဒေသများအတွက် အခြေခံအိမ်ထောင်စု အချက်အလက်များ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။

၂၀၁၄ ခုနှစ်အစောပိုင်းတွင် ကိန်းဂဏန်းစုစည်းမှုဇယား ပြီးစီးခဲ့ပြီး၊ စိစစ်သုံးသပ်မှုကို ဆက်လက် လုပ်ဆောင်နေသည်။ အခြေခံအချက်အလက်များနှင့် နှိုင်းယှဉ်သုံးသပ်ချက်များပါဝင်သည့် အစီရင်ခံစာအကြမ်းကို ၂၀၁၄ မတ်လတွင်တင်ပြမည်ဖြစ်သည်။ LIFT သည် စစ်တမ်းကိန်းဂဏန်း အချက်အလက်များကို လူထုသို့ ထုတ်ပြန်ပေးမည်ဖြစ်ရာ ထပ်ဆင့် စဉ်းစားသုံးသပ်မှုများအား ခွင့်ပြုမည် ဖြစ်ပါသည်။

## လယ်ယာထွက်ကုန်နှင့် စီးပွားရေးစစ်တမ်း

၂၀၁၃ နှစ်ကုန်ပိုင်းနှင့် ၂၀၁၄ နှစ်လယ်တွင် ဆောင်းနှင့် နွေသီးနှံများမှ ရရှိသော ဝင်ငွေနှင့် စိုက်ပျိုးရေး ထုတ်ကုန်များနှင့် ဆက်စပ်နေသည့် အချက်အလက်များ ကောက်ယူခြင်းကို တစ်နိုင်ငံလုံးတွင် လုပ်ဆောင် မည် ဖြစ်သည်။ စီးပွားရေး အခြေအနေနှင့် မူဝါဒများ ပြောင်းလဲရန်အတွက် လယ်ယာမြေ အနည်းငယ်သာ ပိုင်ဆိုင်သူတို့၏ သီးနှံထုတ်လုပ် တုံ့ပြန်မှု များကို အကဲဖြတ်ရာတွင် ဤအချက်အလက်များကို အခြေခံမည်

---

၁၁၀ LIFT ၏ အကောင်ထည်ဖော်ဆောင်ရွက်သူများ၏ စီမံကိန်းများ ပြောင်းလဲခြင်းနှင့် ယခင်က ၎င်းတို့ စီမံကိန်းများ လုပ်ဆောင်မည်ဟု အဆိုပြုထားသည့် ရွာများတွင် စီမံကိန်း မလုပ်ဆောင်ဖြစ်သောအခါ (သို့မဟုတ်) ၎င်းတို့ အဆိုပြုထားသည့် ရွာတွင် စီမံကိန်းများ စတင်သည့်အခါတွင် ပြဿနာအနည်းငယ် ရှိလာသဖြင့် စီမံကိန်းဝင်ကျေးရွာများနှင့် စီမံကိန်းတွင် အကျုံးမဝင်သော ကျေးရွာများအား ရွာအချို့တွင် အစားထိုးလုပ်ဆောင်ခဲ့သည်။

ဖြစ်သည်။ ဤစစ်တမ်းကို ကြီးကြပ်ရန်နှင့် နည်းပညာအထောက်အကူကို ကမ္ဘာ့ဘဏ်နှင့် FAO တို့က ပေးအပ်သည်။

### LIFT ၏ စောင့်ကြည့်အကဲဖြတ်မှု ဖြစ်စဉ် ပြောင်းလဲလာခြင်း

လာမည့်နှစ်တွင် အောက်ပါတို့နှင့်ကိုက်ညီအောင် စောင့်ကြည့်အကဲဖြတ်မှုလုပ်ငန်းစဉ်များကို ပြင်ဆင်ရန်ဖြစ်သည်-

(က) ငွေကုန်ရကျိုးနပ်မှု - ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ နည်းလမ်းကို ၂၀၁၃ ခုနှစ်တွင် ရေးဆွဲခဲ့သည်။ (အခန်း ၆.၄ တွင် ကြည့်ပါ) ငွေကုန်ရကျိုးနပ်မှုကို စီမံကိန်းများတွင်သာမက ဘဏ္ဍာရေးမန်နေဂျာ၏ များပြားလှစွာသော လုပ်ငန်းများတွင်လည်း ဆောင်ရွက်လျက်ရှိသည်။ ဤနည်းလမ်းကို အကောင်အထည်ဖော်ရန် LIFT ၏ လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များ၊ IP များနှင့်ချုပ်ဆိုသည့် စာချုပ်များ LIFT ၏ သတင်းအချက်စုဆောင်းမှုများ၊ လေ့လာသုံးသပ်မှု အစီရင်ခံစာတင်ပြသည့်စနစ်များတို့တွင် ပြောင်းလဲမှုများ ပြုလုပ်ရန်လိုအပ်သည်။ ငွေကုန်ရကျိုးနပ်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို နောက်ဆက်တွဲ ၅ တွင် တွေ့ရှိနိုင်မည် ဖြစ်သည်။

(ခ) LIFT ၏ မဟာဗျူဟာအား ပြန်လည်သုံးသပ်ခြင်း - ၂၀၁၃ နှောင်းပိုင်းတွင် စတင်ခဲ့သည့် LIFT မဟာဗျူဟာ ပြန်လည် သုံးသပ်ရာတွင် LIFT ၏ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းမူဘောင်နှင့် ယုတ္တိမူဘောင်တို့ကို ပြန်လည်သုံးသပ်ရန် လိုမည်ဖြစ်သည်။ LIFT ၏ လက်ရှိစောင့်ကြည့်အကဲဖြတ်ခြင်းနှင့် သတင်းအချက်အလက်ဆိုင်ရာ စနစ်များကို နိုင်ငံအဝန်း၊ မြစ်ဝကျွန်းပေါ် ၁ နှင့် မြစ်ဝကျွန်းပေါ် ၂ စီမံကိန်းများအတွက် ပုံစံထုတ်လုပ် ရေးဆွဲခဲ့သည်။ LIFT ၏ ရန်ပုံငွေလုပ်ကွက်အသစ်များ (ဥပမာ- သင်ယူခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း၊ အားလုံးပါဝင်နိုင်သော ဘဏ္ဍာရေးနှင့် တက်လမ်း) နှင့် မကိုက်ညီဘဲရှိသည်။ သို့သော် စီမံကိန်းများစွာ ကို ဤလုပ်ကွက်အသစ်ဖြင့် ထောက်ပံ့နေသည်။ ၂၀၁၃ ခုနှစ် နှောင်းပိုင်းတွင် သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်းလုပ်ကွက်အောက်တွင် အတည်ပြုထားသည့် စီမံကိန်း ၂၂ ခု ရှိနေသည်။ အကျိုးဆက်အနေဖြင့် အနည်းငယ်သော အညွှန်းကိန်းများကိုသာ စုဆောင်းရရှိသည်။ ထို့ပြင် LIFT ၏ နည်းဗျူဟာ ပြန်လည်သုံးသပ်မှုသည် LIFT ကို အခြားစီမံကိန်းအသစ်များသို့ ဦးဆောင်သွားရန်ရှိသည်။

ထို့ကြောင့် စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း မူဘောင်အသစ်ကို မဟာဗျူဟာအသစ်ဖြင့် ညှိနှိုင်းဆောင်ရွက်ရေးရန် ၂၀၁၄ ခုနှစ် အစောပိုင်းတွင် လိုအပ်လာမည်ဖြစ်သည်။ LIFT ၏ အစီအစဉ်နှင့် ရည်မှန်းချက်၊ ရည်ရွယ်ချက်များကို မည်သို့ ပါဝင်ဆောင်ရွက်မည်ဆိုသည်ကို လက်တွေ့ကျသော၊ ကျိုးကြောင်း ဆီလျော်သော ဆက်နွယ်မှုတို့ဖြင့် ပိုမိုရှင်းလင်းပြတ်သားစွာ လမ်းညွှန်မည့် ပြောင်းလဲမှု သီအိုရီကို ဦးစွာရေးဆွဲသင့်သည်။

## ၆.၄။ ဆက်သွယ်ဆက်ဆံရေး

LIFT သည် ၂၀၁၂ ခုနှစ်တွင် လုပ်ငန်းစတင်ခဲ့ရာ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူသိများ ထင်ရှားနေပြီဖြစ်သည်။ ယခုအခါ ဒေသခံ ပတ်သက်ဆက်နွယ်သူများက ကောင်းစွာသိရှိနေပြီဖြစ်သည်။

### ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ဆိုင်ရာ LIFT ဖိုရမ်

LIFT သည် ဗဟုသုတဝေမျှသော ညီလာခံများကို နှစ်စဉ်ပြုလုပ်သည်။ ၂၀၁၃ခုနှစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းပြုလုပ်သည့် LIFT ၏ ညီလာခံတွင် ကျေးလက်ဒေသဖွံ့ဖြိုးမှုဆိုင်ရာ အစိုးရ၏

မဟာဗျူဟာမူဘောင်ကို တင်ပြဆွေးနွေးနိုင်ခဲ့သည်။ ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသဆိုင်ရာ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အရပ်ဘက် အဖွဲ့အစည်းများ ကုလသမဂ္ဂမှ ပတ်သက်ဆက်နွယ်သူများက ယင်းမူဝါဒကို ဝင်ရောက် ဆွေးနွေးခွင့်ရရှိခဲ့သော ညီလာခံကို သမ္မတ ဦးသိန်းစိန်မှ ဖွင့်လှစ်ပေးခဲ့သည်။

ထိုဆွေးနွေးပွဲတွင် ကျေးလက်နေဆင်းရဲသားများ၏ အသက်မွေးဝမ်းကျောင်းမှုများ တိုးတက်လာရေးအတွက် လူထုဗဟို ပြုချဉ်းကပ်ဆောင်ရွက်မှုနှင့် စဉ်ဆက်မပြတ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော မူဘောင်အသစ်ကို ဆွေးနွေးခဲ့ကြသည်။ ဦးစားပေးရမည့်နေရာနှင့် လုပ်ရှားမှုအမျိုးအစားကို ရွေးချယ်ခြင်း၊ ရေရှည်ရန်ပုံငွေရရှိရေး အောင်မြင်စွာအကောင်အထည်ဖော်ရန် လိုအပ်သည့်စွမ်းဆောင်ရည်များ တည်ဆောက်ပေးခြင်း စသည်တို့သည် တွေ့ကြုံရမည့် အခက်အခဲများဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။

ထိုဆွေးနွေးပွဲတွင် အဓိကရလာဒ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း လုပ်ဖော်ကိုင်ဖက်များ အသင်းအဖွဲ့ တစ်ခုကိုဖွဲ့စည်းနိုင်ခဲ့သည်။ ထိုအသင်းအဖွဲ့၏ ပထမဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ပြုလုပ်ခဲ့ ပြီး၊ နိုင်ငံတော် သမ္မတရုံး ဝန်ကြီးဦးစိုးသိန်းက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

### မီဒီယာ

ရန်ပုံငွေ မန်နေဂျာသည် ယခုအခါ နိုင်ငံတွင်း မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များတွင် သတင်းအချက် အလက်များ ဝေမျှပေးသည့် မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအုပ်စု၏ အချိန်ပြည့် အဖွဲ့ဝင်တစ်ဦး ဖြစ် သည်။ ထိုအဖွဲ့တွင် ဒေသခံအဖွဲ့နှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဖော်ကိုင်ဖက်များ၊ အမျိုးသားမီဒီယာအဖွဲ့အစည်းများ၊ လူမျိုးစု မီဒီယာအဖွဲ့အစည်းများနှင့် လွတ်လပ်သော သတင်းထောက် အဖွဲ့အစည်း စသည့် အဖွဲ့အစည်း ၂၅ ခုတို့ပါဝင်သည်။ ထိုအဖွဲ့အစည်းတွင် UNESCO ဝန်ထမ်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတို့က သဘာပတိအဖြစ် ဆောင်ရွက်သည်။

LIFT သည် ၎င်း၏ လှုပ်ရှားမှုများကို ဖော်ပြပေးရန် ဒေသတွင်းနှင့် နိုင်ငံတကာ သတင်းထောက်များနှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ LIFT အကြောင်း သတင်းများကို မြန်မာတိုင်း၊ MITV၊ အလဲဗင်း သတင်းစာ၊ BANGKOK



အစိုးရ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာ မူဘောင်ကို ချပြ မိတ်ဆက်ခဲ့သည့် LIFT ၏ ၂၀၁၃ နှစ်ပတ်လည် ညီလာခံကို နိုင်ငံတော် သမ္မတ ဦးသိန်းစိန် တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

POST၊ AI JAZEERA၊ REUTERS၊ AFP နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) တို့တွင်  ဖော်ပြခြင်းခံခဲ့ရသည်။

ရန်ပုံငွေ မန်နေဂျာသည် ဥရောပသမဂ္ဂ၏ မီဒီယာအဖွဲ့အား ၂၀၁၃ စက်တင်ဘာလ၌ အပူပိုင်းဇုန်သို့အလည်အပတ် လာရောက်ရန် အစီအစဉ်ရေးဆွဲ စည်းရုံးနိုင်ခဲ့ပြီး LIFT က Oxfam ၊ PACT တို့နှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်နေသော စီမံကိန်းများကို ဥရောပသမဂ္ဂမှ မီဒီယာမှ ရိုက်ကူးထုတလွှင့်ခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ဥရောပသမဂ္ဂ - မြန်မာ လုပ်ငန်းအဖွဲ့ ရောက်ရှိခဲ့သည့်အချိန်၌ ဥရောပသမဂ္ဂက ရိုက်ကူးခဲ့သော LIFT ၏ ဗီဒီယိုအား ပြသခဲ့သည်။ ထိုဗီဒီယိုအား www.lift-fund.org တွင် ဝင်ရောက် ကြည့်ရှုနိုင်သည်။

### လူမှုမီဒီယာနှင့် ဖက်ဘ်ဆိုက်

ယခုအခါ LIFT ၏  WEBSITE တွင် LIFT၏ ရန်ပုံငွေဖြင့် လုပ်ရှားမှုဆိုင်ရာ သတင်း အချက်အလက်များ ထည့်သွင်း ထားသည့် စီမံကိန်းများကို ဖော်ပြထားသည်။ LIFT ၏ မူလစာမျက်နှာအား ၂၀၁၃ ခုနှစ်တွင်  မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ LIFT အင်တာနက် စာမျက်နှာသို့ ဝင်ရောက်ကြည့်ရှုသူ စုစုပေါင်း ၃၇,၂၀၅ ဦးရှိခဲ့ပြီး၊ ၂၀၁၂ ခုနှစ် နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း ၇၀၀ ထိ တိုးမြင့်လာခဲ့သည်။ LIFT ၏ လူမှုရေးမီဒီယာဖြစ်သည့် www.facebook.com/liftfund သို့ ဝင်ရောက်ကြည့်ရှုနိုင်ပြီး၊ ထိုစာမျက်နှာတွင် စိုက်ပျိုးရေးနှင့် LIFT ၏ နောက်ဆုံးရ သတင်းအချက်အလက်များအား ပုံမှန်လွှင့်တင်ပေးလျှက်ရှိသည်။

### ၆.၅။ ဘဏ္ဍာရေး

၂၀၁၃၊ ဒီဇင်ဘာ ၃၁ ရက်နေ့ထိ LIFT သို့ အလှူရှင်များ ထပ်မံထည့်ဝင်လှူဒါန်းမှုမှာ အောက်ပါအတိုင်း ဖြစ်သည်-

၂၀၁၃ ခုနှစ်တွင် LIFT ၏ အသုံးစရိတ်သည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၉.၁ သန်းရှိပြီး ၂၀၁၂ ခုနှစ်ထက် ၁၄% တိုးလာသည်။  လူအများလက်လှမ်းမီသော ဘဏ္ဍာရေး စီမံကိန်း နှစ်ခု အကောင်အထည်ဖော်ရာတွင် နှောင့်နှေးနေခြင်းနှင့် ရခိုင်ရှိ တက်လမ်းစီမံကိန်း ကြန့်ကြာနေခြင်းတို့ကြောင့် ၂၀၁၃ ခုနှစ် အသုံးစရိတ်သည် မူလ မျှော်လင့်ထားသည်ထက် နည်းနေရခြင်း ဖြစ်သည်။

ဇယား ၂၈။ ၃၁ ဒီဇင်ဘာ ၂၀၁၃ အထိ အလှူရှင်များ ထည့်ဝင်လှူဒါန်းငွေ (အမေရိကန်ဒေါ်လာ)

| အလှူရှင် | ကတိပြုထားသည့် ပမာဏ[၁၁၁] | % |
|---|---|---|
| ဩစတြေးလျ | ၁၈,၅၆၈,၃၇၄ | ၁၀.၃% |
| ဒိန်းမတ် | ၉,၉၉၁,၅၆၆ | ၅.၅% |
| ဥရောပသမဂ္ဂ | ၇၄,၁၄၇,၄၅၄ | ၄၁.၁% |
| ပြင်သစ် | ၁,၃၁၉,၈၀၀ | ၀.၇% |
| အိုင်ယာလန် | ၂၇၁,၂၁၀ | ၀.၂% |
| နယ်သာလန် | ၂,၉၅၀,၀၀၀ | ၁.၆% |
| နယူးဇီလန် | ၈၀၉,၆၅၀ | ၀.၄% |
| ဆွီဒင် | ၂,၇၅၂,၇၇၆ | ၁.၅% |
| ဆွစ်ဇာလန် | ၉,၀၉၉,၂၁၃ | ၅.၀% |
| ယူနိုက်တက်ကင်းဒန်း | ၅၅,၅၉၁,၅၅၀ | ၃၀.၈% |
| အမေရိကန် | ၅,၀၀၀,၀၀၀ | ၂.၈% |
| အခြားမှလှူဒါန်းငွေ | ၇၁၃,၆၁၄ | |
| စုစုပေါင်း | ၁၈၁,၁၈၈,၂၀၇ | |

၁၁၁ ထည့်ဝင်လှူဒါန်းမှု ပမာဏသည် ငွေလဲနှုန်းထား ပြောင်းလဲမှုကြောင့် ၂၀၀၉၊ ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်များမှ ကိန်းဂဏန်းများနှင့် အနည်းငယ် ကွဲလွဲကောင်း ကွဲလွဲနိုင်ပါသည်။

ဇယား ၂၉။ ၂၀၁၃ ခုနှစ် LIFT ၏ အသုံးစားရိတ်များမှာ အောက်ပါအတိုင်းဖြစ်သည်။ (အမေရိကန်ဒေါ်လာ)

| လုပ်ငန်းစဉ်များ | ခန့်မှန်းသုံးငွေ | အမှန်သုံးငွေ | ပို (လို) | % |
|---|---|---|---|---|
| လုပ်ဖော်ကိုင်ဖက်များကို ထုတ်ပေးခြင်း | ၃၃,၄၆၆,၆၁၅ | ၃၁,၄၇၄,၆၁၁ | ၁,၉၉၂,၀၀၄ | ၆% |
| သုတေသနနှင့် ထင်သာမြင်သာရှိမှု | ၉၅၈,၆၅၀ | ၃၈၀,၅၈၇ | ၅၇၈,၀၆၃ | ၆၀%[၁၁၂] |
| ရန်ပုံငွေ မန်နေဂျာရုံးမှ စရိတ် | ၃,၉၂၈,၅၃၀ | ၃,၃၄၃,၅၀၁ | ၅၈၅,၀၂၉ | ၁၅% |
| ရန်ပုံငွေဘုတ်အဖွဲ့အား ပံ့ပိုးပေးမှု | ၁၃၂,၂၀၉ | ၁၀၇,၁၅၂ | ၂၅,၀၅၇ | ၁၉% |
| အုပ်ချုပ်ရေးနှင့် အထောက်အပံ့များ | ၆၆၅,၉၂၈ | ၅၆၃,၉၄၄ | ၁၀၁,၉၈၄ | ၁၅% |
| စုစုပေါင်း (အမေရိကန်ဒေါ်လာ) | ၃၉,၁၅၁,၉၃၂ | ၃၅,၈၆၉,၇၉၅ | ၃,၂၈၂,၁၃၇ | ၈% |

၁၁၂ အသုံးစရိတ် လျော့နည်းနေရခြင်းမှာ အပူပိုင်းဒေသဇုံတွင် ပြုလုပ်ရန် စီစဉ်ထားခဲ့သော သုတေသနလုပ်ငန်း အများအပြားကို မူလက စီစဉ် ထားခဲ့သည့် အကြံပေးအဖွဲ့များ ငှားရမ်း ဆောင်ရွက်မည့်အစား အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များအား ရန်ပုံငွေ ချထားပေးခြင်း နည်းဖြင့်သာ ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်သည်။



# 7. ANNEXES







## နောက်ဆက်တွဲ (၁) LIFT စီမံကိန်းဒေသများ

၂၀၁၃ ခုနှစ်အတွင်း LIFT သည် နိုင်ငံအဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ခု၊ ခရိုင် ၃၅ ခု၊ မြို့နယ် ၁၀၃ ခု နှင့် ကျေးရွာပေါင်း ၃၇၉၂ တို့တွင် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

| | ကျေးရွာစုစုပေါင်း | မြို့နယ်စုစုပေါင်း | ခရိုင်စုစုပေါင်း | ပြည်နယ်နှင့် တိုင်းဒေသကြီးပေါင်း |
|---|---|---|---|---|
| စီမံကိန်းကာလအတွင်း LIFT ပျံ့နှံ့ခဲ့သည့် နေရာဒေသများ | ၃၈၈၄ | ၁၀၇ | ၃၇ | ၁၂ |
| ၂၀၁၃ ဒီဇင်ဘာလ ၃၁ ရက်တွင် လုပ်ဆောင်နေသည့် ဒေသများ | ၃၇၉၂ | ၁၀၃ | ၃၅ | ၁၁ |

## ၂၀၁၃ ခုနှစ်အတွင်း LIFT ပျံ့နှံ့ခဲ့သည့်ဒေသများ

| ပြည်နယ်/ တိုင်းဒေသကြီး | | ခရိုင် | မြို့နယ် |
|---|---|---|---|
| ဧရာဝတီ | ၁ | လပွတ္တာ | ၁)လပွတ္တာ၊ ၂) မော်လမြိုင်ကျွန်း |
| | ၂ | ဖျာပုံ | ၁) ဘိုကလေး၊ ၂)ဒေးဒရဲ၊ ၃) ကျိုက်လတ်၊ ၄)ဖျာပုံ |
| ပဲခူး | ၃ | ပဲခူး | ၁) ရွှေကျင် |
| | ၄ | တောင်ငူ | ၁) တောင်ငူ၊ ၂) ရေတာရှည် |
| | ၅ | ပြည် | ၁) ပေါင်းတည် |
| ချင်း | ၆ | ဖလမ်း | ၁) ဖလမ်း၊ ၂) တီးတိမ်၊ ၃) တွန်းဇံ |
| | ၇ | ဟားခါး | ၁) ဟားခါး ၂) ထန်တလန် |
| ကချင် | ၈ | ဗန်းမော် | ၁) ဗန်းမော်၊ ၂) မန်စီ၊ ၃) မိုးမိတ်၊ ၄) ရွှေဂူ |
| | ၉ | မြစ်ကြီးနား | ၁) အင်ဂျန်ယန်၊ ၂) မြစ်ကြီးနား၊ ၃) ဝိုင်းမော် |
| | ၁၀ | မိုးညှင်း | ၁) မိုးကောင်း |
| | ၁၁ | ပူတာအို | ၁) မချမ်းဘော၊ ၂)နောင်မွန်း၊ ၃) ပူတာအို၊ ၄) ဆွမ်ပရာဘွမ် |
| မကွေး | ၁၂ | မကွေး | ၁) ချောက်၊ ၂) မကွေး၊ ၃) မြို့သစ်၊ ၄) နတ်မောက် ၅)တောင်တွင်းကြီး၊ ၆) ရေနံချောင်း |
| | ၁၃ | မင်းဘူး | ၁) မင်းဘူး၊ ၂) ပွင့်ဖြူ၊ ၃) စလင်း၊ ၄) စေတုတ္တရာ |
| | ၁၄ | ပခုက္ကူ | ၁) ပခုက္ကူ၊ ၂) ပေါက်၊ ၃)မြိုင်၊ ၄) ဆိပ်ဖြူ၊ ၅) ရေစကြို |
| | ၁၅ | သရက် | ၁) အောင်လံ၊ ၂) ကံမ၊ ၃) ဆင်ပေါင်ဝဲ |
| မန္တလေး | ၁၆ | ကျောက်ဆည် | ၁)ကျောက်ဆည်၊ ၂)မြစ်သား၊ ၃)စဉ့်ကိုင်၊ ၄) တံတားဦး |

| ပြည်နယ်/ တိုင်းဒေသကြီး | ခရိုင် | | မြို့နယ် |
|---|---|---|---|
| | ၁၇ | မန္တလေး | ၁) ပုသိမ်ကြီး |
| | ၁၈ | မိတ္ထီလာ | ၁) မလှိုင်၊ ၂) မိတ္ထီလာ၊ ၃) သာစည်၊ ၄)ဝမ်းတွင်း |
| | ၁၉ | မြင်းခြံ | ၁) ကျောက်ပန်းတောင်း၊ ၂)မြင်းခြံ၊ ၃) နွားထိုးကြီး၊ ၄)ငါန်ဇွန်၊ ၅)တောင်သာ |
| | ၂၀ | ညောင်ဦး | ၁) ညောင်ဦး |
| | ၂၁ | ပြင်ဦးလွင် | ၁) မတ္တရာ |
| | ၂၂ | ရမည်းသင်း | ၁) ပျော်ဘွယ်၊ ၂)ရမည်းသင်း |
| နေပြည်တော် ကောင်စီ | ၂၃ | နေပြည်တော် | ၁) နေပြည်တော်လယ်ဝေး၊ ၂) နေပြည်တော် ပျဉ်းမ နား ၃)နေပြည်တော်တပ်ကုန်း |
| ရခိုင် | ၂၄ | ကျောက်ဖြူ | ၁) ကျောက်ဖြူ |
| | ၂၅ | စစ်တွေ | ၁) မင်းပြား၊ ၂) မြောက်ဦး၊ ၃) မြေပုံ၊ ၄) ပေါက်တော |
| | ၂၆ | သံတွဲ | ၁) ဂွ |
| | ၂၇ | ကလေး | ၁) ကလေး |
| စစ်ကိုင်း | ၂၈ | မုံရွာ | ၁) အရာတော်၊ ၂) ဘုတလင်၊ ၃) ချောင်းဦး၊ ၄) ကနီ၊ ၅)မုံရွာ၊ ၆) ပုလဲ၊ ၇) ဆားလင်းကြီး၊ ၈) ယင်းမာပင် |
| | ၂၉ | စစ်ကိုင်း | ၁) မြောင်၊ ၂)မြင်းမူ၊ ၃) စစ်ကိုင်း၊ ၄)ဝက်လက် |
| ရှမ်း | ၃၀ | ရွှေဘို | ၁) ကန့်ဘလူ၊ ၂) ခင်ဦး၊ ၃) ရွှေဘို |
| | ၃၁ | ကျိုင်းတုံ | ၁) ကျိုင်းတုံ |
| | ၃၂ | ကျောက်မဲ | ၁) ကျောက်မဲ၊ ၂) နမ္မတူ၊ ၃) နောင်ချို |
| | ၃၃ | လောက်ကိုင် | ၁) လောက်ကိုင် |
| | ၃၄ | တောင်ကြီး | ၁) ဟိုပုန်း၊ ၂) ဆီဆိုင်၊ ၃) ကလော၊ ၄) ရပ်စောက်၊ ၅)ညောင်ရွှေ၊ ၆)ပင်းဒယ၊ ၇) ပင်လောင်း၊ ၈)တောင်ကြီး၊ ၉) ရွာငံ |
| တနင်္သာရီ | ၃၅ | ထားဝယ် | ၁) ထားဝယ် |

## နောက်ဆက်တွဲ (၂) LIFT ရန်ပုံငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်ဆဲစီမံကိန်းများ

| အဖွဲ့အစည်း | | စီမံကိန်းအမည် |
|---|---|---|
| နိုင်ငံအဝှမ်း | | ၁၆ |
| ၁ | ActionAid | အရပ်ဘက် အဖွဲ့အစည်းများ ဦးဆောင်သော အပူပိုင်းဇုန် လူထုအခြေပြု အသက်မွေးမှု အရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်လာရေး။ |
| ၂ | ADRA (CILPR) | လူမှုအဖွဲ့အစည်းမှ ဦးဆောင်သော အသက်မွေးဝမ်းကျောင်းမှုနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေး။ |
| ၃ | Cesvi | ရှမ်းပြည်မြောက်ပိုင်းကျောက်မဲနှင့် နောင်ချို မြို့နယ်များတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးပွားလာစေရန်။ |
| ၄ | DPDO | ခြောက်သွေ့ဇုန်အတွင်း မသန်းစွမ်းများအတွက် မျိုးကြဲခြင်း |
| ၅ | EcoDev | အပူပိုင်းဇုန်အတွင်း ကျေးလက်လုပ်ငန်းများ တိုးတက်လာစေခြင်း။ (SURE) |
| ၆ | GRET | ချင်းပြည်နယ် မြောက်ပိုင်းရှိ မြို့နယ်ငါးခုတွင် သယံဇာတ စီမံခန့်ခွဲခြင်းနှင့် အသက်မွေးမှုလုပ်ငန်းများ စဉ်ဆက်မပြတ် တိုးတက် လာစေခြင်း။ |
| ၇ | HelpAge International | အသက်မွေးဝမ်းကျောင်းမှုကို တန်းတူညီမျှမှု အားလုံးပါဝင်စေမှု နည်းလမ်းဖြင့် ဆောင်ရွက်ကာ စီးပွားရေးတိုးတက်စေခြင်း |
| ၈ | MBCA | ဈေးကွက်အခွင့်အလမ်းကောင်းမွန်ခြင်းဖြင့် အပူပိုင်းဇုန်အတွင်း ဝင်ငွေနည်းပါးသော ခံနိုင်ရည်နည်းသော မိသားစုများတွင် စားနပ်ရိက္ခာ ဖူလုံမှု တိုးတက် လာစေခြင်း။ |
| ၉ | MCS | မြစ်ဝကျွန်းပေါ်မဟုတ်သည့်ဒေသများတွင် အိုးလုပ်ငန်းများအတွက် အသက် မွေးမှု ဆိုင်ရာ အကူအညီပေးခြင်း။ (LAPEN) |
| ၁၀ | Mercy Corps | စားနပ်ရိက္ခာဖူလုံရေးအတွက် ပြန်လည်ထူထောင်နိုင်သော လူမှုအဖွဲ့အစည်းတည်ဆောက်ခြင်း။ |
| ၁၁ | MERN | ရခိုင်တွင် ကမ်းရိုးတန်းဒေသ အသက်မွေးကျောင်းလုပ်ငန်းနှင့် သဘာဝ အရင်းအမြစ်များ ထိန်းသိမ်း ခြင်း။ |
| ၁၂ | မေတ္တာ | သေးငယ်ပြီး၊ မပြောပလောက်သည့် လယ်ယာမြေ ပိုင်ဆိုင်သောသူများ စားနပ်ရိက္ခာဖူလုံမှုအတွက် LIFT လယ်သမားသင်တန်းကျောင်းများ (LIFT-FFS)။ |
| ၁၃ | Oxfam GB | အပူပိုင်းဇုန်အတွင်း ခံနိုင်ရည်တည်ဆောက်ခြင်း။ |
| ၁၄ | Proximity Designs/ International Development Enterprises | အပူပိုင်းဇုန်အတွင်းထိခိုက်လွယ်လူမှုအဖွဲ့အစည်းအတွက်အသက်မွေးဝမ်းကျောင်းလုပ်ငန်း များ အကူအညီပေးခြင်း။ |
| ၁၅ | SWISSAID | အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားဖြည့်ခြင်းဖြင့် အသက်မွေးကျောင်းလုပ်ငန်းများ တိုးတက်စေခြင်း။ |
| ၁၆ | UNDP (မှတ်ချက် ၁) | မြန်မာနိုင်ငံရှိ ဆင်းရဲသားများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက် လာစေရန် အသေးစားချေးငွေများ စဉ်ဆက်မပြတ် ထောက်ပံ့ခြင်း။ |
| သင်ယူလေ့လာခြင်းနှင့်တီထွင်ဆန်းသစ်ခြင်း | | ၁၇ |
